
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၈၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ရှင်မြတ်နိုး
မုန်းမေ့ပါနဲ့လို့ ပြောလိုက်ချင်/ရှင်မြတ်နိုး။ ရန်ကုန်၊
ဗျူးစာပေ ၂၀၁၅။
(၂၇၂)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) မုန်းမေ့ပါနဲ့လို့ ပြောလိုက်ချင်

### အခန်း ( ၁ )

"ဒီကလေးကို မင်း စောင့်ရှောက်ထားပေးပါ မြတ်သစ် ... ကလေးမိဘတွေက ဆုံးသွားကြပြီ၊ ငါလက်ထဲကျန်ခဲ့ပေမယ့် ... ငါလည်း တာဝန်မယူနိုင်ဘူးဖြစ်နေတယ်ကွာ ... မင်းမှာလည်း သား တစ်ယောက်ပဲရှိတာ ... ကြီးနေပြီလေ၊ သမီးလေး မလိုချင်ဘူးလား ကြည့်ပါဦး ... ချစ်စရာလေး"

"ဟုတ်တယ်နော် ကြာညို ... ဘယ်သူ့ကလေးလဲ ... ချစ်စရာလေး ... လူရည်သန့်ထဲကပဲ မှန်မှန်ပြောကွာ ... ဒီကလေး ကို မင်း ဘယ်ကနေခေါ်လာတာလဲ"

"ဟော့ကောင် ... စပ်စုမနေနဲ့ ... မင်းမွေးမှာလား၊ မမွေး ဘူးလား၊ ငါ တခြားကိုသွားပေးလိုက်မယ်၊ ဒီကလေးရဲ့မိဘတွေနဲ့ ပတ်သက်ပြီး မင်း သိစရာမလိုဘူး၊ ဘယ်လိုလဲ"

မြတ်သစ်စိတ်ထဲမှာ ကလေးကို သနားကြင်နာမိပြီး ကြာညို ကို မယုံကြည်ပေမယ့် ... လက်ခံဖို့ပဲ ဆုံးဖြတ်လိုက်သည်။ ဒီ

www.burmeseclassic.com



ကလေးက ချစ်စရာ ... ချောချောဖြူဖြူစင်စင်လေး ... အပြာ
ရောင်ဖဲသားဂါဝန်လေးကို ဝတ်ထားပြီး ... ခြောက်လသားအရွယ်
လောက်ရှိနေ၏။ ဒီကောင်ကြာညို မြို့တက်သွားပြီး ဘာတွေ
လုပ်နေမှန်းမသိ။ ဇာတိမြို့လေးကို ပြန်မလာတာ နှစ်တွေတော
တော်တော်လေးကြာပြီပဲ ... ကလေးတစ်ကောင်ကိုပွေ့ပိုက်ပြီ
ပြန်ရောက်လာတာပင် ညအချိန် လျှို့လျှို့ဝှက်ဝှက် ... သူ့ဇနီ
တောင် အိပ်မောကျနေပြီဖြစ်သည်။

"ကဲကွာ ... ငါနဲ့တိုက်လို့ ငါရတာပဲ ... မွေးမယ်၊ မင်း ထား
တော့ ... နောက်မှ ရှုပ်ရှုပ်ယှက်ယှက်နဲ့ ငါတို့သံယောဇဉ်တွယ်ပြီ
မှ ... မင်း ပြန်လာခေါ်လို့တော့ မရဘူးနော်"

"စိတ်ချ ... ဘယ်တော့မှ ပြန်လာမခေါ်ဘူး ... မင်းသာ
အသေအချာမွေးပါ။ မင်းမိန်းမက အပေါက်ဆိုးတယ်၊ ဖြစ်ပါ့မလာ
ကွာ"

"ရပါတယ်ကွာ ... ငါ့မိန်းမ ငါနိုင်တယ်၊ ထားခဲ့ပါ ... ငါ
လည်း သမီးလေးတစ်ယောက်လိုချင်နေတာကွ"

"ပြီးရော ... မင်းကိုငါယုံတယ်၊ မင်းက ... အမြဲတမ်း သနာ
ကြင်နာတတ်ပြီး ကတိတည်တယ်၊ မသောက်မစားဘူး၊ ဒါကြော
ငါလာအပ်တာပေါ့ကွာ ... ကလေးအတွက် မင်းကို ပိုက်ဆံပေး
မှာပါ"

"မလိုပါဘူး ကြာညိုရာ ... ငါ မွေးနိုင်ပါတယ်"



မြတ်သစ်က ညစောင့် ... မိန်းမက ဈေးရောင်းသည်။ ငွေကြေးအပိုအလျှံမရှိပေမယ့် ... အဆင်တော့ပြေနေ၏။ မိန်းမက အပြောဆိုးပေမယ့် ... စိတ်ရင်းတော့ ကောင်းပါတယ်။ သားလေး တစ်ယောက် လေးနှစ်အရွယ်ရှိပြီ ... မိန်းမ သားအိမ်မှာ ကလေး ထပ်မမွေးနိုင်ပေ ... သဲသဲပို သဘောကျမှာပါ။

"မြတ်သစ် ... မင်း သစ္စာရှိပါ၊ ဒီကလေးနဲ့ပတ်သက်ပြီး ငါ့ဆီ လာမရှာပါနဲ့"

"ကြာညိုရာ ... ငါက မင်းဘယ်မှာနေမှန်းတောင် မသိတာ မင်း ရန်ကုန်မှာနေတယ်ဆိုတာပဲ ငါကြားထားပါတယ်၊ ရန်ကုန်ဆို တာ အကျယ်ကြီးလေ၊ ငါ့လို တောသားက ဘယ်မှာလာရှာရမလဲ"

"ဒီမှာ ကလေးအသုံးအဆောင်ပစ္စည်းတွေ ... ငါ ဝယ်လာ တယ်၊ မင်းတို့ရင်းနှီးစားသောက်ဖို့ ငွေလည်းပေးခဲ့မယ်၊ ငါ စိတ်ချ ပါရစေကွာနော်"

"ကြာညို"

"ဘာလဲ"

"မင်းဟာက လျှို့လျှို့ဝှက်ဝှက်နဲ့ ... ဘာတွေလဲ ... ငါတို့ ဒုက္ခရောက်အောင်တော့ မလုပ်နဲ့နော်"

"မရောက်စေရပါဘူးကွာ ... ငါ့ကိုယုံပါကွ"

ကြာညိုက နည်းနည်းရှုပ်ပွေသည်။ ဒီကောင် လူလည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျ၏။ မြတ်သစ်ကတော့ သံသယတွေရှိနေပေမယ့် ... သမီးလေး တစ်ယောက်လည်း မွေးချင်နေသည့်အပြင် ... အရမ်းလည်း ချစ်စရာကောင်းနေ၍ မြတ်သစ် လက်ခံထားလိုက်သည်။ နို့ဗူးတွေ ကလေးအသုံးအဆောင်ပစ္စည်းတွေလည်း အပြည့်အစုံဝယ်လာပေး၏။ ရင်းနှီးစားသောက်ဖို့ ငွေကြေးလည်းပေးခဲ့သည်။

"ငါသွားမယ် ... စိတ်ချပါရစေကွာ ... ဒီကလေးကို မင်း လုံးဝဇာတ်မြုတ်ပြီး နေပါကွာနော်"

"အေးပါကွ"

"ငါ သွားပြီ"

ညတွင်းချင်းပဲ ကြာညိုပြန်သွားသည်။ မထူးတော့ဘူး။ သူ မွေးထိုက်လို့ သမီးလေးတစ်ယောက်ရခဲ့တာပဲ ... ချစ်စရာလေး မိန်းမသဲသဲပိုလည်း ချစ်မှာပါ။ ကလေးမှ ထပ်မမွေးနိုင်တော့တာပဲ။ သဲသဲပို မိန်းကလေးတစ်ယောက် မွေးချင်သည်ဟု မကြာခဏပြော နေတတ်သည်။

"အူဝဲ ... အူဝဲ ... "

"အူဝဲ ... "

"အူဝဲ"

"ဟင် ... သမီးလေး ငိုပြီပဲ ... နို့ဆာလို့ထင်တယ်၊ တိတ်ပါ ဖေဖေ နို့ဗူးတိုက်ပါ့မယ်"





ကြာညို အသင့်ဖျော်ထားတဲ့နို့ဗူးကို ယူပြီးတိုက်လိုက်သည်။

"ကိုမြတ်သစ် ... အပြင်မှာ ကလေးငိုသံကြားတယ်၊ သဲပို အိပ်မက်မက်နေတာလားပဲ"

"သဲပို ... အပြင်ကို ခဏလောက်ထွက်လာခဲ့ပါဦးကွ ... မင်းကို ပြောစရာရှိတယ်"

အပြင်မှ ကလေးငိုသံကြောင့် ... သဲသဲပို လန့်နိုးသွားရကာ အိပ်မက်ဟုထင်နေ၍ ယောကျ်ားကိုလှမ်းမေးရသည်။

"ထွက်ခဲ့ပါဦးဟ ... တို့ကံထူးပြီ၊ မင်း အရမ်းဝမ်းသာသွားမယ့်ကိစ္စ ရှိတယ်၊ ထွက်ခဲ့ပါ"

"ဘာလဲတော့"

သဲသဲပို အပြင်ထွက်လာတော့ ... ယောကျ်ားကိုမြတ်သစ် ရင်ခွင်ထဲမှာ ကလေးတွေ့၍ အံ့သြထိတ်လန့်သွားရသည်။

"ကိုမြတ်သစ် ... ဒါ ... ဒါ"

"သမီးလေးကွ ... ငါ့ကို မွေးစားဖို့လာပို့သွားတာ ... ချစ်စရာ လေး ... ကြည့်ပါဦးကွာ"

"ဘယ်သူ လာပို့တာလဲ"

"မင်း သိစရာမလိုပါဘူး၊ ဘာမှမသိချင်နဲ့တော့ ... မင်းလည်း သမီးလေးမွေးစားချင်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ချစ်စရာလေးပဲ ... ဒီကလေးက သာမန် တော့မဖြစ်နိုင်ဘူးနော် ကိုမြတ်သစ်"



www.burmeseclassic.com

www.burmeseclassic.com



"သာမန်ပဲဖြစ်ဖြစ် ... တန်ကင်းပဲဖြစ်ဖြစ်ကွာ ... တို့သမီးလေးပဲ ... ကလေးအသုံးအဆောင်ပစ္စည်းတွေလည်း ဝယ်ပေးသွားတယ်၊ ရင်းနှီးစားသောက်ဖို့လည်း ပေးသွားတယ်"

"ရှုပ်ရှုပ်ယှက်ယှက်တွေများ ဖြစ်နေမလားဘဲ ... ဘယ်သူလာပေးတာလဲ၊ ကျုပ်ကိုပြောပြစမ်းပါ"

"ထပ်မမေးနဲ့တော့ သဲပို ... ငါ မပြောပြနိုင်ဘူး၊ ကလေးအိပ်သွားပြီ၊ ငါတို့လည်း အိပ်ကြရအောင်"

သဲသဲပိုက ... ရပ်ကွက်ထဲမှာ ဟောင်ဖွာဟောင်ဖွာနှင့် ကြာညို့နာမည်ကို ထုတ်ဖော်မပြောပြချင်ပေ ... ကြာညို့ဆိုလူတွေက အရှုပ်အပွေပဲ ထင်မှတ်ထားကြသည်။

"ကိုမြတ်သစ် ကြည့်လုပ်နော် ... ရှင်က ကျွန်မကိုတောင်လျှို့ဝှက်နေတယ်၊ ကေန္တ ရှင့်ရဲ့အမြှောင်မယားက မွေးထားတာလားပဲ"

"မဟုတ်တာတွေကွာ ... ဆက်မပြောနဲ့တော့ ... အိပ်အိပ်ဒီလိုကလေးမျိုး ငါနဲ့မွေးတာဖြစ်နိုင်မလားကွ ... ဒါ ငါတို့နှစ်ယောက်ရဲ့ သမီးလေးပဲ"

သဲသဲပိုကတော့ စိတ်ထဲမှာသိပ်ပြီး ကျေနပ်လှတယ် မဟုတ်ပေ။ ကိုမြတ်သစ်က လူရိုးလူအေးဆိုတာသိပေမယ့် ... ယောကျ်ားဆိုတာ ပြောလို့ရတာမှမဟုတ်တာ ... ဒါပေမယ့်လည်း သဲသဲပိုကိုယ်တိုင် သမီးလေးတစ်ယောက်မွေးစားချင်တာဖြစ်၍ ငြိမ်နေ





လိုက်သည်။ ကလေးလေးက ချစ်စရာလေးပါ။ မိဘားစု အိပ်ရာဝင်ခဲ့ကြ၏။ ကလေးကတော့ အေးပါတယ်။ အငိုအယို သိပ်မရှိ။ ယောကျ်ားက ဒီညနားရက် ... တိုက်တိုက်ဆိုင်ဆိုင် ... ကလေးရောက်လာတာတော့ ... သဲသဲပိုစိတ်ထဲမှာ မရှင်းမလင်းဖြစ်နေရသည်။

"ကိုမြတ်သစ် ... သဲပို ဈေးရောင်းထွက်ရမယ်၊ သားလေးကိုလည်း ကြည့်ထားဦးနော် ... ရှင့်သမီးပဲ ဂရုစိုက်မနေနဲ့"

"အေးပါကွာ ... ငါလည်း ဒီတစ်လတော့ အလုပ်ကနေခွင့်ယူမယ်၊ တို့မှာလည်း အရင်းအနှီးရှိပြီပဲ ... စီးပွားရေးတစ်ခုခုတော့လုပ်ရမယ် သဲပို"

"တော့်သဘောပဲ ... လောလောဆယ်တော့ ဈေးထွက်ရဦးမယ်၊ သားလေးအိပ်နေတယ်၊ သဲပို သွားပြီနော်"

"အေးပါ"

မြတ်သစ်ကတော့ ... သမီးလေးကို မြင်မြင်ချင်းပဲ သံယောဇဉ်တွယ်မိသည်။ သနားလည်းသနားနေ၏။ ဘယ်လိုအဖြစ်မျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရလို့ ... သူတို့လို ဆင်းရဲသားတွေလက်ထဲ ရောက်လာရတာလဲ ... အဖြစ်ဆိုးလွန်းတဲ့ကလေးပင် ... ကျွေးမွေးပြုစု စောင့်ရှောက်မယ်ဟု ဆုံးဖြတ်ထားသည်။

"ဖေဖေ ... အီး ... အီး ... မေမေရော ... သားနိုးလာပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အီး ... အီး"

"သားလာကွာ ... မငိုနဲ့ ... မင်းကတော့ အိပ်ရာကနိုးတာနဲ့ ငိုတာပဲ ... တိတ်တော့ ... ဒီမှာလာကြည့်စမ်း ... သားညီမလေး ချစ်စရာကောင်းတယ်"

သားက လေးနှစ်အရွယ်ဆိုတော့ ... အတော်လေးသိတတ်နေသည်။ ငိုယိုပြီး သူ့အနားရောက်လာသည်။

"ဒီမှာ ညီမလေး ... ဘယ်လောက်ချစ်စရာကောင်းလဲ၊ ကြည့်စမ်း ... သားကို ရယ်ပြနေတယ်"

"ဘယ်ကညီမလေးလဲ မချစ်ဘူး၊ အီး ... ဟီး ... မုန်းတယ်၊ ဒီကောင်မလေးကို မုန်းတယ်၊ အီး ... အီး"

"သားလေးကလည်းကွာ ... လာ ... ဖေဖေ မုန့်ဝယ်ကျွေးမယ်၊ မျက်နှာလည်း သစ်ရအောင်နော်"

"မသစ်ဘူး၊ အီး ... အီး ... ဒီကောင်မလေးကို လမ်းပေါ်မှာ သွားပစ်ထားလိုက်တော့ ... သား မချစ်ဘူး၊ မုန်းတယ်"

"ဟောကောင် ... မင်း ဘာကောင်လဲ၊ လာ ... မျက်နှာသစ်မယ်"

"မသစ်ဘူး၊ ဘာမှလည်းမစားဘူး ... ဒီကောင်မလေးကို သွားပစ်လိုက် ... မချစ်ဘူး၊ မုန်းတယ် ... မချစ်ဘူး ... အီး"

"ဒီကောင်ကွာ"





သားကို ဘယ်လိုမှချော့၍မရသဖြင့် ဒေါသကထွက်မိသည်။ သူ့အမေက အလိုလိုက်ထား၍ သားက ဆိုးလွန်း၏။ ဂျီကျသည်။

"ဒီမှာကြည့်စမ်း ... သားကို ညီမလေးကပြုံးပြနေတာလေ၊ ရယ်နေလိုက်တာ ... ကြည့်ပါဦး သားရဲ့ ... ဘယ်လောက်ချစ်စရာကောင်းလဲ"

သမီးလေးက တခစ်ခစ်ရယ်ပြီး ... ပြုံးရယ်ပြနေသည်။ သားက ငိုယိုသောင်းကျန်းနေတာကို မြူနေသည်ဟုထင်နေပုံပင်။ မြတ်သစ် စိတ်ထိခိုက်ကြေကွဲရ၏။ သားက ချော့မရ ... ကလေးကို လမ်းမမှာ သွားပစ်လိုက်ဖို့ပဲ အတင်းပူဆာနေတဲ့အပြင် ကလေးကို သွားရိုက်သည်။

"ဖေဖေ သွားမပြစ်ရင် ... သား ရိုက်ပစ်မယ် ... အင်း"

"ဖတ်"

ကလေးက နာကျင်၍ ရူးရူးဝါးဝါးငိုတော့ ... ဒေါသထွက်သွားပြီး ... သားရဲ့တင်ပါးကို သုံးချက်လောက်ဆင့်ရိုက်လိုက်သည်။

"အီး ... အီး ... သားကိုရိုက်တယ်၊ မေမေ့ကို သွားတိုင်ပြောမယ်၊ အီး ... အီး ... မေမေရေ ... သားကို ဖေဖေရိုက်တယ်၊ အီး အီး"

"ဟောကောင် သား ... လမ်းမပေါ် ဆင်းမသွားနဲ့လေ ... သား ... လာ ... လာ ... ဖေဖေ မုန့်ကျွေးမယ်၊ ညီမလေးကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်သွားပစ်လိုက်မယ် ... လာ"

သူ့မှာ ကလေးကိုလည်း ချော့ရ ... သားကလည်း ခပ်ဆိုးဆိုး ... မကျေနပ်လျှင် လမ်းမပေါ်ပြေးထွက်၍ မအေဆီသွားတိုင်ပြီး ဂျီကျနေတတ်သည်။

"ဒုက္ခပါပဲကွာ ... ဒီကောင်တော့ သမီး ... ခဏလေးနေခဲ့ဦးနော် ... ဖေဖေ ... ကိုကို့ဆီ လိုက်သွားဦးမယ်"

သမီးလေးကိုထားခဲ့ပြီး မြတ်သစ် လမ်းမပေါ်ပြေးထွက်လာချိန်တွင် သားက ကံဆိုးမိုးမှောင်ကျစွာ ကားတိုက်ခံလိုက်ရသည်။

"သားလေး ... သား ... "

ဆေးရုံကို အမြန်ဆုံးပို့ပေမယ့် ... သားလေး အသက်ဆုံးရှုံးသွားလေသည်။

"ဒီကလေးကြောင့် ... ခြေနှစ်ချောင်းမကယ်ကောင်းဘူးဆိုတာ အမှန်ပဲ ... ဂြိုလ်ကောင်မလေး ... ရှင်က ကျွန်မသားလေးကို ဂရုမစိုက်လို့ ... အခုလိုအဖြစ်ဆိုးတွေနဲ့ကြုံရတာ ... ဒီကလေးကို ကျွန်မမုန်းတယ်၊ ရှင့်ကိုလာပေးတဲ့လူကို ပြန်ပေးလိုက်"

မြတ်သစ်ကတော့ ... သမီးလေးကို မရက်စက်နိုင်တော့ပေ။ အပြစ်မဲ့လွန်းတဲ့ ဒုက္ခသည်မလေးဖြစ်သည်။

"ဒီဂြိုလ်ကောင်မလေးကြောင့် ... ကျွန်မသားလေး အသေဆိုးနဲ့သေရတာ ... မုန်းတယ်၊ နောက်ထပ်လည်း ဘယ်လိုဂြိုလ်မွှေ





ဦးမလဲ မသိဘူး ... သွားပစ်လိုက် ... တစ်ယောက်ယောက်ကကောက်ပြီးမွေးမှာပဲ ... ကျွန်မ လက်မခံနိုင်တော့ဘူးနော် ... ဒီဟာမလေးကို ရှင် ဆက်ပြီးမွေးမယ်ဆိုရင် ရှင်နဲ့မပေါင်းနိုင်တော့ဘူးဒါပဲ ... "

သဲသဲပိုကို ဘယ်လိုမှချော့မရ၊ တောင်းပန်လည်းမရ၊ ခါးခါးသီးသီး ငြင်းဆန်နေသဖြင့် နောက်ဆုံးတော့ ဇနီးနှင့် ကွာရှင်းလိုက်ရ၏။ သမီးလေးကိုပွေ့ပြီး တစ်မြို့တစ်နယ်ကို ပြောင်းရွှေ့လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်းလေ … အလုပ်ဟူသမျှ ဂုဏ်ရှိစွပါ။ မခ တွက် မပူနဲ့ … ပညာရေးလည်း မခ ကြိုးစားနေပါတယ်၊ မခ ဉာဏ်ကောင်းတာ ဖေဖေသိပါတယ်လေ"

မေရန်မခဟု မြတ်သစ် နာမည်ပေးခဲ့သည်။ ရန်တွေ မခ ခေလိုတဲ့ဆန္ဒ ဖြစ်သည်။ သမီးလေးနှင့်မြတ်သစ်ဘဝကို ရုန်းကန်ရ … ပုလင်းတွေ … ပစ္စည်းအဟောင်းအစုတ်တွေ လိုက်ဝယ်ပြီး သမီးလေးကို ကျွေးမွေးစောင့်ရှောက်လာခဲ့၏။ သဲသဲပို စွပ်စွဲသလို သမီးလေးက ဂြိုလ်မလေးမဟုတ်ပေ … လိမ္မာရေးခြားရှိသည်။ …မ်းသိတတ်ထဲက ဖခင်ကို ကူညီလုပ်ကိုင်ပေးခဲ့၏။ မြတ်သစ်က …င်းတာပါ။ သမီးလေးမခအား ပညာတတ်လေးပဲ ဖြစ်စေချင်၍ ညာရေးကို ဦးစားပေးသည်။

"အခု ဖေဖေလည်း အသက်ကြီးနေပြီ၊ သမီးအတွက် …မှမပူပါနဲ့ … ဘယ်ကောင်ကမှ သမီးအနား ကပ်လို့မရဘူး၊ သမီး …ယ်ခံပညာတတ်တယ်ဆိုတာ ဖေဖေသိပါတယ်၊ စိတ်အေးအေး …ပါ"

သမီးလေးမေရန်မခက ယောကျ်ားလေးဆန်ပြီး ကိုယ်ခံ ညာကို မြတ်သစ်က သမီးငယ်စဉ်လေးထဲက သင်ကြားပေးထား သည်။ ဘာဖြစ်လို့လဲဆိုတော့ သမီးလေးက ချောမောလှပသူလေး … ကြည်ရှုရော ဘယ်ရောက်နေပြီလဲ။ သမီးလေးကို လာပေးသွား …ထဲက ပျောက်သွားလိုက်တာ … သမီးလေးရဲ့နောက်ကြောင်း





အခန်း ( ၂ )

"ဖေဖေ … တစ်ယောက်ထဲထိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ မခ ရောက်နေတာကြာပြီနော် … ပြော … နောက်မိန်းမ တစ်ယောက်ထပ်ယူဖို့ ကြံစည်နေတာလား … ရပ်ကွက်ထိပ်က အကြော်သည် ဒေါ်မညွှက်နဲ့ ဘာလိုလို သတင်းတွေ ထွက်နေတယ်နော်"

"ဟာ … ဒီကောင်မလေးကတော့ … မဟုတ်တာတွေ ပြောတော့မယ်၊ သမီး ဘာတွေလုပ်လာတာလဲ၊ အဖေ စဉ်းစားနေတာက သမီးရှေ့ရေးပါ"

"မခ ရှေ့ရေး … ဖေဖေ ဘာမှတွေးပူမနေနဲ့ … ဒီမှာ ပုလင်းခွံတွေကိုကြည့် … ဆိုင်မှာ အဖေသွားသွင်းလိုက်တော့"

"သမီးရယ် … အဖေလေ သမီးအသက်လည်း မငယ်တော့ဘူး ဆိုတော့ … ဒီလိုအလုပ်မျိုးတွေ မလုပ်စေချင်တော့ဘူး၊ သမီးကို ပညာတတ်လေးတစ်ယောက်ပဲ ဖြစ်စေချင်တယ်"

www.burmeseclassic.com



ရာဇဝင်ကိုလည်း စုံစမ်းထားချင်မိ၏။ မိမိက အသက်ကြီးလာပြီ။ သမီးလေးရှေ့မှာ ဟန်ဆောင်နေရပေမယ့် ... ကျန်းမာရေးက မကောင်းတော့ပေ။ သမီးအနာဂတ်အတွက် ဒီအတိုင်းနေလို့ မဖြစ်တော့ဘူးဆိုတာ တွေးနေမိသည်။

"တီ ... တီ"

"တီ ..."

"ဟင် ... သမီးရေ ... ဟိုမှာ မောင်နောင်နောင်သက်ပိုင် လာတယ်"

မြတ်သစ် ... တောက်တိုမရသွားလှုပ်ပေးနေရတဲ့ သူဌေးမိသားစုဝင် သားဖြစ်တဲ့ ... မောင်နောင်နောင်သက်ပိုင်ကတော့ သမီးကို ခင်မင်သည်။

"မခ ... နင့်အတွက် ... ပုလင်းတွေလာပေးတာ ... နောင့်ဒက်ဒီတို့ ညစာစားပွဲက ယူလာတာပါ"

"ဟင် ... နင် ... နင် ... အဲဒီပုလင်းတွေ ကောက်လာတာ နင့်ဒက်ဒီက မဆူဘူးလား နောင်"

"ဒက်ဒီ မသိဘူးဟ ... နောင် Waiter တွေကိုလာဒ်ထိုးပြီး ကားနောက်ခန်းမှာ တင်ထားခိုင်းတာ"

"မောင်နောင်နောင်သက်ပိုင်ရယ် ... သမီးလေးအတွက် အဲဒီလောက် မလိုပါဘူးကွယ် ... ကျေးဇူးတင်ပေမယ့် နောက်ဆို ဒီလိုတွေမလုပ်နဲ့နော် သားလေး"





နောင်တို့မိသားစုဝင်တွေက စေတနာမေတ္တာ ပြည့်ဝကြသည်။ သူတို့လည်း ဆင်းရဲသားဘဝကနေ ချမ်းသာလာကြ၍ အဆင့်အတန်းမခွဲခြားတတ်ကြ။ သမီးကျောင်းစရိတ်တွေလည်း သူတို့ပဲ ထုတ်ပေးထားကြ၏။ နောင်က ကားပေါ်ကနေ ပစ္စည်းတွေချသည်။

"ဦးလေးမြတ် မလုပ်ပါနဲ့ ... နောင်ပဲလုပ်ပါ့မယ် ... နေကောင်းဘူးဆို ... ဒက်ဒီတောင် ခေါ်ခိုင်းနေတယ်၊ လာပါဦးတဲ့"

"ဟုတ်လား ... ဒါဆို ဦးလေးမြတ် သွားလိုက်မယ်၊ သမီးရေ ... ဖေဖေ ခဏသွားလိုက်ဦးမယ်၊ သူဌေးက ခိုင်းစရာရှိလို့ထင်တယ်၊ ပုလင်းတွေထားလိုက်ဦး ... နောက်မှ ဖေဖေသွားပို့မယ်"

"ဟုတ် ..."

မခကတော့ နောင့်ကိုကျေးဇူးမတင်တဲ့အပြင် မျက်နှာထားတင်းတင်းလေးနှင့် ကြည့်သည်။

"ဘာလဲဟ ... စေတနာနဲ့လည်း ယူလာပေးရသေးတယ်၊ နင်က ပုလင်းဆို အရမ်းမက်တယ်လေ၊ ပုလင်းအလွတ်တစ်လုံး လမ်းပေါ်မှာတွေ့တာတောင် ဝမ်းသာအားရနဲ့ အပြေးအလွှား ကောက်လို့ ... ငါက အများကြီး လာပေးတာပါ၊ နင့်မျက်နှာကြီးက ပျော်မသွားဘဲ ... တင်းတင်း မာမာထန်ထန်ကြီးပါလား၊ မျက်စောင်းထိုးနေတာက ငါ့ခန္ဓာကိုယ် ပြာကျသွားမတတ်ပါလား"

"နောင်"

www.burmeseclassic.com



"ဗျာ"

"ဒီမှာ ... "

"ဟုတ် ... "

"နောက်မနေနဲ့နော် နောင် ... မခ အတည်ပြောနေတာ၊ ငါ့ဆီကိုလာလာပြီး ဟိုဟာပေး ... ဒီဟာပေးမလုပ်ပါနဲ့လို့ ပြောထားတယ်နော်"

"လာပေးတာ ဘာဖြစ်လို့လဲဟ"

"ပတ်ဝန်းကျင်က ဘာထင်မလဲ"

"ပတ်ဝန်းကျင်က ဘာထင်မလဲဟုတ်လား မခ ... အင်း ... ကောင်လေးချောချောလေးက ကောင်မလေးချောချောလေးကို လာပြီး ပိုးကြေးပမ်းကြေးပေးနေတာလို့ ထင်မလား"

"အား ... "

မခက နောင့်အနား ဆတ်ခနဲရောက်သွားပြီး ... လက်ကောက်ဝတ်ကိုနောက်သို့ဆွဲယူကာ လိမ်ချိုးထားလိုက်သည်။

"အား ... နာတယ်၊ မခ လွှတ်ပါ ... နင်ကလည်း နောက်တာပါ။ အား ... သေပြီ"

"ဒီမှာနောင်နောင်သက်ပိုင် ... သေသွားမယ်၊ ဘာမှတ်လဲ ငါ့ကို ဒါမျိုးလာမနောက်နဲ့ ... ငါ လုံးဝမကြိုက်ဘူး၊ နင့်ဟာနင် သူဌေးသားကလို့ ဘာပဲဖြစ်ဖြစ်ဟာ ... လုံးဝအထင်မကြီးဘူး။ မေရန်မခကို အချောင်ရမယ်ထင်ပြီး အကဲလာမစမ်းနဲ့နော်"





"အား ... သေပါပြီဟာ ... နင် တကယ်လုပ်တာပဲ ... ငါက နောက်တာပါ၊ နင့်အတွက် လိုအပ်မယ်ထင်လို့ ကောက်လာပေးတာပါဟာ ... အား ... ကျွတ် ... လက်တောင်ကျိုးသွားပြီလား မသိဘူး၊ အမယ်လေး ... အား"

မခကို ... နောင် နှစ်သက်အထင်ကြီးရတာက မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့မာနတွေကြောင့်ပင် ... မခ ငယ်စဉ်လေးထဲက အလုပ်ကြိုးစားပြီး ... သူမကို ဘယ်လိုကောင်လေးမျိုးကမှ ထိကပါးရိကပါးလုပ်တာ မခံခဲ့ပေ ... ကိုယ်ခံပညာတွေလည်း တတ်တော့ ... မခကို ကြောက်ကြသည်။

"နင်က ပုလင်းတွေအရောင်းအဝယ်လုပ်လို့ ... ငါက သူငယ်ချင်းကောင်းပီသစွာ လာပို့ပေးတာပါ၊ တခြား ဘာမှမရှိပါဘူး မခရာ"

မခတို့အိမ်ရှေ့က ကွပ်ပစ်လေးမှာ ဝင်ထိုင်သည်။ သားအဖနှစ်ယောက်သား ပုလင်းတွေ ပစ္စည်းအဟောင်းတွေဝယ်ပြီး ရောင်းကြပေမယ့် ... အိမ်လေးက သပ်သပ်ရပ်ရပ် ... ကိုယ်ကျင့်တရားလည်း ကောင်းကြ၍ ... နောင်တို့မိဘတွေ အားကိုးကြသည်။

"နောက်ဆို ... ဘာမှလာမပေးပါနဲ့ နောင် ... ငါမကြိုက်ဘူး"

သူ့ကို နောင်ဟု ခေါ်နေကျအတိုင်းခေါ်လိုက်၍ ... မခ စိတ်ဆိုးပြေသွားပြီဟု သိလိုက်သည်။ နောင် ... စိတ်တွေ အမော

www.burmeseclassic.com



သက်သာသွားသလို ... အသက်ရှူချောင်သွားရ၏။ မခမျက်နှာလေး နည်းနည်းပျော့သွားသည်။

"မခရာ ... ငါတို့တွေက ကျောင်းနေဘက်သူငယ်ချင်းတွေပါ၊ တစ်ယောက်အခက်အခဲ တစ်ယောက်က ကူပေးတာပါ"

"နေပါဦး ... နင်က မနေနိုင်မထိုင်နိုင် ဝင်ကူပေးရအောင် ငါက ဘာအခက်အခဲတွေရှိနေလို့လဲ၊ ငါ့အဖေဝင်ငွေနဲ့ ငါတို့သားအဖ လုံလောက်တယ်၊ နင့်ကို အခက်အခဲဖြစ်နေတယ်လို့ ငါက ပြောလို့လား"

မခက ဒီလိုပဲ ... နောင့်ကိုဆို မာနတကြီးနှင့် တုံ့ပြန်တတ်သည်။ အဖက်မလုပ် ... မခဘဝမှာ သူ့မအဖေပဲ အရေးအကြီးဆုံး ချမ်းသာတဲ့ကောင်တွေနဲ့ဆို ပိုပြီးတောင် ကင်းကင်းရှင်းရှင်းနေခဲ့သည်။ မခကို ဆင်းရဲတယ်ဆိုပြီး အထင်သေး အမြင်သေးဖြစ်တာမျိုး မခ လုံးဝလက်မခံနိုင်ပေ ... နောင်တို့မိသားစုကတော့ အဖေနဲ့ မခကို ထောက်ပံ့ကြ၍ ကျေးဇူးရှိ၏။ အဆင့်အတန်းခွဲခြားတာတွေလည်း မရှိကြပေ ... တစ်ဦးတည်းသောသား နောင့်ကိုပင် မခနှင့် ခင်ခင်မင်မင်ဆက်ဆံတာ မတားဆီးကြ။ မခကိုလည်း ချစ်ကြသည်။

"နင် ... ကားကြီးတစီစီနဲ့ မခတို့အိမ် မလာပါနဲ့နောင်ရာ မခ တောင်းပန်ပါတယ်၊ မခတို့က ဆင်းရဲတယ်လေ၊ ပတ်ဝန်းကျင်မှာ အထင်သေး အမြင်သေးစေမယ့်ကိစ္စတွေ မခ မလုပ်ချင်ဘူး"

"အေးပါ မခရာ ... နောင်လည်း သူငယ်ချင်းမို့ ကူညီတာပါ



နောင်လေ ... ပုလင်းအလွတ်တွေတွေ့ရင် မခကို အရမ်းပေးချင်တာပဲ ... နင်တို့စီးပွားရေးလေ"

နောင်ကတော့ ... မခတို့သားအဖအပေါ် အမြဲတမ်းကူညီသည်။ ငယ်စဉ်လေးထဲက ... အဖေက နောင်တို့ခြံမှာ တောက်တိုမယ်ရလုပ်ပေးရသဖြင့် တစ်ခါတစ်ရံ မခလည်း အဖေနှင့်အတူတူ လိုက်၍ ကူညီရ၍ နောင်နှင့်အတူတူ ဆော့ကစားရင်း ကြီးပြင်းလာခဲ့သည်။ နောင့်ကို သံယောဇဉ်တော့ရှိပါတယ်။ မခက မာနရှိတော့ သူဌေးသားပဲဖြစ်ဖြစ် ... ဘာပဲဖြစ်ဖြစ် အောက်ကျပြီးမပတ်သက်ချင်ပေ ... မျက်နှာကြောက တင်းတင်း ... ဘုဘောက်ပဲ ပြောပစ်သည်။

"ဖြစ်နိုင်ရင်လေ ... နင်နဲ့အတူတူ ... ပုလင်းအလွတ်တွေ ပစ္စည်းဟောင်းတွေ လိုက်ဝယ်၊ လိုက်ကောက်ချင်တယ်၊ နင်ပြောတာလေ ... အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတာပဲ ... နင် အရမ်းကြိုးစားလို့ အားပေးချင်တာပါ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိဘူးနော်"

"အေး ... ရှိလို့လည်းမရဘူး၊ ငါက လူနေခွဲခြား စိတ်နေကွဲပြားပဲနော် နောင် ... ဆင်းရဲတယ်ဆိုပြီး သိမ်ငယ်နေမှာ မဟုတ်ဘူး လူဆိုတာ ... ကြိုးစားရင် ဘယ်လိုဘဝမျိုးမဆို အရောက်လှမ်းနိုင်တယ်ဟ ... မှတ်ထား"

"ဟုတ်ကဲ့ ... မှတ်သားထားပါမယ် ... ပညာရှင်ကြီး ဒေါ်မေရန်မခရဲ့ အဆိုအမိန့်တွေကို နာခံမှတ်သားဖို့ ကျွန်တော်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နှောင် အခစားဝင်ရောက်ခဲ့တာပါ"

"ကောင်စုတ် ... စပ်ဖြိုဖြိုနဲ့ ... ဘာပဲဖြစ်ဖြစ်လေ ... နှော
တို့မိသားစုကျေးဇူးတွေက မခတို့သားအဖအပေါ်မှာ အများကြီး
ဒါကြောင့် ... နှင့်ကို အလာခံတာ ... နှောင် ... ငါ ဆံရာဝန်မလေ
တစ်ယောက် ဖြစ်ချင်တယ်၊ နောက်နှစ် တက္ကသိုလ်ဝင်တန်းမှာ
ဂုဏ်ထူးတွေအများကြီးရအောင် ကြိုးစားမယ်၊ အဖေ့ကိုလည်
အနားယူစေချင်တယ်ဟာ"

"နင် ကြိုးစားပါ မခ ... အားမငယ်ပါနဲ့နော် ... နှောင့်အဒေ
နဲ့မာမီက နင့်ကို ပညာတတ်ဖြစ်အောင် သင်ပေးမယ်တဲ့ ... ဒီ
လား"

"အင်း ... ငါကြိုးစားမယ်၊ မဖြစ်ဖြစ်အောင် လုပ်မယ်"

"မခ"

"ဘာလဲ"

"ဦးလေးမြတ် နေမကောင်းဘူးလေဟာ ... တို့နှစ်ယော
ပုလင်းတွေသွားသွင်းမလား၊ ငါကားနဲ့လေ"

"နင့်မှာ ကားမောင်းလိုင်စင်ရှိလို့လား၊ ပြဿနာတက်ပါ့မယ်
ပြီးတော့လည်း နင့်ကားနဲ့သွားပြီး မသွင်းချင်ပါဘူးဟာ ... အဖေ
မပါတာ"

ပုလင်းသွင်းတာပဲ ... ရေးကြီးခွင်ကျယ်လုပ်ပြီး ကိုယ်



ကားနဲ့ပို့ရမယ်လို့ ... မပို့ချင်ပါဘူး။ နှောင်နဲ့တောင် ရပ်ကွက်ထဲမှာ တွဲသွားတွဲလာ မလုပ်ချင်။ မခက မာနနဲ့နေတာ ... မျက်နှာကျော က တင်းသလားမမေးနှင့် ... ပုလင်းအခွံ အစုတ်အပြတ်တွေရောင်း ပေလို့ပဲဟု ကောင်လေးတွေက မကြားတကြားပြောတတ်သည်။ မခ ... မျက်စောင်းထိုးပစ်လိုက်တာနှင့် အကောင်တွေ ပြားပြားဝပ် ပဲ ... ငယ်ငယ်လေးထဲက မခကို အထင်သေးပြီး မထိတထိလာစ တာကိုပင် တွေ့ရာနှင့်ကောက်ရိုက်ပစ်တတ်၍ ... အဖေ လိုက် လိုက်ရှင်းရတတ်သည်။ မခက လက်မြန်ခြေမြန် ဇတ်ဇတ်ကြဲမ လေး ...

"ငါတို့ အရောင်းအဝယ်ကိစ္စတွေမှာ နှောင် စိတ်မဝင်စားပါ နဲ့ဟာ ... နှောင့်ဟာနှောင် နေစမ်းပါ၊ မခတို့သားအဖဘဝကို ရပ်တည်နိုင်ပါတယ်၊ မခ ဘာအလုပ်ပဲလုပ်ရလုပ်ရ မရှက်ပါဘူး၊ သူများပစ္စည်း မခိုးမဝှက်ဘူး၊ ကိုယ်ကျင့်တရား မပျက်ပြားဘူး၊ မခ မှာ သတ္တိအပြည့်ရှိတယ်"

မခက ရုပ်လေးချောမောနုဖတ်နေပေမယ့် ... စိတ်မထင် လျှင် မထင်သလို ကြမ်းကြမ်းရမ်းရမ်းလုပ်ပစ်တတ်သည်။ နှောင် ငြိမ်သက်နေရ၏။ နှောင်ကလည်း နှောင်ပဲ ... မခ ဘာတွေလိုအပ် ပြီး ဘယ်လိုလုပ်ပေးလျှင် ပျော်ရွှင်ရယ်မောသွားမလဲဆိုတာ တစ်နေ့ တစ်နေ့ စဉ်းစားနေမိ၏။ မခ ဘာပဲပြောပြော ... ရန်ပဲဖြစ်ဖြစ် နှောင် လုပ်ပေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြန်တော့နောင် ... အိမ်မှာ ဖေဖေလည်းမရှိဘူး၊ မခလည်း စာကျက်ရဦးမယ် ... ပြန်"

"အေးပါဟာ ... ပြန်ပါ့မယ်၊ နောင်လည်း ဆရာဝန်ဖြစ်ချင်တယ်၊ နောင်နှစ်တော့ အပြတ်ကြိုးစားပစ်မယ်ဟာ"

"နောင်တို့က ပြည့်စုံပြီးသားပါဟာ ... မခကတော့ အားမငယ်ပါဘူး၊ စိတ်ဓာတ်မာတယ်၊ ဘယ်လိုလူမျိုးကိုမှလည်း အောက်ကျမခံနိုင်ဘူး ... ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ်၊ ဒါပဲ ..."

ပြတ်သားလိုက်တဲ့ မေရန်ခ ... ကျောထဲကပင်စိမ့်ပြီး ကြောက်ရသည်။ နောင် ... ဘာမှဆက်ပြီး မပြောရဲတော့ ... မခ ဒေါသထွက်လျှင် နောင့်ကို မခေါ်မပြောနေတတ်၍ ... ကုတ်ကုတ်လေး ပြန်ထွက်လာခဲ့ရသည်။ မေရန်မခကို နောင် အလွန်အမင်း သံယောဇဉ်တွယ်နေမိ၏။ မာန်မာနတွေနှင့် အရှိန်အဝါကြီးစွာ နေထိုင်တတ်သည်။ မေရန်မခ ဆင်းရဲပေမယ့် လှုရည်သန့်လွန်း၍ ယောက်ျားလေးတော်တော်များများက စိတ်ဝင်တစားရှိကြ၏။ နောင်လည်း အပါအဝင်ပဲ ... နောင့်အတွေးတွေက မေရန်မခဆီမှာပဲ ကျန်ရစ်ငြိတွယ်နေသည်။

အခန်း ( ၃ )

"ကျွန်တော်တို့ ရန်ကုန်ကိုပြောင်းတော့မယ် ကိုမြတ်သစ်သားရဲ့ပညာရေးအတွက်လည်း ပါတယ်၊ ရန်ကုန်မှာ ခြံနဲ့တိုက် ဝယ်ထားပြီးပြီ"

"ဟုတ်ကဲ့ သူဌေး ... ကောင်းပါတယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ပစ္စည်းတွေ ထုတ်ပိုးသိမ်းဆည်းပေးရမလား၊ အားမနာပါနဲ့ ... သူဌေးကျေးဇူးတွေကလည်း အများကြီးရှိပါတယ်၊ လိုအပ်တာခိုင်းပါ"

"ကျုပ်က ကိုမြတ်သစ်တို့သားအဖကိုပါ ခေါ်သွားချင်ပါတယ်၊ မခလေးရဲ့ပညာရေးလည်း ကူညီထောက်ပံ့ချင်ပါတယ်၊ ကျွန်တော့်ခြံရဲ့ အစောင့်အဖြစ်ပါ၊ နေစား စရိတ်ငြိမ်း လခလည်း ပေးပါ့မယ်၊ ရန်ကုန်ပြောင်းမှာဆိုတော့ ကိုမြတ်သစ်တို့လို ကိုယ်ကျင့်တရားကောင်းမွန်တဲ့ လူယုံတွေ လိုအပ်တယ်လေ"

ဦးမြတ်သစ်လည်း သမီးလေးရှေ့ရေးအတွက် ဘာလုပ်ရမလဲ

www.burmeseclassic.com



စဉ်းစားနေတာပါ။ တစ်ခုစိတ်ပူတာက ... သမီးအပျိုအရွယ်လေးနဲ့ ဖြစ်ပါ့မလား။ သူဌေးမှာလည်း သားရှိနေသည်။ တစ်နေ့နေ့မှာ အတွေးတွေက ပူလောင်နေ၏။ မောင်နောင်နောင်သက်ပိုင်က လည်း သမီးလေးအပေါ် သံယောဇဉ်တွယ်နေသလိုပင် ... အနွံတာ ခံလွန်း၏။ ဦးမြတ်သစ် ရုတ်တရက်အဖြေမပေးနိုင်ဘဲ ဖြစ်နေသည်။

"စဉ်းစားမနေပါနဲ့တော့ ဦးမြတ်သစ်ရယ် ... မခလေးကို ပညာဆုံးခန်းတိုင်တဲ့အထိ ကျုပ်တို့တာဝန်ယူမှာပါ၊ ကလေးမလေး က ကြိုးစားတယ်၊ သတ္တိရှိတယ်၊ စိတ်ဓာတ်ကောင်းတယ်လေ၊ ကျုပ်တို့ တာဝန်ယူပါတယ်"

"ဖြစ်ပါ့မလား သူဌေးရာ ... ဒီမှာက ကျွန်တော်တို့သားအဖ လုပ်စားကိုင်စားတတ်တယ်၊ တစ်နယ်တစ်ကျေးမှာ ဒုက္ခရောက်မှာ လည်း စိတ်ပူတယ်"

"ဘာမှစိတ်မပူပါနဲ့ဗျာ ... ကျုပ်တို့မိသားစုစိတ်ဓာတ်ကို လည်း သိတာပဲ ... အဆင့်အတန်း မခွဲခြားပါဘူး၊ ကိုမြတ်သစ်တို့ ဘဝကို အာမခံပါတယ်"

သူဌေးက တောင်းတောင်းပန်ပန်နှင့် ဇွတ်အတင်းခေါ်နေ၍ ဦးမြတ်သစ် လိုက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။

"သမီးလေးနဲ့ တိုင်ပင်ပါရစေ သူဌေး ... ကျွန်တော်လည်း အသက်ကြီးပြီဆိုတော့ အားကိုးချင်ပါတယ်၊ သမီးကိုလည်း ဒီလို အောက်တန်းကျတဲ့အလုပ်တွေ မလုပ်စေချင်တော့ပါဘူးဗျာ"



"ကျုပ်တို့နဲ့ လိုက်သာလိုက်ခဲ့ပါတော့ ... ခင်ဗျားတို့သားအဖ အတွက် တာဝန်ယူပါတယ်၊ စိတ်ပူစရာ မလိုပါဘူး၊ ကတိပေးပါ တယ်"

သူဌေးက တောင်းတောင်းပန်ပန်နှင့် ခေါ်နေတဲ့အပြင် ကျေးဇူးလည်းရှိနေတော့ ... ဦးမြတ်သစ် ဆက်ပြီး မငြင်းချင်ပေ။ သမီးလေးအတွက်လည်း သင့်တော်မည်ဖြစ်သည်။

"ကိုမြတ်သစ် သမီးလေးရှေ့ရေးအတွက် လိုက်ခဲ့စေချင်ပါ တယ်ဗျာ"

"ဟုတ်ကဲ့သူဌေး ... ကျွန်တော်တို့သားအဖ လိုက်ဖြစ်အောင် ကြိုးစားပါ့မယ်"

"မခလေးက မာနရှိတယ် ... လက်ခံမှာမဟုတ်ဘူးနော် ကိုမြတ်သစ် ... ခင်ဗျားပဲ လူကြီးအနေနဲ့ ဆုံးဖြတ်ပါ"

"ဟုတ်ကဲ့ လိုက်ခဲ့ပါ့မယ် သူဌေး ... ကျွန်တော်တို့ဘဝမှာ သူဌေးတို့မိသားစုပဲ အားကိုးစရာရှိတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ ... ကျုပ်တို့လည်း လူယုံလိုတယ် လေ ... စိတ်မပူပါနဲ့ ... ကိုမြတ်သစ် လိုက်သာလိုက်ခဲ့ပါ"

ဦးမြတ်သစ် ... ဆုံးဖြတ်လိုက်သည်။ သမီးလေးရှေ့ရေး အတွက် သူဌေးတို့မိသားစုနှင့် လိုက်သွားဖို့ဖြစ်၏။ အိမ် ပြန်လာ ခဲ့သည်။

"သမီးလေး ... ဘာတွေလုပ်နေတာလဲ"

ဖိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



“ပုလင်းတွေ ဆေးနေတာပါ၊ အဖေ ပင်ပန်းမှာစိုးလို့”

“ထားလိုက်ပါ သမီးလေးရယ် ... အဖေ တိုင်ပင်စရာရှိတယ်၊ လာထိုင်ပါဦး”

သမီးလေးက မိမိလုပ်ရမယ့်အလုပ်တွေကို လုပ်နေတတ်သည်။ လိမ္မာလိုက်တာ ... ဦးမြတ်သစ် စိတ်မကောင်းဖြစ်ရ၏။ မိမိကို ဖခင်အရင်းပဲ ထင်နေရှာသည်။

“သမီး မခ ...”

“ရှင် ...”

“သူဌေးကလေ ... ဖေဖေ့ကိုခေါ်ပြီး တိုင်ပင်တယ်”

“အင်း ...”

“သူတို့ ရန်ကုန်ကိုပြောင်းတော့မယ်တဲ့ ... အဲဒါ အဖေ့ကို ခြံစောင့်အဖြစ် လိုက်ပေးပါတဲ့ ... သမီးလေးရဲ့ပညာရေးကိုလည်း လုံးဝတာဝန်ယူပါ့မယ်တဲ့ ... ကတိပေးတယ်တဲ့”

“သမီး မလိုက်ချင်ပါဘူး အဖေ ... ဒီမှာ အလုပ်ကောင်းတာပဲ”

“အဖေက သမီးလေးကို ဒီအလုပ်တွေ မလုပ်စေချင်တော့ဘူး။ ပညာရေးကိုပဲ ဦးစားပေးစေချင်တယ်၊ အဖေလည်း အသက်ကြီးပြီလေ၊ သူဌေးတို့နဲ့လိုက်သွားတာက ကောင်းမယ်ထင်တယ်ကွယ်”

ဖေဖေ့ကိုလည်း မခ သနားမိသည်။ အသက်အရွယ် ရလာပြီ





ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ... သူဌေးမိသားစုကတော့ မခတို့သားအဖ အပေါ် ကောင်းသည်။

“အဖေကတော့ လိုက်ပါ့မယ်လို့ ကတိပေးလိုက်ပြီ၊ သမီးလေးက ဆရာဝန်ဖြစ်ချင်တယ်ဆို ... သူတို့ပဲ ထောက်ပံ့နိုင်မယ်၊ အဖေလည်း သက်သာရမယ်လေ”

“အင်း ... အဖေ့သဘောပါပဲလေ ... မခလည်း အဖေ့ကို အနားယူစေချင်ပါတယ်၊ တကယ်တော့ မခက ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားချင်တာ”

နောင်ရှိနေ၍ မခ လိုက်မသွားချင်ပါဘူး။ သူဌေးတို့မိသားစုတလည်း မခကို ချစ်ကြသည်။ လိုက်သွားတာပဲ ကောင်းပါတယ်။ ဖေဖေ အနားရတာပေါ့။ မခလည်း ပညာရေးကို ဦးစားပေးချင်တယ်။

“အဖေ ...”

“ပြော ...”

“သမီး တစ်ခုလောက်မေးချင်ပါတယ်၊ အမှန်အတိုင်းပဲ သမီးကိုပြောပြပေးပါ”

“ဘာများလဲ သမီးရယ် ... ဖေဖေက သမီးကို ဘာမှ လိမ်ညာပြောစရာ မရှိပါဘူး၊ မေးလေ ...”

“သမီးမေမေရောဟင် ... ဘာဖြစ်လို့ သေသွားတာလဲ၊ သမီး ဘယ်အရွယ်ကလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သစ်အကြည့်တွေက သမီးလေးဆီ ဆက်ခနဲရောက်သွားသည်။ အတိတ်အကြောင်းတွေကို မေ့ထားတာကြာပါပြီ။ သဲသဲပိုလည်း ဆုံးသွားပြီဟု သတင်းကြားရ၏။ မိမိက သမီးလေးကိုပွေ့ချီပြီး တစ်နယ်တစ်ကျေးကို ပြောင်းရွှေ့လာခဲ့တာ ... အတိတ်တွေကို သတိပင်မရ ...

"သမီးမေမေက ... သမီးကိုမွေးပြီး မီးတွင်းထဲမှာပဲ သွေးတက်ဆုံးသွားတာပါ၊ ဖေဖေလည်း အတိတ်ကအကြောင်းတွေကို မစဉ်းစားချင်ဘူး"

"မေမေ့ဓာတ်ပုံရော မရှိဘူးလား၊ ဖေဖေရာ ... မနက်က လေ မခ အမေ့ကိုအိပ်မက်မက်တယ်၊ မခ အမေက အရမ်းချောပြီး ချမ်းသာတယ်တဲ့"

မိုးမြတ်သစ် အထိတ်တလန့်ဖြစ်သွားရသည်။ သမီးမေမေက ချောပြီး ချမ်းသာတယ်တဲ့ ... ရင်ထဲမှာ နာကျင်သွားရ၏။ သမီးလေး မေမေက ချောလားတဲ့ ... အိပ်မက်ကလည်း ချမ်းသာတယ်တဲ့ မေမေက ... စိန်တွေရွှေတွေဝတ်ထားတာ သမီးမေမေလေတဲ့ဟု ရယ်သည်။ ဖြစ်နိုင်တာပဲ ... သမီးက လူရည်သန့်လေးပါ။ ကြာညို့ လာပေးသွားတာကိုက ထူးဆန်းနေသည်။

"မင်း ... ဘာမှမစပ်စုနဲ့နော် ... မွေးမှာလား၊ မမွေးဘူးလား ဒါပဲပြော"





မြတ်သစ်လည်း သမီးလေးကိုမြင်ထဲက ချစ်ခင်သနားမိ၍ ဆက်ခံထားလိုက်သည်။ မိမိသားလေး အသက်ဆုံးရှုံးခဲ့ရ၏။ အိမ်ထောင်ရေးလည်း ပြိုကွဲခဲ့ရသည်။

"သမီးရယ် ... အတိတ်ကအကြောင်းတွေကို မေးမနေပါနဲ့တော့ ... ဖေဖေ မဖြေချင်ဘူး၊ သမီးမေမေက ချောတယ်"

ချမ်းသာတဲ့မိခင်က မွေးဖွားလာတာလည်း ဖြစ်နိုင်သည်။ သမီးလေးအတိတ်က မရေမရာ ... သမီးကလည်း ... အဖေ စိတ်ထိခိုက်သွားမှန်းသိ၍ အိပ်မက်ကလည်း ရယ်ရတယ်ဆိုပြီး ပုလင်းတွေ ဆက်ပြီးဆေးနေသည်။

"အဖေရာ ... သမီးက အိပ်မက်မက်လို့မေးတာပါ၊ ဒီပုလင်းတွေကို သမီးသွားပို့လိုက်မယ်နော်"

"အဖေပဲ ပို့ပါ့မယ်၊ သူဌေးတို့က တစ်ပတ်အတွင်း ပြောင်းမှာတဲ့ ... သမီးလေးလည်း လိုအပ်တာတွေ ပြင်ဆင်ထားတော့ ... "

"ဟုတ် ... နောင်လည်း ဘာမှပြောမသွားဘူးနော်"

"နောင်က မလိုက်ဘူးလုပ်နေလို့ ... သူဌေးတို့က ကြိုတင်ပြောပြသေးတာတဲ့"

နောင်နဲ့ တစ်ခြံထဲနေရမှာတော့ မခ စိတ်ပျက်မိသည်။ နောင်က မခကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာပါ။ သူကတော့ ကင်းကင်းရှင်းရှင်းနေဖို့ပဲ ဆုံးဖြတ်ထား၏။ အရေးကြီးတာက မခ ပညာတတ်တစ်ယောက်ဖြစ်ပြီး အဖေ့ကို ကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ချင်သည်။

"အဖေ သွားတော့မယ် သမီး ... အလုပ်တွေလည်း ဖြတ်ရ မယ်၊ ဒီအိမ်လေးကိုလည်း သူဌေးက လှူဖို့တင်ထားခဲ့တဲ့ ... သူဌေး တို့မိသားစုကိုတော့ အဖေယုံတယ်"

"ကောင်းပါတယ် အဖေ ... မခလည်း ဆရာဝန်ဖြစ်ချင် တယ်၊ မခမေမေ ဘာကြောင့်သေရတာလဲ၊ ပိုက်ဆံမရှိလို့ပဲ ဖြစ်မယ်၊ အမေ့ကိုသနားလို့ပါ၊ အဓိက ... ကိုယ်ဝန်ဆောင်မိခင်တွေကို စောင့်ရှောက်ပေးချင်တယ်၊ မေမေ့အတွက်လေ"

သမီးလေးရယ် ... ဖြစ်မှဖြစ်ရလေကွယ် ... သမီးကို ဂြိုလ် ကောင်မလေးလို့ သတ်မှတ်ထားတဲ့အမေကို သနားတယ်တဲ့လား ဦးမြတ်သစ် စိတ်မကောင်းဖြစ်ရသည်။

"အဖေသွားပြီ ... သမီး စာကျက်နော် ... နောက်နှစ်ထ မလွယ်ဘူး"

မခက ... ကိုးတန်းအောင်ထားပြီး၍ တက္ကသိုလ်ဝင်တန်း ကျူရှင်တက်နေသည်ဖြစ်ပြီး ကြို့တင်လေ့လာ ကျက်မှတ်နေရ၏ နောင်နှင့် အတူတူပဲ ... သူဌေးက စရိတ်ထောက်ပံ့ပေးထားသည်။

"သူဌေးတို့မရှိရင်လည်း မခတို့ ရပ်တည်ရခက်ခဲမယ်လေ လိုက်သွားတာပဲ ကောင်းပါတယ် ဖေဖေရယ်"

ဖေဖေ ... ထွက်သွားသည်။ ခြံစောင့်ပဲဖြစ်ဖြစ် ဘာပဲဖြစ် ဖြစ် ... ဖေဖေ သက်သာနိုင်၏။ မခလည်း မြို့ကိုတက်ချင်သည်။





"မခရေ ... မခ"

အပြင်မှ ဆိုင်ကယ်သံကြားရပြီး ... နောင့်အသံကို ကျယ် ကျယ်လောင်လောင်ကြားရသည်။

"ဘာလဲဟ ... အော်ကြီးဟစ်ကျယ်နဲ့ ... ဘာဖြစ်လာတာ လဲ နောင်"

နောင်က ... ဆိုင်ကယ်ပေါ်မှဆင်းလာပြီး အိမ်လေးပေါ် တက်လာသည်။

"မခ"

"ဘာလဲ"

"ဒက်ဒီကပြောတယ်၊ တစ်ပတ်အတွင်း ရန်ကုန်ပြောင်းမယ် တဲ့ ... မခနဲ့ ဦးလေးမြတ်သစ်တို့လည်း လိုက်မယ်ဆို"

နောင် အဲဒီလိုအဖြစ်သည်းလို့ မခ မုန်းတာပါ။ မခမျက်နှာ ထား တည်တင်းထားသည်။

"အေး ... လိုက်မယ်၊ မခ ပညာရေးအတွက်ပါ နောင်နောင် တို့ နင်တို့ခြံထဲမှာ လိုက်နေရတယ်ဆိုပြီး ... အနိုင်ကျင့်ဗိုလ်ကျ လို့တော့ မရဘူးနော်"

"မခရယ် ... နောင်က ပျော်ပြီးလာတာပါ၊ အဓိက နင့်ပညာ ရေးအတွက်ပါ၊ နင့်ကိုတော့ ပစ်မထားရက်ဘူး"

"အပိုတွေ လာပြောမနေနဲ့ ... မခက ရှုပ်ရှုပ်ယှက်ယှက် ကြိုက်ဘူးနော် ... ကင်းကင်းနေ"



www.burmeseclassic.com

www.burmeseclassic.com



"မနေပါဘူး၊ မခနဲ့နောင်တို့က ငယ်သူငယ်ချင်းတွေလေ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့၊ မကောင်းဘူးလား"

"မခက ပညာရေးအတွက် ရန်ကုန်တက်ဖို့ ဆုံးဖြတ်လိုက် တာပါ နောင် ... သူဌေးမိသားစုကိုလည်း ဖေဖေက စောင့်ရှောက် ချင်တယ်၊ သူဌေးတို့မိသားစု မျှော်လင့်ချက်တွေ မပျက်သွားဖို့ ... ငါ အစွမ်းကုန်ကြိုးစားမယ်၊ နင် မနှောင့်ယှက်ပါနဲ့"

နောင့်ကို မျက်နှာထားတင်းတင်းနှင့် ခပ်ပြတ်ပြတ်ပဲပြော သည်။ အရောတဝင် သိပ် နေလို့မကောင်းဘူး ... ဒီကောင် ပိုင်စိုးပိုင်နင်းနှင့် မခ အမြင်ကတ်မိ၏။ နောင့်မျက်နှာကတော့ အပြုံး တွေနှင့် တော်တော်လေး ပျော်ရွှင်ကျေနပ်ပုံရသည်။

"မခ ... နင်ဟာလေ ... နောင့်ကိုဆို အရမ်းစိမ်းကား နိုပ်ကွပ်ဖို့ပဲကြံစည်နေတယ်၊ နောင်တို့မိသားစုအပေါ်လည်း သူ ဆန်တယ်၊ ဘာလဲ ... သူဌေးမိသားစု ... သူဌေးမိသားစုနဲ့"

"မဟုတ်လို့လား ... မခတို့ရဲ့ကျေးဇူးရှင်တွေလေ၊ သူ တွေပဲဟာ"

"အန်ကယ်နဲ့အန်တီလို့ ခေါ်ကြည့်ပါလား မခရ"

"မခေါ်ချင်ပါဘူး ... မရိုသေမလေးစားရာ ရောက်တ သူဌေးမိသားစုပဲ ခေါ်မယ်"

"တကယ်ပါပဲဟာ"

"နင်သိချင်တာ သိရပြီမဟုတ်လား နောင် ... ပြန်တော့



သာ"

"မပြန်ဘူးဟာ ... နောင့်ကိုပဲ ဘာဖြစ်လို့နှင်ထုတ်နေမှန်း သိဘူး၊ နေဦးမယ်"

"နင် မပြန်ဘူးလား"

"မပြန်ဘူး"

"ငါက ပြန်ဆိုပြန်နော် ... ငါဒေါသဖြစ်လာရင် နင့်ကို ဆိုင်ပေါက်ပစ်မိလိမ့်မယ်"

"အား ... ဒီလိုတော့ မလုပ်ပါနဲ့ မခရယ် ... ပြန်ဆိုပြန်ပါ့ မယ်၊ ကြောက်စရာကြီးပါလား"

သူ့ကို ကိုင်ပေါက်တော့မည့်ဟန်ပြင်နေ၍ နောင် ခပ်သွက် သွက်ထပြီး ဆင်းလာခဲ့ရသည်။ မေရန်မခ မလွယ်ဘူး ... ကြောက် စရာကြီး ... လူပုံက နွဲ့နွဲ့ ... ချောချောမောမောနှင့် မိန်းမဆန်ရင် အမေကောင်းမှာပဲ ... ဒက်ဒီက သူ့ကို ရန်ကုန်ပြောင်းမယ်ပြော တော့ ... ပထမ အကြောက်အကန်ငြင်းဆန်မယ်ပြင်ပြီးမှ ဦးလေး မြတ်နဲ့မခတို့လည်း လိုက်ပြောင်းမယ်ဆိုရော ... ဝမ်းသာအားရနှင့် ကြီးတကားကားနဲ့ မလာရဘူးဆို၍ ဆိုင်ကယ်ပြောင်းစီးပြီး ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

တစ်ဖက်ခြံကြီးဆီသို့ လူသစ်တွေပြောင်းလာပြီဆိုတော
ဘယ်သူတွေလဲ။ ခြံစောင့်ကြီး ဦးကြာညို ... စိတ်ဝင်တစားကြည့်
သည်။ ဒီခြံကြီးက လူသူတစ်ယောက်တစ်လေတောင် လာရော
ခြင်းမရှိဘဲ ... နှစ်တော်တော်ကြာ ပိတ်ထားရာကနေ လွန်ခဲ့
ခြောက်လလောက်ကမှ သန့်ရှင်းရေးတွေလုပ်ပြီး ပြုပြင်နေ၏။ အ
ပြောင်းလာကြပြီပဲ ... ဦးကြာညို နေထိုင်ရတဲ့ ကားဂိုထေ
အပေါ်ထပ် ဝရံတာကနေကြည့်လျှင် တစ်ဖက်ခြံကြီးထဲကို မြင်
ရသည်။ ဦးကြာညို စိတ်ဝင်တစားကြည့်မိ၏။ ချမ်းသာကြွယ်
ပထမဆုံး ကားပေါ်ကနေဆင်းလာသူများက သူဌေးလင်မယား
သားလူပျိုပေါက် ... ချောချောတောင့်တောင့် ကောင်လေးတ
ယောက် ဆင်းလာသည်။

"သားလေးတစ်ယောက်ပဲထင်တယ်၊ ငါ့သားလေးနဲ့ ရွယ်





ဲ ... ငါ့သားလေးကို ဒီလိုချမ်းသာကြွယ်ဝတဲ့ သူဌေးသားလေး ဖြစ်စေချင်လိုက်တာနော်"

ဦးကြာညိုမှာလည်း သားတစ်ယောက်ရှိနေသည်။ လိမ္မာရေးခြားရှိပြီး ပညာရေးဘက်တွင်လည်း ထူးချွန်၏။ အမြဲတမ်း ဆုတွေရခဲ့သည်။ ဒါပေမယ့်လည်း ခြံစောင့်သားဆိုတော့ ... သူဌေးမိသားစုရဲ့ အနှိမ်ခံနေရ၏။ မိမိ စိတ်ထိခိုက်ကြေကွဲရသည်။

"မင်းသားကို ဘော်ကျော့ထားလို့မဖြစ်ဘူး ကြာညို ... ခြံစောင့်သားဆိုတာ ခြံအလုပ်တွေ ပိုင်းကူလုပ်ရမှာပဲ"

"ဟုတ်ကဲ့ပါ သူဌေး"

သားကလည်း ချောမောခန့်ညားသူပါ။ လူ့လောကကြီးထဲမှာ အနှိမ်ခံဘဝနှင့် ကြီးပြင်းလာတဲ့သားက တစ်လောကလုံး မကျေနပ် ... မှုန်တေတေ တည်တည်တင်းတင်း နေထိုင်ဆက်ဆံတတ်၍ သူဌေးကလည်း အမြင်ကတ်ပုံမ တပ်ထားသည်။

"ဟင် ... ဟို ... ဟိုမှာ ... မြတ်သစ်ပါလား၊ ဒီကောင် ဘာဖြစ်လို့ ပါလာရတာလဲ၊ ဟာ ... နောက်မှာ ကောင်မလေးတစ်ယောက် ... ဒါ ... ဒါ ... ငါပေးထားခဲ့တဲ့ကောင်မလေး ထင်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ် ... သေချာတယ်"

နောက်ထပ် ပစ္စည်းတွေတင်ထားတဲ့ ကားကြီးပေါ်ကနေ ဆင်းလာကြတဲ့သူတွေကို တွေ့လိုက်ရတော့ ဦးကြာညို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေပြုံးပြီး ... အထိတ်တလန့်ဖြစ်သွားရသည်။ မိမိ လုံးဝမတွေ့ချင်တဲ့ မြတ်သစ် ... အရေးထဲ သူ့သမီးက ပါလာသေးသည်။ တော်တော်တောင် အရွယ်ရောက်လာပြီပဲ ... ဖြူဖြူအိအိ ... ဝင်းဝင်းမှည့်မှည့်လေး ... မိမိ မျက်စိပဲမှားနေတာလား။ အသေအချာကြည့်လေ မြတ်သစ်ဆိုတာ သေချာသည်။

"ငါ ... ဘယ်လိုလုပ်ရမလဲ၊ ဒါ ကြုံကြံဖန်ဖန် တိုက်ဆိုင်မှု တစ်ခုပဲ"

မြတ်သစ်တို့သားအဖကိုတွေ့တော့ ခေါင်းချွေးတွေပင် ပျံ့လာသည်။ ဒီကိစ္စ သူဌေးဦးမိုးကောင်းကင်သာ သိသွားရင် ... ဆက်မတွေးရဲတော့ ... မိမိ ဆက်ပြီးမကြည့်ရဲတော့သဖြင့် အကြည့်ကို လွှဲပြီး ... ခြံကြီးထဲ ပြန်ဆင်းလာခဲ့သည်။

"ကိုကြာညို"

"ဗျာ ... သူဌေး"

"ခင်ဗျားကိုကြည့်ရတာ ထိတ်ထိတ်ပြာပြာနဲ့ ... ဘာဖြစ်နေတာလဲ"

"ဟာ ... ဘာမှမဖြစ်ပါဘူး၊ ဟိုလေ ... ကျွန်တော့်သားက စာကျက်နေလို့ ... သူဌေးကားကို မဆေးရသေးဘူးဆိုတော့"

"ခင်ဗျား ဘာတွေကြောင်နေတာလဲ၊ ခင်ဗျားသား မနက်ထဲက ထပြီး ကားဆေးပြီးပြီဗျ"





"ဗျာ"

သား ... အစောကြီး ကားထဆေးတာ မိမိသိသည်။ ပြောသွားတာပဲ ... သူဌေးက စူးစူးဝါးဝါးကြည့်လိုက်၍လည်း ကြာညို နေစရာမရှိအောင် ကြောက်ရွံ့သွား၏။ သူဌေးက ငယ်နိုင် ... မိမိအပေါ် အနိုင်ကျင့်လွန်းပြီး ... ရက်ရက်စက်စက် နှိပ်ကွပ်တတ်သူ ဖြစ်သည်။ သားလေး ဉာဏ်ထူးချွန်အတွက်ပါ။ သားရှေ့ရေးအတွက် မိမိဘဝကို စတေးခံနေတိုင်ခဲ့၏။ သူဌေးအကြည့်တွေက ခက်ထန်သွားသည်။

"ကိုကြာညို"

"ဗျာ ... "

"ခင်ဗျား ... ကျုပ်အပေါ် ဘာတွေအကောက်ကြံနေလဲ၊ မဟုတ်တာတွေ လုပ်ထားပြန်ပြီထင်တယ်"

"မလုပ်ပါဘူး သူဌေးရယ် ... ကျွန်တော်ရော သားပါ သူဌေး အငြိုးအငြင်ကို မခံယူရဲတာပါခင်ဗျာ"

ကြာညို ... ဒီကောင် လွယ်တဲ့ကောင်မဟုတ်ဘူး။ ကြည့်လိုက်လျှင် မခုတ်တတ်တဲ့ကြောင်တစ်ကောင်လို ကုတ်ချောင်းချောင်းနဲ့ ... ကျားထက်တောင် ကြောက်စရာကောင်းသေးတယ်။ တစ်ချိန်က ဒုစရိုက်သမား ... လူသတ်ပြီးထွက်ပြေးနေစဉ် မိမိအား ကယ်တင်စောင့်ရှောက်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြာညို"

"အမိန့်ရှိပါ သူဌေး"

"ဒီနေ့ ... ကျုပ် ပစ္စည်းတွေပို့စရာရှိတယ်၊ ညဥ့်နက်မယ်၊ ခင်ဗျား ပေါ့ပေါ့ဆဆမနေပါနဲ့ ... မို့နဲ့သမီးလေး တုန္နိုင်းစံကိုလည်း ဂရုစိုက်ထားပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ"

"ခင်ဗျားဟာလေ ထုံထိုင်းထိုင်းနဲ့ ... အဲဒါတွေကို ကျုပ် မကြိုက်တာဘဲ ... ဒါနဲ့ တစ်ဖက်ခြံမှာ လူသစ်တွေပြောင်းလာတာ ထင်တယ်၊ နည်းနည်းလေးစောင့်ကြည့်ထားပါ၊ ကျုပ်ပတ်ဝန်းကျင်မှာ ဘယ်သူတွေရောက်လာလဲဆိုတာ ကျုပ် သိထားချင်တယ်"

"ဟုတ်ကဲ့ပါ"

သူဌေး ထွက်သွားသည်။ မိမိကလည်း မိမိပဲ ... ခြေတွေလက်တွေပါ တုန်လှုပ်နေ၏။ မြတ်သစ် ... တကယ့်ကို တစ်ဖက်ခြံမှာ မိမိ လုံးဝမတွေ့ချင်ဆုံး မြတ်သစ်တို့သားအဖ ရောက်လာသည်။

"တိုက်ဆိုင်တာလား၊ ငါ့ရဲ့ကံကြမ္မာပဲလား၊ ငါ့သားလေးရဲ့ တောက်ပလာမယ့်အနာဂတ်ကို လာပြီး နှောင့်ယှက်ဟန့်တားမှု တစ်ခုပဲလား"

တစ်ဖက်ခြံကြီးထဲမှ ရွှေ့ပြောင်းနေကြတဲ့အသံတွေထဲမှာ မြတ်သစ်အသံက အကျယ်လောင်ဆုံးပင် ... သမီးလေးနာမည်က





မခလား။

"သမီး မခ ... အလေးကြီးတွေ မ မနဲ့နော် ... ဖေဖေ မမယ်"

မခတဲ့ ... မိမိ ရင်တွေပူလောင်လာရသည်။ မီးစပဲ ... သူဌေးက သူ့ပတ်ဝန်းကျင်ကို အရမ်းဂရုစိုက်တယ်။ ပြီးတော့လည်း သူဌေးကတော် ဒေါ်စံမမိုကိုလည်း ချစ်မြတ်နိုးပြီး သဝန်လည်း ကြောင်တတ်၏။ မိမိ အသေအချာကြည့်လိုက်မိတာက မြတ်သစ်သမီးလေး မခဆိုတာက သူဌေးကတော်မိုနှင့် ရုပ်ချင်းဆင်တူနေခြင်း ဖြစ်လေသည်။ အတိတ်တွေကို သတိရလာ၏။ တစ်ချိန်က တောမြို့လေးကနေ ရန်ကုန်တက်လာပြီး မအူမလည်နှင့် ဒုစရိုက်သမားတွေလည်း လုပ်ခဲ့၏။ လောင်းကစားဝိုင်းတွင် အကြီးအကျယ်ရှုံးပြီး ... လူသတ်၍ လုယက်မှုကျူးလွန်ခဲ့သည်။

"ဟော့ကောင် ကြာညို ... မင်းက တော်တော်လေး သတ္တိရှိနေတာပါလား၊ မင်း အခု ဘယ်လိုလုပ်မလဲ ... ငါက လက်ပူးလက်ကြပ်မိနေပြီ ... ဒီမှာကြည့်"

"ဟင် ... "

မိမိ လူသတ်မှုကျူးလွန်းပြီး ငွေတွေလုတာကို သူဌေးလေး ကိုမိုးကောင်းကင်ရဲ့ ဖုန်းထဲမှာ ရိုက်ကူးထားသည့်ဗီဒီယိုဖိုင် ... မိမိ သတ်လိုက်တာက သူဌေးလေးမိုးကောင်းကင်ရဲ့ သူငယ်ချင်း ...

www.burmeseclassic.com

www.burmeseclassic.com



သူဌေးလေး မြတ်သူထက် ...

"ကျွန်တော် ... ကျွန်တော် မှားသွားပါတယ် သူဌေး ... သက်ဆိုင်ရာကို မအပ်ပါနဲ့ဗျာ ... ကျွန်တော် အကြွေးပူတွေ ဆပ်စရာရှိလို့ပါ၊ တောင်းပန်ပါတယ်"

"ဟေ့ကောင် ... လုပ်တုန်းကလုပ်ပြီး အခုမှ ဘာကြောက်နေရတာလဲ ... ထစမ်း"

သူဌေးလေး ကိုမိုးကောင်းကင်က ရက်စက်ကြမ်းကြုတ်သူပါ။ လောင်းကစားဝိုင်းတွေကို လျှို့ဝှက်အကြီးအကျယ်လုပ်သူဖြစ်သည်။ သူဌေးလေးမြတ်သူကတော့ ရိုးသားဖြူစင်စွာ စီးပွားရှာသူဖြစ်သည်။

"ထလို့ ပြောနေတယ်လေ"

"ဟုတ် ... ဟုတ်ကဲ့"

သူဌေးလေးမိုးကောင်းကင်က သူ့ကို ကူညီစောင့်ရှောက်ပေးထားမည်။ သူခိုင်းစေတဲ့အလုပ်တွေကို သစ္စာရှိရှိလုပ်ဆောင်ပေးရန် ပြောခဲ့သည်။

"ကျုပ်ခိုင်းတာတွေကို ... ခင်ဗျား ဝိဝိရိရိလုပ်ပေးရမယ်၊ ခင်ဗျား ဘာမှမဖြစ်စေရဘူး၊ မြတ်သူသေတာ ... ဘယ်သူမှမသိနိုင်ဘူးလေ၊ ဘယ်လိုလဲ"

"ဟုတ်ကဲ့ပါ သူဌေးလေး ... ကျွန်တော်ကို ခိုင်းချင်ရာခိုင်း





ပါ ... ကျွန်တော့်လုပ်ရပ်တွေကို လျှို့ဝှက်ထားပေးပါနော် ... ကျွန်တော့်သားနဲ့ ဇနီးလည်း လုံးဝမသိပါစေနဲ့"

"မင်းသာ ငါ့အပေါ် သစ္စာရှိပါ၊ မင်း အရင်က ဘာတွေလုပ်ခဲ့လဲဆိုတာတွေတောင် ငါ့ဆီမှာ သက်သေအထောက်အထားတွေရှိတယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ၊ သူဌေးအပေါ် သစ္စာခံပါ့မယ်"

"ကောင်းပြီလေ၊ ကိုကြာညို ... ခင်ဗျား ... ကျုပ်ခြံထဲကို ခြံစောင့်အဖြစ် ပြောင်းလာခဲ့ပါ"

မိမိဘဝ ... ထိုနေ့ကစပြီး ဦးမိုးကောင်းကင်ရဲ့လက်ခုပ်ထဲကရေ ဖြစ်သွားရသည်။ ဇနီးက ဆုံးသွား၏။ သားလေးတစ်ယောက်နှင့် မိမိ ရပ်တည်နေရသည်။

"ကိုကြာညို ... ခင်ဗျားကို ကျုပ် လျှို့ဝှက်ကိစ္စတစ်ခု ခိုင်းစရာရှိတယ်၊ အဲဒါကတော့ မို့ရဲ့သမီးလေးကို အပြတ်ရှင်းပစ်ဖို့ပဲ"

"ဗျာ ... "

"ခင်ဗျားက လက်ရဲဇက်ရဲရှိတဲ့လူပါ၊ ကျုပ် ... မို့ကိုချစ်တယ်၊ လက်ထပ်ယူမယ်၊ ကျုပ်နဲ့မို့က ငယ်ချစ်ဦးတွေပဲ ... ဟိုကောင်မြတ်သူ ... လူကြီးတွေနဲ့ဝင်လုံးပြီး မို့ကိုလက်ထပ်ခဲ့တာပဲ"

ထိုကိစ္စကိုတော့ မိမိ အလွန်အမင်း ထိတ်လန့်သွားရသည်။ သူဌေးမြတ်သူထက်က ရိုးသားစွာစီးပွားရှာသူပါ။ သူဌေးကတော်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စံမမှီကလည်း ချောမောလှပသူ ... သူဌေးလေး မိုးကောင်းကင်နှင့်က ယှဉ်သူယှဉ်ချင်းတွေဖြစ်ပြီး ... ဝင်ထွက်စားသောက် ရင်းနှီးခင်မင်ကြသည်။

"ကျုပ် အမိန့်ပေးနေတာနော် ... ကျုပ် မှီ့ကို အရယူမယ်၊ ကလေးက ဝင်ရှုပ်နေတယ်ဗျာ ... ခင်ဗျား ကလေးကိုယူသွားပြီး အပြတ်ရှင်းပစ်လိုက်"

"ဟို ... ဟို ... သူဌေးကတော်က သဘောတူလား"

"အဲဒါ ကျုပ်ကိစ္စပါ။ ခင်ဗျားက ကျုပ်စီစဉ်ပေးတဲ့အတိုင်း လုပ်ဖို့ပဲ လိုအပ်တယ်"

ကြာညို့ဘဝမှာ မငြင်းနိုင်တော့ပေ ... သူဌေးကိုလည်း မဆန့်ကျင်ရဲ ... သူဌေးအမည်ခံပြီး နောက်ကွယ်မှာ ဘာတွေလုပ်နေလဲဆိုတာလည်း ကြာညို့ သိထားသည်။

"ကျုပ်ပြောတဲ့အတိုင်း ခင်ဗျား ပိပိရိရိလုပ်ဆောင်ပါ။ ကျုပ် ဘာကောင်လဲဆိုတာ ခင်ဗျားသိတယ်နော် ... ခင်ဗျားသား ဘာဖြစ်သွားမလဲဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... သိပါတယ်၊ သူဌေး ... ကျွန်တော့်သားကိုတော့ မထိပါနဲ့နော် ... သူဌေးခိုင်းတာတွေအားလုံး လုပ်ပေးပါ့မယ်"

"ကောင်းပြီ ... ဒီည လုပ်ငန်းစမယ်၊ ကလေး ခင်ဗျားလက်





ထဲရောက်လာစေရမယ်၊ အပြတ်ရှင်းပစ်နော် ... ဒီကလေး နောက်ထပ် လူ့လောကကြီးထဲ ပေါ်မလာစေချင်ဘူး၊ လက်စတုန်းပစ်လိုက် ... ပြောတာ သဘောပေါက်လား"

ရက်စက်တဲ့လူပဲ ... ကလေးမှာ ဘာအပြစ်ရှိလို့လဲ။ ကြာညို့တောင် အကြွေးပူရှိလို့ ... သူဌေးမြတ်သူထက် ရုံးခန်းထဲ ဝင်နိုးတာ သူဌေးမိသွားလို့ ... လက်စတုန်းရှင်းပစ်မိတာတောင် ကြောက်ကြောက်ရွံ့ရွံ့ပါ။ ဒုစရိုက်လောကထဲ ကျင်လည်ခဲ့ပေမယ့် ကြာညို့ရက်စက်တတ်ခဲ့ပေ ... အမိက မူးယစ်ဆေးဝါးတွေ ဖြန့်ဖြူးရောင်းဝယ်တာပါပဲ ... အိမ်ထောင်ကျတဲ့အချိန်တွင် မိသားစုအသိုက်အမြုံလေးနှင့် နေချင်လာ၍ ... ဒုစရိုက်လုပ်ငန်းတွေကို စွန့်လွှတ်ခဲ့သည်။ ဇနီးကတော့ သူ့ကို လူကောင်းတစ်ယောက်ဟုပဲ သိထားခဲ့၏။ သူဌေးမိုးကောင်းကင်ရဲ့အမိန့်ကို ဘယ်လိုနည်းနှင့်မှ မလွန်ဆန်နိုင်သဖြင့် လက်ခံခဲ့ရသည်။

"ရော့ ... ဒီမှာ ကလေး ... ဒီကိစ္စ ... ကျုပ်ကိုယ်တိုင်ဝင်လုပ်ရှားတာနော် ... ဘယ်လောက်အရေးကြီးလဲဆိုတာ ခင်ဗျားသိထားပါ၊ အပြတ်ရှင်းနော် ... လုံးဝ ချွတ်ချော်တိမ်းပါးလို့ မရဘူး၊ မှီ့ကိစ္စ ကျုပ်ဆက်ရှင်းမယ်"

"ဟုတ်ကဲ့ပါ။ သူဌေးအမိန့်အတိုင်း တသွေမသိမ်းလုပ်ဆောင်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးက ... 'အထပ်ထပ်မှာကြားလိုက်တာက ... လုံးဝ လက်စတုန်းလုပ်ဖို့ပင် ... ကလေးလေး ချစ်စရာလေးပါ။ မျက်နှာလေးက ပြုံးပြတတ်ပြီး ... အပြစ်ကင်းစင်လွန်းနေသဖြင့် သားသမီးချင်း ကိုယ်ချင်းစာမိကာ ... မသတ်ရက်တော့ ... ငွေကြေးတွေ ကလေးအသုံးအဆောင်ပစ္စည်းတွေကို ဝယ်ယူကာ ... သူငယ်ချင်း မြတ်သစ်ထံ အပ်နှံထားခဲ့သည်။ သူဌေးကိုတော့ အပြတ်ရှင်းပစ်လိုက်ပြီဟု ပြောခဲ့၏။ သူဌေးမိုးကောင်းကင်နှင့် သူဌေးကတော် ဒေါ်စံမမီတို့ ဘယ်လိုဖြေရှင်းမှန်းတော့မသိဘဲ ... တစ်နှစ်လောက် အကြာတွင် တရားဝင်လက်ထပ်လိုက်ကြလေသည်။

"ခင်ဗျား ... ကြပ်ကြပ်သတိထားနော် ... ကျုပ်အပေါ် သစ္စာမဲ့ဖို့တော့ မကြံနဲ့ ... ခင်ဗျားသားအနာဂတ်ကိုကြည့် ... ကျုပ် ဘယ်လောက်အထိ ရက်စက်တတ်လဲဆိုတာ ခင်ဗျားအသိဆုံးနော် ကြာညို"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... သိပါတယ် သူဌေး ... ကျွန်တော့်ကို ယုံပေးပါ၊ ကျွန်တော့်သားလေးကိုလည်း စောင့်ရှောက်ပေးပါ။ ကျွန်တော် သစ္စာမဖောက်ပါဘူး၊ သူဌေးကြိုက်သလို လုပ်နိုင်ပါတယ်"

မိမိဘဝကတော့ မထူးတော့ပေ ... သူဌေးဦးမိုးကောင်းကင်ရဲ့ ထောင်ချောက်မှာ ရုန်းထွက်ခွင့်မရှိအောင် တိုးဝင်မိသွားခဲ့သည်။



ခိုင်းရာမှာနေ စေရာသွားခဲ့ရ၏။ အခုဆို သားလေးနန္ဒမိတ်ပင်။ တက္ကသိုလ်ဝင်တန်းရောက်လာပြီ ဖြစ်သည်။

"မြတ်သစ်ရာ ... အားလုံး ကံဆိုးပြီထင်တယ်၊ မီးပွားက လွင့်ပြီး မီးတောက်အထိ ထလောင်တော့မယ်ထင်တယ်ကွာ"

ကလေးကိုတွေ့ပြီး မိမိ ဘယ်လိုမှမရက်စက်နိုင်တော့ဘဲ။ အသက်ရှင်ခွင့်ပေးလိုက်မိတာက ... မိမိ အမှားအယွင်းဖြစ်ရသည်။ သူဌေးသာသိသွားရင် မလွယ်ဘူး။ မိမိသားကို ထိခိုက်မှာ မိမိ အစိုးရိမ်ဆုံးပင် ... မဖြစ်ဘူး။ မြတ်သစ်ကို တိတ်တဆိတ်တွေ့ပြီး ခေါင်းထုတ်ပစ်ရမယ်။ မိမိကိစ္စကိုသိနေတာက မြတ်သစ်ပင် ... ခြေဖျားလက်ဖျားတွေပင် အေးစက်တောင့်တင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

"အဖေ"

"ဟင် ... သား"

"မြက်ခင်းပြင်ပေါ်မှာ ဘာဖြစ်လို့ထိုင်နေရတာလဲ၊ သူဌေး အဆူခံရပြန်ပြီလား"

"မဟုတ်ပါဘူး သားရယ် ... ဒီနေ့ အဖေတို့ အတိတ်က အကြောင်းတွေ တွေးမိသွားလို့ပါ၊ ငယ်စဉ်ကဘဝတွေလေ၊ အဖေ့ မိဘတွေ သေဆုံးရတဲ့အဖြစ်တွေ"

သူ ... အဖေ့ကို အားမရပေ။ သူဌေးအပေါ် လိုအပ်တာထက် ပိုပြီး ပြားပြားဝပ်ကြောက်ရွံ့ ထိတ်လန့်နေသည်ဟု ထင်သည်။ သူဌေးရဲ့အဆူခံ အနှိမ်ခံဘဝကနေ လွတ်မြောက်အောင် သူက ကြိုးစားချင်ခဲ့၏။ အဖေက လက်မခံ ... အလုပ်ကနေထွက်ဖို့ ပြောလည်းမရ။ သူဌေးမိသားစုကို သူ မုန်းတီးနာကျည်းနေမိသည်။ ငယ်ငယ်လေးထဲကပဲ ... သူဌေးသမီး တုနှိုင်းစံကို အမုန်းဆုံးပဲ ...





အဆင့်အတန်းခွဲခြားပြီး သူ့ကို ခြံစောင့်သားဆိုပြီး အနိုင်ကျင့်ခဲ့သည်။

"အဖေ ... ဘာတွေစဉ်းစားနေတာလဲဆိုတာ သားသိပါတယ်ဗျာ ... သူဌေးစိတ်တိုင်းကျ ဘာတွေလုပ်ပေးရမယ်၊ သူဌေးကတော်နဲ့ သူ့သမီးအတွက် ... စေနိုင်းရာကို အောက်ခြေသိမ်းမှုရိုကျိုးကျိုးတာဝန်ကျေနိုင်ဖို့"

"သားရယ်"

သူဌေးမိသားစုအပေါ် အဖေ သစ္စာစောင့်တည်တာတော့ သူ အပြစ်မတင်ပါဘူး။ လိုအပ်တာထက်ပိုပြီး ကြောက်ရွံ့ထိတ်လန့်နေသည်ဟု ထင်မိသည်။

"သားအတွက်လား ... သားကြောင့်ဆိုရင်လည်း အဖေဆိုပြီး အသိမ်ငယ်ခံမနေပါနဲ့တော့ ... ဒီအလုပ်က ထွက်ကြမယ်၊ သားတို့ လခတွေ စုဆောင်းထားတာရှိတာပဲ ... အပြင်မှာနေကြမယ်"

"မဖြစ်ဘူး သား ... လုံးဝမဖြစ်ဘူး၊ သား ပညာတတ်ကြီးဖြစ်တဲ့အထိ အဖေတို့သည်းခံနေရမယ်၊ အပြင်မှာသွားနေရင် စားစရိတ်တွေ နေထိုင်စရိတ်တွေကုန်မယ်၊ အလုပ်ကလည်း ရုတ်တရက်ရှာလို့မလွယ်ဘူးလေ သားရယ် ... စိတ်လျှော့လိုက် ... နည်းနည်းလေးပဲ သည်းခံလိုက်နော်"

"ကျွန်တော် ဆက်ပြီး သည်းခံမနေနိုင်တော့ဘူးထင်တယ် အဖေ"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကိုယ်တိုင်က သူ့ကိုနှိမ်ချဆက်ဆံပြီး ခြံစောင့်သား အဖြစ် ခံယူစေတာ ... သူ့သမီးကြောင့်ပဲ ... သူ့ကို ကျွန်တစ်ယောက်လို နေထိုင်လုပ်ကိုင်စေသည်။ အစုတ်အနုတ်ပဲ ဝတ်စေ၏။ တဖြည်းဖြည်းနှင့် သူသိလာခဲ့ရတာက ... သူတို့သမီး တုနှိုင်းစံ အထင်သေးနေစေရန်ပဲ ဖြစ်သည်။

"သား ... မင်း ဒေါသဖြစ်မနေပါနဲ့ကွာ ... မခံချင်စိတ်တွေနဲ့ ကြိုးစားစမ်းပါ သား ... ဆရာဝန်ကြီးဖြစ်ချင်တယ်ဆို ... အထူးကု ဆရာဝန်ကြီးလေ ... ငွေလိုတယ်ကွ ... အဖေ မသေခင် စိတ်အေး သွားစေချင်လို့ပါ သားရယ်နော်"

အဖေ့ကိုလည်း သနားသည်။ သားကို ပညာတတ်ကြီးတစ်ယောက်အဖြစ် မြင်တွေ့ချင်နေသည်။ သူ့အတွက် အဖေ ဘယ်လောက်အထိ အနစ်နာခံနေရလဲဆိုတာ ... သူသိနေ၏။ ဒါပေမဲ့ လူအချင်းချင်း ... နှိမ်ချဆက်ဆံပြီး ရက်စက်နေတာက လူမဆန်တော့ပေ။ အဖေ့ကို လွတ်မြောက်စေချင်တာ အဓိကပါ။

"သား ... မင်း ကျူရှင်သွားဖို့ပြင်လေ၊ အဖေ့သားက အရမ်းတော်ပြီး ထူးချွန်တယ်၊ အဖေ့အတွက် လုံးဝမစဉ်းစားနဲ့ ... အရေးကြီးတာက အဖေ့ကိုချစ်ရင် သားကြိုးစားပါကွာ"

အဖေကတော့ ဒီခြံကြီးထဲကနေ လွတ်မြောက်အောင် သူ ငယ်စဉ်လေးထဲက ပြောနေခဲ့တာ ... လက်မခံ ... ကြောက်နေသည်။ သူကတော့ လူမဆန်တဲ့ သူဌေးမိသားစုလက်အောက်မှ ရုန်း





ထွက်၍ ... အပြင်လောကမှာ ခက်ခဲ့ပြီး တောင်းစားပစ်ချင်သည်။

"သားအတွက် ... အဖေ မနက်စာထမင်းဗူးထည့်ပေးထားတယ်၊ ယူသွားနော် ... သားရယ် ... ဒီခြံထဲကနေထွက်သွားဖို့တော့ အဖေ့ကို လာမပြောပါနဲ့ ... အဖေ သဘောတူမှာမဟုတ်ဘူး၊ အဖေတို့က အောက်ခြေလူတန်းစားတွေပဲ ... အနှိမ်ခံရမှာပဲလေ၊ ဘာဖြစ်လဲကွာ"

"တော်ပါတော့ အဖေရာ"

အဖေ့ကို ဆက်ပြောနေလဲ အကျိုးရှိမှာမဟုတ်၍ ... နန္ဒမိတ် လှည့်ထွက်လာခဲ့သည်။

"ဟဲ့ နန္ဒမိတ် ... လာဦး"

တုနှိုင်းစံပါ။ သူ့ထက် နှစ်နှစ်တောင်ငယ်တာကို ခေါ်လိုက်ရင် မာမာကျောကျောနှင့် ရိုင်းစိုင်းသည်။

"နန္ဒမိတ်"

"ပြောပါ"

"ငါ့ကို ပန်းအိုးတွေရွှေ့ပေး"

"ပြော ... ဘယ်ကိုရွှေ့ပေးရမှာလဲ"

"လိုက်ခဲ့ ... "

တုနှိုင်းစံက ရှေ့မှသွား၍ ... သူလည်း လိုက်လာခဲ့သည်။ အဖေပြောတာလည်း ဟုတ်ပါတယ်လေ။ အပြင်မှာသွားနေဖို့ဆိုတာ မလွယ်ဘူး။ သူ့အတွက် ပညာရေးအနှောင့်အယှက်ဖြစ်မှာ အဖေ

www.burmeseclassic.com



စိတ်ပူစရာရှိတာလည်း ဖြစ်နိုင်သည်။

“ခေါင်မိုးထပ်က ပန်းအိုးတွေကို အောက်ချခိုင်းမှာ ... ရှေ့လမှာ ငါ့မွေးနေ့ရှိတယ်၊ ဒါကြောင့် ပြင်ဆင်မှာ”

တုန်ရှိုင်းစံက စကားပြောလျှင် နင်တွေငါတွေနဲ့ ... မုန်းစရာကောင်းသည်။ အဖေပြောသလိုပဲ ... သူတို့က အောက်တန်းစားတွေပဲ ... အပေါ်ထပ်ကပန်းအိုးတွေကို ခြံထဲရွှေ့ရမှာ မလွယ်ပေ။ နှစ်ထပ်တိုက်ကြီးရဲ့ ခေါင်မိုးပေါ်မှာ ပန်းခြံလုပ်ထား၏။ သူ့မွေ မိသားစု အပန်းဖြေလေညင်းခံရာနေရာလည်း ဖြစ်သည်။

“ဒီပန်းအိုးတွေ အောက်ချပေး ... မထိခိုက်စေနဲ့နော် ... နင့်အဖေလစာထဲက ဖြတ်မှာ”

သူ ... ဘာမှ အထွန့်တက်ပြောမနေတော့ဘဲ တုန်ရှိုင်းစံ ခိုင်းစေတာပဲ လုပ်ပေးနေသည်။

“ဟဲ့ ... ကောင်းကောင်းလုပ်နော် ... နောက် ပြန့်ထားမှာ ဒါတွေ အရမ်းအဖိုးတန်တယ်၊ တစ်အိုးကို နင့်အဖေခြံစောင့် တစ်လစာရှိတယ်”

အဖေ့ကို နှိမ်ချထိပါး ပြောဆိုနေ၍ ... နန္ဒမိတ် ဒေါသတွေ ပေါက်ကွဲချင်လာသည်။ ပြဿနာမဖြစ်ချင်တော့၍ ... တုန်ရှိုင်းစံ စိတ်တိုင်းကျလုပ်ပေးလိုက်၏။ အရေးထဲ ... အဖေက အပေါ်ထပ်သို့ ကုတ်ကပ်တက်လာသည်။

“သား ... မင်း ကျူရှင်သွားရဦးမယ်လေ၊ ထားလိုက်ပါ



အဖေလုပ်မယ်၊ သခင်မလေး စိတ်တိုင်းကျခိုင်းပါ၊ ဦးလေးကြာညို လုပ်ပေးပါ့မယ်နော်”

“ဒီမှာ ... အရေးမပါတာ လာမလုပ်နဲ့ ... ခိုင်းနေတာက နန္ဒမိတ်ပဲ ... သူပဲလုပ်”

“နန္ဒမိတ်က ကျူရှင်သွားရဦးမယ်လေ၊ ခွင့်လွှတ်ပေးပါနော် မမလေး”

အဖေ့ကို သူ စိတ်ပျက်တာ အဲဒါကြောင့်ပဲ ... ကိုယ့်နေရာကိုယ် မနေဘူး။ တုန်ရှိုင်းစံက သူ့ကို အစေအပါးတစ်ယောက်လို သဘောထားပြီး ခိုင်းချင်နေတာပါ ... အဖေက အောက်ကျခံတဲ့ မျက်နှာငယ်ကလေးနှင့် ကိုယ့်သားထက်တောင်ငယ်တဲ့ ကောင်မလေးအား သခင်မလေးခေါ်လိုက် ... မမလေးခေါ်လိုက်နှင့် ဒေါသတွေ ထွက်ချင်လာသည်။

“အဖေ ဖယ်ပါဗျာ ... သားပဲလုပ်ပါ့မယ်၊ ကျူရှင်က ဘာအရေးကြီးလို့လဲ ... သွားပါ”

“စာတွေနောက်ကျမယ်လေ၊ အဟဲ ... အဖေ လုပ်နိုင်ပါတယ်ကွ ... ဒီပန်းခြံကြီးကို အဖေပဲ စီမံကွပ်ကဲလုပ်ပေးထားတာပါ၊ သခင်မလေးစိတ်တိုင်းကျ လုပ်ပေးပါ့မယ်”

“မရဘူး၊ နန္ဒမိတ်ပဲလုပ် ... ဦးလေးကြာညို ပြန် ... သွားတော့”

“သားကျူရှင်က အရေးမကြီးပါဘူး အဖေ ... သွားပါ၊

www.burmeseclassic.com

www.burmeseclassic.com



အတန်းဖျက်လည်း ဆရာတွေက ပြန်သင်ပေးပါတယ်”

သား ပင်ပန်းနေတာကို မကြည့်ရက်ပေ ... သခင်မလေး တုန်ရီးစံကလည်း သားအပေါ် မနာလိုဝန်တိုင်စိတ်တွေ ထားနေ တာ ဦးကြာညိုသိနေသည်။ အမြဲတမ်း နှောင့်ယှက်နေတတ်၏ သား စာကျက်သံကြားတာနှင့် အကြောင်းတစ်ခုခုရှာပြီး ခိုင်းစေနေ တတ်သည်။

“အဖေ ... သွားစမ်းပါဗျာ ... အဖေ အသက်ကြီးပြီ၊ ဒီလို တက်လိုက်ဆင်းလိုက် ဘယ်လိုလုပ်နိုင်မှာလဲ၊ သားက ရတယ်”

“သား ချော်ကျမယ်နော် ... သတိထား ... အဖေပါ ဝိုင်းဖူ လိုက်တော့ ပိုမြန်တာပေါ့ကွ”

“ဒီမှာ ... ဘာလာရှုပ်နေတာလဲ ဦးလေးကြာညို ... စံ ဒေါသထွက်လာပြီနော် ... ဦးလေးသား နန္ဒမိတ်က ဘာလဲ၊ လာ နမနေနဲ့”

“ဟုတ်ကဲ့ပါ သခင်မလေးရယ် ... တောင်းပန်ပါတယ်နော် သားကို သတိထားဖို့ပြောတာပါ”

အဖေ မြန်မြန်ထွက်သွားပါတော့ဗျာ ... သား သည်းမခံနိုင် တော့ဘူး။ ဒေါသတွေက သားရင်ထဲမှာ မီးတောက်တစ်ခုလို ပွက် ပွက်ဆူနေပြီဗျ ... ဒီအပေါ်ထပ်မှာရှိနေတဲ့ ပန်းအိုးတွေအားလုံး ရိုက်ခွဲပစ်မိတော့မယ်။ အဖေက သူ့ကိုစိတ်ပူပြီး သတိပေး မျက်လုံးတွေနှင့်ကြည့်ပြီး ပြန်ဆင်းသွားသည်။



“တကယ်ရစ်တယ်၊ အဖြစ်သည်းနေတာကိုက အမြင်ကတ် စရာကောင်းလိုက်တာ ... ကိုယ့်အဆင့်ဘာလဲဆိုတာ သိထားသင့် တယ်နော်”

စံကလည်း နန္ဒမိတ်ကို အမြင်ကတ်မိသည်။ ခြံစောင့်သား ဖြစ်ပြီး ဘဝင်မြင့်နေသည်ဟု ထင်ထား၏။ ငယ်စဉ်လေးထဲက မျက်နှာထားတင်းတင်းနှင့် စုံကိုပင် အဖက်မတန်သလိုလို တမင် ခိုင်းပစ်တာပါ။ စံက ကြည့်မရ၊ ဒက်ဒီက အစေအပါးသားကို အစေ အပါးကျွန်လိုပဲ သဘောထားရမယ်တဲ့ ... မတူမတန်လို့ အရော တဝင်သွားမလုပ်ရဘူးလို့ ပြောထားသည်။

“စံက အဖက်လုပ်ချင်တာတောင် ဒီကောင်က အကျောကြီး နဲ့ ... နင်က ဘာဖြစ်ချင်တာလဲ၊ ပညာတတ်ကြီးတဲ့လား”

ဦးလေးကြာညိုကလည်း သူ့သားဆို အထွဋ်အထိပ်ပဲ ... စာပဲကျက် ... စာပဲကျက်နဲ့ ... စံ အမုန်းဆုံးက နန္ဒမိတ်ပဲ ... ခြံစောင့်သားက ခြံစောင့်သားပဲပေါ့။ ဘဝင်လေဟတ်ချင်တယ်။ မာမီကလွဲပြီး စံတို့သားအဖကတော့ အပြတ်နှိပ်ကွပ်ပစ်သည်။

“ဟယ် ... တို့ခြံကြီးဘေးကို လူသစ်တွေပြောင်းလာပြီပဲ၊ ကောင်လေးတစ်ယောက်လည်း ပါတယ် ... သူဌေးသားထင်တယ်၊ အရမ်းချောပြီး ခန့်နေတာပဲနော်”

တုန်ရီးစံကပြောလိုက်၍ နန္ဒမိတ်အကြည့်တွေက တစ်ဖက် ခြံကြီးထဲ ဝေ့သွားတော့ ... သူဌေးသားဟုထင်ရတဲ့ သားသားနား

www.burmeseclassic.com



နား သူ့အရွယ် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။ ကောင်မလေးကတော့ သူ့လိုပဲ ခြံစောင့်သမီးထင်တယ်။ လူကြီးတစ်ယောက် ခြံကြီးအား သန့်ရှင်းရေးလုပ်နေတာကို ကူညီနေသည်။

"ဟိုဟာမက နင့်လိုပဲ အိမ်စေထင်တယ်နော် နန္ဒမိတ် ... ရုပ်ပါကဖြောင့်သားပဲ ... ဒါပေမဲ့ စုတ်စုတ်နုတ်နုတ်နဲ့"

တုန့်နှင်းစံရဲ့စကားတွေကို နန္ဒမိတ် ဖက်ပြိုင်ပြောမနေတော့ဘဲ သူ့အလုပ်တွေကိုပဲ ဂရုတစိုက်လုပ်နေသည်။ ဒါပေမဲ့ ဘာဖြစ်လို့မှန်းမသိဘဲ သူ့စိတ်တွေက ကောင်မလေးမျက်နှာလေးကို စွဲလန်းနှစ်သက်မိသွားသလိုပင် ... နင်က ငါ့လိုပဲ ခြံစောင့်သမီးလား။ ငါ့လိုပဲ အနှိမ်ခံထင်တယ်။ သူ့ဈေးသားကတော့ ဒန်းပေါ်မှာ ထိုင်နေသည်။

"အတော်ပဲ ... ဟိုဘက်ခြံက ကိုကို့ကို မိတ်ဖွဲ့ရမယ် ... စံမွေးနေ့ ဖိတ်ရမယ်၊ သေသေချာချာကြည့်လေ ချောလေပဲ"

တုန့်နှင်းစံက သူ့ဈေးသားချောချောလေးဖြစ်နေ၍ ဣန္ဒြေတောင် မဆည်ဘဲ ... ငမ်းငမ်းတက်ပြောနေတာကို နန္ဒမိတ် မကြိုက်ပေ။ အရှက်မရှိလိုက်တာဟု တွေးမိသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ သိချင်လိုက်တာ ... ငါနဲ့ ဘဝတူပဲလား၊ ဒါဆိုလည်း ငါ့ဘဝကို မင်းနားလည်နိုင်မှာပါ"

နန္ဒမိတ်အတွေးတွေက ထူးထူးခြားခြားပင် ... တစ်ဖက်ခြံမှ



ကောင်မလေးဆီ ရောက်နေသည်။ သူနှင့် ဘဝတူကောင်မလေးကို တွေ့လိုက်ရ၍ နန္ဒမိတ် အားတက်လာသည်။

"အို ... သမီးစံရယ် ... ဘာဖြစ်လို့ နန္ဒမိတ်ကို အရမ်းနိုင်နေတာလဲ၊ ဒီနေ့ ... နန္ဒမိတ် ကျူရှင်ရှိတယ်လေ၊ တော်ပါတော့ကွယ်"

သူ့ဈေးကတော် မာမီကြီးဒေါ်စံမမှီ ရောက်လာပြီး ... သူ့ကို အလုပ်ရပ်နိုင်းသည်။

"မာမီ ဘာလာလုပ်တာလဲ၊ ဟိုခြံစောင့်ကြီးက ပြောလိုက်တာ မဟုတ်လား"

"မဟုတ်ပါဘူး သမီးစံရယ် ... မာမီက စံ ... ခေါင်မိုးထပ်မှာ မွေးနေ့လုပ်ချင်တယ်ဆိုလို့ ပြင်ဆင်ပေးဖို့ တက်ကြည့်တာပါ"

"ဟုတ်တယ်လေ ... စံလည်း သူ့ကိုခိုင်းနေတာ"

"ထားလိုက်ပါတော့ကွယ် ... သမီးစံမွေးနေ့က လိုသေးတာပဲ ... မာမီ အလုပ်ကြမ်းသမားတွေ ခေါ်ထားတယ်၊ မာမီ ပြင်ဆင်ပေးမှာပါ"

သမီးစံက ... မောင်နန္ဒမိတ်ကို မတရားခိုင်းစေနေတာ မှီ မကြိုက်ပေ ... မောင်နန္ဒမိတ်က စာကြိုးစားလို့ မှီ သဘောကျပြီး ပညာရေးကို အားပေးနေခြင်းဖြစ်သည်။

"မောင်နန္ဒမိတ် သွားတော့ ... ရပါပြီကွယ် ... မနက်ဖြန် အလုပ်သမားတွေလာမှာပါ။ ပြန်တော့ ... ကျူရှင်တက်စရာရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်ကဲ့"

"သွားတက်လေ"

စံကတော့ မကျေမနပ်နှင့် ပြောဆိုနေသည်။

"မာမီကလည်းလေ … ခြံစောင့်သားကို ဘာဖြစ်လို့ အရေးပေးနေရတာလဲ၊ စံတော့ … အဲဒီကောင်ကို ကြည့်လို့မရပါဘူး"

"သမီးထက် အသက်ကြီးတယ်လေ၊ ရိုင်းရိုင်းစိုင်းစိုင်း မခေါ်မပြောရဘူးနော် စံ … အခေါ်အပြော ရင့်သီးရိုင်းစိုင်းမှုက မိန်းကလေးရဲ့တန်ဖိုးကို မဲ့စေတယ်နော်"

သမီးကို ချော့မော့ဆုံးမသွန်သင်ရင်း တစ်ဖက်ခြံကြီးထဲ သမီးအကြည့်တွေ နစ်မြုပ်နေ၍ … မှီလည်း လှမ်းကြည့်မိသည်။

"မာမီတွေ့လား၊ ခြံကြီးထဲကို လူသစ်တွေပြောင်းလာတယ်၊ ဟိုကောင်မက ကျွန်လားမသိဘူး"

"စံ … မာမီ ဒီလောက်ဆုံးမနေတဲ့ကြားက ပြောပြန်ပြီလား။ သူများကို အဲဒီလိုသွားပြောရင် … ဝဋ်လည်တတ်တယ်၊ လာ … အထဲဝင်တော့မယ်"

မှီ့အကြည့်တွေ တစ်ဖက်ခြံကြီးထဲ ဝေ့သွားတော့ ကောင်မလေးနှင့် အကြည့်ချင်းဆုံသွားစဉ် … ဘာဖြစ်လို့မှန်းမသိ ရင်တွေ တဆတ်ဆတ်တုန်သွားရသည်။ မှီ့ရဲ့ ပျောက်ဆုံးသွားတဲ့ သမီးလေးလည်း ဒီကလေးမလေးအရွယ်ပါပဲ … ပြီးတော့လည်း



ဒီကလေးမလေးက … မှီနဲ့တောင် ဆင်တူနေသလားလို့ … မှီ တိုက်ကြီးထဲဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

မို့သမီးလေး ... တီတာတာ ... နာမည်တောင် မပေးရသေးပါဘူး။ ခင်ပွန်းဖြစ်သူလည်း ပစ္စည်းလု ... အသတ်ခံရသည်။ တရားခံလည်း မမိဘူး ... လူကြီးမိဘတွေက ... အတင်းအကြပ်လက်ထပ်ပေးထားကြတဲ့ လင်မယားဖြစ်ပေမယ့် ... မို့ခင်ပွန်းက ငွေရှာကောင်းပြီး မို့အပေါ်လည်း တာဝန်ကျေသည်။

"ကျွန်မယောက်ျားက သူတော်ကောင်း ... လူရိုးလူအေးပါ။ ဘာဖြစ်လို့ ဖြစ်ရတာလဲ၊ မို့ကိုကယ်ကြပါဦး ... မို့ ဘာဆက်လုပ်ရမလဲဟင် ... ကိုရေ ... မို့ မခံစားနိုင်တော့ဘူး"

မို့အသည်းတွေ ကျေမွမတတ် ခံစားထိခိုက်ရသည်။ ခင်ပွန်းရှိစဉ်က ... မို့ရင်ထဲမှာ အချစ်မရှိခဲ့ဘူးထင်ထားပေမယ့် ... တကယ်တမ်း ကိုမရှိတော့တာသိလိုက်ရတဲ့အချိန်တွင် မို့ ရင်ကွဲမတတ်ပါပဲ။ နာကျင်ကြေကွဲခဲ့ရ၏။ မို့ကို ... အားပေးဖေးမ ကူညီနေသူက ကိုမိုးကောင်းကင်ပါ။





"မို့ရယ် ... ဒီလောက်ကြီးလည်း မခံစားပါနဲ့ကွာ ... ဘယ်တတ်နိုင်မလဲ၊ ကံကြမ္မာပဲလေ"

"ဘယ်လိုလုပ်ရမလဲ ကိုမိုးရယ် ... မို့တို့ လက်ထပ်ထားတာ ဘယ်လောက်များကြာသေးလို့လဲဟင် ... သူ ... သူက မို့အပေါ် ချစ်ခင်ကြင်နာပြီး တာဝန်ကျေတဲ့ယောက်ျားပါ"

"မို့မှာ သမီးလေးရှိသေးတယ်လေ၊ ကိုယ် သတင်းကြားရသလောက် ... မြတ်သူထက်မှာ ရန်သူတွေဝိုင်းနေတယ်တဲ့"

"မဖြစ်နိုင်တာဘဲ. ကိုမိုးကောင်းကင် ... သူက လူအေးပါ။ စီးပွားရေးလည်း လောဘတကြီးမရှာပါဘူး၊ မို့ အသိဆုံးပါ"

မို့ လက်မခံနိုင်ပေ ... ကိုမိုးက မို့ မသိသေးတာတွေ လောကကြီးထဲမှာ အများကြီးပဲရှိတယ်။ လူတွေကို မို့လိုမထင်နဲ့တဲ့။ ကိုမြတ်သူထက်က မှောင်ခိုလုပ်နေတာပါတဲ့ ... မို့လည်း ယုံတစ်ဝက် ... မယုံတစ်ဝက် ... ကိုမြတ်သူထက်မှာ ရန်သူတွေရှိနေသည်ဆိုပြီး ... မို့ကို အနီးကပ်စောင့်ရှောက်နေသည့်ကြားမှပင် မို့ရဲ့ ခြောက်လအရွယ်သမီးလေးက ပျောက်ဆုံးသွားရသည်။

"ကိုမိုးရယ် ... ကယ်ပါဦး ... မို့သမီးလေး ... မို့သမီးလေး ဘယ်ရောက်သွားပြီလဲ၊ မို့ လူမှန်းမသိအောင် အိပ်ပျော်သွားတယ်"

"ကိုယ်ပြောသားပဲ မို့ရယ် ... မြတ်သူမှာ ရန်တွေများပါတယ်လို့ ... ဒီကောင် ဘာတွေဖြတ်ခုတ်ထားလဲမှ မသိတာ"

"ကျွန်မသမီးလေးကို ရှာပေးပါ၊ သက်ဆိုင်ရာကို တိုင်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်နော် ... ကိုမိုးရယ် မှီ့ကိုကယ်ပါ၊ မှီ့သမီးလေးကို ရှာပေးပါနော်"

"သက်ဆိုင်ရာတွေနဲ့တော့ ထပ်မရှုပ်နဲ့တော့ မှီ ... ပြဿနာတွေ အညီးတွေ ပိုကြီးသွားလာနိုင်တယ်၊ ကိုယ် ကြိတ်ရှာပေးပါ့မယ်၊ ဒါကြောင့် မြတ်သူကို သတိပေးခဲ့တာပဲ ... မင်းလုပ်ရပ်တွေက ရန်များပါတယ်လို့"

ကိုမြတ်သူထက် ... ရန်သူတွေပိုင်းတယ်ဆိုတာ မှီ လက်မခံနိုင်ပေမယ့် ... လူသတ်ခံရတဲ့အဖြစ်နှင့် ရင်ဆိုင်သွားရ၍ ဇွတ်အတင်းငြင်းချက်မထုတ်ရဲတော့ပေ ... ကိုမိုး သတိပေးနေသည့်ကြားကနေ သမီးလေးလည်း အဖြစ်ဆိုးနှင့်ကြုံတွေ့သွားရသည်။

"မှီရယ် ... စိတ်ကိုဖြေစမ်းပါ၊ ကံကြမ္မာပဲလေ ... ကိုယ်တို့တောနင်းရှာတာပဲ ... ဒီမှာ ကြာညို့ကို ခြိမ်းခြောက်စာတစ်စောင် ပေးခိုင်းလိုက်တယ်"

"ရှင် ... "

"ဒီမှာ ... ကြာညို့ကို လူတစ်ယောက်က လာပေးတာတဲ့ ဦးထုပ်ကိုငိုက်ငိုက်ဆောင်းပြီး မျက်မှန်အနက် အကြီးကြီးတပ်ထားတယ်တဲ့ ... ကိုယ့်ခြံဝမှာ လာပေးသွားတာလေ"

မှီ ယူပြီးဖတ်လိုက်တော့ ... သမီးကို လက်စတုန်းပစ်လိုက်ပြီမို့ ... ဆက်မရှာပါနဲ့တဲ့ ... သက်ဆိုင်ရာကိုတိုင်ရင် ပိုပြီး ရက်စက်ပြမယ်တဲ့ ... ခင်ဗျား သတိထားတဲ့ ... ခင်ဗျားယောကျ်ား





မြတ်သူထက် ယုတ်မာကောက်ကျစ်သွားတာတွေ အများကြီးပဲတဲ့။ မှီ ဘာမှမတတ်နိုင်တော့ပေ ... သမီးလေးအတွက် မှီ ရင်ကွဲနာကျခဲ့ရသည်။

"မှီရယ် ... ကိုယ်လည်း ... အချစ်ဆုံးသူငယ်ချင်း မိသားစုအတွက် အရမ်းခံစားရပါတယ်၊ မှီ့ကို စောင့်ရှောက်ထားပါရစေ ... ကိုယ့်တိုက်မှာ လိုက်နေပါမှီရယ် နော်"

"ဟင့်အင်း ... မှီ ဘယ်မှာမှမနေဘူး၊ ဒီမှာပဲနေမယ်၊ မှီ့သမီးအားနောက် လာခေါ်ကြစမ်းပါ၊ မှီ့ကို လာသတ်ကြပါစေ"

"ခက်တာပဲကွာ ... ကိုယ့်စကားကို နားထောင်စမ်းပါ မှီရယ်နော် ... ကိုယ့်ကိုပါ ရင်ကွဲအောင်မလုပ်ပါနဲ့"

ကိုမိုးကောင်းကင်နှင့်မှီတို့က ငယ်ချစ်ဦးတွေပါ။ ချစ်သူဖြည်းစားမက ... လင်မယားနီးပါး နေထိုင်ခဲ့ကြသည်။ အရမ်းချစ်ခဲ့ကြပေမယ့် ... ကိုမြတ်သူထက်က လူကြီးမိဘတွေနှင့် တရားဝင်ဆက်ထပ်ဖို့ ကမ်းလှမ်းလာတော့ ... ရိုးအေးပြီးကြိုးစားတဲ့ ကိုမြတ်သူထက်နှင့် အတင်းအကြပ်လက်ထပ်ပေးလိုက်ကြသည်။

"မိုးကောင်းကင်ရဲ့သတင်းတွေက နောက်ကွယ်မှာကြားရတာ ရှုပ်တယ်တဲ့လေ၊ မိဘတွေကလည်း လမ်းဘေးဈေးသည်တွေ ဘာမတူနိုင်ဘူး၊ မေမေ့စကားကို နားထောင်ပါ၊ မိုးကောင်းကင်နဲ့ လက်ထပ်မယ်ဆိုရင်တော့ မေမေ့ကိုသတ်ပြီးမှ သွားပါ"

ကိုမိုးကောင်းကင်တို့မိဘတွေက ဆင်းရဲနွမ်းပါးသူတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



မီရယ် ... ကိုမြတ်သူရယ် ... ကိုမိုးကောင်းကင်ရယ်က ကျောင်းနေဖက်တွေ ... နှစ်ယောက်လုံးကလည်း မီ့ကို ချစ်ခဲ့ကြ၏။ သူ့ကို ဆင်းရဲနွမ်းပါးလို့ မီ့မိဘတွေက သဘောမတူတာဆိုပြီး စီးပွားရေးကိုကြိုးစားလုပ်၍ ကိုမိုးကောင်းကင်လည်း ကြီးပွားလာခဲ့သည်။

"မီ ဝမ်းသာပါတယ် ကိုမိုးရယ် ... ချမ်းသာတဲ့လူတစ်ယောက်ပဲ ဖြစ်စေချင်ပါတယ်"

သူမနှင့်ကိုမိုးကောင်းကင် ဘယ်လိုပဲချစ်သူတွေဖြစ်ခဲ့ပါစေ။ ကိုမြတ်သူထက်အပေါ်မှာ မီ သစ္စာရှိခဲ့သည်။ ကိုမြတ်သူထက်ကလည်း သူမကို ချစ်မြတ်နိုးစွာ ... သဘောထားကြီးကြီးနှင့် ယုယကြင်နာပေးခဲ့သည်။

"မီရယ် ... ကျန်းမာအောင်နေပါ၊ စိတ်ကိုဖြေပါကွာ ... ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်"

"ကျေးဇူးပါပဲ ကိုမိုးရယ်"

မီ ... အထီးကျန်ပြီး အားငယ်ကြေကွဲနေရတဲ့အချိန်တွင် ကိုမိုးကပဲ နှစ်သိမ့်အားပေးရင်း ... နှစ်ယောက်သား လက်ထပ်ပေါင်းသင်းတဲ့အဖြစ် ရောက်သွားရသည်။

"မီ့ကို လက်လွှတ်ဆုံးရှုံးရတာ ... ကိုယ် ဘယ်လောက်အထိ နာကျင်ခံစားရလဲ၊ မီ့အတွက် ကိုယ် ချမ်းသာကြွယ်ဝလာအောင် ကြိုးစားခဲ့တာပါ ... ကံကြမ္မာက ကိုယ်တို့ချစ်သူနှစ်ယောက် ပေါင်းဖက်ဖို့ ဖြစ်လာတာပဲ"





"မီ တောင်းပန်ပါတယ်နော် ... လင်ရော ... သမီးရော ဆုံးရှုံးရတာ မကြာသေးပါဘူး၊ ကိုမိုးနဲ့မီ တစ်ချိန်က ဘယ်လောက်ပဲ ချစ်ခဲ့ကြပါစေ၊ စည်းစောင့်ရပါ့မယ်"

မီ ဇွတ်အတင်းငြင်းဆန်ခဲ့ပေမယ့် ... ကိုမိုးကောင်းကင်ရဲ့ အားကို ရင်မဆိုင်နိုင်တော့ဘဲ ... သူ့ဆန္ဒတွေအတိုင်းပဲ ဖြစ်စေသည်။

"နှစ်တွေတောင် အတော်ကြာခဲ့ပြီပဲ ... အခုနေ သမီးလေးရှိယ်ဆိုရင်တောင် ဟိုကောင်မလေးအရွယ်ပဲ"

မီ့မျက်စိတွေထဲမှာ ကောင်မလေးကို အမှတ်မထင်တွေ့ကိုက်ရပေမယ့် ... ဘာဖြစ်လို့များ စွဲလန်းနှစ်သက်သွားရတာလဲ။ ကိုမိုးနဲ့က သမီးလေးတစ်ယောက်မွေးထားခဲ့သည်။

"သမီးလေးတီတာရယ် ... မာမီ ဘယ်တော့မှ မမေ့ခဲ့ပါဘူး၊ သမီးလေး လူ့လောကကြီးထဲမှာ ရှိနေသေးတယ်လို့ အမြဲတမ်းခံစားနေခဲ့မိတာပါ"

မျက်ရည်တွေက မီ့ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်။ သမီးလေးကို မာမီ နေ့စဉ်မပြတ်ရှာဖွေနေဆဲပါ။ ကိုမိုးကလည်း သတင်းအစတွေ့တာနှင့် လိုက်လံရှာဖွေပေးခဲ့၏။ ဘာပဲဖြစ်ဖြစ် မီ့ရဲ့ ချစ်ဦးဖြစ်တဲ့အပြင် မီတစ်ယောက်ထဲ သောကအပူမီးတွေ နေရတဲ့အချိန်တွင် ... ကိုမိုးကြောင့် စိတ်ဖြေရာရခဲ့၍ တရားဝင်လက်ထပ်ခဲ့သည်။

www.burmeseclassic.com



"မာမီ ..."

"ဟင် ... သမီးလေး စံ"

"သမီးမွေးနေ့အတွက် ဟိုဘက်ခြံကကောင်လေးကို ဖိတ်ချင်တယ်၊ သူ့ားမိတ်ဖွဲ့ရအောင် မာမီ"

"သမီးစံရယ် ... သူတို့က အခုမှပြောင်းလာတာလေ၊ စိတ်နေသဘောထား ဘယ်လိုရှိမှန်းမှ မသိတာဘဲ ... သမီးမွေးနေ့ ဖိတ်ချင်ရင် ကိုကြာညိုနဲ့ပေးခိုင်းလိုက်ပါလား"

"ဟင့်အင်း ... မပေးချင်ပါဘူး၊ စံကိုယ်တိုင်ပဲ သွားပေးချင်တာပါ။ အဲဒီကိုကိုနဲ့ မိတ်ဆွေဖြစ်ချင်လို့"

စံက ဆိုးတယ်။ သူမ ဖြစ်ချင်တဲ့ဆန္ဒကို အတင်းအကြပ်လုပ်ဆောင်တတ်လေသည်။ မိုက သိပ်အလိုမလိုက်ပေမယ့် ကိုမိုးက အလိုလိုက်သည်။

"လာပါမာမီရာဘာဖြစ်လဲ ... အိမ်နီးချင်းတွေပဲ မိတ်ဆွေဖွဲ့သင့်တာပဲလေ"

"စံရယ် ... တစ်ဖက်ခြံကြီးထဲကလူတွေ ဘယ်လို စိတ်နေသဘောထားရှိသလဲဆိုတာ အရင်ဆုံးမေးမြန်းရမယ်လေ၊ တော်ကြာ သူတို့က ... ပတ်ဝန်းကျင်နဲ့ မပတ်သက်ချင်တဲ့လူတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"မာမီ လိုက်ခဲ့ပါနော် ... စံ သွားချင်တယ်"

"စံ သမီးမွေးနေ့က အဝေးကြီးလိုသေးတယ်လေ၊ စောစော





စီးစီး ဖိတ်စာကိုဘယ်လိုကမ်းမှာလဲ"

"စံ သွားချင်ကြယ်၊ သူ့ကို စရောက်ရောက်ချင်းနေ့မှာပဲ မိတ်ဆွေဖွဲ့ချင်လို့ပါ"

စံကတော့ ပထမဆုံးမိတ်ဆွေ ဖြစ်ချင်သည်။

"မရဘူးကွာ ... မာမီလိုက်ပေးရမယ်၊ မလိုက်ဘူးဆိုရင် စံ စာလည်းမကျက်တော့ဘူး၊ ကျူရှင်လည်း မတက်တော့ဘူး"

"စံ ..."

"နေတော့ ... မာမီမလိုက်လည်း ခြံစောင့်ကြီးပဲ ခေါ်သွားမယ်"

"ကဲပါလေ၊ စံ ဒီလောက်အထိ ဆန္ဒပြင်းပြနေရင်လည်း မာမီ ကိုယ်တိုင် လိုက်ပေးပါ့မယ်ကွယ်"

"ဒါမှ တို့မာမီကွ ... အရမ်းချစ်ဖို့ကောင်းတာပဲ ချစ်တယ်"

စံက အမြဲတမ်းကလေးဆန်လွန်းပြီး လုပ်ချင်တာလုပ်တတ်သည်။ မိတို့ အလိုလိုက်ထားတာကြောင့်လည်း စံက ဆိုး၏။ တစ်ဖက်ခြံကြီးထဲလည်း ဝင်ရောက်ချင်၍ ... မို လိုက်သွားဖို့ဆုံးဖြတ်လိုက်သည်။

"ဟင် ... သူဌေးကတော် ... ဘယ်သွားမလို့လဲ"

"ဟိုဘက်ခြံလေ၊ စံက မွေးနေ့ဖိတ်စာ ပို့မလို့တဲ့"

"ဪ ..."

သူဌေးကတော်တို့မိသားစု တစ်ဖက်ခြံကြီးကိုသွားမည်ဆို၍

www.burmeseclassic.com



ဦးကြာညို အထိတ်တလန့်ဖြစ်သွားရသည်။ ဟို ... ဟိုကလေး လေးကို သူဌေးကတော် မြင်သွားလို့မဖြစ်ပါဘူး။

"ကျွန်တော်ပဲ သွားပို့ပေးပါ့မယ် သူဌေးကတော် ... အခု ပြောင်းလာတာ ... သူတို့ရဲ့သဘောထားကို မသိသေးပါဘူး တော်ကြာ အထင်အမြင်သေးသွားနိုင်ပါတယ်၊ မသွားပါနဲ့ဗျ"

"ဦးလေးကြာညို ဘာဖြစ်နေတာလဲ၊ စံ သွားမယ်ဆို သွား မှာပဲ ... ဦးလေးကြာညိုကို ကြည့်ရတာ ကြောက်ကြောက်လန့်လန့် ထိတ်ထိတ်ပြာပြာနဲ့ ... သူတို့ကို ဘာမှကြောက်စရာမလိုပါဘူး သူတို့က စံတို့ထက် ချမ်းသာပုံမှမရတာ ... လာ သွားမယ် မာမီ"

"သူဌေးကတော်ကို လာပြီးစပ်စုတယ်လို့ ထင်မှာစိုးရိမ်လို့ ပါဗျာ ... မသွားပါနဲ့ ... ကျွန်တော်တို့လို အလုပ်သမားတောင် ရုတ်တရက်ကြီး မသွားသင့်ဘူးထင်ပါတယ်"

သူဌေးကတော် သွားလို့မဖြစ်ဘူးဆိုတာ မိမိသိနေသည်။ ကံကြမ္မာတွေက ဘယ်လိုတွေပြောင်းလွဲနိုင်မလဲ ... ဦးကြာညို ကြောက်နေမိ၏။ သူဌေးကတော် မသွားအောင်တော့ တားဆီးရမှာ ပဲ ဖြစ်သည်။

"ဦးလေးကြာညိုပဲ လိုက်ပေးပါ့မယ် သခင်မလေးရယ် ... သူဌေးကတော်တော့ မသင့်တော်ပါဘူး၊ လူ့စိမ်းတွေအထင်သေးစရာ ဖြစ်မှာ ဖြစ်လိမ့်မယ်၊ တောင်းပန်ပါတယ် ... မသွားပါနဲ့ သူဌေး ကတော်"





"ဟုတ်တယ် သမီးစံ ... မာမီ မလိုက်သင့်ဘူး၊ ဦးကြာညိုနဲ့ စံပဲ သွားလိုက် ... ဒီ ၁၆နှစ်က အလောတကြီးမိတ်ဆွေဖွဲ့ဖို့ မသင့်တော် ဘူး၊ ဦးကြာညိုနဲ့စံပဲ သွားချင်သွား ... မာမီ မလိုက်တော့ဘူး"

"ပြီးရော ... စံကတော့ သွားမှာပဲ ... အခုဆိုအခုပဲ ...လာ သွားမယ်"

"စံ အဖော်ခေါ်သွားလေ"

"ဒါဆို ဦးကြာညိုမလိုက်နဲ့ ... ကြောက်ရွံ့ရွံ့လုပ်နေတယ်၊ ဟို ... နန္ဒမိတ် ခေါ်သွားမယ်"

"ဟင် ... ဟို ... ဟို ... သခင်မလေး"

"နန္ဒမိတ်က ကျူရှင်ကပြန်လာပြီလေ၊ ဟိုဘက်ခြံမှာလည်း နှစ်ယောက်ရှိတယ်"

စံ အတွေးပြောင်းသွားသည်။ ဟိုဘက်ခြံမှာက နှစ်ယောက် ရှိတယ်။ ကောင်မလေး ချောချောတစ်ယောက်လည်းရှိတော့ နန္ဒမိတ်နဲ့ ရင်းနှီးကျွမ်းဝင်စေရမယ်။ ဒါမှ ကိုကိုက စံ့ဘက် စိတ်ယိုင် လာမည်ဖြစ်သည်။

"မရဘူး ... နန္ဒမိတ်လိုက်ရမယ်၊ ဦးလေးကြာညို ခေါ်လေ"

"ကဲပါ ဦးကြာညိုရယ် ... သမီးလေးစံရဲ့စိတ်တိုင်းကျ လုပ်ပေးလိုက်ပါ။ လူငယ်တွေ သွားပြီးမိတ်ဖွဲ့တာ ကောင်းပါတယ်"

ဦးကြာညိုလည်း သူဌေးကတော်မသွားရင် ပြီးရောဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သားကို အဖော်လိုက်ဖို့ တောင်းပန်ရသည်။ သားက အကြောင်း အကန်ငြင်းဆန်နေသေး၏။ ဦးကြာညို ... ငိုယိုမတတ်တောင်းဆို တော့မှ သားက ... မကျေမနပ်နှင့် လိုက်သွားရန် သဘောလိုက် လေသည်။

အခန်း ( ၇ )

ခြံစောင့်ကြီးဟုထင်ရသော ဖော့ဖော့ရွှေရွှေအပြုံးတွေနှင့် လူကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

"ကျွန်တော်တို့က ဟိုဘက်ခြံကပါ ဦးလေး ... မမလေးက မွေးနေ့ဖိတ်ချင်လို့ပါ"

နန္ဒမိတ် လုံးဝမကျေနပ် ... မမလေးဟု တရိတသေခေါ်နေ တဲ့ တုန့်ုင်းစံနှင့် ပတ်ပတ်သက်သက်မလုပ်ချင်ခဲ့ ... ဒါပေမဲ့ အဖေက အရိုအသေပေးလွန်းပြီး အမြဲတစေကြောက်လန့်နေ၍ နန္ဒမိတ် လိုက်လာခဲ့သည်။

"ဝင်ကြလေ ... ရပါတယ်၊ လာ ... "

ခြံစောင့်ကြီးက သဘောကောင်းသားပဲ ... မျက်နှာထားက ချိုနေသည်။ တုန့်ုင်းစံကို နန္ဒမိတ် အမြင်ကတ်နေ၏။ မသိမသိုင် အခုမှရောက်လာတဲ့သူတွေကို မိတ်ဖွဲ့ချင်နေသည်။ မိန်းကလေးဖြစ် ပြီး အရှက်မရှိလိုက်တာ ... နန္ဒမိတ်ကတော့ တည်တည်ပဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အပြုံးအရယ်ဆိုတာ မေ့နေသယောင်ပဲဖြစ်၏။ ခြံထဲ ရောက်တော့ ခြံစောင့်ကြီးက အကျိုးအကြောင်းပြောပြသည်။

"စံက တုန္နှင်းစံပါ၊ ဟိုဘက်ခြံကလေ ... ဒီက ကိုကို့ကို ခင်မင်လို့ မိတ်ဖွဲ့ရင်း ... စံ့မွေးနေ့လည်း ဖိတ်စာလာပို့တာပါ"

"သြော် ... ရပါတယ်၊ ကိုကို့နာမည်က နောင်နောင်သက်ပိုင် ပါ၊ သူက မေရန်မခတဲ့ ... ဒီကရော"

"သူက နန္ဒမိတ်တဲ့ ... စံတို့ခြံက ခြံစောင့်ကြီးရဲ့သားပါ၊ အဖော်လိုက်လာပေးတာလေ"

"တုန္နှင်းစံရော ... ကိုနန္ဒမိတ်ရော တွေ့ရတာဝမ်းသာပါ တယ်၊ ညီမလေးစံရဲ့မွေးနေ့ကိုလည်း လာမှာပါ၊ ခြံနီးချင်းတွေပဲ ခင်မင်ပါတယ်၊ ကိုနန္ဒမိတ်ရော နောင်တို့ကို တန်းတူခင်မင်နိုင်ပါ တယ်"

ခြံစောင့်သားပါပြောတာပဲ ... နန္ဒမိတ် ဘယ်လိုမှမခံစားရ ပေ ... သူဌေးသားတွေနဲ့လည်း နန္ဒမိတ် အရောတဝင်မနေချင်ပေ။ အနိမ့်ခံဘဝကို သူ အလွန်အမင်းမုန်းတီးမိသည်။ သူ ဘာမှတုန့်ပြန် မပြောမိ ... ဟိုကောင်မလေး မေရန်မခက သူ့လိုပင် ခြံစောင့်သမီး ထင်၏။ နောင်နောင်က နှိမ်ချ၍ မိတ်ဆက်ပေးခြင်းမပြုတော့။ တုန္နှင်းစံနှင့်တော့ ဆန့်ကျင်ဘက်ပဲ ...

"အင်း ... ဖိတ်စာ ... ခြံထဲမှာပဲလုပ်မှာနော် ... ကိုကိုနောင် လာဖြစ်အောင်လာရမယ်"





"လာပါ့မယ်.စံ ... ခြံနီးချင်းတွေပဲ ... ခင်မင်ပါတယ်၊ ကိုနောင်တို့လည်း သူငယ်ချင်းမှမရှိတာဘဲ"

မေရန်မခဆိုတဲ့ ကောင်မလေးကလည်း ဝင်မပါဘဲ ဘေးက နေ ရပ်နေရင်း ... ငြိမ်သက်နေသည်။ နန္ဒမိတ်နှင့် အကြည့်ချင်းဆုံမိ စဉ် ... ဘာဖြစ်လို့မှန်းမသိဘဲ ... သူ့ရင်တွေ ဆတ်ခနဲတုန်ခါသွား ရ၏။ သူမအကြည့်တွေကလည်း ဘဝတူချင်းမို့ သနားကြင်နာနေ သလိုလို ... နန္ဒမိတ်က သူ့ကိုသနားတာမျိုး မကြိုက်ပေ ... မျက်နှာ တည်တည်နှင့် အကြည့်တွေကို လွှဲပစ်လိုက်သည်။

"ကိုနောင့် ဖုန်းနံပါတ်ပြော ... စံ့ဖုန်းလည်း မှတ်ထားနော်"

"ကောင်းပါပြီ ..."

နောင်ကတော့ မခကို ခြံစောင့်သမီးဆိုပြီး နှိမ်ချပြောဆို တာမျိုး လက်မခံနိုင် ... ထို့ကြောင့်ပင် မခဖုန်းနံပါတ်ပါ ပေးလိုက် သည်။

"ကိုယ့်ဖုန်းနံပါတ် ... ကိုနန္ဒမိတ်ကော ဖုန်းရှိလား၊ ပေးပါ"

"ကိုယ့်မှာ ဖုန်းမရှိဘူး"

နန္ဒမိတ် ... ခပ်ပြတ်ပြတ်ပဲပြောပစ်သည်။ မပတ်သက်ချင် ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်တွေ ... သူ့ပညာရေးကလွဲပြီး အပိုတွေ မလုပ်နိုင် ... အထူးသဖြင့် ... သူဌေးသမီး တုန္နှင်းစံနှင့် ပိုရှောင် ကင်းကင်းနေချင်သည်။ လူကြီးတွေ ထွက်လာသည်။ သူဌေးနှင့် သူဌေးကတော်တို့က စိတ်သဘောထားပြည့်ဝသူတွေဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့သမီးတို့က တစ်ဖက်ခြံကလား ... အေးကွယ် ... ခြံနီးချင်းတွေပဲ ... မိတ်ဆွေဖွဲ့ချင်ပါတယ်၊ နောက်မှ အန်ကယ်တို့ လာခဲ့ပါဦးမယ်၊ မိဘတွေကို ပြောပြပေးနော်"

"ဟုတ်ကဲ့ ... စုံမာမီတောင် လိုက်လာမလို့ပါ၊ အန်ကယ်တို့ အန်တီတို့က မကြိုက်မှာစိုးလို့တဲ့"

"အို ... ရပါတယ်၊ ခြံနီးချင်းတွေပဲ ... အန်တီတို့ မိတ်ဆွေဖွဲ့ ချင်ပါတယ်၊ သမီးလေးမွေးနေ့ကိုလည်း လာမယ်နော်"

"ကျေးဇူးပါပဲ အန်တီ"

"တိုက်ထဲဝင်ကြဦးလေ၊ အအေးလေးဘာလေး သောက်ရ အောင်ပါ၊ သားနောင် ... သူငယ်ချင်းတွေကို တိုက်ထဲဖိတ်လေ"

"ဟုတ်သားပဲ ... အထဲဝင်ကြပါ၊ တစ်ခုခုစားရအောင်"

"မဝင်တော့ပါဘူး၊ နောက်မှနော် ... ပြန်ပါဦးမယ်"

"ကောင်းပါပြီကွယ် ... နောက်မှ လာလည်ကြပါ၊ ဘာမှ အားနာစရာမရှိဘူးနော်"

"ဟုတ်"

မခရင်ထဲမှာ တစ်ဖက်ခြံက ခြိစောင့်သားနန္ဒမိတ်ကို သနား မိနေသည်။ အနှိမ်ခံထားရပုံပင် ... မခတို့နှင့် ရွယ်တူလောက်ပဲရှိ မည်ဖြစ်၏။ မျက်နှာထားတည်တည်နှင့် ခြံစောင့်သားပေမယ့် ပြူနူ ချောမောသည်။

"မခ"





"ဟင် ..."

"ဟိုဘက်ခြံကလူတွေကို ဘယ်လိုထင်လဲ"

"ဘယ်လိုထင်ရမလဲဟ ... အခုမှတွေ့ဖူးတာကို ... မခက ဗေဒင်ဆရာကြီးမှ မဟုတ်တာ"

"မခကလည်းဟာ ... နောင်နဲ့စကားပြောရင် အမြဲတမ်း အဘောက်နဲ့ ... ဟိုမှာတွေ့လား ... မိတ်ဆွေလာဖွဲ့ကြတာ"

"နင်တို့လိုသူဌေးသားသမီးတွေချင်းပဲ ခင်ကြပါ၊ မခကိုတော့ ထည့်မထည့်နဲ့နော် ... ဟိုဘက်ခြံက သူဌေးသမီးတုန်ရှင်းစံက အဆင့် အတန်းခွဲခြားမယ့်ပုံပဲ"

နန္ဒမိတ်ကို လူရှေ့သူရှေ့မှာ ခြံစောင့်သားဟု နှိမ်နှိမ်ချချ ဆက်ဆံတာကို မခ လုံးဝမကြိုက်ပေ ... တုန်ရှင်းစံရဲ့စရိုက်ကို သဘောမကျ ... ကင်းကင်းရှင်းရှင်းနေထိုင်ဖို့ပဲ မခ ဆုံးဖြတ်ထား သည်။

"နောင်တို့က အခုမှ ရန်ကုန်ရောက်ကာစလေ ... မိတ်ဆွေ တော့ ဖွဲ့သင့်တာပေါ့"

"ဖွဲ့ ... ဖွဲ့ ... နင့်ဟာနင်ဖွဲ့"

"မခ"

"ဘာလဲ"

"နောင် ခင်မင်ချင်တာက ... မခတစ်ယောက်ထဲပါ၊ မှတ် ထား"



www.burmeseclassic.com

www.burmeseclassic.com



"နောင်နော် ... စကားပြောရင် လက်မပါနဲ့ ... မကြိုက်ဘူး"

မခ ... ခပ်ဆတ်ဆတ်လေးပြော့ပြီး ... တိုက်ကြီးထဲဝင်လာခဲ့သည်။ ဖေဖေလည်း နောက်ကနေ လိုက်ဝင်လာခဲ့၏။ တစ်ဖက်ခြံက တုန့်ိုင်းစံကို မခ လုံးဝသဘောမကျမိပေ ... မဆီမဆိုင် နန္ဒမိတ်ဘက်ကနေ ဒေါသဖြစ်မိသည်။

"သမီး မခ ... ဘာတွေမကျေမနပ်ဖြစ်နေတာလဲကွယ်"

"ဟိုဘက်ခြံက သူဌေးသမီးတုန့်ိုင်းစံကို မကြိုက်ဘူး၊ ခြံစောင့်သားလို့ ပေါ်တင်ကြီးမိတ်မဲ့ပေးတယ်"

ဦးမြတ်သစ်လည်း နန္ဒမိတ်ဆိုတဲ့ကောင်လေး ခြံစောင့်သားဆို၍ အံ့ဩသွားရသည်။ နန္ဒမိတ်ဆိုတဲ့ကောင်လေးက ကြာညိုနဲ့ဆင်ဆင်တူနေသလိုပင် ... မျက်နှာကျတူနေ၏။ ကြာညိုကိုပင် မိမိ သတိရလာသည်။

"ဒီကောင် ဘယ်ရောက်နေလဲ၊ ဆယ်စုနှစ်လောက်အထိ ပျောက်နေတယ်"

"ဘယ်သူလဲ ဖေဖေ"

"ဩော် ... ဖေဖေ့မိတ်ဆွေပါ၊ နန္ဒမိတ်ဆိုတဲ့ ကောင်လေးကို တွေ့တော့ အဖေ့မိတ်ဆွေကြာညိုကို သတိရလို့ပါ"

"အဖေ့မိတ်ဆွေ ... ဒီလိုနာမည်မျိုး အဖေ တစ်ခါမှမပြောဖူးပါဘူး"

"နန္ဒမိတ်ကို တွေ့လို့လေ"





နန္ဒမိတ်ကို မခ စိတ်ဝင်စားသွားမိသည်။ သနားသလိုလို အားပေးချင်သလိုလို ... သတိရမိနေ၏။ သူဌေးသမီး တုန့်ိုင်းစံရဲ့ ...နှိမ်ခံဘဝလား။ မခဆိုရင် ... လုံးဝမခံဘူး။ အပြတ်ကောပစ်လိုက် ... နန္ဒမိတ်လည်း မာနကြီးပုံပင် ... မခရင်ထဲမှာ နန္ဒမိတ်နှင့် ...းတွေအများကြီးပြောချင်နေသည်။

"ဟိုသူဌေးသမီးက မာနကြီးပုံပဲ ဖေဖေ ... နန္ဒမိတ်ကို ...င့်သားလို့ ခပ်နှိမ်နှိမ်မိတ်ဆက်ပေးတယ်"

"ဒါတ ... သူတို့ကိစ္စပဲလေ၊ အရေးကြီးတာက သမီးလေး ...နေပဲ ... သူဌေးရော ... သူဌေးကတော်ရောက သူတို့သား ...နဲ့ပဲ အတူတူသင်ပေးမယ်တဲ့လေ ... ဖေဖေတို့အလုပ်ရှင်တွေ ... အရမ်းပဲ သဘောထားပြည့်ဝကြတယ်ကွယ်"

နန္ဒမိတ်အလုပ်ရှင်တွေက အဆင့်အတန်းခွဲခြားပြီး မောက်မာ ...ပင် ... နန္ဒမိတ်နဲ့ စကားတွေပြောချင်လိုက်တာ ... ဘာဖြစ်လို့ ... မသိပါဘူး။ နန္ဒမိတ်ကို အားပေးစကားတွေပြောချင်သည်။

"သမီး"

"ရှင် ..."

"နောင့်ကိုလည်း ပြေပြေလည်လည်ဆက်ဆံပါ၊ နောင်က ...သမီးအပေါ် ကောင်းပါတယ်၊ သူဌေးသားဆိုပေမယ့် မာနမကြီးဘူးလေ"

"သူက ... အရောတဝင်နဲ့ လာပြီးစနောက်နေတာ မခ

www.burmeseclassic.com



လုံးဝမကြိုက်ဘူး ဖေဖေ … တော်ကြာ သူဌေးတွေက တစ်မျိုးထင်ကြမယ်၊ သမီးမာနတွေကို အပွန်းအပဲ့မခံနိုင်ပါဘူး”

သမီးမခအကြောင်း ဦးမြတ်သစ် အသိဆုံးပင် … မာနရှိသည်။ သမီးအား သူဌေးတွေက မတူမတန်ဘူးဆိုပြီး အနှိမ်ခံရမှာ မလိုလားဆုံးပင် … နောင်နဲ့ ကင်းကင်းနေခဲ့သည်။

“ဘာပဲဖြစ်ဖြစ်ကွယ် … သူတို့ကျေးဇူးလည်း ရှိတယ်လေ၊ ဖေဖေနဲ့သမီးတို့ နားခိုရာပဲ … ကျန်တဲ့ကိစ္စတွေက သမီးအတွေး မှန်ပါတယ်၊ နောင်နဲ့ အဆင်ပြေအောင် နေထိုင်သင့်တယ်လေ”

အဖေ့ကိုလည်း သနားတယ်။ မခ စောင့်ရှောက်ချင်သည်။ မခ အလုပ်ဝင်လုပ်မယ်ဆိုတော့ … အဖေက လက်မခံပေ။ အဖေ အသက်ရှင်နေသရွေ့ သမီး ပညာပဲသင်ရမယ်တဲ့ … အဖေ့ကို အသေဖြောင့်စေချင်ရင်တဲ့ … မခ ဆရာဝန်တစ်ယောက်အဖြစ် ခန်းနားတင့်တယ်နေတာ အဖေ့ကို မြင်တွေ့စေချင်သည်။

“သမီးက ကိုယ့်ဘဝကိုနားလည်သူပါ … ဖေဖေ ယုံကြည်စိတ်ချပါတယ်”

မိမိ ခြံစောင့်အလုပ်တွေကိုလည်း စာကျက်ရင်း ဝင်ကူတတ်သည်။

“အဖေ ညဦးပိုင်းအိပ်နော် … မခက စာကျက်ရင်းစောင့်မယ်၊ ဖေဖေ အသက်ကြီးပြီ၊ လောကကြီးထဲမှာ ဖေဖေမရှိရင် မခ ဘယ်လိုမှရပ်တည်နေနိုင်မှာ မဟုတ်ဘူးနော် … ဒါကြောင့် ဖေဖေ





သတ်သာအောင် မခ ကူညီတာ”

“လိမ္မာလိုက်တဲ့သမီးလေး … မွေးရကျိုးနပ်လိုက်တာ”

ဦးမြတ်သစ်စိတ်ထဲမှာ သမီးလေးကို ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝန်းကဟု ထင်သည်။ ကြာညို့ကို တွေ့ချင်တယ်။ အဖြစ်အမှန်တွေကို အတိအကျမေးမြန်းချင်မိ၏။ သမီးလေး မိဘအရင်းတွေကိုသိမှ ဖြစ်မယ်။ မိမိက အသက်ကြီးပါပြီ။ နှလုံးက မောပမ်းချင်သည်။ သမီးလေးအတွက် ဦးမြတ်သစ် ကြို့ကြို့ခံနေတာပါ။ မိမိစိတ်ထဲမှာ ဘယ်လောက်ပဲခံစားနေရပါစေ။ သမီးအား အသိမပေးခဲ့ … ခြံစောင့်သမီးဘဝမှာလည်း သမီးကို မနေစေချင်ဘဲ မိဘအရင်းတွေကို ဖော်ထုတ်ချင်နေခဲ့၏။ ကြာညို့ကို တွေ့မှဖြစ်မယ်။ သမီးလေးကတော့ စာတွေပဲ ဖိကျက်နေရှာသည်။

“ဟော့ မခ … စာတွေအရမ်းကျက်နေပါလားဟ … ဘာလဲ နှင်က တစ်တိုင်းပြည်လုံးမှာ ပထမရချင်တာလား”

နောင် ရောက်လာပြီး … အအေးဗူးတွေလာပေးသည်။ အဖေက ခြံထဲပြန်ဆင်းသွား၏။ နောင့်ကိုလည်း ရန်မစချင်တော့၍ မခ ဘာမှမပြောတော့ … အဖေ့စိတ်တွေ ပူပန်သောကရောက်အောင် မလုပ်ချင်၍ဖြစ်သည်။

“ရော့ … နင့်အတွက်”

“နောင်ရယ် … နင်ဟာလေ ဘာဖြစ်လို့များ ကိုယ့်နေရာမှာ ထိုင် မနေနိုင်ရတာလဲဟဲ့”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုမတွေ့ရရင် မနေနိုင်အောင်ဖြစ်နေလို့လေ"

"ဘာ ..."

"အမယ်လေး ... အော်လိုက်တာဟာ ... နားကွဲတော့မယ်၊ စေတနာနဲ့ အအေးလည်း လာတိုက်ရသေးတယ်"

"နင် ... ဘယ်လောက်ပဲ စေတနာတွေလာပြပြနော် ... မခဆီက ဘာမှမမျှော်လင့်နဲ့"

မခ ဘယ်လောက်ပဲပြောပြော ... နောင် အပြုံးမျက်ဖေး မခရဲ့ ဈာတေးလန်နေတဲ့ပုံစံလေးကိုပင် နောင် နှစ်သက်မိသည်။

"မခ"

"ပြော"

"ဟိုက်ဘက်ခြံက တုန္နိုင်းစံတို့ ... နန္တမိတ်တို့နဲ့ ညနေကျရင် သွားတွေ့ရအောင် ... သူတို့ခြံထဲကို လာခဲ့ပါတဲ့"

"မသွားပါဘူး ... အပိုအလုပ်တွေ ... ဘယ်သူနဲ့မှလည်း မိတ်ဆွေမဖြစ်ချင်ပါဘူး၊ နင်တို့သူဌေးတွေအချင်းချင်းပဲ ခင်ကြပါ"

"အေး ကောင်းတယ်၊ နင် မပတ်သက်ချင်လည်း နေလို့ရတယ်နော် ... ဒါပေမဲ့ ဟိုနန္တမိတ်နဲ့လည်း နင် လုံးဝအရောတဝင် မလုပ်ရဘူး"

"ဘာဆိုင်လို့လဲ၊ ဒါက မခကိုယ်ရေးကိုယ်တာလေ"

"မရဘူးနော် ... ဟိုကောင်နန္တမိတ်က ရုပ်ပါဖြောင့်တယ်ဟာ တည်လည်းတည်တယ်၊ နင်နဲ့တူတယ်ဟ"





"ဒီမှာ နောင် ... နင်စိတ်ဝင်စားရမှာက သူဌွေးသမီးတုန္နိုင်းစံ ... ဘယ်လိုလဲ ... ရုပ်လည်းချောတယ်"

"တော်စမ်းပါဟာ ... ငါ့ထက်လည်း ငယ်ပါတယ်၊ ခြံချင်း ...ပ်ဖြစ်...လို့ ... အားနာလို့ မပတ်သက်ချင်တာပါ"

"သွားတော့ဟာ ... နောင် ... ငါ စာကျက်နေတယ်၊ ဒီနှစ် ... ငါတို့ရဲ့ဘဝကို အဆုံးအဖြတ်ပေးမှာဟ ... ငါ အမှတ်ကောင်း ...ောင်းရမှဖြစ်မယ် နောင်"

နန္တမိတ်ကိုတော့ တွေ့ချင် ခင်မင်ရင်းနှီးချင်သည်။ တုန္နိုင်းစံ ...တော့ မပတ်သက်ချင်ပေ ... အထင်သေး အမြင်သေးလာလုပ် ...တော့ လုံးဝမရဘူး။ နောင်က အနေအေးဗူးတစ်ဗူးကိုဖွင့်၍ အတင်း ...နေ၏။ မခ လုံးဝမကြိုက်ပါဘူး။ ဘယ်လိုပဲ အဆင့်အတန်း ...ခြားဘဲ သဘောကောင်းသူတွေဖြစ်နေကြပါစေ။ မခလို ခြံစောင့် ...မ်းတို့ ချွေးမတော်ရမှာ ဘယ်သူလိုလားမှာလဲ။ မခက စာတော် ...း ဓာနရှိ၍ ... နောင်နှင့်ဆက်ဆံရေးကို နောင့်မိဘတွေက ...ားဆီးတာလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

## အခန်း ( ၈ )

"သား … နန္ဒမိတ် … ဟိုဘက်ခြံသွားတာ ဘယ်သူတွေနဲ့ တွေ့ခဲ့လဲ"

"ဟိုဘက်ခြံကလူတွေအားလုံး သဘောထားပြည့်ဝကြပါတယ် အဖေ … ခြံစောင့်ကြီးနာမည်က ဦးမြတ်သစ်တဲ့"

"ဟင် …"

"ဘာဖြစ်လို့လဲ အဖေ"

"မဟုတ်ပါဘူး … အဖေ့ရဲ့ ငယ်သူငယ်ချင်းတစ်ယောက် နာမည်နဲ့ တူနေလို့ပါ"

"အဖေ့ကိုကြည့်ရတာ … အခုတလော အရမ်းထိတ်ထိတ် လန့်လန့်ဖြစ်နေသလိုပဲ … ဘာတွေဖြစ်နေတာလဲဟင် … သူဌေး ကို ကြောက်တဲ့ရောဂါက ပိုဆိုးလာပြီ၊ ကျွန်တော့ကြောင့်ပဲလား"

"သားရယ် … အဖေ့အကြောင်းလည်း မင်းအသိသားနဲ့ကွာ ကိုယ့်ကျေးဇူးရှင်ပဲ သားရယ်"





"တော်ပါတော့ အဖေရာ"

ဦးကြာညို … မထင်မှတ်ဘဲ သံသရာတစ်ပတ်လည်လာ၍ စိတ်တွေ တော်တော်လေး တုန်လှုပ်ချောက်ချားနေရသည်။ မြတ်သစ် … မင်း … မင်း … တမင် လာတာလား။

"အဲဒီမှာ အဖေတွေ့တာ ကောင်လေးနဲ့ကောင်မလေးနော် သူဌေးသားသမီးတွေပဲ ထင်တယ်"

"မေရန်မခဆိုတဲ့ကောင်မလေးကတော့ ခြံစောင့်ကြီးရဲ့သမီး ထင်တယ် အဖေ … ခြံစောင့်ကြီးက သမီးတဲ့"

ဟုတ်ပါပြီ … ဒါ … သူဌေးကတော်ရဲ့သမီးလေးပဲ … မိမိ ရောက်စက်နိုင်၍ … မြတ်သစ်ထံ မွေးစားဖို့ပေးအပ်ခဲ့သည်။ ရင်တွေ တုန်လာ၏။ သူဌေးမိုးကောင်းကင်က မလွယ်ဘူး။ အသက်ကြီးလာလေ တစ်ကိုယ်ကောင်းဆန်လေပဲ … ရက်စက်သည်။

"သား စာသွားကျက်တော့မယ် အဖေ"

"သွား … သွား"

ဦးကြာညို … ဆောက်တည်ရာမရအောင် တုန်လှုပ် ချောက်ချားလာသည်။ သူဌေးကို အပြတ်ရှင်းနိုင်းတာပါ။ ပြန်ထွက် သွားဖို့ ပြောရမယ်။ မဖြစ်ဘူး။ သူဌေးတွေ့သွားရင် သံသယဝင်မှာပဲ။ သူဌေးကတော်လည်း သံသယဝင်နိုင်၏။ ဦးကြာညို ခေါင်းချွေးတွေ ပင် ပျံ့ချင်လာသည်။

"တီ … တီ"

www.burmeseclassic.com

www.burmeseclassic.com



"တီ ... "

"တီ ... တီ"

"တီ ... "

"ဟာ ... "

ဦးကြာညို ... ခြံထဲမှာ အတွေးလွန်ပြီး မြက်ခင်းပေါ်မှာ ငုတ်တုတ်ထိုင်နေမိပြီး သူဋ္ဌေးကားရဲ့ဟွန်းသံကိုပင် မကြားမိ။ အသံကျယ်ကြီးနှင့် အဆက်မပြတ်တီးမှ အသိတွေဝင်လာရပြီး တုန်တုန်ချိချိဖြင့် တံခါးထဖွင့်ပေးလိုက်ရသည်။

"ဦးကြာညို"

"အမိန့်ရှိပါ သူဋ္ဌေး"

"အခုတလော ခင်ဗျားကိုကြည့်ရတာ မဟုတ်တာတွေ ကြံစည်ထားပုံရတယ်၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ... အမူအယာတွေ ပျက်နေသလိုပဲ"

"ဗျာ"

"ဘာဗျာလဲ"

"မ ... မဟုတ်ပါဘူး သူဋ္ဌေး ... ဟို ... ဟို"

"အား ... "

"ဒုတ်"

"အား ... "

"ဒုတ်"



သူဋ္ဌေးရဲ့ခြေထောက်တွေက ဦးကြာညိုရဲ့ခြေသလုံးတွေဆီ ဖြင်းထန်စွာရောက်ရှိလာသည်။ မြေပြင်ပေါ် ခွေကနဲကျသွား၏။ အကျိုးပဲ ... ကျိုးသွားပြီလားမသိဘူး။ နာကျင်မှုတွေက အသည်းနှလုံးတွေထဲအထိ ပေါက်ထွက်မတတ်ဖြစ်နေ၏ ... အသားတွေပင် တဆတ်ဆတ်တုန်နေသည်။

"ခင်ဗျား ... အူကြောင်ကြောင်မလုပ်နဲ့နော် ... မဟုတ်တာတွေ မကြံစည်နဲ့ ... ခင်ဗျားသားပါ အဆစ်ပါပြီး ... မျိုးကန်းသွားမယ်"

"မဟုတ်ပါဘူး သူဋ္ဌေးရယ် ... ကျွန်တော် မကြံစည်ရဲပါဘူး၊ သူဋ္ဌေးအပေါ် သစ္စာမဖောက်ရဲပါဘူး"

"အခုတလော ခင်ဗျားအမူအယာတွေ အရမ်းပျက်နေတယ်၊ ဘာကြောက်နေတာလဲ"

"သူဋ္ဌေးငြိုငြင်မှာကြောက်လို့ပါ၊ ကျွန်တော်တို့သားအဖဘဝမှာ မှီခိုအားထားရာ သူဋ္ဌေးပဲရှိနေတာပါ"

ကြာညို ... မင်းလိုကောင်မျိုးကို ကြောက်ရွံ့တုန်လှုပ်ပြီး နလံမထူအောင် ငါ လုပ်ထားရလိမ့်မယ်။ ကြာညိုက သူဋ္ဌေးမိုးကောင်းကင်ရဲ့ လျှို့ဝှက်ကိစ္စတွေကို သိထားသူပါ။ အဓိက မှိုင်း ဦးမိုးကောင်းကင်က မှို့ကို အလွန်အကျူးချစ်မြတ်နိုးသည်။ ငါ့ ငယ်ချစ်ဦး မိမိ ငွေကြေးချို့တဲ့မှုကြောင့် ... လူကြီးတွေက မိဘွား အရှာကောင်းတဲ့ အသိုင်းအဝိုင်းတောင့်တင်းတဲ့ မြော်သူထက်နှင့်

www.burmeseclassic.com



လက်ထပ်ပေးလိုက်ကြသည်။ မိမိ ဘယ်လောက်အထိ ခံစားနာကျင်ခဲ့ရလဲ။ ထို့ကြောင့်ပင် ... မိုးကောင်းကင် သူဌေးဖြစ်နိုင်တဲ့ ဖြတ်လမ်းနည်းတွေကို ရှာဖွေပြီး အလုပ်တွေလုပ်ခဲ့သည်။ နောက်ဆုံးတော့ ချစ်သူ ... ငယ်ချစ်ဦးမို့ကို အရယူသိမ်းပိုက်နိုင်ခဲ့၏။ မိမိရန်သူ ... မြတ်သူထက်ရဲ့သွေးကိုလည်း အပြတ်ရှင်းပစ်ခဲ့သည်။

"ကြာညို ... "

"ဗျာ ... "

"ခင်ဗျားသားရဲ့အနာဂတ်ကို သိပါတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ သိပါတယ်၊ သူဌေးကို လုံးဝမလွန်ဆန်ရဲပါဘူး၊ သူဌေး ကူညီစောင့်ရှောက်ခဲ့တဲ့ကျေးဇူးတွေက ကျွန်တော်တို့သားအဖမှာ အများကြီးပါခင်ဗျာ"

"မှတ်ထား ... "

ကြာညိုရဲ့နထင်ကို တစ်ချက်ထပ်အုပ်ပစ်လိုက်သည်။ တမင်ပြန်မလှန်ရဲအောင် နှိပ်ကွပ်ထားခြင်းဖြစ်၏။ သားနှင့် ခြိမ်းခြောက်ထား၍လည်း ကြာညို ... ပြားပြားဝပ် ကြောက်ရွံ့တုန်လှုပ်နေသည်။

"မင်းသားကိုခေါ်ပြီး ကားကို သန့်ရှင်းရေးလုပ်ထားခိုင်း ခြံစောင့်သားဆိုတဲ့အရိပ်တွေ ခင်ဗျားသားဆီမှာ လွှမ်းမိုးနေပါစေကြားလား"



"ဟုတ် ... ဟုတ်ကဲ့ပါ"

ဦးကြာညို ... ခြေသလုံးအရိုး ကျိုးသွားပြီထင်တယ်။ လှုပ်ရှား၍ပင် မရ ... နာကျင်တဲ့ဝေဒနာတွေက မခံမရပ်နိုင်အောင် ဖြစ်နေသည်။

"အား ... ကျွတ် ... ကျွတ်"

"အား ... "

"အဖေ ... "

"ဟင် ... သား"

"ဘာဖြစ်တာလဲ၊ ... သူဌေးက ... အဖေ့ကို ဘာဖြစ်လို့ ခြေထောက်နဲ့ကန်ရတာလဲ"

"အဖေကမှားတာပါ။ သူဌေးဟွန်းတီးနေတာကြာပြီ သားရဲ့ သူဌေးက ဒေါသကြီးတတ်တာ သားသိသားနဲ့ကွာ"

သားရှေ့မှာ နာကျင်မှုဝေဒနာတွေ မပြရဲ ... သားမျက်နှာက တင်းမာခတ်ထန်နေသဖြင့် အထိတ်တလန့်ဖြစ်ရသည်။ မိမိတို့မှာ လွတ်မြောက်ရာလမ်းစ မတွေ့သေးဘူး။ သူဌေးမိုးကောင်းကင်က ဘယ်လိုလူမျိုးလဲဆိုတာ မိမိ အသိဆုံးဖြစ်နေ၏။ သားက မိမိကို ဆွဲထူ၍ တွဲကာ ... မိမိတို့နေထိုင်ရာ အခန်းထဲခေါ်လာသည်။

"ကြည့်ပါဦး အဖေရာ ... ခြေသလုံးမှာ အညိုအမဲစွဲနေတယ်၊ တော်တော်လူမဆန်တာဘဲ ... ဘာဖြစ်လို့ ဒီလောက်အထိ ရက်စက်ချင်ရတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နန္တမိတ် ... အဖေ့ဒဏ်ရာတွေကိုကြည့်ပြီး နာကျည်းရှုမုန်းမှုတွေက သူ့ရင်ကို အတိုင်းအဆကြီးမားစွာ ဝင်ရောက်ရိုက်ခတ်နေသည်။ တစ်ဖက်ခြံကသူဌေးတွေနဲ့ တခြားစီပဲ ... ဘာလုပ်ငန်းတွေနှင့် ချမ်းသာမှန်းမသိဘဲ ... အဖေကတော့ ဦးမိုးကောင်းကင်ကို အကြောက်ကြီးကြောက်နေသည်။ နန္တမိတ် မကြိုက်ဆုံးပဲ ... သူ့ကိုလည်း ခြံစောင့်သားဆိုတဲ့အဆင့်မှာပဲ ထား၏။ သူတို့သမီး တုန့်ခိုင်စံ အထင်သေးစေရန်ဖြစ်ကြောင်း နန္တမိတ်သိနေသည်။

"သား ... အဖေ့အမှားကြောင့်ပါကွာ ... သားစိတ်ထဲ ဘာမှ မထားပါနဲ့ ... အဖေ တောင်းပန်ပါတယ်"

သားရင်ထဲမှာ ဘယ်လောက်အထိနာကျည်းမုန်းတီးနေမလဲဆိုတာ မိမိ သိသည်။ သူဌေးဦးမိုးကောင်းကင်ကို အဖေတို့သားအဖ လွန်ဆန်လို့မရဘူးဆိုတာ တတွတ်တွတ်ရှင်းပြ တောင်းပန်နေမိ၏။ မိမိခြေသလုံး အသားနုဖြစ်၍ ... နာကျင်မှုကပြင်းထန်ပေမယ့် ဦးကြာညို မမဲ့ရဲ ... ကြိတ်မှိတ်ခံနေခဲ့သည်။

"အဖေတို့ဘဝပါပဲ သားရယ် ... ဘယ်တတ်နိုင်မလဲကွာ ... အားလုံး အဖေ့အပြစ်တွေကြီးပါပဲ"

မိမိ ကျူးလွန်ထားမိတဲ့အပြစ်တွေကိုလည်း သားသိသွားမှာ စိုးရိမ်မိသည်။ သူဌေးက သားဘဝတစ်ခုလုံး အနာဂတ်မဲ့ပြီး အဖတ်ဆယ်လို့မရအောင် ရိုက်ချိုးပစ်လိုက်မှာကို မိမိ အကြောက်ဆုံးပင်။ သားက လိမ္မာသည်။ ဉာဏ်ရည်ထက်မြက်ပြီး ကြိုးစား၏။



သားအနာဂတ်ကို အဖျက်စီးမခံနိုင်၍ ... မိမိ ကြိတ်မှိတ်ခံစားနေရသည်။

"အဖေ အနားယူပါ။ အဖေ့အလုပ်တွေ သားလုပ်မယ်"

"နောက်နေ့လောက်ဆို အဖေ သက်သာသွားမှာပါ။ ကားပဲ သွားဆေးပေးလိုက်ပါ သားရယ်"

"ကျွန်တော်က အဖေ့သားပါ၊ အဖေ နေမကောင်းရင် အဖေ့အလုပ် ကျွန်တော်လုပ်ရမှာပဲလေ"

နန္တမိတ် ထွက်လာခဲ့သည်။ အဖေ အသက်ကြီးပါပြီ။ သူဌေးမိသားစု နှိပ်စက်လာတာ နှိမ်ချဆက်ဆံခြင်းခံခဲ့ရတာ ... နှစ်တွေ တော်တော်လေးကြာနေခဲ့သည်။ အဖေ့ကို မကျေနပ်ဘူး။ ဒုက္ခတောထဲကနေ ... အဖေ ဘာဖြစ်လို့များ ရုန်းထွက်ဖို့မကြိုးစားခဲ့ရတာလဲ။ သူ့ကြောင့်လား။ နန္တမိတ် ခြံထဲရောက်လာသည်။

"မင်းက ခြံစောင့်သား ... ဒီခြံကြီးရဲ့ ကျွန်တစ်ယောက်ပဲ မင်း အချောင်နေလို့မရဘူး၊ မင်းကို ပညာသင်ခွင့်ပေးထားတာပဲ ကျေးဇူးတင်"

သူဌေးဦးမိုးကောင်းကင်က နန္တမိတ်ကိုပါမချန်ဘဲ နှိပ်စက်ထားသည်။

"မင်း ... ငါ့သမီးကို လုံးဝအရောတဝင်မလုပ်ရဘူး [illegible] နိုင်းစေတာလုပ် ... အခြောက်တိုက်ဘဝင်မြင့်မနေနဲ့ [illegible]"

နန္တမိတ်ခေါင်းကို ခပ်ဆတ်ဆတ်ပုတ်၍ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားအသုံးအနှုန်းက နန္ဒမိတ်ရဲ့နှလုံးသားထဲ စူးနစ်ဝင်နေခဲ့၏။ သူ ရှန်းထွက်ပစ်ချင်ပေမယ့် ... အဖေက လက်မခံ ... ခါးခါးသည်းသည်း ငြင်းဆန်ခဲ့သည်။

"ဒီနေရာကလွဲပြီး အဖေတို့မှာ နားခိုးရာမရှိဘူး၊ သားရယ် သည်းခံနေလိုက်စမ်းပါ။ မင်းဆရာဝန်ကြီးဖြစ်တော့ ... မင်းဆန္ဒတွေ အတိုင်း အကောင်အထည်ဖော်"

"တောက် ... "

သူ ... ဒေါသတွေကို ထိန်းချုပ်ထားပစ်လိုက်သည်။ ဟုတ်တယ် ... အဖေပြောတာ အမှန်ပဲ ... ဒီကနေထွက်သွားပြီး ဘဝ ရပ်တည်ဖို့ခက်ခဲတာ ... သူ တဖြည်းဖြည်းသိလာ၏။ ဘာပဲဖြစ်ဖြစ် နှိပ်စက်ခံရတဲ့ကာလတွေအတွက် တစ်စုံတစ်ခုတော့ အကျိုးအမြတ် ထွက်မှ ဖြစ်မည်။ နန္ဒမိတ်ဘဝရဲ့ လှေကားထစ်တစ်ဆစ်ချိုး ရောက် နေသည်။

"သူဌေးဦးမိုးကောင်းကင် ... ခင်ဗျားကြီးကို တစ်နေ့နေ့မှာ ကျုပ် ကောင်းကောင်းပညာပေးရမယ်"

နန္ဒမိတ် ပညာသင်ခွင့်ရတာတောင် ... သူဌေးကတော်ရဲ့ စေတနာကြောင့် ဖြစ်သည်။ အရမ်းထက်မြက်တဲ့ကလေးဖြစ်၍ ပညာသင်ခွင့်ပေးစေ၏။ စရိတ်တွေကိုလည်း အပြည့်အဝထောက်ပံ့ ပေးထားသည်။

"နန္ဒမိတ် ... မင်းကို မာမီကြီးသဘောကျတယ်၊ ကြိုးစားပါ။





လိုအပ်တာ မာမီကြီးကိုပြောနော် ... မင်းပညာရေးကို မာမီကြီး အမြဲတမ်း အကာအကွယ်ပေးနေပါ့မယ်"

သူဌေးကတော်ကတော့ စိတ်သဘောထားပြည့်ဝသူ ဖြစ် သည်။ သူ့ကိုလည်း အားပေးနှစ်သိမ့်ပေးခဲ့၏။ သူဌေးကိုလည်း နန္ဒမိတ်ပညာရေးကို မနှောင့်ယှက်ဖို့ ... အတင်းအကြပ်ပြောခဲ့ပြီး သူဌေးအကြောက်ရဆုံးက သူဌေးကတော်ပဲဖြစ်လေသည်။

"နန္ဒမိတ်"

"ဟင် ... ဘာလဲ ... ပြောပါ သခင်မလေး"

တုန့်နှိုင်းစံကို သခင်မလေးဟု တရိုတသေပြောဆိုဆက်ဆံ နေရတာကို နန္ဒမိတ် အမုန်းဆုံးပင် ... သူ့ထက်ငယ်ရွယ်သူပါ။ သူဌေး ဦးမိုးကောင်းကင်လိုပဲ ... လူတွေကို နှိမ့်ထက်စီးနင်း ပြုမူနေတတ် သည်။

"ဟိုဘက်ခြံက နှောင်လေ ... ဘယ်လိုလဲ ... ဖြူနုဖတ်ပြီး ယောကျ်ားပီသတယ်နော်"

"အင်း ... "

မိန်းကလေးဖြစ်ပြီး ... ယောကျ်ားတစ်ယောက်အကြောင်း ပြောနေတာလည်း သူ ... လုံးဝမကြိုက်ပေမယ့်လည်း သူ့အတွက် မလွှဲသာမရှောင်သာ ... အဖေက သခင်မလေးနဲ့ ပြဿနာမတက် စေနဲ့တဲ့ ... သားဘဝ ... တစ်ဆစ်ချိုးပြောင်းလဲပစ်နိုင်တဲ့ အချိန် ကောင်းတဲ့ ... သည်းခံပါသားရယ်ဟု ပြောထား၍ ... နန္ဒမိတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေခြင်းဖြစ်သည်။

"ဟိုကောင်မလေးရော ... နင်နဲ့ဘဝတူလေ၊ ခြံစောင့်သမီးပဲ ချောတယ်နော်"

"အင်း"

"ဒီမှာ ... အဲဒီကောင်မလေးနဲ့လေ စံ ဘယ်သူပိုချောလဲ၊ နင်ကတော့ မေရန်မခကိုပဲ ချောတယ်ပြောမှာပေါ့။ ဟဲ့ ... ဒါပေမဲ့ စံက ချောလည်းချောတယ်။ ပိုက်ဆံလည်းချမ်းသာတယ်၊ ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံတယ်"

တုန်နိုင်းစံကို ... နန္ဒမိတ် တော်တော်လေးအမြင်ကတ်လာမိသည်။ သူများကို မှိုချိုးမျှစ်ချိုးနဲ့ ... နန္ဒမိတ်စိတ်ထဲမှာတော့ မေရန်မခက ပိုပြီးချောမော နုထွတ်ထွဲအိစက်နေသည်ဟု ထင်သည်။ ခြံစောင့်သမီး အသွေးအမွေးမျိုးမဟုတ်ဘူး။ သူဌေးတွေကလည်း အရေးတယူရှိကြ၏။ သူနှင့်ဘဝတူပေမယ့် ... သူ့လို အနှိမ်မခံရနိုင်။ လူဆန်တဲ့သူဌေးတွေဖြစ်မည်ဟု ထင်သည်။

"အဲဒီခြံစောင့်သမီးက နင့်အတွက်နော် ... ဟိုသူဌေးသား ကိုကိုက စံ့အတွက် ... မှတ်ထားနော်"

မဆီမဆိုင် ... မေရန်မခအား သူ့အတွက်ဟု ခွဲတန်းလာချနေသည်။ သူဌေးသားကိုတော့ ကိုကိုတဲ့ ... နန္ဒမိတ်လို ခြံစောင့်သားကျတော့ သူမထက်အသက်ကြီးတာတောင် နင်တွေပါတွေနှင့် ... သူ ဆက်မပြောချင်၍ ကားကိုပဲရေဆေးနေသည်။





"နန္ဒမိတ်"

"ဟုတ်ကဲ့ ... "

"နင် လုံးဝစိတ်မဝင်စားဘူးလားလို့ ... နောင်မိဘတွေကသည်း ခြံစောင့်သမီးကို ခြံထဲမှာ ဘာဖြစ်လို့များနေခွင့်ပြုရတာလဲ၊ ခြံစောင့်သမီးကို ချွေးမတော်ရမယ်မှတ်နေတယ်၊ ကိုကိုလည်းလေ ခြံစောင့်သမီးကို အရေးတယူရှိလိုက်တာ ... ဒီလိုပဲပေါ့၊ သူဌေးသားတွေက ခြံစောင့်သမီးကို အပျော်ကြံကြတာပဲ"

"တုန်နိုင်းစံ ... ဘာဖြစ်လို့ သူများကိုနှိမ်ချပြောနေရတာလဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စလေ၊ ငါ စိတ်မဝင်စားဘူး၊ ထွက်သွားတော့"

"ဘာပြောတယ်"

နင့်ကို ဒက်ဒီနဲ့တိုင်ပြောမယ်ဆိုပြီး ... တုန်နိုင်းစံ ဒေါသတကြီး ဖြန်ထွက်သွားသည်။ ပြဿနာပဲ ... မေရန်မခကို ချိုးချိုးဖဲ့ဖဲ့ပြောဆိုနေ၍ ... သူ ဒေါသတွေကို မထိန်းချုပ်နိုင်ဘဲ ပေါက်ကွဲသွားရ၏။ ပြဿနာတော့ကြီးပြီ။ အဖေ့မှာလည်း ဒဏ်ရာတွေနဲ့ ... နန္ဒမိတ်သည်းခံလိုက်ရမှာပါ။ စိတ်တွေ လေးလံလာသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"နန္ဒမိတ် ... ဒူးထောက်စမ်း ... မင်း ဘာပြစ်မှုကျူးလွန်လဲ ဆိုတာ သိတယ်နော်"

သူ ... ဒူးထောက်မှဖြစ်တော့မယ်။ အဖေ့လို ခြေသလုံးကို အကန်မခံနိုင်ပါဘူး။ သူ့မှာ ခြေထောက်က အသုံးပြုဖို့ရှိနေသည်။

"မင်းက ကျွန်ထက်အဆင့်နိမ့်ပြီး ... သခင်ကို ပြန်ကိုက်တဲ့ ခွေး"

အဖေက သူ ငယ်စဉ်လေးထဲက ... သူ့ရွှေမိသားစုပြောဆို နှိပ်ဆက်သမျှ ငြိမ်သက်စွာ ခေါင်းငုံ့နာခံတတ်ရန် သင်ကြားလေ့ကျင့် ပေးထားခဲ့သည်။

"ငါ့သမီးကို ရိုင်းရိုင်းစိုင်းစိုင်း ပြန်အော်တယ်ဆို"

"ကျွန်တော် မှားသွားပါတယ်ခင်ဗျာ ... တောင်းပန်ပါတယ်"

ထိုစကားစုကို အဖေက နှုတ်တိုက်သင်ပေးထားသည်။





သူ့ရွှေမိသားစုရဲ့ အပြုအမူတွေက ... ဘယ်လောက်ပဲ မတရားနေပါစေ။ ထိုစကားကို ပြောရသည်။

"မင်း ... ကလေးမဟုတ်တော့ဘူး နန္ဒမိတ် ... သိသိကြီးနဲ့ ရိုင်းစိုင်းတာပဲ ... မင်းကိုကြည့်ရတာ အခြောက်တိုက်ဘဝင်မြင့်နေတယ်ထင်တယ်"

"မဟုတ်ပါဘူး ခင်ဗျာ ... ကျွန်တော် မှားသွားပါတယ်၊ တောင်းပန်ပါတယ်"

"ဖြန်း ... "

သူ့ပါးပြင်ပေါ်မှာ စပ်ဖျင်းနာကျင်မှုက ပြင်းထန်လွန်းသည်။

"ဖြန်း"

"မင်းလိုကောင်ကများ ... ငါ့သမီးကို ရာရာစစ ခွန်းတုန့်ပြန်ရတယ်၊ ခြံစောင့်သားကများ"

နန္ဒမိတ်ခန္ဓာကိုယ်ထဲမှာ စီးဆင်းနေတဲ့သွေးလည်ပတ်မှုတွေ ရပ်တန့်သွားပြီလားဟုတောင် ထင်မှတ်ရ၏ ... တောင့်တင်းသွားသည်။ နန္ဒမိတ်ငယ်စဉ်လေးထဲက ဘယ်နှစ်ကြိမ်မှန်းမသိအောင် အရိုက်အနက် အကန်အကြောက်တွေ ခံလာခဲ့ရကာ ... မဆန်းတော့ ... အဖေ သူ့ကိုနှစ်သိမ့်တာက သည်းခံနေလိုက်ဖို့ပဲ ...

"ဖြန်း"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ... အံကိုတင်းတင်းဖိကြိတ်ရင်း ခံယူနေလိုက်သည်။

"ကိုမိုး ... ကလေးကို ဘာဖြစ်လို့ ဒီလောက်အထိရိုက်နှက်နေရတာလဲ၊ တော်ပါတော့"

သူ့ဋ္ဌေးကတော် ... အပြင်ကနေပြန်ရောက်လာပြီး ဝင်တားသည်။

"ဒီကောင်က ... သားရေပေါ်အိပ် သားရေနားစားချင်တဲ့ ခွေးတစ်ကောင်ကွ ... သမီးစံကို ရိုင်းရိုင်းပျပျဆက်ဆံတယ်။ မရှိမသေနဲ့"

"တော်ပါတော့ ကိုမိုးရယ် ... ကလေးတွေကိုရိုက်နှက်တာ မိမကြိုက်ဘူး၊ မို့သမီးလေးကို ပြန်သတိရပြီး နာကျင်ခံစားရတယ်လို့ မိပြောထားတယ်လေ"

"ဆုံးမတာပါကွ"

"တော်ပြီ ... နန္ဒမိတ် ထတော့ ... မင်းအခန်းထဲပြန်"

သူ့ ... ရုတ်တရက်မထနိုင်၍ သူဋ္ဌေးကတော်က ဖေးမတွဲထူပေးသည်။

"မို ... ဒီကောင်လေးကို သိပ်အရေးမပေးနဲ့ ... ကမ်းတက်လာလိမ့်မယ်"

"မိပြောထားပြီးသားနော် ... ကလေးတွေကို မနှိပ်စက်ဖို့ နန္ဒမိတ်က လိမ္မာတဲ့ကလေးပါ၊ ဒီလောက်ကြီး ရိုက်နှက်ဆုံးမစရာ





လိုပါဘူးရှင်"

ဒေါ်စံမိ မျက်နှာထားတင်းတင်းနှင့်ပြောလိုက်လျှင် ... ဦးမိုးကောင်းကင် ဆက်မပြောရဲတော့ပေ။ မိန်းမကိုတော့ ချစ်သည်။ အလိုလိုက်ခဲ့၏။ မိပျော်ရွှင်ဖို့ ဦးမိုးကောင်းကင် ဘယ်လိုပုံစံနှင့်မဆို ဖြည့်ဆည်းပေးချင်ခဲ့၏။ မို စိတ်မသက်သာဖြစ်နေမှန်းသိ၍ မို့လက်မောင်းကိုဆွဲ၍ တိုက်ထဲဝင်လာခဲ့သည်။

"ကိုမိုးနော် ... နန္ဒမိတ်ကို ဘာဖြစ်လို့ဒီလောက်အထိ ကြမ်းကြမ်းဆက်ဆံနေရတာလဲ ... ဒီကလေးက အရွယ်ရောက်နေပြီ၊ ပြီးတော့လည်း တော်တယ်၊ လိမ္မာတယ် ... နောက်ဆို အဲဒီလိုမလုပ်ပါနဲ့ မို ဆုံးဝလက်မခံနိုင်ဘူးနော်"

မို ဒေါသတကြီးနှင့် ဦးမိုးကောင်းကင်လက်တွေကို ဆွဲဖယ်၍ တိုက်ထဲဝင်လာခဲ့သည်။

"ဒက်ဒီ ... ဟိုကောင့်ကို ဒဏ်ရာကြီးကြီးတစ်ခုရအောင် ရိုက်နှက်ဆုံးမထားခဲ့ပြီလား"

သမီးစံ ခပ်ဆတ်ဆတ်လှမ်းမေးနေသဖြင့် ... ဒေါ်စံမိ သမီးကိုဆောင့်ဆွဲလာပြီး ဧည့်ခန်းမှာထိုင်စေသည်။

"သမီးစံ ... အဲဒီလိုလူတွေကို နိုင်ထက်စီးနင်းလုပ်တာ မာမီ လုံးဝမကြိုက်ဘူးလို့ပြောထားတယ်နော်"

"မာမီ ဘာသိလို့လဲ၊ ဟိုဘက်ခြံက ခြံစောင့်သမီးကိုပြောလို့



www.burmeseclassic.com

www.burmeseclassic.com



နာတယ်လေ၊ သူနဲ့ဘာဆိုင်လဲ … စံ့ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတယ်"

"သမီးက ဘာဖြစ်လို့သူများအကြောင်းပြောရတာလဲ၊ အဲဒါ အကုသိုလ်နော် စံ … မိကောင်းဖခင်သားသမီးဆိုတာ ယဉ်ကျေးမှု ရှိရတယ်၊ သမီးလွန်တယ်ဆိုတာ မာမီသိတယ်"

"မာမီနော် … ဘာဖြစ်လို့ ကျွန်တစ်ယောက်ဘက်က နာနေရတာလဲ၊ သမီးက မာမီ့သမီးသွေးသမီးလေ"

"တော်စမ်း … နောက်တစ်ခါ မောင်နန္ဒမိတ်ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံရင် မာမီ မကြိုက်ဘူး၊ သမီး ကလေးမဟုတ်တော့ဘူးနော် … အရှက်သိက္ခာနဲ့နေထိုင်ရမယ်"

"အီး … အီး … မာမီက စံ့ကိုပဲအပြစ်တင်နေတယ်၊ မိထွေးကျနေတာပဲ … နန္ဒမိတ်ရှေ့ကနေ အမြဲတမ်းကာဆီး … ကာဆီးနဲ့ မုန်းတယ်"

စံက … ခြေကလေးဆောင့်ပြီး ဒေါသတကြီးပြန်ထွက်သွားတယ်။ ဒေါ်စံမမို့ စိတ်ပျက်လက်ပျက်နှင့် နာကျင်ဒေါသတွေနှင့် ဆိုဖာဆက်တီပေါ် အရုပ်ကြိုးပြတ်ကျသွား၏ … ကိုမိုးက ပြာပြာသလဲ ထွေးပွေ့သည်။

"မို့ … ဘာဖြစ်တာလဲ၊ မင်းမှာ နှလုံးရောဂါအခံရှိတယ်လေ၊ ဒေါသကို ထိန်းစမ်းပါ"





မို့ တစ်ခုခုဖြစ်သွားမှာ … သူ့ကို ထားရစ်ခဲ့မှာ … ဦးမိုးကောင်းကင် အကြောက်ဆုံး … မို့ကို စိတ်ချမ်းသာပျော်ရွှင်စေရန် အမြဲတမ်းအလိုလိုက် အကြိုက်ဆောင်ထားခဲ့သည်။

"မို့ရယ် … သမီးလေးက ကိုယ်တို့ရဲ့တစ်ဦးတည်းသော သမီးလေးပါ၊ ဒီကောင်လေးက မထေမဲ့မြင်နဲ့ … မာနပြချင်တယ်လေ"

"သူက လူတော်လေးရှင့် … ပညာလည်းကြိုးစားတယ်၊ သူဘာအပြစ်လုပ်လို့လဲ၊ ကိုမိုးက ကိုကြာညိုတို့သားအဖကို အညှိုးကြီးကြီးနဲ့နှိပ်စက်နေသလိုပဲ"

"ကိုယ်က စည်းစနစ်ကြီးတာပါကွာ … လုပ်ငန်းကြီးကြီး လုပ်နေတော့ ဒီလိုပါပဲမို့ရယ်"

မို့မျက်နှာလေး … တင်းမာခက်ထန်နေသဖြင့် ဦးမိုးကောင်းကင်က မနေတတ် … မိမိ ချစ်မြတ်နိုးရတဲ့မိန်းမပါ။ မို့ မနှစ်သက်တဲ့အလုပ်ကို မိမိ ရှောင်ရှားခဲ့သည်။

"မို့ရယ် … နောက်ဆို ကိုယ်ဆင်ခြင်ပါ့မယ်ကွာ … မင်း မကြိုက်တာ ဘာမှမလုပ်တော့ပါဘူးနော်"

"မို့လေ … ကလေးတွေကို နာကျင်အောင်လုပ်တာမျိုး မခံစားနိုင်လို့ပါ ကိုရယ်နော် … မို့သမီးလေးကို သတိရတယ်၊ မို့ နှလုံးသားတွေ နာကျင်ရလို့ပါ"

www.burmeseclassic.com



မို မျက်ရည်တွေစီးကျလာသည်။ မို့ကလေး ဘယ်လို[illegible] သွားလဲ။ အသက်မသေဘဲ အနှိပ်စက်ခံနေရမှာ စိုးရိမ်ကြောက်[illegible] သည်။

"မို့သမီးလေးလေ ... အသက်ရှင်လျက်နဲ့ အနှိပ်စက်ခံနေ[illegible] လားပဲ ... မို မတွေးရဲဘူး၊ မို့ရှေ့မှာ ကလေးတွေ အနှိပ်စက်ခံရ[illegible] မို အရမ်းနာကျင်ရတယ်၊ သေချင်မတတ်ဘဲ"

"မိုရယ် ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် သတိထား[illegible] မှာပါ၊ နောက်ဆို ... လုံးဝမဖြစ်စေရဘူး"

ဟိုဘက်ခြံက ... ခြံစောင့်သမီးလေးကိုလည်း သမီး[illegible] နှမ်နှမ်ချချဆက်ဆံပြောဆိုတာ မိုလည်း ခံစားရသည်။ သနား[illegible] ၏။ စံရောကိုမိုးရောက အဆင့်အတန်းခွဲခြားပြီး မောက်မာချင်[illegible] ၏။ မို လက်မခံနိုင်ပေ။ နန္ဒမိတ်ကိုလည်း မို ငယ်စဉ်လေးထဲက[illegible] အကာအကွယ်ပေးခဲ့သည်။

"ဟိုကလေးကို ဆေးသွားထည့်ပေးရမယ်၊ နန္ဒမိတ်က [illegible] ကြိုးစားနေတာလေ"

"မို မသွားပါနဲ့ကွာ ... သူတို့မှာ ဆေးတွေရှိပါတယ်"

"သွားရမယ်၊ မသွားလို့မဖြစ်ဘူး၊ ကို လာပြီးမကန့်ကွက်[illegible] နော် ... ဒါပဲ"

ဒေါ်စံမို ... ဆေးသေတ္တာကိုယူပြီး ခြံစောင့်အိမ်လေး[illegible]





သွားခဲ့သည်။ ဟိုဘက်ခြံက ကောင်မလေးအကြောင်း သိချင်လို့ပါ။ မို လုပ်ချင်တာလုပ် ... ကိုမိုး မတားဆီးနိုင်။ မို ဒီကနေထွက်သွားမှာနော်ဟု ခြိမ်းခြောက်ထား၍ဖြစ်၏။ ခြံစောင့်အိမ်လေးထဲ ရောက်လာသည်။

"နန္ဒမိတ်ရေ ... သားလေး"

"ဟင် ... သူဌေးကတော် ... ဘာလာလုပ်တာပါလဲ ခင်ဗျာ"

သူဌေးကတော် ဆေးအိတ်ဆွဲပြီးဝင်လာ၍ ... ဦးကြာညို အထိတ်တလန့်နှင့် ပြူးပြူးပြာပြာဖြစ်သွားရသည်။ မိမိ ထလည်း မထနိုင်ပေ ... သားကိုရိုက်နှက်လိုက်၍လည်း မိမိ ဘယ်လို တောင်းပန်ရမလဲ စဉ်းစားနေရသည်။

"နန္ဒမိတ် ... မာမီ ဆေးထည့်ပေးဖို့လာတာပါ၊ ကိုမိုးက ဒေါသကြီးတယ်လေ၊ သမီးစံ မှားတာပဲ ... မောင်နန္ဒမိတ်က အမှန် အတရားဘက်ကဆိုတာ မာမီကြီးသိပါတယ်"

မို စိတ်မကောင်းဖြစ်ရလွန်း၍ ... နန္ဒမိတ်ပါးပြင်ပေါ်မှ လက်ဝါးရာတွေကို ဆေးထည့်ပေးမိသည်။

"သူဌေးကတော် ရပါတယ်ခင်ဗျာ ... ကျွန်တော့်သားရဲ့ ရိုင်းပျမှုတွေအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"မတောင်းပန်ပါနဲ့ ဦးကြာညို ... နန္ဒမိတ် မမှားပါဘူး ဟို ဘက်ခြံကကောင်မလေးကို မဆီမဆိုင် မနာလိုဝန်တိုဖြစ်ပြီး ချိုးနှိမ်

www.burmeseclassic.com



ပြောနေတာ ... သမီးစံ မှားတာပဲ"

"ဗျာ ... "

သားကို ဘာဖြစ်လို့ သူဌေးကုရိုက်တာလဲဆိုတာ မေးမေး သူဌေးကိုယ်တိုင်က မိမိတို့သားအဖအား အကြောင်းမရှိအကြောင်း ရှာ ရိုက်နှက်တတ်၍ ... ဆက်မမေးတော့။ ရင်တွေ တဆတ်ဆတ် တုန်လာသည်အထိ စိတ်ထိခိုက်ရသည်။

"ဟိုဘက်ခြံကကောင်မလေးက ချစ်စရာလေးနော် ... မာမီ ကြီးတောင် မြင်မြင်ချင်းချစ်မိတယ်၊ ခြံစောင့်ကြီးသမီးလား၊ နာမည် လေးကရော"

"သူ့အဖေက ဦးမြတ်သစ်တဲ့ ... ခြံစောင့်ကြီးပါ သူ့နာမည်က မေရန်မခတဲ့လေ ... ကျွန်တော်နဲ့ ဘဝတူရှိ ရုတ်တရက် ဒေါသထွက် သွားမိတာပါ မာမီကြီး ... "

"မေရန်မခတဲ့လား ... နာမည်လေးကလည်း ဆန်းတယ် ကလေးမမှာ အမေမရှိဘူးလား"

"မရှိဘူး ထင်တာပဲ မာမီကြီး ... မခအဖေပဲတွေ့တယ်"

"မခ ... "

"သူစကားပြောရင် ထည့်ပြောတတ်တဲ့နာမည်လေးပါ"

"ဪ ... "

ဦးကြာညိုကတော့ နေမထိထိုင်မသာနှင့် အပူမီးတွေအ



ယ်ထိပ်အထိ တက်လောင်တော့မလို ပူလောင်နေသည်။ သူဌေး ကတော်ကလည်း စိတ်ဝင်စားနေပုံပင်။ ဘုရားရေ ... ဒုက္ခတွေ ကောင်းကောင်းတွေ့တော့မယ်ထင်တယ်။ မြတ်သစ် ... ဒီကောင့် ကို အမြန်ဆုံးတွေ့ပြီး မောင်းထုတ်ရမယ်။ သူဌေးကတော်က ဆေး ထည့်ပေးပြီး မုန့်ဖိုးလည်း အတင်းပေးကာ ပြန်သွားသည်။ မိမိခြေ သလုံးမှ ဒဏ်ရာတွေ့သွားမှာစိုး၍ ထိုင်ရာကမထ။ သူဌေးကတော် ပြန်သွားမှ သားကိုဆူရသည်။

"ဟေ့ကောင် နန္ဒမိတ် ... မင်းမှားတာပဲ၊ မဆီမဆိုင်ကွာ ကိုယ့်ထမင်းရှင် သူဌေးရဲ့သမီးကိုများ ဟိုခြံစောင့်သမီးဘက်ကနေ နာရတယ်လို့"

နန္ဒမိတ် ငြိမ်သက်နေမိသည်။ အဖေက သူ့သူဌေးဘက်ကပဲ ရပ်တည်မှာပါ။ ကျေးဇူးသစ္စာကို ပြားပြားဝပ် ဆောက်တည်တဲ့ အဖေ၊ ကျွန်ဆိုတဲ့ ခါးသည်းတဲ့အသုံးအနှုန်းမျိုးကို နန္ဒမိတ် ရှုံ့မုန်း လွှန်းပေမယ့် မကြာခဏ ကြားနေခဲ့ရသည်။

"မင်း တောင်းပန်ရမယ် ... သခင်မလေးကိုလည်း ကျေနပ် တဲ့အထိ ဒူးထောက်တောင်းပန်ရမယ် နန္ဒမိတ် ... "

"ကျွန်တော် မတောင်းပန်နိုင်ဘူး အဖေ၊ ကျွန်တော့်အပြု အမူအတွက် ပါးကိုအချက်ပေါင်းများစွာ အရိုက်ခံထားရပြီးပြီပဲ၊ သူဌေးကတော် မာမီကြီး ရောက်လာလို့ပေါ့ ... သူဌေးက ကျွန်

www.burmeseclassic.com



တော့်ကို သတ်ပြစ်မလားဘဲ … ကျွန်တော် လုံးဝမတောင်းပန်ဘူး ယောကျ်ားမာနပဲ အဖေ … ”

“မင်း … မင်းက အဖေကိုပါ ဆန့်ကျင်စကားတွေပြောနေတတ်ပြီလား နန္ဒမိတ် … မင်းအရွယ်ရောက်လာလို့ ဖအေနဲ့ပခုံးချင်း ယှဉ်တာပေါ့လေ … ”

ဟိုဘက်ခြံက ကောင်မလေးကြောင့် ကိုယ့်အလုပ်ရှင်သမီးကို ရိုင်းပျတာတော့ ဦးကြာညို လက်မခံနိုင်ပေ။ သူ့ရွှေးသာ အဲဒီကောင်မလေးကိုတွေ့သွားရင်မလွယ်ဘူး။ မြတ်သစ်ကို ပြောရမယ် ထွက်သွားဖို့လုပ်ရမယ်။ နှစ်ပေါင်းဆယ့်ခြောက်နှစ်လောက် အေးချမ်းနေရာမှ မီးစကဲ လေလွင့်လာ၏။ သားကိုပဲ မဲဆူမိသည်။

“အဖေ … ဒီကနေ ထွက်သွားရအောင်ပါ၊ ကျွန်တော် ဆရာဝန်လည်း မဖြစ်ချင်တော့ဘူး၊ စာလည်း မကြိုးစားချင်တော့ဘူး အနှိပ်စက်မခံပါနဲ့တော့ဗျာ”

“မင်း … မင်းပါးစပ်ကို ပိတ်ထားစမ်း … ကြမ်းကြားလေကြား ဒီကနေထွက်သွားဖို့က လွယ်မယ်ထင်နေလား၊ မင်းဆရာဝန်ဖြစ်အောင် ကြိုးစားရမယ်၊ သူတို့အရိုးနဲ့ သူတို့ကိုပြန်ထိုးရမယ်ကွ၊ သူဌေးက ကြိုက်သလောက်နှိပ်စက်နေပါစေ မင်းဆရာဝန်ဖြစ်ဖြစ် အင်ဂျင်နီယာကြီးပဲဖြစ်ဖြစ်လေ … တို့မြတ်တယ်၊ လွတ်မြောက်မယ်၊ ဒါမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်မှာကွ၊ မင်းမှတ်





ထားစမ်း … ”

သားကိုလည်း သနားတယ်။ မိမိအမှားတစ်ခုကြောင့် သားလေးက အပြစ်မဲ့စွာ အစေခံသား ကျွန်သဘောက်ဖြစ်နေရသည်။ သားရုပ်ရည်က ဘယ်လောက်ခန့်ညားလဲ။ အနာဂတ်မှာ မျှော်လင့်ချက်တွေက အများကြီးပဲ။ လုံးဝအပျက်စီး မခံနိုင်ဘူး။ သားက မကျေမနပ်နှင့် သူ့အိပ်ခန်းလေးထဲ ဝင်သွား၏။ ဦးကြာညို မထနိုင်။ ခြေသလုံးဒဏ်ရာကြောင့် မထောက်နိုင်သေးပေ။ သားပါးပြင်ပေါ်က ဒဏ်ရာတွေကြောင့်လည်း စိတ်ထိခိုက်ကြေကွဲရသည်။

www.burmeseclassic.com

## အခန်း ( ၁၀ )

နန္ဒမိတ် ဝင်လာတော့ သူရင်ဆိုင်ဖြတ်သန်းနေရတဲ့ လက်ရှိဘဝကို စိတ်ပျက်မုန်းတီးနေမိသည်။ အဖေ့ဆန္ဒနှင့် သူဌေးသမီးတုန္ရှိင်းစံကို ဒူးထောက်တောင်းပန်လိုက်ရ၏။ မာမီကြီး နောက်ကွယ်မှာပါ။ သူဌေးက နောက်ဆို ငါ့သမီးလေးနဲ့ ပြဿနာတက်ရင် မင်းအသေပဲတဲ့။ ငါ့အကြောင်းကို မင်းအဖေ သိပါတယ်။ မလောက်လေး မလောက်စားက အာခံဖို့ မကြိုးစားနဲ့တဲ့။ ဟုတ်ကဲ့ ကျွန်တော်မှားသွားပါတယ် တောင်းပန်ပါတယ်ခင်ဗျာ။ နောက်တစ်ခါထပ်လုပ်ရင် သူဌေးပေးတဲ့အပြစ်ကို ခံယူပါ့မည်ဟု ပြောခဲ့ရသည်။

"အဖေ့ကြောင့်ပဲ ... ငါ့ဘဝအတွက်လား ... ဘာတွေလဲကွာ"

အဖေမှာရော သူ့မှာပါ ယောက်ျားဆိုတဲ့ အရှိန်အဝါနှင့် မာန်မာနတွေကင်းမဲ့နေသည်။ အောက်ကျ နောက်ကျနိုင်လွန်းနေ၏။





အဖေပဲ နေခဲ့ ကျွန်တော်ထွက်သွားမယ်ဆိုတော့လည်း အဖေ သေမှာ မင်းကြည့်ရက်လားတဲ့။ နန္ဒမိတ် စိတ်ညစ်ပြီး သူတို့ခြံနှင့်ခပ်လှမ်းလှမ်းတွင် ရှိနေသည့် ပန်းခြံလေးဆီရောက်လာပြီး ထိုင်နေမိသည်။

"ဟုတ်တယ် ... သူတို့မိသားစုကို တစ်နေ့နေ့မှာတော့ ငါ အနိုင်ယူနိုင်ဖို့ ကြိုးစားရမယ် ... အဖေ ပြောသလိုပဲ အရှုံးထဲကနေ အမြတ်ကိုရအောင် ယူပစ်ရမယ်"

အံသွားတွေကို တင်းကြပ်စွာ ဖိကြိတ်ထားမိသည်။ ရင်ထဲမှာ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုလို ပေါက်ကွဲနေ၏။ သူဘာဆက်လုပ်သင့်လည်းဆိုတာကိုပဲ စဉ်းစားနေသည်။

"နန္ဒမိတ် ... နင်က ဟိုဘက်ခြံက နန္ဒမိတ် မဟုတ်လား"

သူ့ရှေ့မှ ထွက်ပေါ်လာတဲ့အသံကြောင့် သူမော့ကြည့်လိုက်တော့ မေရန်မခ ဖြစ်နေသည်။

"အင်း ဟုတ်တယ် ... မေရန်မခရော ဒီကိုဘာလာလုပ်တာလဲ"

"မခလို့ပဲ ခေါ်ပါနော် ... နန္ဒမိတ်နဲ့မခက ဘဝတူတွေဆိုတော့ ခင်မင်ချင်ပါတယ် ... "

နန္ဒမိတ်ကို မခ အရမ်းပဲသနားနေမိသည်။ မခအပေါ်ထပ်ကနေတွေ့တာ သူဌေးသမီး တုန္ရှိင်းစံအား ဒူးထောက်၍ တောင်းပန်နေရတာတွေ့လိုက်၏။ သူဌေး ပါးရိုက်တာလည်း တွေ့လိုက်ရ

www.burmeseclassic.com



သည်။ မခတို့ခြံရှင်သူဌေးနဲ့တော့ တခြားစီပဲ။ သူဌေးသားနောင်ကလည်း စိတ်သဘောထား ပြည့်ဝ၏။ နန္ဒမိတ်ပါးပြင်ပေါ်မှာ ဒဏ်ရာတွေ ပြည့်နှက်နေသည်။

"နန္ဒမိတ် ... လောကကြီးက ဒီလိုပါပဲ ... မခကတော့လေ ဘယ်တော့မှ လောကကြီးကို စိတ်မပျက်ဘူး၊ ပျော်ပျော်ပဲနေတယ်၊ နယ်မှာနေတုန်းက အဖေနဲ့မခ ... ပုလင်းတွေ ပစ္စည်းအဟောင်းတွေ လိုက်ဝယ်ပြီး ရောင်းရတယ် ... အခု သူဌေးတွေ ရန်ကုန်ပြောင်းလို့ မခပညာရေးကို တာဝန်ယူပေးမယ်ဆို့ လိုက်လာတာပါ"

မေရန်မခ မျက်ဝန်းလေးတွေက ဖြူစင်တောက်ပပြီး ကြည်လင်နေသည်။ သူကတော့ အမြဲတမ်း အလိုမကျမှုတွေနှင့် မှုန်ကုတ်ကုတ်။

"ထိုင်မယ်နော် ..."

"မခ ... ဒီကိုလာတတ်လား"

"အင်း ... ကျွန်းမာရေးလေ့ကျင့်ခန်း လာလုပ်တတ်တယ်လေ"

"ကိုယ်ကတော့ စိတ်ရှုပ်ထွေးစရာတွေတွေ့ရင် လာထိုင်တတ်တယ်"

"ဟုတ်လား"

နန္ဒမိတ်နောက်ကို မခ တမင်လိုက်လာခဲ့တာပါ။ အားပေး





ချင်လို့။ မခ အပေါ်ထပ်မှ သန့်ရှင်းရေးလုပ်ပေးနေရင်း နန္ဒမိတ်တို့ မျက်စိထဲ လှမ်းမြင်နေရသည်။

"မခတို့ အလုပ်ရှင်တွေကလေ အရမ်းပဲ စိတ်သဘောထားပြည့်ဝကြတယ် ... အဆင့်အတန်း မခွဲခြားကြဘူး ... နောင်နဲ့လည်း သူငယ်ချင်းအဖြစ် ခင်မင်ခွင့်ရှိတယ်"

မခက အသေအချာကြည့်လေ ချောမောလှပငယ်ရွယ်နုပျိုသည် ခြံစောင့်ကြီး သမီးဟုပင် မထင်ရ၊ သူဌေးသမီး တူနိုင်းစံထက်ထင် ချောမောသည်။

"အဖေကလေ ... မခအလုပ်လုပ်တာကို မကြိုက်ဘူး ... ဒါပေမဲ့လေ မခက အဖေပင်ပန်းနေတာကို လုံးဝမကြည့်ရက်ဘူး၊ အတင်းဝိုင်းကူလုပ်ပေးတယ်"

"ကိုယ်လည်း ဒီလိုပါပဲ ... အဖေကြောင့်ပါ ... သူဌေးတွေလက်အောက်ကနေ လွတ်မြောက်အောင် ရုန်းထွက်လို့မရဘူးလေ"

တစ်ဘက်ခြံက မေရန်မခ ရောက်လာ၍ နန္ဒမိတ် အထီးကျန်သလို ခံစားရသည်။

"အဖေက ကိုယ့်ကိုပညာတတ်ကြီးဖြစ်စေချင်တယ်၊ ကိုယ့်ပညာရေးအတွက် သူဌေးကတော်က တာဝန်ယူထားတယ်လေ ... ဒါကြောင့် အဖေက အနစ်နာခံပြီးနေတာ"

"နန္ဒမိတ်တို့ သူဌေးကတော်က အရမ်းချောတယ်၊ ဖုဖတ်



www.burmeseclassic.com

www.burmeseclassic.com



တောင့်ဖြောင့်နေတာပဲ"

"သူဌေးကတော်က စိတ်သဘောထား ပြည့်ဝတယ်၊ သနား ကြင်နာတတ်တယ် … ကိုယ့်ကို ကာကွယ်ပေးပါတယ်"

"မခ မြင်ပါတယ် … နန္ဒမိတ်ရဲ့ အနာဂတ်ရည်ရွယ်ချက်က ဘာလဲဟင်"

"ကိုယ်ဆရာဝန်ဖြစ်ချင်တယ်၊ အထူးကုဆရာဝန်ကြီးတစ် ယောက်ပဲ ကိုယ်တက္ကသိုလ်ဝင်တန်းအောင်ရင်တောင် မြန်မာပြည် တစ်ပြည်လုံးမှာ ပထမရချင်နေတယ်"

"လောဘကြီးလိုက်တာ"

"မဖြစ်နိုင်ဘူးလား မေရန်မခ … ဘာလဲ သူဌေးသားသမီး တွေ ကျူရှင်တွေ ဂိုက်တွေအများကြီး ငှားနိုင်မယ့်သူတွေမှ ရနိုင် တဲ့အရာတွေလား"

"မဟုတ်ပါဘူး … မခလည်း စိတ်က အဲဒီလိုပဲဖြစ်ချင်တယ် လေ … ရည်မှန်းထားတာပေါ့၊ ကိုယ်ကြိုးစားရင် ဘာဖြစ်လို့ မဖြစ် နိုင်ရမှာလဲ"

နန္ဒမိတ်ရဲ့ မာနတွေလိုပဲ။ မခမှာလည်း ရှိနေသည်။ အနိမ့်ခံ ဘဝကို နန္ဒမိတ် အတော်လေးမုန်းတီးနေမှာပဲ။ မခကတော့ ဘယ် သူ့ကိုမှ ဂရုမစိုက်။ ဘဝရဲ့ရည်မှန်းချက်ကိုပဲ အမိကထား၏။ မခ ကျင်လည်ပတ်သက်တဲ့ အသိုင်းအဝိုင်းက နန္ဒမိတ်လိုမဟုတ် လူ





သားဆန်ကြသေးသည်။

"မခမှာလည်း မာန်မာနရှိတယ် နန္ဒမိတ်လိုပဲလေ … အနာ ဂတ်ပေါ့ … အကောင်းဆုံးတွေပဲ ပိုင်ဆိုင်ရယူချင်တယ်"

"မခ"

"ဟင် … "

"ကိုယ့်အဖေ ပြောသလိုပဲ၊ သည်းခံနေသင့်လား"

"အင်း … "

"ဘာဖြစ်လို့လဲ … မခနဲ့ကိုယ်က ခြံစောင့်သားသမီးတွေချင်း တွေ့နေပေမယ့် ကံကြမ္မာက မတူဘူး မခ … ကိုယ်တို့သူဌေးက အဖေနဲ့ကိုယ့်ကို အကြောင်းမဲ့ရာပြီး နှိပ်စက်တယ်၊ နှိမ်ချဆက်ဆံ တယ် … ကိုယ်နဲ့သူ့သမီးကို လုံးဝခွဲခြားထားတယ်၊ ကိုယ်ကလဲ သူဌေးသမီး တုန်ုင်းစံကို အရှုံးမုန်းဆုံးပဲ"

"နန္ဒမိတ်ရယ် … စိတ်ကို လျှော့လိုက်ပါ၊ နင်ဖြစ်ချင်တာ တွေ ဖြစ်အောင် ဒီမှာပဲ အမှီပြုရမယ်လေ … မဟုတ်ဘူးလား၊ သည်းခံပါ"

နန္ဒမိတ်ရဲ့စိတ်ဓာတ်ကို မခလေးစားမိသည်။ မခလိုပဲ ဆရာဝန်ဖြစ်ချင်တာပါ။ ဝါသနာချင်းလည်း တူနေကြ၏။ ဘာဖြစ် မှန်းမသိဘဲ မခရင်ထဲမှာ နန္ဒမိတ်အပေါ် သံယောဇဉ်တွေ တွယ်ငြိနေသည်။ အားပေးနှစ်သိမ့်ပေးချင်၏။ နောင်နဲ့တောင် မတူ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နောင် ဘယ်လောက်ပဲ သူမနှင့်အရောတဝင်နေပါစေ မခမာန
တွေနှင့် တုန့်ပြန်တတ်သည်။ သံယောဇဉ်မရှိလို့တော့ မဟုတ်ပါဘူး
သူက သူဌေးသားလေ။

"စံမွေးနေ့ကိုတော့ မခ လုံးဝမလာတော့ပါဘူးနော်၊ ဘာဖြစ်
လို့လဲဆိုတော့လေ နန္ဒမိတ်ကို နှိမ်ချဆက်ဆံတာ လုံးဝမကြိုက်လို့
ပါ"

မခကို သူ့အတွက် ခွဲတန်းချပေးထားပြီး မခကို နှိမ်ချဆက်
ဆံသဖြင့် နန္ဒမိတ်နှင့် ပြဿနာဖြစ်ခဲ့ခြင်းဖြစ်သည်။ မခက မသိပေ။

"သူဌေးတွေကိုပဲ ရွေးဖိတ်တာလေ ... မခတို့ ခြံစောင့် သား
သမီးတွေက ဘာသွားလုပ်မှာလဲ"

နောင်ကတော့ သူမအား အတင်းအကြပ်ခေါ်မှာ သေချာ
သည်။ မလိုက်ပါဘူး ... မခလည်း တုန်ရှိန်းစံနှင့် မပတ်သက်လိုပေ။
နန္ဒမိတ်အပေါ် မတရားအနိုင်ကျင့်တာ သဘောမကျမိ။ ပန်းခြံထဲ
မှာ သူမလာထိုင်တာ ပထမဆုံးပဲ။ ဒါပေမဲ့ ... နန္ဒမိတ်ကိုတော့
မကြာခဏ လာသယောင်ပြောလိုက်သည်။ နှင့်ကြောင့် မခတောင်
လိမ်ညာတတ်နေပြီ နန္ဒမိတ်။ တည်တင်းခန့်ညားတဲ့ နန္ဒမိတ်မျက်နှာ
ကို သဘောကျမိ၏။ နောင်လည်း ချောပါတယ် ... ပုံစံက စပ်ဖြဲဖြဲ
မခကို အရောတဝင် လာလာလုပ်တာလည်း နောင့်အကျင့်ကို
မကြိုက်။ မခ ဘယ်လောက်ပဲ ထူးချွန်ထက်မြက်နေပါစေ ခြံစောင့်





တာ ခြံစောင့်သမီးပဲလေ။

"သွားတော့မယ် မခ ..."

"ဟင် ... သွားတော့မလို့လား"

"ကိုယ် စာကျက်ရဦးမယ်"

သူ ထွက်သွားသည်။ လူမှုရေး မရှိလိုက်တာ။ မခကိုပင်
မတန်သလိုလို စကားမပြောချင်သလိုလိုနှင့် ထွက်သွား
မခကတော့ သူ့ကိုအားပေးနှစ်သိမ့်ပေးဖို့ လာတာများ မိန်း
းတန်မဲ့ ဘယ်လောက်အောက်ကျရလဲ။ မခ ချက်ချင်းကြီး
းလည်း မကောင်း၍ ဆက်ထိုင်နေလိုက်သည်။

"သမီးလေးက ဟိုဘက်ခြံက ကောင်မလေးလား ... ဘာတဲ့
ခ ..."

"ရှင်"

နန္ဒမိတ်အကြောင်းတွေးပြီး မကျေမနပ်ဖြစ်နေမိတဲ့ မခတစ်
က် သူမဘေးမှထွက်ပေါ်လာတဲ့ အသံကြောင့် အထိတ်တ
နှင့် ကြည့်မိသည်။ သူမဘေးမှာ တုန်ရှိန်းစံအမေ ဝင်ထိုင်နေတာ
မခ သတိမထားမိ။ နန္ဒမိတ်နဲ့ချိန်းတွေ့တယ်လို့ ထင်မှာ ရှက်မိ
၏။ ပြုံးတုံးကြောင်တောင်နှင့် ဖြစ်နေသည်။

"သြော် ... ဟုတ်ကဲ့ မေရန်မခပါ ... ဟိုဘက်ခြံက ခြံစောင့်

www.burmeseclassic.com



ကြီးသမီးပါ"

မေရှန်မခကို တွေ့လိုက်ရ၍ မှီ ပန်းခြံထဲဝင်လာခဲ့ခြင်းဖြစ်သည်။ နန္ဒမိတ်ကို လာရှာတာပါ။ နန္ဒမိတ် ပြန်သွားပြီဖြစ်၏။ မေမ မခ မျက်နှာပြင်လေးပေါ်မှာ ပန်းနုရောင်ရက်သွေးလေးတွေ ဖျာပြီး ခေါင်းလေးငုံ့သွားသည်။

"မောင်နန္ဒမိတ်ကို မာမီကြီး လာရှာတာပါ ... ဒီကလေးက သနားစရာကောင်းတယ်၊ အရမ်းကြိုးစားပြီး ထူးချွန်ထက်မြက်တယ်လေ ... အတန်းတိုင်းမှာ ဆုရတယ်၊ အဆင့်ကတစ်ပဲ"

နန္ဒမိတ်ပြောတဲ့စကားတွေကို မခ ပြန်၍ကြားယောင်မိသည်။ သူ့ရဲ့ဖြစ်ချင်တဲ့ဆန္ဒနှင့် ရည်မှန်းချက်တွေက မြင့်မားလှ၏။ မခလည်း ကိုယ်ချင်းစာပါတယ်။ တစ်ဘက်ခြံက သူဌေး တော့ ကိုယ်လည်း ရဲရဲမကြည့်ရဲ၊ ဘာဖြစ်လို့မှန်းမသိပါဘူး။ ရင်တွေ တဆတ်ဆတ်တုန်ယင်လာသည်။

"သမီးလေး ... "

"ရှင် ... "

"ဘာဖြစ်လို့လဲ ... သမီးကိုကြည့်ရတာ ရှက်နေသလို လက်ဖျားလေးတွေ အေးစက်နေပါလား"

သမီးလေးဟုခေါ်ပြီး သူမလက်ဖျားလေးကို ဆုပ်ကိုင်လိုက်၍ လန့်သွားသည်။ မေမေ့ကို သတိရမိလာသလိုပဲ။ မခ



အိပ်မက်ထဲမှာတွေ့လိုက်ရတဲ့ မခမေမေနှင့် တစ်ပုံစံတည်းဖြစ်နေသည်။

"မောင်နန္ဒမိတ်ကို ခင်လား ... "

"ဟုတ် ... ဟုတ်ကဲ့ ... သူ့ ... သူ့ကိုလေ သူဌေးကရိုက်နေတာရော သူဌေးသမီးလေးရှေ့မှာ ဒူးထောက်တောင်းပန်နေရတာရော အပေါ်ကနေ တွေ့ရပြီးထဲက အားပေးနှစ်သိမ့်ပေးချင်နေတာပါ"

မခနှင့်နန္ဒမိတ်တို့ ချိန်းတွေ့ကြတာ မဟုတ်ကြောင်း မသိမသာရှင်းပြလိုက်သည်။

"မခ ကိုယ်ချင်းစာပါတယ် ... သူကယောကျ်ားလေးလေ ပိုပြီးရှက်မှာပါ၊ အဲဒါကြောင့် သူထွက်လာတာတွေ့လို့ မခလိုက်လာခဲ့မိတာပါ သူဌေးကတော် ... "

"သမီးလေးရယ် ... မာမီကြီးသိပါတယ်၊ ဒီလောက်အထိရှင်းပြနေစရာမလိုပါဘူးကွယ် ... မောင်နန္ဒမိတ်ကို မာမီကြီးလည်း သနားတယ်၊ မာမီကြီးယောကျ်ားနဲ့ သမီးက အတ္တကြီးကြတယ်၊ မောက်မာကြတယ်လေ ... မာမီကြီးလည်း လုံးဝမကြိုက်ဘူး"

မေရှန်မခလေးက သေသေချာချာကြည့်မှ ပို၍ပင်ချောမောလှပနေသည်။ မှီယံစဉ်ဘဝကနှင့် တူနေ၏။ အံ့သြစရာကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး မေမေကရော ... "

"သမီးကိုမွေးပြီး မီးတွင်းထဲမှာပဲ သွေးတက်ပြီးကွယ်လွ
သွားတယ်လို့ ဖေဖေက ပြောပြပါတယ်"

"ဟုတ်လား ... "

"မခနဲ့ဖေဖေ ကြိုးစားရုန်းကန်ပြီး ဘဝမှာရပ်တည်ခဲ့ရတာ
ဖေဖေက မခကို မခိုင်းရက်ဘူး၊ ပညာတတ်တစ်ယောက်ပဲ ဖြစ်
ချင်တယ် ... မခကသာ အတင်းဖေဖေပင်ပန်းတာ မကြည့်ရက်လို့
ဝင်ကူတာ ... ပုလင်းအလွတ်တွေ ပစ္စည်းအဟောင်းအစုတ်
ရောင်းဝယ်ကြတယ်၊ မခကတော့ လုံးဝမရှက်ပါဘူး၊ သူဋ္ဌေး
ဖေဖေ့ကို သဘောကျပြီး ခြံစောင့်အဖြစ် ရန်ကုန်ကိုခေါ်လာတာ

မေရန်မခရဲ့ မျက်နှာလေးပေါ်မှာ ဂုဏ်ယူဝံ့ကြွားဟန်
နှင့် တက်ကြွနေသည်။ ခြံစောင့်သမီး ... ပစ္စည်းအဟောင်းအစု
တွေရောင်းဝယ်သူရဲ့ သမီးလေးက ဒီလောက်အထိသန့်ပြီး ဖြူ
ချောမောနေတာပါလား။ အံ့ဩစရာပဲ ... မိမိသမီးလေးလည်း
အရွယ်လောက်ပဲရှိမယ်။ မို့ကိုယ်တိုင်က ဒီလိုအရွယ်ကလေးတွေ
တွေ့လျှင် မို့သမီးလေးကို သတိရပြီး ကြင်နာသနားတတ်သည်။

"မေရန်မခက ကြီးလာရင် ဘာတွေလုပ်ဖို့ရည်ရွယ်ထားလဲ"

"ဆရာဝန်ပါ ... "

"မောင်နန္ဒမိတ်နဲ့ ရည်ရွယ်ချက်ချင်းတူတာပဲ၊ ကြိုးစားလေ





လိုအပ်တဲ့အကူအညီရှိရင်လည်း ပြောလေ ... "

"မလိုပါဘူးရှင် ... မခတို့သူဋ္ဌေးက သူတို့သားနဲ့အတူတူ
ကျူရှင်တက်ရပါတယ်၊ လိုအပ်တာတွေ တာဝန်ယူပါတယ်"

"ဟုတ်လား ... "

ခြံစောင့်သမီး ချောချောလေးနဲ့ သူဋ္ဌေးသားတို့ အတူတူ
နေထိုင်ခွင့်ပြုထားတဲ့ လူတွေရဲ့ စေတနာ မေတ္တာကို လေးစားမိ
သည်။ မို့ယောက်ျားကတော့ သူ့သမီးကို မောင်နန္ဒမိတ်နှင့်နီးစပ်
မှာကြောက်ပြီး မောင်နန္ဒမိတ်အား နှိမ်ချဆက်ဆံထားသည်။ ကျွန်
တဲ့ ... မို လုံးဝမကြိုက်။ မိုလစ်လျှင် လစ်သလို နှိပ်ကွပ်တတ်၏။
သမီးလေး ကံကောင်းသည်။

"သူဋ္ဌေးကတော်"

"မာမီကြီးလို့ပဲ ခေါ်ပါ"

"ဟိုလေ ... နန္ဒမိတ်ကို ကာကွယ်စောင့်ရှောက်ပေးစေချင်
ပါတယ်၊ ဟိုလေ ... သမီးနဲ့အခုမှ တွေ့ကြပေမယ့် နန္ဒမိတ်ဘဝကို
သနားမိနေတယ်၊ ကိုယ်ချင်းလည်းစာပါတယ် ... ဒါကြောင့်ပါ၊ သူ့
မျှော်လင့်ချက်တွေ ရုပ်တန့်ပျောက်ပျက်သွားမှာ စိုးရိမ်နေပါတယ်"

"စိတ်ချပါကွယ် ... မာမီကြီးလည်း ဒီကလေးဘဝ လမ်း
ကြောင်းပျောက်သွားမှာ အရမ်းစိတ်ပူတယ် ... သူလေးဖြစ်ချင်တာ
ကိုဖြစ်ရမှာပါ၊ မာမီကြီး စောင့်ရှောက်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ"

တစ်ဖက်ခြံမှ သူဌေးကတော် မာမီကြီးကို နှုတ်ဆက်ပြီး ထပြန်လာခဲ့မိသည်။ စိတ်ထဲမှာ ကျေနပ်မိနေ၏။ ဘာဖြစ်လို့လဲဆိုတော့ နန္ဒမိတ်ကို စောင့်ရှောက်ပေးဖို့ ပြောလိုက်ရလို့ပါ။ မာမီကြီးလို အမေတစ်ယောက် မခအလွန်အမင်း လိုချင်လာခဲ့သည်။ ခြံထဲပြန်ရောက်လာတော့ ဖေဖေ မြက်တွေရှင်းနေ၍ မခလည်း အပြေးအလွှား ဝိုင်းကူပေးမိ၏။ ဖေဖေက သမီး စာပဲကျက် ဘာမှမလုပ်နဲ့ တားပေမယ့်လည်း ဖေဖေပင်ပန်းတာကို မခ မကြည့်ရက်။ မခပဲ ဝိုင်းကူလုပ်ပေးနေမိသည်။

## အခန်း ( ၁၁ )

မေရန်မခလေးကို တွေ့ရတော့ ပျောက်ဆုံးသွားတဲ့ မှို့သမီးလေးအား လွမ်းဆွတ်သတိရမိလာသည်။ ဒီအရွယ်လောက်ပဲ။ မှီနဲ့တောင် ရုပ်ချင်းဆင်တူနေသလိုပင်။ တစ်ဖက်ခြံက ခြံစောင့်ကြီးနဲ့ တွေ့ချင်တယ်။ သမီးလေးအကြောင်းသိချင်လို့ပါ။ မှီ ခြံထဲပြန်ရောက်လာသည်။

"နန္ဒမိတ်ရော ဦးကြာညို ..."

"ဗျာ ... အခုပဲ ပြန်ရောက်လာပါတယ်၊ သူဌေးကတော် ဘယ်ကနေ ပြန်ရောက်လာပါလဲခင်ဗျာ ..."

"ရှင်"

"ဟို ... ဟို သားက ပြောလို့ပါ သူဌေးကတော် ပန်းခြံထဲမှာတဲ့"

"သြော် ... ဟုတ်တယ်၊ မောင်နန္ဒမိတ်ကို သွားရှာတာပါ



www.burmeseclassic.com

www.burmeseclassic.com



သားက ပြန်သွားပြီလေ၊ ဟိုဘက်ခြံက မေရန်မခနဲ့တွေ့လို့ ထိုင်စကားပြောနေတာပါ"

"ဗျာ ... ဘယ်လို ဟိုဘက်ခြံက ကောင်မလေးက ပန်းခြံထဲမှာရှိနေတာလား ... ကျွန်တော့်သားနဲ့များ ..."

"မဟုတ်ပါဘူး ... သပ်သပ်စီပါ၊ ဘာတွေများ စိတ်ပူနေရတာလဲ ကိုကြာညို့ရယ် ... ကောင်မလေးက မဆိုးပါဘူး၊ ထက်မြက်တယ်၊ ရုပ်ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်တာတဲ့လေ"

သူဌေးကတော် တိုက်ထဲပြန်သွားသည်။ ဦးကြာညို ရင်တွေတဆတ်ဆတ်တုန်ရင်နေ၏။ သူဌေး တွေ့သွားရင် ပြဿနာပဲ။ ဟုတ်ပါတယ် ... မေရန်မခက သူဌေးကတော်ရဲ့ ပျောက်ဆုံးသွားတဲ့သမီးလေးပါပဲ။ ငါ မှားတယ် ... ဒီထဲက အပြတ်ရှင်းပြစ်လိုက်ရမှာ။ ကလေးအပေါ် မရက်စက်နိုင်သဖြင့် သူငယ်ချင်းမြတ်သစ်ထံ အပ်လိုက်ခြင်းဖြစ်သည်။ သူဌေးသာသိသွားရင်တော့ အကြီးအကျယ်ကျိုင်ပဲ။ မိုးမီးလောင်သွားနိုင်၏။ ခြေတွေလက်တွေပင် တဆတ်ဆတ်တုန်ယင်လာသည်။

"အဖေ ဘာလုပ်နေတာလဲ၊ မာမီကြီးက ဘာပြောလိုက်လို့လဲဟင်"

အဖေ ရပ်ပြီး ကြောင်တောင်တောင်ဖြစ်နေ၍ နန္ဒမိတ်ထွက်လာပြီး မေးလိုက်သည်။ မေရန်မခနဲ့ သူဌေးကတော်တို့ တွေ့





ကြမှာပဲ။ အဖေတစ်မျိုးထင်မှာလည်း စိတ်ပူမိ၏။ သူ့ကို အဖေစိုက်ကြည့်သည်။

"အဖေ ... ဘာဖြစ်လို့လဲ၊ အဖေ့လက်တွေတောင် တုန်နေတယ်"

"သား ... နန္ဒမိတ် ... မင်းကိုအဖေပြောထားမယ်၊ ဟိုဘက်ခြံကလူတွေနဲ့ မပတ်သက်နဲ့ ... မင်းပန်းခြံထဲမှာ ဟိုကောင်မလေးနဲ့တွေ့တယ် မဟုတ်လား"

"မေရန်မခက အားကစားလာလုပ်နေကျပါ အဖေ ... မေရန်မခတို့ခြံရှင်သူဌေးက စိတ်သဘောထားပြည့်ဝတယ်"

"တိတ်စမ်း ... ဆက်မပြောနဲ့တော့၊ ကြမ်းကြားလေကြား"

လိုအပ်တာထက်ပင် အဖေကပိုကြောက်နေသည်ဟု ထင်သည်။ နန္ဒမိတ်လည်း စဉ်းစားမရပေ။ သူဌေး မိသားစုနဲ့တွေ့တိုင်း အဖေ တုန်ရင်နေတတ်သည်။

"မင်းလုပ်ရမှာက ပညာတတ်တစ်ယောက်ဖြစ်ဖို့လေ ... အခြားကိစ္စတွေမှာ စိတ်မဝင်စားနဲ့ ... ဟိုကောင်မလေးနဲ့လည်း ထပ်မတွေ့နဲ့တော့ ကြားလား ... နန္ဒမိတ် ..."

သားရယ် ... အဖေကသားရဲ့အခွင့်အရေးတွေကို မတားဆီးချင်ပါဘူး။ မေရန်မခ အဖေကို အဖေက သတ်ခဲ့မိတယ်။ [illegible]ကိုလည်း စွန့်ပြစ်ခဲ့တယ်။ ဒီကောင်မလေးသာသိသွားရင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သားကို ရှုရှာမုန်းတီးသွားနိုင်သည်။ သူဌေးကတော်ကရော့ပဲ။ အခု သားကို စောင့်ရှောက်နေတာ သူဌေးကတော်ပါ။

"မင်း အနာဂတ်ပျောက်သွားမှာ အဖေ မလိုလားဘူး ... မင်း ပန်းခြံကိုမသွားနဲ့နော်၊ စာပဲကြိုးစားစမ်းပါ သားရယ်နော်"

"ကျွန်တော့်အတွက် စိတ်ချပါ အဖေရာ ... ကျွန်တော် ရအောင်ယူမှာပါ၊ အဖေ့ရည်ရွယ်ချက်တွေကို သားနားလည်သဘော ပေါက်ပါပြီ"

"ကောင်းတယ်သား ... လိမ္မာလိုက်တာကွယ်၊ အဖေတို့ သားအဖ ပေးဆပ်ထားတာတွေ အများကြီးပဲကွ ... အမြတ်ရမှ ဖြစ်မယ်လေ"

သူဌေးက မိမိသားကို သူ့သမီးနှင့်နီးစပ်သွားမှာကြောက်နေသည်။ ထို့ကြောင့်ပင် သားကို နှိမ်ချဆက်ဆံ၏။ ခြံစောင့်သား ကျွန် သဘောက်အဖြစ် ဦးကြာညိုတွေးမိတိုင်း ဒေါသဖြစ်ရ၏။ တစ်နေ့ နေ့မှာ သူဌေးသမီး တုန္နိုင်းစံကို အရယူနိုင်းမယ်။ သားကိုရက်စက်တဲ့ သူဌေးရဲ့ စည်းစိမ်ဥစ္စာတွေကို အပိုင်သိမ်းပြစ်မယ်။ ပေးဆပ်လာခဲ့ရတာတွေ များပြီ။ အကျိုးအမြတ်အကြီးကြီးတော့ ရမှာဖြစ်မည် ဖြစ်သည်။

"အဖေ အသက်ကြီးပါပြီ ... အဖေ့ကို စိတ်ဆင်းရဲစေမယ့် အပြုအမူတွေ မလုပ်ပါနဲ့ ... လူ့အောက်ပိုလို့ မသေပါဘူး၊ အချိန်တွေ





က တန်ဖိုးကြီးမားတယ်သား ... သူဌေးကတော်ရဲ့ အကာအကွယ် ရှိနေတုန်းလေး ... "

"သား လုံးဝသဘောပေါက်ပါတယ်အဖေ ... စိတ်မပူပါနဲ့၊ သားရအောင် ယူပါ့မယ်"

နန္ဒမိတ် ရင်ထဲမှာ မေရန်မခအတွက်ပါထည့်ပြီး စဉ်းစားနေပြီဖြစ်သည်။ အဖေ မသိပါဘူး။ ကျွန်တော် မေရန်မခကို ချစ်နေပြီး အနှိမ်ခံဘဝကနေ မခကိုလည်း လွတ်မြောက်စေချင်တယ်လေ။ ကျွန်တော် အမြင့်မားဆုံးဘဝတစ်ခုကို ရအောင်ယူမယ်။ မခ အတွက်လည်း ပါပါတယ်။ နန္ဒမိတ် ရင်ထဲမှာ ပထမဆုံး သံယောဇဉ်တွယ်ငြိရတဲ့ မိန်းကလေးပါ။ သူ့နှလုံးသားတွေထဲမှာ ဒီလိုမျိုး နူးညံ့နွေးထွေးတဲ့အချစ်နှင့်ပတ်သက်တဲ့ ခံစားချက်တွေမရှိဘူးထင်ခဲ့တာပါ။ မခက သူ့ကိုစိတ်သက်သာပေးနိုင်သူဖြစ်သည်။

"သွား ... သွား ... အဖေ အလုပ်တွေမလုပ်နဲ့၊ သူဌေးအဆူ အပြော အဖေပဲခံမယ် ... ကြိုးစားစမ်းပါကွာ"

"ဒါဆိုလည်း သားကျောင်းသွားတော့မယ်နော်အဖေ၊ ဒီနေ့က ကျွန်တော်တို့ကျောင်း စတက်ရမယ့်နေ့ပါ"

"သွားတော့ ... အဖေ လိုက်ပို့ရဦးမလား သား ... "

"ရပါတယ် အဖေ ... ကျွန်တော် ကလေးမှမဟုတ်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … မင်း ဘယ်တုန်းကလူကြီးဖြစ်သွားရတာလဲ"

နန္ဒမိတ် အဖေ့ကိုတုန့်ပြန်ပြောမနေတော့ဘဲ အဖေ့ကို လက်ပြနှုတ်ဆက်၍ ထွက်လာခဲ့သည်။ မခကိုတွေ့ပြီးမှ အဖေရေဟု ဖြေလိုက်ချင်၏။ နန္ဒမိတ် ပျော်နေသလိုလို။ မခတို့ဘယ်ကျောင်းတက်မှာလဲ။ တုန်းစိုင်းစံကတော့ နာမည်ကြီးပုဂ္ဂလိက ကျောင်းမှာတက်သည်။ သွားပြီ … နန္ဒမိတ်ကတော့ အစိုးရအထက်တန်းကျောင်းမှာတက်ရ၏။ သူ့ဖွေးကတော်ကတော့ သူ့ကို လိုလေသေးမရှိအောင် ပညာရေးအတွက် အထောက်ပံ့ပေးထားလေသည်။

"တီ … တီ"

"တီ … "

"နန္ဒမိတ် … ကျောင်းလား … ကားပေါ်တက်လေ လိုက်ပို့ပေးမယ်"

"ဟာ … သူဌေးလေးပဲ၊ နေပါစေ … ကျွန်တော် ဒီအတိုင်းပဲသွားပါ့မယ်"

သူဌေးသား နောင့်ကိုလိုက်ပို့တဲ့ ကားပေါ်မှာ မေရန်မခလည်း ပါလာသည်။ ဆံပင်တွေကို မြင့်မြင့်စုစည်းပြီး ဖဲပြားလေးနှင့်ချည်ထားကာ သနပ်ခါးပါးကွက်ကြားလေးနဲ့ ကျောင်းဝတ်စုံလေးနဲ့ မေရန်မခက ရင်ကိုအေးမြသွားစေသည်။





"ဘာသူဌေးလေးလဲ … တို့တွေက သူငယ်ချင်းတွေလေ၊ နောင်လို့ပဲခေါ်ပါ၊ မင်းလည်း အ.ထ.က(  )မှာ မဟုတ်လား၊ နောင်တို့လည်း အဲဒီမှာတက်တာပါ"

"ဟင် … မင်း … မင်းတို့ပုဂ္ဂလိက ကျောင်းတွေမှာ မတက်ဘူးလား"

"ဘယ်မှာပဲတက်တက် အောင်မြင်ဖို့အဓိကပါ၊ ကဲ … တက်လေ … "

"မတက်တော့ပါဘူး … ကိုယ့်ဟာကိုယ်ပဲသွားမယ်၊ ကျေးဇူးပဲ … "

နန္ဒမိတ် သူဌေးတွေနှင့် မပတ်သက်ချင်ပေ။ အဖေကလည်း မေရန်မခနဲ့ မပတ်သက်ရဘူးတဲ့။ အဖေ မကြိုက်တာမလုပ်ချင်သလို သူဌေး ကားပေါ်အခန့်သား ပါသွားတဲ့ မေရန်မခကိုလည်း ဒေါသထွက်နေသည်။ ဘာပဲဖြစ်ဖြစ် မင်းအထင်ကြီးမှာက သူဌေးသားပဲဖြစ်မှာပါ။ စောစောက အပျော်တွေပျောက်ဆုံးကုန်သည်။

"မင်း … မင်း ငါ့ကိုအထင်ကြီးမှာ မဟုတ်ပါဘူး မေရန်မခ၊ သနားတာလား … ငါကအနိမ့်ခံ ခြံစောင့်သားမို့ မင်းက အထင်သေးပြီး သနားနေတာလား … အဲဒါမျိုးဆို ငါလုံးဝ မုန်းတယ်"

မခနှင့်လည်း ကင်းကင်းနေတော့မည်ဟု ဆုံးဖြတ်ထားပြီး ဆာမှုမခကို ကျောင်းပတ်ဝန်းကျင်မှာ ရှာမိနေသည်။ သူတို့က ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com



မှ ပြောင်းလာတာပါ။ နန္ဒမိတ်က မူလတန်းထဲကနေတာ။ ဘာအရူ အညီပေးရမလဲ သူရှာသည်။

"နန္ဒမိတ် ဘာရှာနေတာလဲ"

"ဪ ... မခ၊ နင်တို့ ဘာအကူအညီလိုလဲလို့ပါ"

"မခတို့က ဘီတန်းမှာလေ နန္ဒမိတ် ... အတန်းတွေ့ပါပြီ နန္ဒမိတ် ရှာနေတာသိလို့ ထွက်လာတာပါ"

"ကိုယ်က အေတန်းမှာ ... "

"ဟယ် ... ဟုတ်လား၊ စာအရမ်းတော်တဲ့လူတွေထားတာ နော်၊ နန္ဒမိတ်က အရမ်းတော်တာပဲ"

နန္ဒမိတ်ကို မခ လေးစားအထင်ကြီးသွားရသည်။ အေတန်း မှာဆိုတော့ နန္ဒမိတ် အရမ်းတော်တာပဲ။ ဒါပေမဲ့ ... နန္ဒမိတ် မျက်နှာကြီးက တည်တင်းနေသည်။ ဒီလိုပဲလား ... မခက ပြုံးပျော်ရယ် မောစေချင်သည်။

"မခတို့က အကူအညီမလိုပါဘူး နန္ဒမိတ်လိုတာပြောလေ"

"ဘာပြောတယ် ... "

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်းက နန္ဒမိတ်ကို သနားနေတာလား မေရန်မခ ... ကိုယ် ဘယ်တော့မှ မိန်းကလေးဆီက အကူအညီမတောင်းဘူး၊ ကိုယ့်ကို သနားနေတယ်ဆိုရင်တော့ မင်းနဲ့ထပ်ပတ်သက်စရာ မလိုတော့ ဘူး"

"နေပါဦး ... တကယ်ပါပဲဟယ် ... ဒါလေးပြောတာများ ဟုတ်ပါတယ် မခ မှားသွားပါတယ်နော် ... တောင်းပန်ပါတယ်၊ အခင်မင်တော့ မပျက်ပါနဲ့ ... နန္ဒမိတ်နဲ့မခက ရည်ရွယ်ချက်ချင်း တည်းတူတယ်၊ သူဌေးသားကို အထင်မကြီးတာချင်းလည်းတူတယ်၊ ပြော ... နန္ဒမိတ်လည်း တုန္နိုင်းစံကို အထင်မကြီးတော့ဘူး မဟုတ် လား"

နောင့်ကိုလည်း မခ ဘယ်တော့မှ အထင်မကြီးပါဘူးဟု ပြောပြီး နန္ဒမိတ်အနားကနေ မခ ပြန်လှည့်ထွက်လာခဲ့သည်။ နန္ဒမိတ်ရဲ့ မာနကိုလည်း မခနှစ်သက်အထင်ကြီးမိ၏။ မခတို့က ဘဝတူတွေပါ။ သူမ အတန်းရှေ့ရောက်တော့ နောင်က ပိတ်ကာရပ် ထားသည်။

"ဘာလုပ်တာလဲ ... "

"ဘယ်သွားတာလဲ"

"နောင်နဲ့ဘာဆိုင်လို့လဲ ... လာပြီးချုပ်ချယ်မနေနဲ့"

မခကို နောင် ဆွဲရမ်းလှုပ်ခါပြီး ဒေါသတွေကို ပေါက်ကွဲပြစ် ချင်သည်။ ဟိုဘက်ခြံက နန္ဒမိတ်နှင့် အရောတဝင်သွားလုပ်နေ၏။ နန္ဒမိတ်ကို နောင်လည်းခင်ပါတယ်။ အေတန်းကဆိုတော့ အထင် ကြီးလေးစားသည်။ ဒါပေမဲ့ ... မခက နန္ဒမိတ်ကို အထင်ကြီးမှာ







www.burmeseclassic.com

www.burmeseclassic.com



လည်း နောင် စိတ်ပူလာရ၏။ နောင့်ကိုကျတော့ မခက ခပ်တည်တည်မာမာကျောကျော ဆက်ဆံနေသည်။

"မခ ..."

"ဘာလဲ ..."

"ငါမနာလိုဘူးနော်"

"သေလိုက် ..."

"မခနော် ... နောင်တို့က တစ်မြို့ထဲသားချင်းတစ်ယောက်အကြောင်းတစ်ယောက်သိ ... ငယ်သူငယ်ချင်းတွေနော်၊ နောင့်သံယောဇဉ်တွေကို မခ အသိအမှတ်ပြုစမ်းပါ"

"ဘာတွေလာပြောနေတာလဲ၊ သံယောဇဉ်တွေ ဘာတွေလာလုပ်မနေနဲ့ ... နောင်နော် ... မခရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကိုတော့ လာပြီးမကန့်သတ်နဲ့ ... နောင်တို့ခြံမှာကပ်နေရတယ်ဆိုပြီးတော့ မခနဲ့အဖေ ခုချက်ချင်းနယ်ပြန်မယ်၊ အရင်အလုပ်ပြန်လုပ်မယ် ... ဘာမှတ်လဲ ..."

"အား ... အဲဒီလိုတော့ မလုပ်ပါနဲ့ မခရယ် ... ဘယ်လိုပြောရမလဲ ... တကယ်ပါဟာ၊ မခကလေ နောင့်ကိုဆိုအရမ်းအနိုင်ကျင့် တာပဲ"

"ပြောပြထားတာ"

နောင်ကိုတော့ မခ အရောတဝင်နှင့် တရင်းတနှီး မနေချင်





... ပတ်ဝန်းကျင်မှာ အတင်းပြောစရာ မေးငေါ့စရာ လုံးဝအဖြစ်... နိုင်ပေ။ စိတ်လည်း မဝင်စားပါဘူး။ သူမက ကိုယ့်ခြေထောက်... ပဲ ကိုယ်ရပ်တည်ဖို့ ကြိုးစားချင်သည်။

"ဝင်မယ်"

"မခ ..."

"နောင်နော် ... ဒီက နယ်ကပြောင်းလာတဲ့လူသစ်တွေပါ၊ ...ဝင်က သူဌေးသား၊ မခက ခြံစောင့်သမီး ... အနေအထိုင်ဆင်...င်သင့်တယ်"

"မခ ... နောင်ပြောချင်တာကလေ ဟိုဟာ ... နန္ဒမိတ်ကို"

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့နော်၊ မခအကြောင်းသိပါ...ယ်နော် ..."

နောင် ဘာမှဆက်မပြောရဲတော့။ အခန့်မသင့်လျှင် မခက...စောင့်ခြေသလုံးကို ပိတ်ကန်ပြစ်နိုင်သည်။ မခ ဝင်သွားတော့...ကောင်လေးတွေက ငေးမောကြည့်ရှုကြရင်း အရမ်းလှတယ် ...တန်းတက်ရတာ ပျော်စရာကြီးဟု မကြားတကြားပြောနေကြ... နောင် ဒေါသထွက်ရသည်။ ကျောင်းသားသစ်ဖြစ်၍ အတော်...း သည်းခံနေရ၏။ မခကို ထိလို့ကတော့ သေသေကြေကြေပဲ။ ...ကြောင့် နောင် ပုဂ္ဂလိက ကျောင်းမှာပင်မတက်ဘဲ အပင်ပန်း...နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... မင်းက ကျောင်းသားသစ်ထင်တယ်၊ ကိုယ်က သော်က ... ဒီကောင်က သူရိန်၊ မင်းနာမည်ကရော ... "

"နောင်နောင်သက်ပိုင် ... နောင်လို့ပဲခေါ်ပါ"

"တို့တွေ သူငယ်ချင်းတွေ ဖြစ်သွားပြီနော်"

နောင်က သူငယ်ချင်း ထားချင်တာမဟုတ်ဘူး။ မခနှင့် ရောမှာကြောက်လို့ပါ။ ယောက်ဖဟု မကြားတကြားခေါ်ကြ ၏။ နောင် တစ်ယောက်ထဲကြိတ်ပြီး မကျေမနပ်တွေ ဖြစ် သည်။ မခ နှင်ဘာဖြစ်လို့များ ယောကျ်ားလေးတွေ စိတ်ဝင် လောက်အောင် ချောမောလှပနေရတာလဲဟာ။ မခက ကျောင်း အသစ်လည်းဖြစ်ပြန်၊ အရပ်ကမြင့်မြင့်၊ ခန္ဓာကိုယ်ကလည်း အ အစားကျကျ၊ ဖြူဝင်းအိမ့်နေတော့ ကျောင်းမှာ ခဏလေးနှင့် လူသိများထင်ရှားလာသည်။

အခန်း (၁၂)

တုနိုင်းစံရဲ့ မွေးနေ့ပွဲကို တစ်ဖက်ခြံကြီးထဲကလူတွေ လာကြမှာသေချာနေသည်။ ဦးကြာညို နေမထိထိုင်မသာနှင့် မြတ်သစ်နှင့် နှစ်ယောက်ထဲတွေ့ဆုံဖို့ အခွင့်အရေးကို စောင့်နေခဲ့၏။ သားနှင့်မိတို့က စားပွဲထိုးနေရာမှာပါ။ သူဌေးရဲ့ စီမံချက်ပဲဖြစ်သည်။

"ဦးကြာညို ... ကျုပ်သမီးမွေးနေ့ပွဲမှာ ခင်ဗျားသားက စားပွဲ ထိုးပေးရမယ် ... ခင်ဗျားရောပဲ ... မှီမေးရင် ခင်ဗျားတို့ဆန္ဒအရလို့ ပြောပါ ... ကြားလား ... "

"ဟုတ် ... ဟုတ်ကဲ့ပါ သူဌေး"

"ကိုကြာညိုကို ကျုပ်အထပ်ထပ်သတိပေးထားတယ်နော်၊ ကိစ္စလေးကိစ္စ လုံးဝမပေါက်ကြားစေနဲ့ ... ခင်ဗျားသားရဲ့ အနာဂတ်ကို ခင်ဗျားဖျက်ဆီးခံရမှာ အရမ်းစိုးရိမ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော့်ကို ယုံကြည်ပေးပါ သူဌေး အပေါ် ကျွန်တော် လုံးဝသစ္စာမဖဲ့ပါဘူးဗျာ"

www.burmeseclassic.com



"ဟိုဘက်ခြံက ကောင်လေးကို ကျုပ်သဘောကျတယ် ကျုပ်တို့ထက် အရမ်းချမ်းသာကြတယ်"

ဦးမိုးကောင်းကင်ရဲ့ လောဘက တစ်ဘက်ခြံကြီးဆီ ရောက် နေသည်။ ရိုးသားကြပုံလည်း ရ၏။ တစ်ဦးတည်းသောသားကို အမ ချုပ်ဖို့လည်း ဦးမိုးကောင်းကင် စိတ်ဝင်စားနေသည်။

"ကိုကြာညိုကို ကျုပ်ခိုင်းစရာရှိတယ်"

"ဟုတ်ကဲ့ … အမိန့်ရှိပါခင်ဗျာ"

"ခင်ဗျားကတော့ ကျုပ်အပေါ် ရိုကျိုးပါတယ်၊ အခုသ မဖောက်သေးဘူး … ကျုပ်ခင်ဗျားကို ခိုင်းချင်တာက ဟိုဘက်ခြံ ခြံစောင့်ရဲ့ခင်မင်ရင်းနှီးအောင် ဝင်လုံးဖို့ပဲ"

"ဗျာ"

"အခုတလော ခင်ဗျားကိုကြည့်ရတာ ကြောက်ကြော လန့်လန့်တုန်တုန်လှုပ်လှုပ်နဲ့ ခင်ဗျား ဘာတွေလုပ်ထားလဲ"

"ဘာမှမလုပ်ပါဘူး သူဌေး … သားအတွက်စိုးရိမ်စိတ်ဗျေ များနေလို့လားမသိပါဘူး၊ စိတ်တွေမတည်မငြိမ်နဲ့ … စိတ်ဗျေ အရမ်းလှုပ်ရှားနေပါတယ်"

"ကျုပ်ခိုင်းတာ သဘောပေါက်တယ်နော်၊ ဟိုဘက်ခြံစော ဆီက သူဌေးတွေရဲ့သဘောထားကို စကားနှိုက်ပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဦးမိုးကောင်းကင်ကတော့ ကြီးပွားချမ်းသာမယ်ဆိုရင် ဘယ်



လိုသမာမှုမျိုးမဆို လုပ်မည်ဖြစ်သည်။ တစ်ဘက်ခြံက လူရိုးလူအေး တွေ။ နယ်မှာ ဘိုးဘွားစဉ်ဆက်ချမ်းသာလာကြတဲ့သူတွေဟု သတင်းရထား၏။ ရှေးစိန်တွေ ပြည်တောင်းနဲ့တောင် ခြင်နိုင်တယ် ဆိုလေပဲ။ ဦးမိုးကောင်းကင် အပိုင်ဖမ်းနိုင်မည့် နည်းလမ်းတွေကို ရှာဖွေနေသည်။

"ခင်ဗျား သားကိုပဲ ခြံစောင့်သမီးနဲ့ရင်းနှီးကျွမ်းဝင်ပါစေ … ကျုပ်သမီးရဲ့ဆန္ဒပဲ … "

"ဟုတ်ကဲ့ … သဘောပေါက်ပါတယ် ခင်ဗျာ"

ဦးမိုးကောင်းကင် ပြန်ထွက်သွားသည်။ ဒီလောက်ချမ်းသာ နေတာတောင် လောဘရမက်က တက်နေသေး၏။ ဦးမိုးကောင်း ကင် ချမ်းသာသမျှ သမာဓိဝဆိုတာ မရှိခဲ့ပေ။ ရက်စက်ကြမ်းကြုတ် ကောက်ကျစ်မှုတွေ ဖြစ်သည်။

"သား … နန္ဒမိတ်"

"ဗျာ … အဖေ"

"သခင်မလေး မွေးနေ့မှာ သားစားပွဲထိုးရမယ်၊ သူဌေး အမိန့် ပဲ … "

"ဟုတ်ကဲ့"

"သားရယ် … သည်းခံလိုက်ပါကွာ၊ အဖေတို့အလှည့် ဆက်တော့မှာပါ"

နန္ဒမိတ်ကတော့ အဖေ့ကို တုန့်ပြန်ပြောမနေတော့။ သူဌေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နိုင်းစေတာ နန္ဒမိတ် လုပ်ဆောင်ပေးဖို့ပဲရှိသည်။ သူက ကျွန်ပဲ။ နန္ဒမိတ် အံသွားတွေကို တင်းကျပ်စွာဖိကိုက်ထားမိသည်။ တုန့်ပြန်ချင်စိတ်ရဲ့ မွေးနေ့ကျူ ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်နေသည်။ သူက စားပွဲထိုး။

"ကျွန်တော် ရင့်ကျက်နေပါပြီ အဖေ ... စိတ်မပူပါနဲ့"

"သား ... အဖေ မင်းကို အတွင်းစကားပြောထားမယ်နော်၊ သူဌေးက မင်းကို မေရန်မခနဲ့ နီးစပ်စေချင်တယ်၊ ဒါပေမဲ့ ... အဖေ လုံးဝသဘောမတူဘူး၊ သူဌေးသမီးက စေခိုင်းရင်တောင် သားသားက အလိုက်အထိုက်ပဲ နေထိုင်ပါ ... မေရန်မခနဲ့တော့ လုံးဝမဖြစ်ဘူးနော် သား ..."

အဖေကတော့ တကယ်ပါပဲ။ ဘာကိုများ မျှော်လင့်နေရတာလဲ။ သူ့ကို အတော်ဆုံးဖြစ်အောင် လုပ်စေပြီး သူဌေးသမီးနဲ့ပဲ လက်ထပ်စေချင်နေသည်။ အင်းလေ ... အဖေက အနိမ့်ခံဘဝကိုး။ သူကတော့ မခကိုပဲ အရယူဖို့ ဆုံးဖြတ်ထားသည်။

"သား တာဝန်သားကျေပါစေ ... လုံးဝမလစ်ဟင်းစေနဲ့နော်"

"ဟုတ်ကဲ့ ..."

နန္ဒမိတ် စိတ်ကိုတင်းထားသည်။ သူစိတ်ပူတာက မခအတွက်ပဲ။ သူဌေးသား နောင်နဲ့ ဘယ်လိုတွဲလာမလဲ။ နောင်က မခကို အရေးတယူရှိနေတာ နန္ဒမိတ် သိနေသည်။ ညနေစောင်း



တော့ မွေးနေ့ပွဲက ဧည့်သည်တွေနှင့် စည်ကားစပြုလာ၏။ မွေးနေ့ရှင် တုန္ဒိုင်းစံတစ်ကိုယ်လုံး စိန်တွေနှင့်ဝင်းလက် တဖျတ်ဖျတ်တောက်ပနေသည်။

"မခရယ် ... မင်းဆိုရင် အရမ်းလှပတင့်တယ်နေမှာပဲ"

နန္ဒမိတ်ကတော့ မခအား ထိုကဲ့သို့လှပတင့်တယ်သည့် ဘဝလေးကို ပိုင်ဆိုင်စေချင်သည်။ သူလုပ်ပေးနိုင်မလား။ ကိုယ်လုပ်ပေးနိုင်မှာပါ မခ။ အချိန်လေးပဲ စောင့်ပါ။ အဖေသဘောတူတူ မတူတူ နန္ဒမိတ်ကတော့ မခကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ထားသည်။

"ဟဲ့ ... နန္ဒမိတ် ... နင့်ကိုပြောထားမယ်နော်၊ မေရန်မခတို့ ချိန်ထားပါ၊ ဒီဟာမက မတန်မရာ စံတို့အဖွဲ့ထဲ ဝင်ရောနေမယ်"

"ဟုတ်ကဲ့ပါ"

"ဟော့ကောင် နန္ဒမိတ် ... မင်း ငါ့သမီးအမိန့်အတိုင်း နာခံပါ။ မင်းကလန်ကဆန်လုပ်မယ် မကြံနဲ့နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

နန္ဒမိတ်လည်း အဖေ့လိုပင် အပိုးကျိုးပြားဝပ်နေသည်။ လုပ်ထားကြဦးပေါ့ကွာ။ စိတ်ထဲကနေ ကြိမ်းဝါးမိနေသည်။

"နန္ဒမိတ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ အမိန့်ပေးမယ် ... မင်းနဲ့ဟိုခြံစောင့်သမီး ရင်းနှီး အောင်နေရမယ် ... ကြားလား ..."

အဖေက ပြောထားပြီးသားပဲ။ နန္ဒမိတ် ခေါင်းညိတ်ပြလိုက် သည်။ သူကိုယ်တိုင်ကလည်း မခနှင့်အတူတူနေချင်၏။ အတော်ပဲ ပေါ့။ မွေးနေ့ပွဲမှာ တခြားစားပွဲထိုးတွေနှင့်အတူတူ နန္ဒမိတ် စားပွဲ ထိုးနေရသည်။

"နန္ဒမိတ် ..."

"သြော် ... မခတို့ရောက်လာပြီပဲ၊ မိသားစုနဲ့လား"

"ဟုတ်တယ်လေ ... သူဌေးမိသားစုနဲ့လာတာပါ ... ဟိုမှာ"

သူဌေးမိသားစုကလည်း ကျော့ကျော့မော့မော့နှင့် သူဌေး နှင့် သူဌေးကတော်တို့က မိတ်ဖွဲ့ဧည့်ခံနေလေသည်။

"မခလည်း ဝင်ကူပေးမယ်နော် နန္ဒမိတ် ..."

"မလုပ်ပါနဲ့ ... မခက အဝတ်အစား အကောင်းတွေဝတ် လာတာပဲ ... ဒီနေ့ အရမ်းလှတယ်"

"တကယ် ..."

"အင်း"

"ဒါတောင် သူဌေးကတော်က ရွေးတွေဆင်တာ၊ မခ ငြင်း လိုက်တယ် ... ကိုယ့်ဟာမှမဟုတ်တာပဲ၊ သူများပစ္စည်းတွေနဲ့ မကြွားဝါချင်ပါဘူး ရှက်တယ် ..."

မေရှန်မခရဲ့စိတ်ဓာတ်ကို နန္ဒမိတ် လေးစားနှစ်သက်မိ



သည်။ သူလိုပဲ ... သူဌေးသားနှင့်နေပြီး တည်တည်တင်းတင်းလေး ပြောဆိုဆက်ဆံနေတာလည်း နန္ဒမိတ် သဘောကျမိ၏။ မခရဲ့မာန ပဲ။ မခက အတင်းပင် ကူညီသည်။

"မခတို့က ဘဝတူတွေလေ၊ မခက အကျင့်ပါနေလို့နော် နန္ဒမိတ် ... ရှင့်ကို သနားလို့ မဟုတ်ဘူးသိလား"

"လုပ်ပါကွာ ... မခနဲ့အတူတူလုပ်ရတော့လည်း ပျော်စရာ ကောင်းပါတယ် ... လုပ်အားပေးပါ"

အဖေကိုယ်တိုင်က မခနှင့်သူဌေးတွေရှေ့မှာ အရောတဝင် နေပြရမယ်တဲ့။ ဒါပေမဲ့ ... အဖေကတော့ လုံးဝကန့်ကွက်တယ်တဲ့။ သဘောမတူဘူးတဲ့။ သူဌေးကလဲ အမိန့်ပေးထားလို့ နန္ဒမိတ် ရင်း ရင်းနှီးနှီး နေပြရသည်။

"မခ"

"ဟင်"

"ကိုယ် တကယ်ပြောတာပါ၊ မင်းသာ တုန့်နှိုင်းစံလို ဝတ်စား ပြင်ဆင်နိုင်ရင် အရမ်းကိုလှပတင့်တယ်နေမှာပဲ"

"နန္ဒမိတ်ကရော ... နောင့်လိုသာ ဝတ်စားရရင် တကယ့်ကို စမတ်ကျမှာသိလား"

"ဟင်း ဟင်း ..."

မခ နောက်ပြောင်ရယ်မောနေပေမယ့် နန္ဒမိတ်က မရယ် ပေ။ တကယ်ပဲ အရယ်အပြုံးကို လုပ်တတ်ရဲ့လားတောင် မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မခက နန္ဒမိတ်ကို ရယ်ပြုံးစေချင်မိသည်။ နန္ဒမိတ်ရဲ့ သူဌေးတွေက အဆင့်အတန်းခွဲခြားပုံမင်။ နန္ဒမိတ်အတွက် မခ စိတ်မကောင်းဖြစ်ရ၏။ သနားတယ်ဆိုရင်လည်း နန္ဒမိတ်က ဒေါကန်ဦးမည်။ မခကတော့ သူဌေးသားသမီးတွေ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေကြပါစေ စိန်တွေ ပြွတ်သီးအောင်ဝတ်ထားလည်း အားမကျပါဘူး။ ကိုယ့်ဘဝကိုပဲ နှစ်သက်သည်။ အန်တီမော်လီက အဝတ်အစားအကောင်းတွေ ဝယ်ပေးပြီး ဝတ်စေသည်။ လက်ဝတ်ရတနာတွေလည်း ဆင်ပေးသည်။ မခက လက်မခံခဲ့။ မာနနှင့်နေခဲ့၏။ နန္ဒမိတ်နှင့် စားပွဲထိုးရတာပဲ ပျော်သည်။

"မခ ... နင် ဘာလုပ်တာလဲ၊ လိုက်ခဲ့ ... နင်ကမဆီမဆိုင် ဘာဖြစ်လို့ စားပွဲလာထိုးနေရတာလဲ ... နန္ဒမိတ် ဆောရီးနော်၊ ဒက်ဒီက မခကို ခေါ်ခိုင်းလို့ပါ"

"နောင် ... နင်ဘာလုပ်တာလဲ၊ နင့်နေရာနင်သွားနေလေ လွှတ် ... "

မခလက်ကို အတင်းဆွဲခေါ်နေ၍ မခ ရုန်းပစ်လိုက်သည်။ နောင် မနာလိုဝန်တိုဖြစ်နေတာပါ။ မခကို သူဌေးအသိုင်းအဝိုင်းထဲ ဖွတ်ဆွဲသွင်းနေ၍ မခလက်မခံနိုင်ပေ။ မခက ဒေါင်းယောင်ဆောင်တဲ့ကျီးကန်းလည်း မဟုတ်ဘူး။ နောင့်ကို သွားတော့ဟု မာမာထန်ထန် ပြောဖြစ်သည်။

"မသွားဘူးဟာ ... နင်လိုက်ခဲ့ ... တို့ခြံက မိန်းကလေးက



သူများခြံမှာ စားပွဲလာထိုးနေတာ မသင့်တော်လို့ဘဲ"

"ဘာမသင့်တော်ရမှာလဲ ... ငါလည်း ခြံစောင့်သမီးပဲလေ"

"မခ လိုက်သွားပါ ... နောင်ပြောတာ ဟုတ်ပါတယ်။ မသင့်တော်ဘူး သွားထိုင်နေပါ ... "

"မာမီက ခေါ်ခိုင်းနေတာ ... လာ သွားမယ်"

နန္ဒမိတ်နှင့် တရင်းတနှီးနှင့် အရောတဝင်လုပ်နေတာကို နောင် ဝန်တိုပြီး ဒေါသတွေ ထွက်နေသည်။ မခ အလိုက်ကန်းဆိုး မသိလိုက်တာ။ သူဘယ်လိုမှ နေလို့မရတော့သဖြင့် ထလာပြီး ပြန်ခေါ်ခဲ့၏။ လူတွေတောထဲမှာဖြစ်နေ၍ မခ ငြိမ်သက်နေသည်။

"မာမီရာ ... မခလေ ဟိုမှာစားပွဲသွားထိုးနေတယ်၊ ဘယ်ကောင်းမလဲ ... သူများတွေ ကဲ့ရဲ့စရာ ဖြစ်ဦးမယ်"

စိလည်းရှိတယ်။ သူ့မိဘတွေလည်းရှိတယ်။ မတတ်နိုင်ဘူးလေ။ မခက နန္ဒမိတ်နားကပ်နေတာကို နောင် လုံးဝသည်းမခံနိုင်ဘဲ ဖြစ်နေသည်။

"ဟုတ်သားပဲ မခရယ် ... သမီးက ဧည့်သည်အဖြစ်ရောက်လာတာလေ၊ ထိုင်နေပါ ... မာမီကြီး မသိလို့ပါ"

စိကတော့ နောင့်အပြုအမူအတွက် မကျေမနပ်ဖြစ်ရသည်။ ခြံစောင့်သမီးအတွက်များ ဘာတွေဖြစ်နေရတာလဲ။ သူ့အဆင့်ပဲလေ။ မာမီကလည်း သမီးတဲ့။ မေရန်မခ ချောမောလှပနေတာလဲ စိဒေါသထွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူလေးက ဘယ်သူလဲ ... "

"ဪ ... ကျွန်တော်တို့မွေးစားသမီးပါ၊ မေရန်မခတဲ့"

ဦးမိုးကောင်းကင် စိတ်ထဲမှာ သဘောမကျသလိုကြီးဖြစ်နေသည်။ မေရန်မခက ခြံစောင့်သမီးဟုသိထားတာပါ။ ဘာဖြစ်လို့များ မွေးစားသမီးဟု ပြောရတာလဲ။ သူဌေးသားလေး နောင်ကိုယ်တိုင်က အရေးတယူရှိနေသည်။ ပြီးတော့လည်း မေရန်မခက တသွေးတမွေးနှင့် မှီ့လိုပဲ ချောမောနေသည်။

"အားလုံး သုံးဆောင်ပါ ... အားမနာပါနဲ့ ... "

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ... ကိုမိုးကောင်းကင်ရော ဒေါ်စံမှီရော မွေးနေ့ရှင်သမီးလေးရော တာဝန်ကျေပါတယ်၊ လုပ်စရာရှိတာ သွားလုပ်ကြပါ ... တခြားဧည့်သည်တွေလည်း ရှိပါသေးတယ်"

"ဟုတ်ကဲ့ ခွင့်ပြုပါဦး ... "

မှီက မေရန်မခအား ခေါင်းလေးပုတ်ပြီး နှုတ်ဆက်နေတာကို တွေ့ရ၍ ဦးမိုးကောင်းကင် အလိုမကျသလို ဖြစ်သွားရသည်။ မှီကတော့ ပျောက်ဆုံးသွားတဲ့ သူ့ကလေးအရွယ်တွေမြင်တိုင်း ဒီလိုပဲ ကြင်ကြင်နာနာ ဆက်ဆံတတ်သည်။ ဒါပေမဲ့ ... မေရန်မခအား သေသေချာချာတွေ့လိုက်ရတော့ ဦးမိုးကောင်းကင် ဇဝေဇဝါနှင့် မှီနှင့်လည်း တူနေသလိုလို ခံစားရသည်။

"ခင်ဗျား ... ဒီကလေးကို လက်စတုန်း အပြတ်ရှင်းပြစ်





လိုက်ရဲ့လား ကိုကြာညို ... "

"ဟုတ်ကဲ့ပါ သူဌေး ... စိတ်ချပါ၊ ကျွန်တော် ရှင်းပြစ်လိုက်ပါပြီ"

"သေချာတယ်နော် ... "

"သေချာပါတယ် ... သူဌေးကို အနှောက်အယှက် မရှိစေရတော့ပါဘူး"

ကိုကြာညို သေသေချာချာမှ လုပ်ခဲ့ရဲ့လား။ ဦးမိုးကောင်းကင် စိတ်အပူဆုံးက မှီ့ရဲ့မုန်းတီးနာကြည်းမှုတွေ ခံရမှာပဲဖြစ်သည်။ မှီ့ကို အသက်မကချစ်တယ်၊ တန်ဖိုးထားခဲ့၏။ မှီ့မျက်နှာလေး ညှိုးနေရင်တော့ သူဘယ်လိုမှနေလို့ထိုင်လို့မရအောင် ခံစားခဲ့ရသည်။

"ကိုကြာညို ... ဒီလူ အသေအချာမှလုပ်ခဲ့ရဲ့လား"

မှီကို လက်ဆွဲခေါ်ပြီး တခြားဝိုင်းတွေဆီ လျှောက်လာခဲ့သည်။ ဘာဖြစ်လို့မှန်းမသိဘဲ ဦးမိုးကောင်းကင် သံသယတွေနှင့် စိတ်တွေမွှန်းကြပ်လာရ၏။ ခြံစောင့်သမီးက တသွေးတမွေးလေးပဲ။ အင်းလေ ... နန္ဒမိတ်လည်း ခြံစောင့်သားဆိုပေမယ့် သားသားနားနား သန့်သန့်ခန့်ခန့်ချော၍ ဦးမိုးကောင်းကင် သမီးစံနှင့် ငြိသွားမှာစိုးပူ၍ ကျွန်အဖြစ် ခွဲခြားဆက်ဆံထားခဲ့သည်။

"မဖြစ်နိုင်ပါဘူး ... လုံးဝမဖြစ်နိုင်တာဘဲ၊ နယ်မြေချင်းကိုက လုံးဝတခြားစီပဲလေ ... "



www.burmeseclassic.com

www.burmeseclassic.com



သံသယတွေကြီးထွားလာပေမယ့် အရမ်းကြီးသွေးပျက်မတတ် အမူအရာပျက်နေလို့လဲ မဖြစ်၍ ရင်ထဲက အပူမီးကို အပြုံးတွေနှင့် ဖုံးကွယ်နေရသည်။

## အခန်း ( ၁၃ )

မေရန်မခကို စံ နည်းနည်းလေးမှ မကျေနပ်ဘူး။ နောင်အဖြစ်သည်းလွန်းနေသည်။ နောင့်ကိုကြည့်ရတာ။ နန္ဒမိတ်နှင့်မေရန်ခကို ငြိသွားမှာ စိုးရိမ်နေပုံပင်။ တကယ်ဆို စံ့ကိုပဲ အရေးပေးရမှာ[illegible] နန္ဒမိတ် အသုံးမကျတဲ့ကောင်။ စံ ဒေါသတွေ ထွက်ရ၏။ ကိုကို[illegible]ငှ်ကို စံချစ်တယ်။ ရယူထားချင်သည်။

"နန္ဒမိတ် ..."

"အမိန့်ရှိပါ သခင်မလေး ..."

"နင် အသုံးမကျဘူး ... မေရန်မခကို ထိန်းထားပါဆို၊ မေရန်ခက နင့်ကိုကြွေနေပြီ"

"မဟုတ်တာဘဲ ..."

"စကားမရှည်နဲ့ မေရန်မခကို ဆွဲခေါ်ထုတ်ပေးစမ်းပါ၊ ကိုကိုနောင်နဲ့စံပဲ လိုက်ဖက်တာ ... ခြိစောင့်သမီးက မတန်မရာ"

နန္ဒမိတ် ဘာမှပြောမနေတော့။ တုန့်နှိုင်းစံ အရှက်ကိုမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ပြောပိုင်ခွင့်မရှိ။ မခကိုလည်း နောင့်ရင်ခွင်ထဲမှာ နန္ဒမိတ်
မထားလို့။ ဒါပေမဲ့လည်း ဘာတတ်နိုင်မှာလဲ။ သူဌေးသားနောင်
မခမှမခ။

"လုပ်တော့ ... ကိုယ့်အလုပ်ကိုယ်လုပ်တော့ ... ဟွန်း ... ရုပ်ကိုက မှုန်တည်တည်နဲ့ ... အသုံးကိုမကျဘူး"

နန္ဒမိတ် ခြံကြီးကို သန့်ရှင်းရေးလုပ်နေသည်။ သူဌေးသ
တုန်ရှိုင်းစံက သူ့ကို နှိမ်ချချိုးဖဲ့ပြောဆိုနေတာ မဆန်းတော့ပါ
မခက နန္ဒမိတ်ကို ကြွေနေတာဖြစ်နိုင်ပါ့မလား။ သူနှင့်တော့ တရ
တနီး နေထိုင်သည်။

"သား နန္ဒမိတ် ... အဖေအပြင်ထွက်စရာရှိတယ်၊ သ
လည်း ပင်ပန်းနေပြီ ... နားတော့လေ ... "

"အဖေက ဒီအချိန်ကြီးကျမှ ဘယ်သွားမလို့လဲ"

"အပြင်ပါ ... သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထား
ပန်းခြံထဲပါ"

ညှော်ခံပွဲပြီးသွား၍ နန္ဒမိတ် သန့်ရှင်းရေးလုပ်နေခြင်း
သည်။ တုန်ရှိုင်းစံက မကျေမနပ်နှင့် ရန်ထောင်ဆူပွက်၍ တိုက်
သို့ဝင်သွားသည်။ အဖေက ကုတ်ချောင်းချောင်းနဲ့ သားကို အတ
နားနိုင်းနေ၏။ အဖေ ပြန်လာမှ လုပ်မယ်တဲ့။ နန္ဒမိတ် တစ်ယော
ထဲ လုပ်သည်။

"အဖေ သွားပြီနော် ... သားရယ် အနားယူလိုက်ပါ၊ မင်း





ရေးကြီးပါတယ် ... အဖေ့သား အဖိုးတန်လေး ... "

သားကို ပင်ပင်ပန်းပန်း လုပ်နေရတာကို ဦးကြာညို မကြည့်
။ လွတ်မြောက်ချင်ပေမယ့်လည်း လွတ်လမ်းက မမြင်ပေ။
ခြံထဲမှာ သူငယ်ချင်းမြတ်သစ်နှင့် ချိန်းထားသည်။ ညဥ့်ကနက်
ပြီ။ အေးချမ်းတဲ့ညအချိန်မှာပင် ဦးကြာညို ရင်တွေပူလောင်နေ
သည်။ ပန်းခြံထဲရောက်တော့ မြတ်သစ် ထိုင်နေ၏။ သူငယ်ချင်း
ယောက် မတွေ့ရတာ နှစ်တွေကြာနေပြီ ဖြစ်သည်။

"မြတ်သစ်"

"ကြာညို ... မင်း ... မင်း ... "

"သူငယ်ချင်းရယ် ... မတွေ့တာ နှစ်တွေကြာပြီ၊ မင်း ဘယ်
ဖြစ်ပြီး ဒီကိုရောက်လာရတာလဲ"

"ကြာညို ... မင်းကိုတွေ့ချင်နေတာနဲ့ အတော်ပဲ ... သမီး
အကြောင်းတွေ မေးချင်တာပါ"

"မေးမနေပါနဲ့ ... မင်းဒီကလေးမလေးကို သံယောဇဉ်တွယ်
ပြီမဟုတ်လား"

"သံယောဇဉ်တွယ်တာတော့မှန်ပါတယ် ... ဒါပေမဲ့ ခြံစောင့်
သမီးဆိုတာကြီးတော့ သမီးလေး မခံယူစေချင်ဘူး၊ ကလေးရဲ့မိဘ
အကြောင်း အမှန်အတိုင်းပြောပြပေးပါလား ကြာညိုရာ"

မြတ်သစ်ကိုပြောပြလို့ မဖြစ်ပေ။ သူဌေးက ကြောက်စရာ
ကောင်းတယ်။ ဒီကိစ္စသာ သိသွားရင် မိမိကိုအသေသတ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားရှေ့ရေးကလည်း ရှိသေးသည်။

"မင်း ထွက်သွားပါ ... မင်းသမီးကျောင်းစရိတ် ငါပေးလိုက်ပါ့မယ် မြတ်သစ်ရာ ... ဒီနေရာကနေ အဝေးဆုံးကိုထွက်သွားပေးပါလား"

"ဘာပြောတယ်ကွ ... ငါ့သမီးပညာရေးကို မင်းက ဘယ်လောက်အထိတာဝန်ယူပေးနိုင်လို့လဲ ကြာညို့ရ ... တောင်းပန်တယ်ကွာ၊ ငါ့သမီးလေးရဲ့နောက်ကြောင်းကို အမှန်ပြောပြပါ"

"မပြောနိုင်ဘူးကွာ ... ဒီကလေးရဲ့နောက်ကြောင်းရာဇဝင်ကို မမေးပါဘူးလို့ မင်းကတိပေးပြီး ခေါ်လိုက်တာပဲ ... ဘာမှထပ်မမေးနဲ့တော့၊ မင်းတို့သားအဖ ဒီမှာနေရင် အသက်အန္တရာယ်ရှိတယ်ကွ သိလား ..."

"ဘာ ... ဘာပြောတယ် ကြာညို ... အသက်အန္တရာယ်ရှိတယ် ဟုတ်လား ..."

"ဟုတ်တယ် ... မင်းအတွက် ငါလာပြီးသတိပေးတာပါ"

ကြာညို့ကိုကြည့်ရတာ ထိတ်ထိတ်ပြာပြာနှင့် အတော်လေးလည်း အိုစာနေသည်။ ဒီကောင် ဘာတွေဖြစ်နေလဲ။

"နန္ဒမိတ်က မင်းသားလား"

"ဟုတ်တယ် ... ငါ့သားရဲ့အနာဂတ်အတွက်ရော မင်းသမီးအတွက်ပါ ပြောနေတာပါ ... ငါတောင်းပန်ပါတယ် မြတ်သစ်ရာ နော် ... မင်းတို့သားအဖ ဒီကနေအဝေးဆုံးကိုထွက်သွားကြပါ





နောက်ထပ်လည်း ဒီနေရာ ... အိုကြာတယ် ရန်ကုန်ကိုခြေဦးတောင် လှည့်မလာပါနဲ့"

ကြာညို ... ကြာညို ဘယ်လောက်များရှုပ်ထွေးပွေလီနေသလဲ။ ငယ်စဉ် ရွာမှာနေထဲက ငှက်တစ်ယောက်ပါ။ ဖဲရိုက်၊ သောင်းကျန်းတွေလုပ်နဲ့ ... သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြတာ။ လွမ်းဆွတ်ကြည်နူးစရာ မဟုတ်ရဘဲ အလောတကြီးနှင့် ထိတ်လန့်တုန်လှုပ်မှုတွေ ရောပြွမ်းနေသည်။

"မြတ်သစ် ... မင်းတို့ထွက်သွားပါ၊ ငါ တောင်းပန်ပါတယ်၊ ဒီဝတ်ဝန်းကျင်မှာ တစ်နာရီတစ်စက္ကန့်တောင် မနေသင့်တော့ဘူးကွ"

"ရုတ်တရက် ပြောင်းလို့တော့ မဖြစ်ဘူးကွ၊ သူဌေးက ငါ့ကိုအားကိုးနေတာ ... ငါ့သမီး တက္ကသိုလ်ဝင်တန်းဖြေရမယ်"

"မြတ်သစ်"

"ဘာလဲကွ"

"ငါတို့ခြံကြီးထဲ မင်းသမီးလာပြီး မပတ်သက်စေနဲ့"

"ဘာကွ ... ငါ့သမီးလေးက မာနရှိတယ်၊ မင်းတို့ဆီ ဘယ်တော့မှလာမပတ်သက်ဘူး၊ ငါတို့ပြောင်းလာတာလည်း ရိုးရိုးသားသားကွ"

"ဘာပဲဖြစ်ဖြစ် မင်းတို့ဒီမှာနေတာ ဘာအကျိုးမှမရှိနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အကျိုးမဲ့မှာနော် … အမြန်ဆုံးထွက်သွားကြပါ”

“ဘာအကြောင်းလဲ … တို့ကိုထွက်သွားနိုင်းရအောင် အကြောင်းပြချက်က ဘာလဲ … မင်းပြောပြရမယ်၊ အထူးသဖြင့် ငါ့သမီးလေးအကြောင်းပဲ အမှန်ကဘာလဲ … မိဘတွေကရော မင်းသိထားပါတယ် … မင်းပြောပြပါ၊ ဘာကြောင့် ငါ့သမီးလေးကို စွန့်ပြစ်ထားရတာလဲ … ပြောပြပါကွာ”

“မပြောနိုင်ဘူးကွာ … မင်းမမေးတော့ပါဘူးလို့ ကတိပေး ခဲ့တာပဲ … မင်းသမီးမှာ အန္တရာယ်ရှိတယ် အဲဒါပဲ … ငါပြောနိုင်မယ်၊ ထွက်သွားကြပါ … အမြန်ဆုံးထွက်သွားကြ … ”

ဦးကြာညို အရူးတစ်ယောက်လို အော်ဟစ်မိသည်။ မြို့နေ တဲ့ မီးတောင်တစ်ခု ထပေါက်တော့မလားဘဲ။ မြတ်သစ်တို့ သား အဖ သူဌေးမြင်ကွင်းကနေ အမြန်ဆုံးထွက်သွားမှဖြစ်မယ်။ မြတ်သစ် အား ဒူးထောက်တောင်းပန်ပြီး ပြန်လာခဲ့သည်။

“ကိုကြာညို … လာပါဦး … ”

“ဗျာ … ဟင် … သူဌေး … ”

“ခင်ဗျား ဘယ်ကနေ ပြန်လာတာလဲ … ဒီအချိန်ကြီးကျမှ”

“ဟို … ဟိုလေ ပူအိုက်လို့ ပန်းခြံထဲသွားထိုင်နေ … ”

“ဘာ”

“ဟို … ဟို … သူဌေး … တကယ်ပါ၊ ကျွန်တော် သူဌေးကို မလိမ်ညာရဲပါဘူး”



“ခင်ဗျားကို ကျုပ်မေးမယ် ကိုကြာညို အမှန်အတိုင်းပဲပြော၊ မို့သမီးလေးကို ခင်ဗျား ဘာလုပ်ပြစ်ခဲ့လဲ … အမှန်အတိုင်းဖြေနော်၊ ခင်ဗျား လက်စတုန်းခဲ့တယ်ဆိုတာ လိမ်ညာတာမဟုတ်လား”

“မဟုတ်ပါဘူး သူဌေး … တကယ်ပဲ လက်စတုန်းခဲ့တာပါ၊ ကျွန်တော့်ဇာတိမြို့မှာ ရှင်းပစ်လိုက်တာပါ”

ဦးမိုးကောင်းကင် သံသယဖြစ်နေတာက တစ်ဘက်ခြံမှ မေရန်မခကိုပင်။ အနီးကပ်ကြည့်မိမှ မိုငယ်စဉ်ကနှင့်အတော်လေး တူနေသည်။ ခြံစောင့်သမီးတဲ့။ ဘယ်လိုမှ ဆက်စပ်မရ၊ သမီး တူနိုင်း ခံထက်ပင် ချောမောအိစက်နေသည်။

“ကျုပ်ကို မလိမ်နဲ့နော် … ဒီကိစ္စတွေ မိုသိသွားလို့ လုံးဝ မဖြစ်ဘူးဆိုတာ ခင်ဗျားသိတယ်နော်”

“သိ … သိပါတယ်”

“ကျုပ်ကို လူယုတ်မာတစ်ယောက်လို့ မိုသတ်မှတ်မှာ၊ အဲဒီ လိုဖြစ်လာရင် ခင်ဗျားရော ခင်ဗျားသားကိုရော သတ်ပြစ်မယ်၊ နှစ် ယောက်လုံး အသေဆိုးနဲ့သေရမယ်”

“သူဌေးကို မလိမ်ပါဘူး ခင်ဗျား … လုံးဝ အစသတ်ခဲ့တာပါ၊ စိတ်မပူပါနဲ့ခင်ဗျာ”

“ကောင်းပြီ ခင်ဗျားလုပ်တဲ့ကိစ္စ ခင်ဗျားအသိဆုံးပဲ … လက် စသတ်တာ မပိရိရင်လည်း ထပ်ပြီးလက်စသတ်ပါ … ကျုပ်စိတ်တွေ မလုံခြုံတော့ဘူး ကြားလား … ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ ကြားပါတယ်"

"တောက်"

"အား"

ထုံးစံအတိုင်းပဲ သူဌေးက ဒေါသတွေပေါက်ကွဲတိုင်း မိမိခြေသလုံးကို ပိတ်ကန်ပြစ်တတ်သည်။ ဦးကြာညို ခြေသလုံးမှာ အညိုအမဲတွေ ထပ်နေ၏။ သူဌေးကလှမ်ကိုက်၊ ထိုးနှက်သတ်ပုတ်တဲ့နေရာတွင် ယခုအထိ သွက်လက်သန်မာနေဆဲပင်။ ခင်ဗျား သတိကျောကျပ်ထားဟု ကြိမ်းမောင်းရင်း တိုက်ထဲပြန်ဝင်သွားသည်။

"အဖေ ... ဘာဖြစ်ပြန်ပြီလဲ ... သူဌေးဒေါသတွေ ထွက်အောင် အဖေ ဘာတွေလုပ်မိပြန်ပြီလဲ"

နန္ဒမိတ် ကြည့်နေတာပါ။ အဖေ အပြင်သွားတာ ပြန်မလာသေးလို့ ထွက်ကြည့်နေတာ သူဌေးက ကန်ကြောက်နေပြန်သည်။

"အဖေပဲ အမှားလုပ်ပြန်ပြီလားဗျာ ... ဘာတွေဖြစ်နေရတာလဲ ... အခုတလော အဖေ ဘာတွေပြာယာခတ်နေတာလဲ"

"ဝင်ကြမယ်သား ... အဖေ့ကိစ္စတွေ မင်းစိတ်မဝင်စားပါနဲ့ကွာနော် ... မင်းအလုပ် မင်းလုပ်ပါ"

"အဖေ့ကို နှိပ်စက်နေတာ၊ ကျွန်တော့်ကိစ္စ မဟုတ်ဘူးလား"

ဒီခြံကြီးထဲမှာ သူတို့သားအဖနေရတာ ငရဲတမျှ ဖြစ်နေသည်။ သူဌေးနဲ့အဖေ့မှာ ဘယ်လိုအရှုပ်အထွေးတွေရှိနေလဲ။ နန္ဒမိတ်



တစ်ခါတလေ လုံးဝသည်းမခံနိုင်ဘဲဖြစ်ရ၏။ သူဌေးသမီးက အနိုင်ကျင့်လွန်း မောက်မာလွန်းသည်။ အထူးသဖြင့် မခကို ထိပါးနေတာပဲ။

"လာပါ ... သားရယ် ... ဝင်ပါ၊ ညဥ့်နက်နေပြီလေ"

"အဖေ ... လမ်းလျှောက်နိုင်ရဲ့လား"

"လျှောက်နိုင်ပါတယ်ကွ"

မိမိခြေသလုံးဆီက အရိုးခိုက်မတတ် နာကျင်နေပေမယ့် ဦးကြာညို အပြုံးမပျက်ရဲ၊ မိမိအပြစ်နှင့်မိမိပါ။ ငယ်စဉ်က ဆိုးသွမ်းပေတေမိုက်မဲ့ခဲ့တာတွေက သားအနာဂတ်ကိုပါ ထိခိုက်ခြိမ်းခြောက်နေသည်။ မိမိလွန်ကျူးခဲ့တဲ့ ပြစ်မှုတွေကို မှတ်တမ်းတင်ထားသူက သူဌေးမိုးကောင်းကင်ပဲ။ တစ်နေ့နေ့တော့ ကြာညို့လက်ခုတ်ထဲကရေဖြစ်စေရမယ်။ ခင်ဗျား လူယုတ်မာကြီး ဒုစရိုက်သမားကြီး။ ခင်ဗျားကရော ဘာလဲ ... လူကြီးလူကောင်းယောင် ဆောင်နေတာ။ ဦးကြာညို ရင်ထဲမှာ ကြိတ်ပြီးဒေါသမုန်တိုင်းတွေ ထန်နေသည်။

"အဖေ"

"ဟင် ... "

"အိပ်တော့လေ ... အိပ်လို့မပျော်ဘူးလား ... အိပ်ဆေးသောက်လေ"

"ရပါတယ် ... အဖေ ဘာမှမဖြစ်ပါဘူး သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခြေသလုံးက တကယ်ပဲ ဘာမှမဖြစ်ဘူးလား အဖေ"

"မဖြစ်ပါဘူး ... အဖေအတွက် မင်းစိတ်မပူပါနဲ့ သားတာဝန်ကို အထူးကျေပွန်ဖို့ပဲ လိုအပ်တယ်"

"သားကိုစိတ်ချပါ လောကကြီးအကြောင်းကို တော်တော်လေးနားလည်သဘောပေါက်သွားပါပြီ"

"ကြိုးစားပါကွာ ... သားစိတ်တွေကို အမြင့်ဆုံးထားပါ၊ အဖေကတော့လေ ... သားအတွက် လောဘကြီးတယ်ကွ၊ အဖေတို့ ခံစားရတာတွေအတွက် အကျိုးအမြတ်ကြီးကြီး ရယူနိုင်ရမယ်လေ"

သားကို မေရန်မခနဲ့တော့ သဘောမတူနိုင်ပေ။ တစ်နေ့နေ့မှာတော့ အဖြစ်မှန်တွေသိသွားမှာ သေချာသည်။ သားကို မုန်းတီးမှာပဲ။ လုံးဝသိမ်းပိုက်ယူ၍တွယ်လို့ မဖြစ်ဘူး။ ဦးကြာညို တားဆီးရမယ် မေရန်မခ ... နင်လည်း လူ့လောကကြီးထဲမှာ မရှိမဖြစ်မယ်။ ငါ့ငယ်ငယ်လေးထဲက ရှင်းပြစ်လိုက်ရမှာပါ။ ငါမပြတ်သားနိုင်ခဲ့ဘူး။ သားအတွက် ဘာပဲလုပ်ရလုပ်ရ ဦးကြာညို လုပ်နိုင်သည်။

"မင်း ... မင်း ... ဟိုဘက်ခြံက ကောင်မလေးကိုတော့ လုံးဝပဲနော်၊ မပတ်သက်ရဘူး ... သခင်မလေးကနိုင်းရင်လည်း သဘောလောက်ပဲလုပ်ရမယ်"

နန္ဒမိတ် စာထဲမှာ သူ့စိတ်တွေ နှစ်ထားလိုက်သည်။ ဒီနှစ်ကတော့ ပညာရေးပဲ အဓိကဦးစားပေးရမယ်။ တကယ်ပဲ နံပါတ်တစ်



ဖြစ်ချင်၏။ နန္ဒမိတ် ယှဉ်ပြိုင်နိုင်တာက နောင်နှင့်ပညာရေးပဲ ရှိတော့သည်။

"နင် ဘာတွေလုပ်နေတာလဲ မခ ... အရေးမပါတာတွေ ဒက်ဒီနဲ့မာမီက လုံးဝမကြိုက်ဘူး"

မခလက်ကို ပိုင်စိုးပိုင်နင်းဆွဲ၍ ခေါ်ဆောင်သွားသည်။ နန္ဒမိတ် ပြန်ခေါ်ထားချင်ခဲ့၏။ သူက အစေခံသား ကျွန်ပေါက်စ။ မခက လုံးဝငြင်းဆန်နေသည်။

"နောင် ... နင်ဘာလုပ်တာလဲ၊ လွှတ်စမ်းပါ ... ငါ နန္ဒမိတ်ကို ပိုင်းကူနေတာ ဘာဖြစ်လဲ ..."

"မလုပ်နဲ့ ... နင့်အလုပ်မဟုတ်ဘူး၊ ဒါပဲ ... ဆောရီးနော်၊ နန္ဒမိတ် ပတ်ဝန်းကျင်က မြင်လို့မကောင်းဘူး"

နောင်ရဲ့အပြုအမူတွေက မခအပေါ် ဘယ်လောက်အထိ ချစ်ခင်နှစ်သက်နေလဲဆိုတာ သက်သေပြနေသည်။ သူ့မွေးတွေက လည်း ကန့်ကွက်တားဆီးခြင်းမရှိကြ။ သားနောင် သဘောပဲ။ စိတ်သဘောထား ပြည့်ဝလွန်းကြသည်။

"မခ ... နင့်ကို နောင့်လက်ထဲ ငါဘယ်တော့မှ မအပ်ဘူး။ မခက နန္ဒမိတ်အတွက်ပဲ ဖြစ်စေရမယ် ... တို့တွေက ဘဝတူတွေလေ ... ဒီနှစ်တော့ နန္ဒမိတ်တို့ ပညာရေးကိုပဲ ဦးစားပေးကြိုးစားကြမယ်"

မခကို နန္ဒမိတ်ချစ်သည်။ နှလုံးသားတွေထဲအထိ နက်နက်

www.burmeseclassic.com



ရှိုင်းရှိုင်း တိုးဝင်၍ ချစ်မြတ်နိုးရ၏။ ကိုယ်ရော မခရော နှစ်ယောက်လုံး အစွမ်းကုန်ကြိုးစားကြမယ်။ ကိုယ်တို့ရဲ့ မျိုးဆက်တွေ ကိုယ်တို့လို မနိမ့်ကျစေရဘူး။ အဖေကတော့ အိပ်စက်သွားပေမယ့် တစ်ချက်တစ်ချက် ညည်းညူသံလေးတွေ ထွက်ပေါ်နေလေသည်။

အခန်း ( ၁၄ )

တက္ကသိုလ်ဝင်တန်း အောင်စာရင်းတွေ ထွက်လာတော့ နန္ဒမိတ်က တစ်ပြည်လုံးတွင် ပထမ ရခဲ့သည်။ မေရန်မခလည်း ဘာသာစုံဂုဏ်ထူးထွက်၏။ နောင်နှင့်တုနှိုင်းစံတို့လည်း ဂုဏ်ထူးသုံးဘာသာစီ ပါကြသည်။

"နန္ဒမိတ် အရမ်းတော်တာပဲ၊ ဂုဏ်ယူပါတယ်ဟာ တကယ်ပဲ ... ဖြစ်မြောက်အောင်လုပ်နိုင်တယ်"

မခ အပျော်ဆုံးပဲ။ နန္ဒမိတ်အတွက် ဖြစ်သည်။

"မခအတွက်လည်း ကိုယ်ဂုဏ်ယူပါတယ်"

"မခတို့ ဆေးကျောင်းအတူတူတက်မယ်နော် နန္ဒမိတ်"

"အင်း"

"ညကျရင်လေ ပန်းခြံမှာ ဆုံကြမယ်နော် နန္ဒမိတ် ... ဂုဏ်ထူးလက်ဆောင်လေး ပေးချင်လို့ပါ"

"ကိုယ်လည်း မခကိုတွေ့ချင်တယ် ... ကိုယ့်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုလက်ဆောင်ပေးချင်လို့"

"အိုကေ"

နန္ဒမိတ်ကိုနှုတ်ဆက်ပြီး မခ ကားပေါ်တက်လာတော့ နောင်က မကျေနပ်။

"နင်ဘာတွေအဖြစ်သည်းနေတာလဲ မခ ... နင်က နန္ဒမိတ် ထက်တောင် ပိုပျော်နေသလိုပဲ"

"ဟုတ်တယ်လေ ... တို့နှစ်ယောက်က ဘဝတူတွေလေ၊ တို့ဘဝရဲ့ မျှော်လင့်ချက်ပဲ ... နောင်တို့က သူဌေးသား၊ အားလုံးက ရေကန်အသင့် ကြာအတင့်ပဲ ... "

နောင်ကတော့ မခကိုချစ်ရေးဆိုဖို့အတွက် ချောင်းနေတာ။ နန္ဒမိတ်နှင့် အရောဟဝင်ရှိလွန်းနေ၍ စိတ်ပူမိသည်။ မခ စိတ်ဆိုးမှာ လည်း ကြောက်မိ၏။ မခ ... သူ့အနားကနေ ထွက်သွားမှာကိုပဲ နောင် အစိုးရိမ်ဆုံးပါ။

"နောင် ... နင်နဲ့စံလည်း ဘဝတူတွေလေ ... ဂုဏ်ထူးထွက် တာတောင်အတူတူပဲ ... နင်တို့တွေက အပူအပင်ကင်းကြပါတယ်"

"မခ"

"ဘာလဲ"

"ငါ့ရင်ထဲမှာ မီးတောက်နေတာ နင်သိလား"

"မသိဘူး ... နင့်ဟာနင် ဘာပဲဖြစ်ဖြစ် ငါ့ကိုလာပြီး တင်ပြ မနေနဲ့နော်နောင် ... အပိုတွေ ... "





မခကို ချစ်သည်ဟုပြောဖို့ နောင့်နှုတ်ခမ်းသားတွေက စေ့ ကပ်နေ၏။ မခဘက်မှ အချစ်တွေ တုန့်ပြန်မလာနိုင်ဘူးဆိုတာ နောင် သိသည်။

"မခရယ် ... နင်ချစ်နေတာက နန္ဒမိတ်လား၊ ဒီကောင်က ခြံစောင့်သားဆိုတာကလွဲပြီး အရည်အချင်းတွေအရမ်းပြည့်စုံပါတယ် ဟာ"

နန္ဒမိတ်ကို မခချစ်နေရင်လည်း နောင်ကတော့ သဘောတူ ကြည်ဖြူစွာ နောက်ဆုတ်ပေးမှာပဲဖြစ်သည်။ မခကို ပျော်နေစေ ချင်တယ်။ နောင့်ကို မခ ဘယ်တုန်းကမှ စိတ်ဝင်စားမှု မပြခဲ့။ ချစ်သည်ဆိုတဲ့စကားတွေကို နောင့်နှလုံးသားတွေထဲမှာပဲ သိမ်း ဆည်းထားလိုက်မည်။

"မခရယ် ... နင် ရင်မဖွင့်နဲ့ဆိုရင်လည်း မဖွင့်တော့ပါဘူး၊ နောင့်ရင်ထဲမှာ မီးလောင်နေလည်း နင်ကလာပြီး မငြိမ်းပေးနိုင်ပါ ဘူး၊ နင်က မီးသတ်ကားမှ မဟုတ်တာဘဲ"

"အေး ဟုတ်တယ် ... နင်သဘောပေါက်ထား"

နောင့်ရင်ထဲမှာ ဘာတွေဖြစ်နေလည်းဆိုတာ မခသိသည်။ ဒါပေမဲ့ ... မခ လုံးဝလက်မခံနိုင်သော အနေအထားပါ။ သူဌေးသား နှင့်ခြံစောင့်သမီး ဘယ်လိုဖြစ်နိုင်မှာလဲ။ သူဌေး မိသားစုက ဘယ် လောက်ပဲအဆင့်အတန်း မခွဲခြားဘဲ ဆက်ဆံနေပါစေ အဖေက သမီးပေါ်က အနိမ့်ဆုံးလူ။ ခြံထဲပြန်ရောက်တော့ ဖေဖေက ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လွှန်း၍ မျက်ရည်တွေတောင် ကျလာသည်။

"သမီးလေး … ဖေဖေ့သမီးလေး၊ အရမ်းတော်လိုက်တာ၊ ဖေဖေ ဂုဏ်ယူတယ် … စိတ်အေးရပါပြီကွာ"

သူ့ငွေး လင်မယားကလည်း မခကို ဆေးကျောင်းထားပေးမယ်တဲ့။ မခ သင်ချင်သလောက်သင်ပါ။ ဆုံးခန်းတိုင် တာဝန်ယူပေးမယ်တဲ့။ နောင်ကတော့ အင်ဂျင်နီယာပဲ လုပ်မယ်တဲ့။ လူကြီးတွေက နောင်နဲ့မခအတွက် ဂုဏ်ပြုပွဲလုပ်ပေးမည်ဟုလည်း ပြောနေသည်။ သူမ ရင်ခုန်အလှုပ်ရှားဆုံးက နန္ဒမိတ်နဲ့တွေ့ဆုံဖို့ပဲ။ ပန်းခြံမှာ ချိန်းထား၏။ နန္ဒမိတ်ကို ဂုဏ်ပြုအမှတ်တရအဖြစ် မခ မေမေရဲ့အမွေ ရွှေဆွဲကြိုးလေးတစ်ကုံးဖြစ်သည်။

"သမီး မမွေးခင်ထဲက သမီးမေမေ လုပ်ထားတာပါ၊ ရွှေဆွဲကြိုးလေးပဲ … သမီးအမှတ်တရ သိမ်းထားလိုက်နော်"

ဖေဖေက သူမ ကိုးတန်းအောင်သောနေ့ မခမွေးနေ့တွင် ပေးခဲ့သည်။ လော့ကတ်လေးအဖြစ် တီအက္ခရာသုံးလုံးတွဲထား၏။ ဖေဖေက သမီးမေမေ့ပစ္စည်းဆိုတော့ မခ အလွန်အမင်း နှစ်သက်ပြီး တန်ဖိုးထားမိသည်။

"နန္ဒမိတ်ရယ် … မခ အမြတ်နိုးဆုံးပစ္စည်းလေးမို့ပါ … မခကို နန္ဒမိတ် ဘယ်တော့မှ မေ့မသွားအောင်ပါ"

ရွှေဆွဲကြိုးလေးက အကြီးကြီးမဟုတ်။ သေးသေးမျှင်မျှင်လေးပါ။ မခကလေးဘဝက ဆွဲပေးထားပြီး နောက်မှ အဖေသိမ်း





ထားတာတဲ့။ မခ အမြတ်နိုးဆုံးပစ္စည်းလေးအား မခ အနှစ်သက်ဆုံး တန်ဖိုးအထားရဆုံး နန္ဒမိတ်ကို ဂုဏ်ပြုလက်ဆောင်ပေးလိုသည်။

"မခ"

"ဘာလဲ"

"နင့်ကို ဂုဏ်ပြုတဲ့အနေနဲ့ နောင် အမှတ်တရပစ္စည်းလေး တစ်ခု ပေးချင်တယ်"

"မလိုချင်ဘူး"

"မရဘူး … လက်ခံပေးပါ မခရာနော် … တောင်းပန်ပါတယ် နောင်ပေးချင်တဲ့ပစ္စည်းလေး ဖြစ်နေလို့ပါ"

မခ လက်မခံချင်ပေ။ ဘာဖြစ်လို့လဲဆိုတော့ လက်ဆောင်ကို နန္ဒမိတ်ဆီကလည်း ပထမဆုံး လက်ခံရယူချင်သည်။ ညနေ နန္ဒမိတ်နဲ့တွေ့မှာပဲ။ မခကို အမှတ်တရလက်ဆောင်ပေးချင်သည်ဟု နန္ဒမိတ်က ပြောခဲ့၏။ နောင်ရေ ဆောရီးနော် … နန္ဒမိတ်ဆီက အရင်ဆုံးလက်ခံချင်လို့ပါ။ နောင့်ကို နောက်မှပေးဟုပြောပြီး သူမ အခန်းလေးထဲ ဝင်လာခဲ့သည်။

"မခ … နင် နောက်မှပေးလုပ်မနေနဲ့၊ နောင်ပေးတဲ့လက်ဆောင်ကို မဖြစ်မနေ လက်ခံရမယ်"

မခ ဘာမှတုန့်ပြန်ပြောမနေတော့ဘဲ သူမအိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။

"နန္ဒမိတ်ရယ် … မခလေ ရင်တွေတဆတ်ဆတ်တုန်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် … အဲဒါ ဘာဖြစ်လို့လဲဟင်၊ နန္ဒမိတ်ရဲ့ အောင်မြင်မှုအတွက် ဂုဏ်အယူဆုံး အပျော်ဆုံးကမေရန်မပါနော်"

ညရောက်တော့ သူဌေးနှင့်နောင်တို့က ဆွေမျိုးတွေ နယ်ကနေရောက်လာ၍ သွားတွေ့ကြသည်။ မခ လွတ်လပ်သွားရ၏။ နောင်က လက်ဆောင်ကို အတင်းအကျပ်လာပေးမည်စိုး၍ ခေ ရှောင်နေရ၏။ နန္ဒမိတ်ဆီကလည်း ပထမဆုံးလက်ခံရယူခြင်းလို့ မခ ဘဝတစ်လျှောက်လုံးမှာ စိတ်ဝင်စားစွာ ရင်ခုန်ရတဲ့ယောက်ျား က နန္ဒမိတ်ဖြစ်သည်။

"အဖေ … မခ ပန်းခြံထဲ ခဏသွားဦးမယ်နော်"

"သမီးမခ … "

"ရှင် … "

"သိပ်နောက်မကျစေနဲ့နော် သမီးလေး … အဖေ စိတ်ပူတယ်"

ကြာညိုပြောထား၍ ဦးမြတ်သစ် သမီးကိုမျက်စိအောက်က နေ အပျောက်မခံဘဲ ဂရုစိုက်ကြည့်နေရသည်။ သမီးက ညနေတိုင်း ပန်းခြံကို ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်တတ်၏။ အဖြစ်မှန် တွေကိုလည်း ဖွင့်မပြောနိုင်။ ဦးမြတ်သစ် ဘယ်လိုဆက်လုပ်ရမလဲ ကြာညို ပြောသလို အဝေးကိုထွက်သွားဖို့လည်း စဉ်းစားနေသည်

"ဖေဖေ သွားပြီနော် … "

"မြန်မြန်ပြန်လာနော် … မိုးမချုပ်စေနဲ့ အဖေလိုက်ချင်တာ





ခြံထဲမှာ ဘယ်သူမှမရှိလို့ … "

မခ ထွက်လာခဲ့သည်။ ပန်းခြံထဲရောက်တော့ နန္ဒမိတ် ကြို တင်ရောက်နေ၏။ မခ ရင်တွေ တဆတ်ဆတ်တုန်လာ၍ ခြေလှမ်း တွေက တုန့်ခနဲ ရပ်သွားသည်။

"မခ … လာလေ ဘာဖြစ်လို့လဲ … "

"ဘာမှမဟုတ်ပါဘူး … နန္ဒမိတ် လာမှလာပါ့မလားလို့ စိုး ရိမ်နေတာပါ"

"ကိုယ်က မခကိုအရမ်းတွေ့ချင်နေတဲ့သူပါ … လာထိုင် လေ … "

နန္ဒမိတ်လည်း ရင်တွေတုန်နေသည်။ နောင် လက်ဦးသွား မှာစိုး၍ မခကို ဒီညချစ်ရေးဆိုဖို့ ဆုံးဖြတ်ထား၏။ သူ့သတ္တိကြောင် ပေမယ့် မခကို ချစ်သူအဖြစ် ဦးစွာသိမ်းပိုက်ထားချင်နေသည်။

"နန္ဒမိတ် … ရော့ … "

"ဘာလဲ … "

"မခ အရမ်းကို နှစ်သက်မြတ်နိုးတန်ဖိုးထားရတဲ့ ဆွဲကြိုး လေးပါ … မခ ငယ်ငယ်လေးက ဆွဲခဲ့တာ ဖေဖေ့အမှတ်တရတဲ့ လေ … "

မခပေးတဲ့ ဗူးအနီရောင်လေးကို ဖွင့်ကြည့်လိုက်တော့ ဆွဲ ကြိုးလေးတစ်ကုံးပါ။ တီ–တီ–တီဟု တွဲ၍ လော့ကတ်လေးတစ်ခု ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာလေးလဲ ... တီဆိုတာက ဘယ်သူ့နာမည်လဲ"

"မသိပါဘူး ... ဖေဖေကပြောတယ်၊ သမီးမေမေ နာမည်
လေ ..."

"မခကိုလည်း ကိုယ်အမှတ်တရပစ္စည်းလေး ပေးမလို့ ကိုယ့်
ကို အဖေပေးထားတဲ့မုန့်ဖိုးတွေ စုထားပြီး ဝယ်ထားတာပါ"

"ဘာလဲဟင် ..."

သူက ဗူးလေးထုတ်ပြတော့ မခမျက်ဝန်းလေး ပြူးကျယ်
ဝိုင်းစက်သွားရသည်။ မျက်နှာလေးလည်း အပူငွေ့တွေရိုက်ခတ်
ထူထူပူပူကြီး ဖြစ်သွားရသည်။

"ကိုယ်ပေးတဲ့လက်စွပ်လေးကို လက်ခံပေးပါ မခ ..."

"ဒီ ... ဒီလက်စွပ်က ..."

"မခ ..."

"ဟင် ..."

"ကိုယ့်မုန့်ဖိုးတွေစုပြီး ဒီစိန်လက်စွပ်လေးကို ဝယ်ထား
ပါ မခ ... လက်ခံပေးပါနော်"

နန္ဒမြတ် စိတ်တွေကိုတင်းပြီး မခလက်လေးကို ဆွဲယူ
ဝတ်ပေးလိုက်သည်။ မခက မငြင်းပေ။

"ဟိုလေ ... ဒီလက်စွပ်ကို ဝတ်ထားလို့မဖြစ်သေးဘူးနော်
သူများတွေမြင်သွားရင် တစ်မျိုးထင်နေဦးမယ် ..."

"မခ"



"ဟင် ..."

"မခကို ကိုယ်ချစ်တယ်"

"ဟင်"

မခ အထိတ်တလန့်နှင့် နန္ဒမိတ်ကို ဆတ်ခနဲကြည့်ပြီးမှ
အကြည့်တွေကို ပြန်လွှဲပစ်လိုက်သည်။

"ကိုယ်လေ ... မခကို တခြားလူ ပိုင်ဆိုင်သွားမှာစိတ်ပူတယ်
ကိုယ်ကြိုးစားမှာပါ၊ မခကို ပျော်ရွှင်စေရမယ် ... ကိုယ် ယောက်ျား
လေးလေ ... မခကို တာဝန်ယူနိုင်တဲ့အထိ ကြိုးစားမယ်နော် မခ"

မခလည်း နန္ဒမိတ်ကို ချစ်မိနေပြီဖြစ်သည်။ လက်စွပ်လေး
က အဖိုးသိပ်မတန်ပါဘူးဟု နန္ဒမိတ်ကပြောပေမယ့် မခ နှစ်သက်
မိ၏။ နန္ဒမိတ် လက်တွေက မခလက်လေးကို ဆုပ်ကိုင်သည်။

"ဟင် ... နန္ဒမိတ် ... ဟို ... ဟိုလေ ..."

"ကိုယ့်ကိုချစ်တယ် မဟုတ်လား မခရယ် ..."

"ဟို ... ဟိုလေ ... မခ ပြန်တော့မယ်နော်၊ ဖေဖေက
သိပ်ပြီး မိုးမချုပ်စေနဲ့တဲ့ ... နောက်မှနော် ..."

"ကိုယ် စိတ်မချဘူး၊ ကိုယ့်စိတ်တွေ အေးသွားအောင် မခ
သဘောထားကို ပွင့်ပွင့်လင်းလင်းပဲပြောပါ"

မခ ဘယ်လိုဖြေရမလဲ။ တကယ်ပဲ နန္ဒမိတ်ကလေ မခရင်
တွေ ဆတ်ဆတ်တုန်လာသည်။

"မခ လက်ဖျားလေးတွေ အေးစက်နေတယ် ... မခရယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကြီး စိတ်မလှုပ်ရှားပါနဲ့ ... ကိုယ်ပြောခဲ့တဲ့စကားတွေက မခကို စိတ်အနှောက်အယှက်ဖြစ်စေတယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ်နော် ... "

မခ လက်လေးကို လွှတ်ပေးလိုက်ပြီး သူထလိုက်သည်။

"နန္ဒမိတ် ... "

"ဟင် ... မခ ပြောလေ ... "

"ဟို ... ဟိုလေ နန္ဒမိတ်ရဲ့ တောင်းဆိုမှုကို မခလက်ခံပါတယ်နော် ... "

"ဘာပြောတယ် မခ ... ကိုယ့်အချစ်တွေကို လက်ခံတယ် ဟုတ်လား ... အား ... ဝမ်းသာလိုက်တာ၊ မခ တကယ်ပဲနော် ကိုယ်အချစ်တွေကို လက်ခံတယ်နော် ... "

"အင်းပါ ... ဟာကွာ နန္ဒမိတ်ကလည်း ... မခပြန်တော့မယ်နော်"

နည်းနည်းလေး မှောင်လာ၍ မခပြန်ချင်လာသည်။ အဖေ မျှော်နေလောက်ပြီ။ နန္ဒမိတ်က သူမလက်လေးကို ပြန်ဆုပ်ကိုင်၍ ခဏလေး ထိုင်နေပေးပါဟုပြောသည်။

"မခ"

"ဟင်"

"ဘယ်လိုအကြောင်းနဲ့မှ ကိုယ်တို့နှစ်ယောက် မခွဲခွာကြဘူးနော် ... ကိုယ်တို့ ဆရာဝန်ဖြစ်အောင် ကြိုးစားကြမယ်နော်"





"အင်း ... "

"ကတိပေးပါ"

"မခက မိန်းကလေးပါနော် ... နန္ဒမိတ်ဆီက ကတိပဲလိုချင်တယ် ... နန္ဒမိတ် ကတိပေး ... "

"ကိုယ် ကတိပေးပါတယ် ... ကိုယ် မခကို အရမ်းချစ်တယ်၊ တန်ဘိုးလည်းထားတယ်၊ ကိုယ့်အချစ်တွေကို မခယုံပေးပါနော်"

"မခလည်း ကတိပေးပါတယ် နန္ဒမိတ်ရယ် ... ယုံကြည်ပါ"

တစ်ယောက်လက်ကိုတစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။ အဖေ ဘယ်လိုပဲ တားဆီးနေပါစေ နန္ဒမိတ်ကတော့ မခကို ချစ်သူအဖြစ် ရွေးချယ်လိုက်ပြီဖြစ်၏။ အဖေက သူ့ကိုအမြင့်ဆုံးဘဝတစ်ခုကို ပိုင်ဆိုင်စေချင်ခဲ့၏။ ကျွန်တော် ကြိုးစားရယူမှာပါလေ။ ကျွန်တော် ချစ်မြတ်နိုးရတဲ့ မိန်းကလေးကိုလည်း ကျွန်တော် ရယူပိုင်ဆိုင်ထားချင်ပါတယ်။ မခ မျက်နှာလေးကို နန္ဒမိတ် ငေးမော ကြည့်မိနေသည်။

"မခ ပြန်တော့မယ်နော် ... ဘဝမှာ ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားကြမယ် ... ကတိနော် ... "

"ကတိ ... "

မခ ပါးပြင်လေးကို သူနမ်းရှိုက်ချင်ပေမယ့် မနမ်းရက်။ သူ ရှက်လည်းရှက်နေသည်။ မခကိုလည်း တန်ဖိုးထား၍ မထိမကိုင်ရဲ ပန်းခြံထဲကနေ နှစ်ယောက်အတူတူထွက်လာကြပြီး သူတို့ခြေ



www.burmeseclassic.com

www.burmeseclassic.com



နားရောက်မှ လမ်းခွဲလိုက်ကြသည်။ မခ ခြံထဲဝင်သွားပြီးမှ နန္ဒမိတ် ခြံထဲဝင်လာခဲ့၏။ ခြံထဲမှာ အဖေ့ကိုမတွေ့ရပေ။ သူတို့နေထိုင်တဲ့ ကားဂိုဒေါင်အပေါ်ထပ်လေးဆီ တက်လာခဲ့သည်။

"ကြာညို ... ငါ မင်းကိုသေသေချာချာပြောမယ်၊ မှီက ဘယ် လောက်ပဲငွေကြေးထောက်ပံ့မယ်ပြောပါစေ ... ကျောင်းမတက် ဘူးလို့ပဲငြင်းရမယ် ... မင်းသားနဲ့ဆေးကျောင်းမတန်ပါဘူး ... မင်းသား စာပေးစာယူနဲ့ပဲ ဘွဲ့တစ်ခုရအောင်ယူ၊ ငါပြောတာ သဘောပေါက်ပါတယ်နော်"

သူဋ္ဌေးက အဖေ့ကို ခြိမ်းခြောက်ပြောဆိုနေတဲ့စကားတွေကို ကြားလိုက်ရသည်။

အခန်း ( ၁၅ )

"သား ... မင်း အားလုံးကြားတယ် မဟုတ်လား၊ သူဋ္ဌေး က စော်ကားလွန်းတယ် ... အဖေ လုံးဝလက်မခံနိုင်တော့ဘူး၊ သူဋ္ဌေးအမိန့်ကိုလည်း အဖေတို့လွန်ဆန်လို့မရဘူး၊ အဖေတို့ ဘာ ဆက်လုပ်ကြမလဲ"

နန္ဒမိတ် အံသွားတွေကို တင်းကျပ်စွာဖိကိုက်ထားမိသည်။ သူဋ္ဌေးရဲ့ယုတ်မာကောက်ကျစ်မှုတွေက လွန်သွားပြီဖြစ်၏။ သူတို့ သမီးထက် သာသွားမှာကိုကြောက်နေပုံပင်။ အဖေကတော့ သူဋ္ဌေး အမိန့်ကိုလွန်ဆန်ရဲမှာမဟုတ်ပေ။ နန္ဒမိတ် ရင်ထဲမှာ အညိုးအတေး တွေ ထုထည်ကြီးမားစွာ ဖြစ်ပေါ်လာရသည်။

"သား ... အဖေပြောချင်တာကတော့ သူဋ္ဌေးသမီး တုနိုင်းစံ ကို အရယူဖို့ပဲ ..."

"အဖေ ..."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒမိတ် သဘောမတူနိုင်ပေ။ သူချစ်မြတ်နိုးရတာက မခပဲ။ ဘယ်လိုအကြောင်းနဲ့မှ မခွဲခွာပါဟု ကတိပြုထားသည်။

"တုန္ဒိုင်းစံကိုတော့ သားလုံးဝလက်မထပ်နိုင်ဘူး အဖေ၊ ကျွန်တော် စာပေးစာယူပဲတက်မယ် … ကျွန်တော် ငယ်စဉ်လေးထဲက ရွှံမုန်းတဲ့မိန်းမပါ … "

ကျွန်တော့်မှာ ချစ်သူရှိပြီအဖေဟု အသိပေးချင်သည်။ အဖေက လုံးဝသဘောတူမှာမဟုတ်။ အဖေ့ရည်ရွယ်ချက်က သူဌေးသမီးကို အရယူစေချင်၏။ နန္ဒမိတ် ငြင်းသည်။

"မင်း ဒီလောက်အထိ ကြိုးစားလာပြီးမှ အရှုံးနဲ့ရင်ဆိုင်တော့ မလို့လား နန္ဒမိတ် … ငါးမရရင် ရေချိုးတော့ပြန်ရမယ်၊ သားမာန တွေကို ဖယ်လိုက်ပါကွာ … သူဌေးကို အဖေတို့ အလှပဆုံး အနိုင်ယူသင့်တယ်"

"တုန္ဒိုင်းစံက လက်ခံမလား ဖေဖေ … သူကိုယ်တိုင်က သူဌေးသား နောင့်ကိုမှန်းထားတာပါ … ကျွန်တော့်လို ကျွန်တစ် ယောက်ကို … "

"သားရယ် … သားက ယောက်ျားပဲ၊ အဖေ့သားကချော တယ်၊ ခန့်တယ်၊ သူဌေးသား နောင်ထက်တောင် ဆွဲဆောင်မှုရှိ တယ်၊ ပညာလည်း ထူးချွန်တယ်လေ … "

နန္ဒမိတ်ကတော့ မခကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ



မချစ်နိုင်ပေ။ ခွဲလဲ မခွဲနိုင်။ တုန္ဒိုင်းစံကိုတော့ ရွှံမုန်းသည်။

"မေရန်မခကိုတော့ သားလုံးဝရွေးချယ်လို့ မရဘူးနော်၊ ဖြစ် လည်းမဖြစ်နိုင်ဘူး၊ အဖေ့စကားတွေကို နားထောင်ပါ … "

"မခကို သားချစ်တယ်၊ လက်ထပ်ဖို့အထိ ရည်ရွယ်ထား တယ် … အဖေသဘောတူပေးပါ။ သားတို့နှစ်ယောက်က ဘဝတူ တွေပဲ … "

"မဖြစ်နိုင်ဘူး … လုံးဝကိုမဖြစ်နိုင်ဘူး၊ အဖေ့ကို သေစေချင် တာလား ပြောစမ်းပါ … မင်းကို အဖေ ဘယ်လောက်အထိ ပြုစု ပျိုးထောင်လာခဲ့ရလဲ အဖေ့ကို မသနားတော့ဘူးလား"

"မခကလဲ ထူးချွန်ထက်မြက်သူပါအဖေ … တစ်နေ့နေ့ ဆရာဝန်ဖြစ်လာမှာပါ … အဖေ့အတွက် ဂုဏ်မငယ်စေရပါဘူး"

"မရဘူး သား … မင်းလက်ထပ်ဖို့ ကြိုးစားရမှာက သူဌေး သမီး တုန္ဒိုင်းစံပဲ … ယောက်ျားလေးပဲ အဖေ့စကားကို နားမထောင် ရင် မင်းကို သားအဖြစ်ကနေ စွန့်လွှတ်မယ် … အဟွတ် … ဟွတ်"

"အဖေ … "

"မင်းဆရာဝန်ဖြစ်ကိုဖြစ်ရမယ် … မင်းချမ်းသာတဲ့ သူဌေး ကြီးဖြစ်ကိုဖြစ်ရမယ် … အဖေ မသေခင် မြင်တွေ့သွားချင်တယ် ကွာ"

အဖေမျက်နှာက အိုစာလွန်းပြီး ဝေဒနာတွေလည်း ခံစား

www.burmeseclassic.com



ရပုံပင်။ အခုတလော အဖေချောင်းတွေ အဆက်မပြတ်ဆိုးနေသည်။ ကျန်းမာရေးလည်း သိပ်ကောင်းပုံမရ။ နန္ဒမိတ် နှလုံးသားတွေ နာကျင်နေရသည်။

"မင်းကို မွေးလာတာ၊ ပညာတတ်တစ်ယောက်ဖြစ်အောင် လှေကျင့်ပေးသွားတာ ... သူဌေးကြီးနေရာ အစားထိုးဝင်ရောက်နိုင်ဖို့ပဲ"

အဖေ့အနားကနေ သူထွက်လာခဲ့သည်။ မခကို သူလုံးဝ မစွန့်လွှတ်နိုင်ပါဘူး ကတိတွေလည်း အထပ်ထပ်ပေးခဲ့ကြ၏။ တုန့်ငင်းစံကို မုန်းမိသည်။

"သား နန္ဒမိတ် ... မင်းကိုတွေ့ချင်နေတာပါ၊ သားကို ဂုဏ်ပြုမလို့လေ ... ပြီးတော့ မင်းဖြစ်ချင်တဲ့ဆရာဝန်ဖြစ်ဖို့ မာမီကြီး ထောက်ပံ့ပေးမယ် ... နန္ဒမိတ် ဆေးကျောင်းတက်နော်"

သူ့ခြေလှမ်းတွေက မာမီကြီးရှေ့မှာရပ်သွားသည်။ သူဌေးကြီးရဲ့အကြည့်တွေက သူ့မျက်ဝန်းတွေထဲ ထိုးဖောက်မတတ်။ စူးစိုက်မာထန်လွန်းနေ၏။ အဖေ့ကို သနားတယ်။ အဖေ အကျပ်အတည်းဖြစ်ရမယ့်အရေး သူထပ်မလုပ်လိုတော့။ သူဌေးကတော် ရှေ့မှာ အပြတ်ငြင်းပြစ်လိုက်သည်။

"အဖေ့ကျန်းမာရေးကြောင့် ကျွန်တော် စာပေးစာယူနဲ့ပဲ ဘွဲ့ယူပါတော့မယ် မာမီကြီး ... "



"မဟုတ်တာဘဲ ... အဲဒီလိုမလုပ်ပါနဲ့သားရယ်၊ မာမီကြီးမှာ ကိုယ်ပိုင်ငွေတွေရှိပါတယ်၊ ပြီးတော့လေ ... သားလိုထူးချွန်တဲ့ ကလေးတွေကို ထောက်ပံ့ပေးတဲ့အဖွဲ့အစည်းတွေလည်း ရှိပါတယ်၊ မင်းကျောင်းဆက်တက်ဖို့ ပူစရာမရှိပါဘူး"

"နေပါစေ မာမီကြီး ... ကျွန်တော် ဘယ်သူ့ကိုမှ အပူမပေးချင်တော့ပါဘူး၊ ကျွန်တော် အလုပ်ဝင်လုပ်မယ် ... ဘွဲ့တစ်ခုရရင် ပြီးတာပါပဲလေ"

"နန္ဒမိတ် ... မင်းရည်ရွယ်ချက် ဘယ်လောက်အထိကြီးမားလဲဆိုတာ မာမီကြီး သိတယ် ... ဘယ်သူ့ကန့်ကွက်ချက်ကြောင့်ပဲ သမီးစံကြောင့်လား ... မင်းလိုကလေးမျိုးကို အနစ်မွန်းမခံနိုင်ဘူးနော် ... မင်း ဆေးကျောင်းပဲတက်ရမယ် ... ဒါပဲ ... "

"ကျွန်တော့် ဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဘူး မာမီကြီး၊ ခွင့်ပြုပါဦး ... ခေါင်မိုးထပ်က ပန်းခြံ ရေလောင်းရပါဦးမယ်"

"နန္ဒမိတ် ... မင်း ... မင်း ... "

နန္ဒမိတ် ဘာမှဆက်ပြောမနေတော့ဘဲ တိုက်နောက်ဘက် လှေကားကနေ ခေါင်မိုးထပ်ပေါ် တက်လာခဲ့သည်။ ခြံအလုပ်တွေကို အဖေ သိပ်ပြီးမလုပ်နိုင်တော့။ နှစ်ပေါင်းများစွာ ညင်းပန်းခံပြီး စက်ခံလာရတဲ့ဒဏ်တွေနှင့် အဖေ နလံမထူတော့ပေ။ ငွေမိတိုင်း သူဌေးကြီးအား နာကြည်းမုန်းတီးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နန္ဒမိတ် ... "

"ဟင် ... သခင်မလေး ... "

"နင့်ကို ဒက်ဒီ ပြောထားလား၊ မာမီ ဘယ်လောက်ပဲ ကျောင်းစရိတ် ထောက်ပံ့မယ်ပြောပြော ... နင် ဆေးကျောင်း မတက်ရဘူး ငြင်းပါ ... "

စံ လုံးဝခွင့်မပြုနိုင်ပါဘူး ... ခြံစောင့်သားကများ၊ ပတ်ဝန်း ကျင်မှာ စံက ညှိဖျင်းနေသည်။ နန္ဒမိတ် အရမ်းတော်နေတာကို စံ မကြည့်နိုင်ဘဲ မနာလိုမိနေ၏။ ဒက်ဒီက ပြောထားသည်၊ ကျွန်တစ် ယောက်ကို ဒီလောက်အထိ မြှောက်စားမပေးနိုင်ဘူးတဲ့။

"ကျွန်က ကျွန်နေရာပဲနေစမ်းပါ အချောင်သမားကများ ... မြန်မာပြည်တစ်ပြည်လုံး အမှတ်အများနဲ့အောင်ရတယ်လို့ မတန် မရာ ... "

တုန့်နှင်းစံရဲ့စကားတွေက သူ့ဒေါသတွေကို လောင်စာဆီ လောင်းပြီး မီးပုံရှို့လိုက်သလို ဝုန်းခနဲ ပေါက်ကွဲသွားရသည်။ သူဌေး သမီးကို အရယူမှ သားအမြတ်ထွက်လိမ့်မည်ဟု အဖေပြောတဲ့ စကားတွေကို နန္ဒမိတ် ပြန်၍ကြားယောင်လာရ၏။ ဘာမှတွေဝေ မနေတော့ဘဲ တုန့်နှင်းစံရဲ့ ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်၍ သူမ နှုတ်ခမ်းသားတွေကို ကြမ်းတမ်းစွာ နမ်းပစ်လိုက်သည်။

"ဟင် ... နန္ဒမိတ် နင်ဘာလုပ်တာလဲ ... လွှတ် ... လွှတ်





နော် ... အရူးကောင် ... လူယုတ်မာ ... "

တုန့်နှင်းစံအသံတွေက ပလုံးပထွေးနှင့် ရုန်းကန်ငြင်းဆန် နေရာကနေ ပျော့ခွေငြိမ်သက်သွားသည်။

"စံ ... မင်းကို ကိုယ်ချစ်တယ် ... ကျွန်တစ်ယောက်က သခင်မလေးကို အရမ်းချစ်နေမိပြီ ... မင်းရဲ့ဂျွတ်ဆတ်ဆတ်အကျင့် စရိုက်လေးတွေကို ကိုယ်အရမ်းနှစ်သက်မြတ်နိုးရတယ် ... လူကြီး တွေကို တိုင်ချင်လည်းတိုင်ပါ၊ ကိုယ်မေးပေးတဲ့အပြစ်တွေကို ခံယူ ပါ့မယ် စံ ... "

"နန္ဒမိတ် ... နင် ... နင် ... "

စံရဲ့မျက်နှာလေးကို ဆွဲယူပြီး ထပ်ကာထပ်ကာ နမ်းပြစ် သည်။ မင်းဘာတတ်နိုင်သေးလဲ တုန့်နှင်းစံ၊ တိုင်ချင်တဲ့လူကိုတိုင် မင်းအရှက်မရှိရင်ပေါ့။ ဇတ်ဇတ်ကြဲမလေး တုန့်နှင်းစံ သခင်မလေး။ ကြမ်းပြင်ပေါ် ထိုင်ချပြီး မျက်ရည်တွေ စီးကျနေသည်။

"စံ ... ကိုယ်တောင်းပန်ပါတယ်၊ စံကို ကိုယ်ငယ်ငယ်လေး ထဲက ချစ်ခဲ့ရတာပါ ... ကိုယ်နဲ့မတန်မရာမို့ မျိုသိပ်နေခဲ့ရတာပါကွာ မင်းပေးချင်တဲ့အပြစ်ကိုပေးပါ ... သူဌေးပေးတဲ့အပြစ်တွေလည်း ကိုယ်ခံယူပါ့မယ်"

တုန့်နှင်းစံရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ပြောမိသည်။

"နင် ... နင်ထွက်သွား ... သွား ... အရူးကောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒမိတ် ပြန်ထွက်သွားသည်။ စံ ဘယ်လိုဖြစ်သွားမှန်းမသိတော့။ စံက ယောကျ်ားလေးတစ်ယောက်နှင့် ဒီလိုတရင်းတနှီးထိတွေ့ဆက်ဆံခဲ့ဖူးတာမျိုး မရှိခဲ့။ သူမ နောင်ကို ချစ်နေတာပင် နောင်အနား ထိထိကပ်ကပ်နေထိုင်တာ မရှိခဲ့ပေ။ နောင်က စံကို မချစ်ပါဘူး။ နောင်ချစ်နေတာက မေရန့်မခပဲ။ အခုဆိုရင် စံနှင့်ပင် နောင်က မပတ်သက်ဘဲ ကင်းကင်းရှင်းရှင်းနေခဲ့သည်။

"နန္ဒမိတ် ... နင် ... နင် တန်ရာတန်ရာ မလုပ်ဘူး၊ စံကိုများ စော်ကားရဲတယ် ... ကျွန်ကများ ... "

စံငယ်စဉ်လေးထဲက နန္ဒမိတ်ကို နှိမ်ချဆက်ဆံစေရန် ဒက်ဒီက သင်ကြားပေးထားသည်။ နန္ဒမိတ်က ဒက်ဒီတို့ကျွန်၊ အခိုင်းအစေတဲ့ သမီးလည်း ခိုင်းချင်ရာခိုင်းတဲ့။ နည်းနည်းလေးမှ မျက်နှာသာမပေးနဲ့တဲ့။ သူမကလည်း အဖက်မတန်သလိုလို အနိုင်ကျင့်၍ နှိမ်ချဆက်ဆံလာခဲ့သည်။

"စံ ဘာလုပ်ရမလဲ ... ဒီကောင့်ကို ဒက်ဒီနဲ့တိုင်မယ်၊ ထောင်ချပြစ်မယ် ... လူယုတ်မာကောင် ... "

ဒက်ဒီနှင့်တိုင်ဖို့ စိတ်ကူးပြီးမှ နန္ဒမိတ်အပေါ် မရက်စက်နိုင်ဘဲဖြစ်ရသည်။ နန္ဒမိတ်က ခြံစောင့်သားပေမယ့် ထူးချွန်ထက်မြက်သူဖြစ်၍ စံကြိတ်ပြီး သဘောကျနေခဲ့သည်။

"သမီးစံ ... မာမီပြောချင်တာကလေ အိမ်ထောင်ဘက်





ရွေးချယ်တဲ့နေရာမှာ နန္ဒမိတ်လို ထူးချွန်ထက်မြက်တဲ့သူကို ရွေးချယ်ရတယ် ... ဉပမာပေးတာပါ ... "

နောင်က စံကို လုံးဝမချစ်ပေ။ မျက်နှာကတည်တင်းနေသည်။ စံကသာကြိတ်ပြီး ချစ်မိနေတာပါ။ နန္ဒမိတ်ရဲ့ယောကျ်ားပီသပြီး ချောမောသူတစ်ယောက်ဖြစ်သည့် ရုပ်ရည်ကို စံသဘောကျနှစ်သက်မိနေပြီလားပဲ။ ဒက်ဒီ့ကိုတိုင်ဖို့ ဝန်လေးနေသည်။

"သမီးစံ ဘာလုပ်နေတာလဲ ... မောင်နန္ဒမိတ်နဲ့ပြဿနာဖြစ်ပြန်ပြီလား ... "

မာမီပါ။ တော်ပါသေးရဲ့ ... သူမခန္ဓာကိုယ်အား သပ်သပ်ရပ်ရပ်ဖြစ်စေရန်ပြင်ပြီးသွားလို့ပါ။ ဒက်ဒီလည်း ပါလာသည်။

"နန္ဒမိတ်ရော သမီး ... ဒီကလေးကို မာမီသေသေချာချာ ချောင်းဖျမလို့ပါ ... လိမ်မာရေးခြားရှိလွန်းတဲ့ကလေး ... မာမီ အရမ်းသနားတယ်၊ နှမှာနစ်နေရှာတဲ့ အဖိုးတန် ပတ္တမြားခဲလေးပဲ"

အရင်ကဆိုရင် မာမီ ချီးမွမ်းလျှင် စံကတက်ကတ်လန်အောင် နေ့တွေ့ပြီး နန္ဒမိတ်ကို ချိုးချိုးဖွဲဖွဲပြောပြစ်တတ်သည်။

"စံ"

"ဟင် ... "

"သမီး ဘာဖြစ်လို့လဲ ... နန္ဒမိတ်ကို မကျေမနပ်ဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လား ... ဒီကလေး ပန်းပင်တွေရေလောင်းဖို့ တက်လာတယ် မဟုတ်လား"

"ပြန်ဆင်းသွားတယ် မာမီ ... "

"သမီးစံရယ် ... မောင်နန္ဒမိတ်အပေါ်ထားတဲ့ မာန်မာနတွေကို ဖယ်ပြစ်လိုက်ပါတော့ကွယ် ... ဒီကလေးက မြေခဲတောင်မြှောက်ပေးသင့်တဲ့ကလေးပါ ... "

"မာမီ"

"ပြောလေ သမီးစံ ... "

"နန္ဒမိတ်ကို ဆေးကျောင်းတက်ဖို့ မာမီအတင်းအကျပ်တိုက်တွန်းပေးပါနော် ... စံစိတ်တွေ ပြောင်းသွားပါပြီ၊ နန္ဒမိတ်ဘဝကို မနင်းစေချင်တော့ပါဘူး"

"အမလေး စံရယ် ... မာမီ ဝမ်းသာလိုက်တာ၊ အဲဒီလိုဖြစ်သင့်ပါတယ်ကွယ် ... မာမီ့သမီးလေး စိတ်တွေပြောင်းသွားပြီပဲ"

မာမီက စံကိုဖက်၍နမ်းသည်။ စံလည်း ကယောင်ကတမ်းနှင့်မာမီ့ကို ပြန်၍ပွေ့ဖက်ထားမိ၏။ နန္ဒမိတ် နင့်ကိုစံ မုန်းလို့ရတော့ဘူး။ နောင့်ကိုပဲချစ်နိုင်မယ်ထင်ထားတာပါ။ စံတို့မှာက ငွေကြေးအရ ချမ်းသာကြွယ်ဝနေပြီပဲ။ နန္ဒမိတ်လို အရည်အချင်းရှိတဲ့ယောကျ်ားတစ်ယောက်နှင့် လက်ထပ်သင့်သည်။

"သမီး ဒက်ဒီကများ ဖိအားပေးထားလား မသိဘူး ... မောင်



နန္ဒမိတ်ကို အစေအပါးတစ်ယောက်လို သဘောထားနေတာ မာမီကြိုက်ပါဘူး"

ပျောက်ဆုံးသွားတဲ့ သမီးလေးအရွယ်တွေတွေ့လျှင် ဒေါ်စံရီ ထောက်ပံ့ကူညီစောင့်ရှောက်ပေးချင်သည်။ မိမိ့သမီးလေးလို ပြစ်ဆိုးမျိုးတွေ မကြုံစေချင်၍ဖြစ်၏။ ကိုမိုးက နန္ဒမိတ်နှင့်သမီးစံကိုငြိစွန်းမှာ အစိုးရိမ်ကြီး စိုးရိမ်၍ နှိမ်ထားခြင်းဖြစ်သည်။

"ဟိုဘက်ခြံက မေရန်မခလည်း အရမ်းတော်တယ်၊ အရမ်းရုပ်ရည်ရှိကောင်းတဲ့ ကောင်မလေးပဲ ... စံ မနာလိုမဖြစ်ပါနဲ့"

စံ ထင်ထားတာက မေရန်မခကို နောင်ရော နန္ဒမိတ်ရော ကြိုက်နေကြသည်ဟုထင်၍ မနာလိုဝန်တိုဖြစ်မိသည်။ အခုတော့ စံနောင့်ကို စွန့်လွှတ်လိုက်ပြီဖြစ်၏။ နန္ဒမိတ်ကိုပဲ ရွေးချယ်တော့မယ်။ သူ့အနမ်းကြမ်းကြမ်းတွေကို စံမေ့ပြစ်လို့မရတော့။ ဒက်ဒီကိုတိုင်ပြီး ထောင်ထဲပို့ဖို့ဆိုတာ စံစိတ်ထဲမှာ တွေးတောင်မတွေးမိတော့ပါဘူး။ နန္ဒမိတ်ကိုပဲ စံရွေးချယ်ဖို့ ဆုံးဖြတ်ထားသည်။ သူမအိပ်ခန်းထဲပြန်ရောက်လာသည်အထိ နန္ဒမိတ် အနမ်းတွေက ချိုမြိန်နေဆဲပင်။ ရင်တွေတုန်နေ၏။ အရင်ထဲက နန္ဒမိတ်ကိုကြိတ်ပြီး သဘောကျနေသည့် ဒက်ဒီကြောင့်ရော မျက်နှာကြီးစူတင်းပြီး မာနတကြီး တုန့်ပြန်တတ်တဲ့သူ့ အမူအကျင့်တွေကြောင့် ဒေါသပေါက်ကွဲနေရသည်။

"အား ... ရင်တွေတုန်လိုက်တာ နန္ဒမိတ်ရယ် ... မောင်ရယ်

www.burmeseclassic.com

www.burmeseclassic.com



စံအရမ်းခံစားနေရတယ် ... ရှင့်ကို စံချစ်တယ် ... အရမ်းပဲ –

အရင်က ကျွန်တစ်ယောက်လို အနိုင်ကျင့်ဗိုလ်ကျခဲ့[illegible] ခဲ့တာတွေက ပျောက်ဆုံးသွားရကာ နန္ဒမိတ်ကို ချစ်သည်ဟုပဲ [illegible] နှုတ်လေးက ပြောဖြစ်နေသည်။

[illegible]ခန်း ( ၁၆ )

"မခ"

"ဟင် ... ကို"

"ကိုယ်တို့ လမ်းခွဲကြရအောင်"

"ဘာပြောတယ် ကို ... ရှင်ပဲဘယ်လိုအကြောင်းမျိုးနဲ့မှ [illegible]မ်းမခွဲကြေးဆို ဘာဖြစ်လို့လဲဟင် ... ရှင့်အဖေကြောင့်လား၊ ရှင် [illegible]သက်ျား မဟုတ်ဘူးလား"

"မခ ထင်ချင်သလိုထင်နိုင်တယ်၊ ကိုယ်အသေးစိတ် ဘာမှ [illegible]ပြနိုင်ဘူး ... မင်းပေးထားတဲ့ ဆွဲကြိုးလေးကိုတော့ ပြန်မပေး[illegible]ဘူး ... ကိုယ်ပေးထားတဲ့လက်စွပ်လေးကိုလည်း မင်းသိမ်းထား [illegible] – အမှတ်တရပေါ့"

"ကို ... ဘာတွေပြောနေတာလဲ ... မခကိုနောက်ပြောင်နေ [illegible]တော့ မဟုတ်ပါဘူးနော် – ဘာဖြစ်လို့ ကိုယ်ကတိပျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လဲဟင် ... မခကို မနှောက်ပါနဲ့နော် ... ဘယ်လိုအကြောင်းပြချက် နဲ့မှ ... "

"ဆက်မပြောပါနဲ့တော့ မခ ... ကိုယ့်စကားကအတည် ကိုယ်တို့ရှေ့ဆက်လက်တွဲလို့မဖြစ်နိုင်တော့ဘူး၊ ကိုယ်ပေးထား လက်စွပ်လေးကို မင်းနှစ်သက်သလို လုပ်ပြစ်နိုင်ပေမယ့် မင်း ထားတဲ့အမှတ်တရ ဆွဲကြိုးလေးကိုတော့ ကိုယ်အမြတ်တနိုး ထားမယ် ... မင်းဘယ်လိုပဲတောင်းတောင်း ကိုယ်ပြန်မပေးနိုင်ဘူး"

"ဒီမှာ ... ဒီမှာ ... နန္ဒမိတ် ... နင် ... နင်ဘာလုပ်တာ မခ ဆွဲကြိုးပြန်ပေး ... ဒါက ငါ့အမေရဲ့ပစ္စည်း ... "

နန္ဒမိတ်က ဖုန်းပိတ်ပြစ်လိုက်သည်။ မခ ဘယ်လိုလုပ် တော့မလဲ။ နန္ဒမိတ် သစ္စာမဲ့လိုက်တာကို မခ မယုံကြည်နိုင်။ လက် ခံလို့လည်းမရ၊ နောက်ပြောင်ကျီစယ်နေတာဟု ထင်မိသည်။ နန္ဒ မိတ်ရဲ့အဖေကြောင့်လား။ မခလည်း ထူးချွန်ထက်မြက်သူပါ။ နန္ဒ မိတ်ကို မခ အချစ်ကြီးချစ်မိခဲ့၏။ အချစ်ဦးပါ။

"နင် ... နင် အရမ်းတော်သွားလို့လား ... နင့်အဖေ သဘောမတူတာလားဟင် ... ဘာကြောင့်လဲလို့ ... "

သူမ အိပ်ခန်းလေးထဲမှာ ရှုးသွပ်မတတ် ဆောက်တည် မရအောင် ခံစားနေရသည်။ မယုံနိုင်ဘူး။ မခ လုံးဝလက်မခံနိုင်ဘူး ကိုယ်က မခကို အရမ်းချစ်တယ်ဆိုတာ မခသိနေလို့ပဲ။ နန္ဒမိတ်





ရယ် မနှောက်ပါနဲ့ ... ဘယ်လိုအကြောင်းပြချက်နဲ့မှ မခွဲကြေးဆို။ နန္ဒမိတ်က မခကို မချစ်ဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ မခ ဆွဲကြိုးလေး ကိုတောင် အမှတ်တရ သိမ်းထားမယ်လို့ပြောသေးတာပဲ။ မခ မျက် ဝန်းတွေထဲမှာ မျက်ရည်တွေ စီးကျနေသည်။

"ကိုယ်က မခရဲ့အချစ်ဦးပါ၊ မခတို့ လမ်းခွဲရခြင်းအကြောင်း ပြချက်က ဘာလဲ ... ပြောပြပါနော် ... "

သူ့လက်စွပ်ကိုလည်း မိလ္လာကျင်းထဲ လွှင့်ပြစ်မလို့ဟာ မခ နမြောတသစွာ မလုပ်နိုင်ဘဲဖြစ်နေသည်။ ကဲဟာ ... အဲဒီထဲမှာပဲ နေတော့ဟု သူမ အဝတ်ဗီရိုထဲ ပြစ်ထည့်လိုက်၏။ သူမ ထိုင်ငိုမိ သည်။

"နန္ဒမိတ် ... နင်အရမ်းရက်စက်တယ်ဟယ်၊ မခကိုချစ်တယ် လို့ နင်ပဲစပြောခဲ့တာလေ ... တို့နှစ်ယောက်က ဘဝတူတွေပါ"

နန္ဒမိတ်ကတော့ မခအား အပြီးတိုင်စွန့်ခွာသွားတာ အမှန်ပဲ ဖြစ်နေသည်။ နန္ဒမိတ် တွဲနေတာက သူဌေးသမီး တုန္ဒိုင်းစံပါ။ ရင်ကွဲ နာကျင်ရသူက မခပဲ။ သစ္စာမဲ့လိုက်တာ ... နောက်ဆုံးတော့ နင်က သူဌေးသမီးကို ရွေးချယ်ခဲ့တာပဲ။ တုန္ဒိုင်းစံကလည်း ဘယ်လိုဖြစ်ရ တာလဲ။ နန္ဒမိတ်အား ကျွန်တစ်ယောက်လိုဆက်ဆံခဲ့သူပါ။ မခက တော့ နန္ဒမိတ်ဆီက မေမေ့အမှတ်တရပစ္စည်းလေးကိုပဲ ပြန်လိုချင် သည်။

www.burmeseclassic.com

www.burmeseclassic.com



"မရရအောင် တောင်းရမယ် ... နင့်လိုအချောင်သမားနဲ့ မတန်ဘူး ... ဒီဆွဲကြိုးလေးက မေမေ့ပစ္စည်းလေး ... "

မေမေ ခြောက်လသမီးအရွယ်က ဆွဲတာတဲ့။ မေမေအရမ်းမြတ်နိုးပြီး သမီးလေးမွေးခဲ့ရင် အမှတ်တရပေးဖို့ဆိုပြီး သိမ်းထားတာတဲ့။ ဖေဖေက ပြောပြသည်။

"နန္ဒမိတ် ... နင် ပန်းခြံထဲကိုလာခဲ့ပါ၊ ငါ့ဆွဲကြိုးပြန်ပေးရမယ် ... နင်နဲ့မတန်လို့ပဲ ... နင် ငါ့ကိုဘာဖြစ်လို့ သစ္စာမဲ့ရတာလဲဆိုတာ အကြောင်းပြချက် သိချင်တယ်"

မခ ဖုန်းဆက်လိုက်တော့ နန္ဒမိတ်က ဖုန်းကိုင်သည်။ နင်လာမတွေ့ရင် နင့်ခြံထဲလာမှာနော်ဆိုတော့ နန္ဒမိတ်က ပန်းခြံမှာစောင့်နေပါတဲ့။ ညကျတော့ သူ့လက်စွပ်ကိုပါ ယူပြီး ပန်းခြံထဲမှာ စောင့်နေမိသည်။

"မေရန်မခ ... "

"ဟင် ... မာမီကြီး ... "

ပန်းခြံထဲသို့ နန္ဒမိတ်ရောက်မလာဘဲ တုန္ဒိုင်းစံရဲ့အမေ ရောက်လာသည်။

"ညည်းက မာမီကြီးသမက်လောင်း နန္ဒမိတ်ကို စောင့်နေတာလား"

"ရှင် ... "





"နန္ဒမိတ်ကို ညည်းမေ့ပြစ်လိုက်ပါတော့ ... သမီးစံရဲ့ချစ်သူ ဖြစ်သွားပြီ"

မီ မျက်နှာထားတင်းတင်းနှင့် ပြောပြစ်လိုက်သည်။ မောင်နန္ဒမိတ်ဆီ မေရန်မခ ဖုန်းဆက်နေတာ မီသိလိုက်ရ၏။ အကျိုးအကြောင်း မေးကြည့်တော့ သူ့ကိုချိန်းတာတဲ့။ မိန်းကလေးတန်မဲ့ ယောကျာ်းလေးတစ်ယောက်ကို ချိန်းတာတော့ မီမုန်းတီးမိသည်။

"အရှက်မရှိလိုက်တဲ့ ဟာမလေး ... မောင်နန္ဒမိတ်ကို သမီးစံနှင့်ချစ်သူဖြစ်နေမှ ဒီကလေးရဲ့ အနာဂတ် လှပနိုင်မှာပါ"

မီ ရိပ်မိလိုက်တာက မောင်နန္ဒမိတ်နဲ့သမီးစံတို့ ချစ်သူတွေ ဖြစ်နေကြပြီဆိုတာပဲ။ ကိုမိုး မသိသေးဘူး။ သိသွားရင် ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲမှာဖြစ်ပြီး မီဘယ်လိုရပ်တည်ဖျောင်းဖျရမလဲ တွေးထားခဲ့သည်။ မောင်နန္ဒမိတ်ရဲ့ အနာဂတ်ပဲ။ ထူးချွန်ထက်မြက်တဲ့ကလေးကို မီဘယ်လိုနည်းမျိုးမဆို အသုံးပြု၍ မြေတောင်မြှောက်ပေးရမည်ဖြစ်သည်။

"မေရန်မခ ... မင်းမှာလည်း ရုပ်ရည်ရှိပါတယ်၊ မင်းကို ထောက်ပံ့မယ့် သူဌေးတွေလည်းရှိတာပဲ ... ငါသတိထားမိသလောက် သူဌေးသားနောင်ကိုယ်တိုင် ညည်းကိုစွဲလမ်းနှစ်သက်နေတယ်ထင်တယ်"

"ကျွန်မ သူဌေးသားကိုအရယူပြီး သူဌေးဖြစ်အောင် မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး ... မာမီကြီး ဘယ်လိုဖြစ်သွားရတာလဲ ... အရင်ကတော့ ကျွန်တစ်ယောက်လိုဆက်ဆံနေပြီး အခုမှ ရွှေသမက် ငွေသမက် ဖြစ်သွားရတာလဲ"

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး မေရန်မခ ... နောက်ထပ် မောင်နန္ဒမိတ်ကိုထပ်မဆက်သွယ်ဖို့ ပြောထားမယ် ... သတိထား တာနော် ... ကင်းကင်းနေပါ ..."

"သူက ဘာဖြစ်လို့ရောက်မလာရတာလဲ မာမီကြီး ... ကျွန်မ သူနဲ့တွေ့မှဖြစ်မယ် ... သူနဲ့ကျွန်မ ရှင်းစရာတွေရှိလို့ပါ တစ်ကြိမ်ထဲပါ၊ ကျွန်မ တောင်းပန်ပါတယ် ... နောက်ဆုံးတစ်ကြိမ် ထဲပါ ... သူ့ကိုတွေ့မှဖြစ်မယ် အကြောင်းရှိနေပါတယ်"

"မဖြစ်ဘူး မေရန်မခ ... ဘာအကြောင်းပဲရှိရှိ ခွင့်မပြုနိုင် ဘူး ... မောင်နန္ဒမိတ်နဲ့ ထပ်တွေ့စရာဘာအကြောင်းမှ မရှိဘူး ထင်တယ်"

"ရှင် ... ရှင့်ကို ကျွန်မအထင်ကြီး လေးစားကြည်ညိုမိတာ မှားသွားတယ် ... တကယ်တော့ သဘောကောင်းချင်ယောင် စိတ် သဘောထားပြည့်ဝချင်ယောင်ဆောင်နေတာပဲ ... ကိုယ့်ကိုအပိုင် သိမ်းဖို့ ဘယ်အချိန်ကများ ချောင်းနေလည်းမသိဘူး"

"ဘာပြောတယ် ... နင့်လိုခြံစောင့်သမီးကများ ရာရာစစ အဆင့်မရှိလိုက်တာ အောက်တန်းကျတယ် ..."





"ကျွန်မက အောက်တန်းကျတာ မဟုတ်ဘူး၊ ရှင်တို့ပဲ အောက်တန်းကျတာ ... ယောက်ျားလေးတစ်ယောက်ကို အလား အလာကောင်းပြီဆိုတာနဲ့ အမိဖမ်းထားတာကမှ အောက်တန်းကျ တာ ..."

"ဖြန်း ..."

"ရှင် ... ရှင်ကြီး ..."

လူကြီးတစ်ယောက်ကို ဒီလိုပြန်မပြောသင့်မှန်းသိပေမယ့် ချစ်သူကို အလုခံလိုက်ရ၍ မေရန်မခ သတိလက်လွတ်ဖြစ်ကာ ရိုင်း စိုင်းမှုအပေါင်း သရုပ်ဆောင်းသွားခဲ့ရသည်။ ဒေါ်စံမမှီက မခပါးကို ရိုက်ပြစ်ပြီး နင် ... ငါ့သမက်နှင့်အဝေးဆုံးမှာ နေစမ်း ... ကိုယ့် အဆင့်ကို ကိုယ်သတိထားတဲ့။ နင့်သူဌေးကို ပြန်တိုင်ရင်လည်း ငါက အဖြစ်မှန်တွေကို ပြောပြရမှာပဲ။ မာမာထန်ထန်ပြောပြီး ထွက်သွား သည်။

"နန္ဒမိတ် ... လူယုတ်မာကောင် ယောက်ျားမပီသလိုက်တာ ကိုယ်တိုင်တွေ့ပြီး ဖြေရှင်းဖို့တောင် သတ္တိမရှိတဲ့ကောင်"

သူမ ထိန်းချုပ်ထားသည့်ကြားမှပင် မျက်ရည်တွေက သူမ ပါးပြင်လေးပေါ် တလိမ့်လိမ့်တပေါက်ပေါက်ကျဆင်းလာသည်။ ခုံတန်းလေးမှာထိုင်ပြီး တသိမ့်သိမ့် ရှိုက်ငိုပြစ်မိ၏။ ရင်ထဲမှာ နာကျင် ကြေကွဲရလွန်း၍ ဘယ်လိုမှဟန်ဆောင်ထိန်းချုပ်ထားနိုင်စွမ်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ ပတ်ဝန်းကျင်ကိုပင် သတိမမူနိုင်ဘဲဖြစ်နေသည်။

"မခ … ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ တစ်ယောက်ထဲထိုင်ငို နေရတာလဲ … စောစောက ပန်းခြံထဲကနေ ဟိုဘက်ခြံက သူဌေးကတော် ပြန်ထွက်သွားတာတွေ့တယ်၊ မခနဲ့ပတ်သက်နေလား"

သူမ မော့ကြည့်လိုက်တော့ မျက်ရည်တွေကြားထဲမှ ဝေဝါးစွာတွေ့မြင်လိုက်ရသူက နောင်ပင်။ သူမ အထိတ်တလန့်ဖြစ်သွားရသည်။

"ဟင် … နောင် … နင်ဘယ်ကနေ ရောက်လာတာလဲ"

"ဦးလေးမြတ်က နင်ပန်းခြံထဲသွားတယ်ပြောလို့ ငါလိုက်လာတာပါ … ဦးလေးမြတ် နေမကောင်းဘူး၊ ချောင်းဆိုးတာသွေးတောင်ပါတယ် နင်သိလား … "

"ဟင် … ဟုတ်လား … ငါထွက်လာတော့ အဖေအိပ်နေတယ်၊ ငါအသိပေးပြီး ထွက်လာတာပါ"

"မခ"

"ဟင်"

"နင့်ပါးပြင်ပေါ်မှာ လက်ဝါးရာကြီးပဲ … ပြစမ်း … ဒါ … ဒါ နင့်ကိုဘယ်သူရိုက်သွားတာလဲ … သူဌေးကတော်လား မခ … ပြောလေ … နင်ဘာဖြစ်လို့ ငြိမ်ခံနေရတာလဲ နန္ဒမိတ်ကြောင့်လား၊





ဒီကောင်က ဘဝင်မြင့်ပြီး သူဌေးသမီးနဲ့တွဲနေတယ်"

"တော်ပါတော့နောင် … နင့်ပါးစပ်ကိုပိတ်ထားစမ်းပါဟာ"

"မခ … နင်က အပြစ်မဲ့တဲ့ မိန်းကလေးဆိုတာ ငါသိတယ်၊ နန္ဒမိတ်နဲ့နင် ပတ်သက်ခဲ့ဖူးလို့ လာပြီးတားဆီးတာလား၊ နင့်ကို စော်ကားထိပါးတာတော့ နောင်လုံးဝ သည်းမခံနိုင်ဘူးနော် … ပြဿနာရှာမယ်"

"နောင် … နင့်ကို ငါ့ကိစ္စတွေမှာဝင်ပါတာ မကြိုက်ဘူးလို့ ပြောထားတယ်နော် … ပြန်မယ်"

"ဒီအတိုင်းမပြန်နဲ့လေ … လူကြီးမေးရင် ဘယ်လိုပြောမလဲ ရေခဲဝယ်ပြီး ကပ်ပေးရမယ် … ဒါမှ ဒဏ်ရာတွေပျောက်မှာလေ"

ဟုတ်သားပဲ။ ဖေဖေသာ တွေ့သွားရင် ခံစားနိုင်မှာမဟုတ်ဘူး။ နောင်က ရေခဲထုတ်ဝယ်လာပြီး မခ ပါးပြင်ကို ကပ်ပေးသည်။

"ဖြစ်မှဖြစ်ရလေ မခရယ် … နောင် လုံးဝခံစားရတယ်၊ နောင့်မျက်စိရှေ့မှာသာဆိုရင် ရိုက်တဲ့လူအသေပဲ"

သူဌေးကတော် ရိုက်တာဟု မခ မဖြေပေ။ သူဌေးကတော်ကိုလည်း မခထိခိုက်နစ်နာအောင် ပြောဆိုခဲ့တာပဲ။ ဘာဖြစ်လို့မုန်းမသိဘဲ သူဌေးကတော်အား မခစိတ်မဆိုးပါ။ အိပ်မက်ထဲကမေမေ့ နှင့်တူသည်။

"ခဏလေး ထိုင်နေကြရအောင်နော် မခ … နင့်မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



က အငိုမျက်လုံးဖြစ်နေတယ် ... အပြုံးမျက်နှာပြန်ဖြစ်ဖို့လိုတယ်နော် ... နင်ဘယ်တုန်းကမှ မငိုဘူး၊ သတ္တိရှိတယ်၊ ကြံ့ခိုင်တယ်"

နောင်က မခစိတ်တွေ ပြောင်းသွားစေရန် ရယ်မောစရာတွေပြောနေသည်။ မခ အားငယ်ကြေကွဲနေတဲ့အချိန်မှာ နောင်ရှိနေတာကတော့ ပထမဆုံးအကြိမ် နှစ်သက်သဘောကျရ၏။ နောင်ရှိလို့သာပေ့ါ။ ပါးပြင်ပေါ်မှ လက်ဝါးရာက ပျောက်သွားတော့မှ ပြန်လာကြသည်။

"သမီး ဘာဖြစ်လို့ကြာရတာလဲ ... ဖေဖေ စိတ်ပူတယ်၊ အဟွတ် ... အဟွတ် ... ဟွတ်"

"ဟင် ... ဖေဖေ ချောင်းဆိုးတာ မပျောက်သေးဘူးလား၊ ဆေးခန်းသွားပြရမယ်လေ"

"ရပါတယ် အဖေ ဘာမှမဖြစ်ဘူး၊ အအေးပတ်တာပါ"

"သမီးအတွက်လည်း မပူပါနဲ့အဖေရာ ... နောင်နဲ့ပါ၊ စကားကောင်းသွားကြလို့ပါ ... အဖေ့ရင်ဘတ်ကို ဆေးလိမ်းပေးမယ်နော်"

"အဟွတ် ... ဟွတ် ... အဖေ အအေးပတ်နေတာပါ"

သမီးလေးကို အဖြစ်မှန်တွေ ဖွင့်ပြောလိုက်ရင် ကောင်းမလားဘဲ။ မိမိသေဆုံးသွားရင် သမီးလေးဘဝမှန် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည်။ ဟိုကောင် ကြည်ကြလဲ မိမိအား အတင်းအကျပ်ထွက်သွားနိုင်းနေသည်။ မိမိရင်ထဲမှာ သံသယရှိနေတာက





သူဌေးကတော် ဒေါ်စိမ့်မှီများ သမီးလေးရဲ့အမေလားပဲ။ ဘာပဲဖြစ်ဖြစ် သမီးကို ခြံစောင့်သမီးအဖြစ် ဘဝတစ်လျှောက်လုံးရပ်တည်မသွားစေလိုပေ။ သူဌေးနှင့်သူဌေးကတော်တို့ကတော့ သမီးလေးကို စောင့်ရှောက်ပေးမည်ဟု ကတိတွေပေးကြသည်။

"ဦးလေး ဆေးခန်းသွားရအောင်ပါ ... ဒီအချိန်မှ အထူးကုဆရာဝန်ကြီးတွေရောက်တာပါ"

"မသွားပါဘူး နောင်ရာ ... ဦးလေးမြတ် အအေးမိနေတာပါ၊ ဆရာဝန်ပြတဲ့အထိ မလိုအပ်ပါဘူး"

"မရဘူးဗျာ ... နောင် စိတ်ပူတယ်၊ မခ လုပ်လေ ... အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ဒက်ဒီကလည်း ဦးလေးမြတ်ကို ဆေးခန်းပြပေးဖို့ ပြောနေတယ်"

နောင်က အတင်းအကျပ် အဝတ်အစားတွေလဲ ဆွဲထူပြီး ကားပေါ်အတင်းဆွဲတင်သည်။

"ကျေးဇူးပါပဲ နောင်ရယ် ... အရေးအကြောင်းရှိလာတဲ့အခါတွေမှာ နင် ငါ့အနားမှာရှိနေပေးလို့လေ"

မခ စိတ်ထဲမှာ နောင့်ကို ကျေးဇူးတင်နေမိသည်။ သူမ အားငယ်နာကျင်ရတဲ့အချိန်တွေမှာ နောင်အမြဲတမ်း ဖေးမကူညီတတ်၏။ မခကသာ နောင့်ကို ပြစ်ပြစ်ခါခါနှင့် အနိုင်ကျင့် ဗိုလ်ကျပြောဆိုနေသည်။ အဖေ့ကို ဆရာဝန်ကတော့ ဆေးရုံတင်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောသဖြင့် နောင်ကလည်းဆုံးဖြတ်ပြီး ဆေးရုံတင်လိုက်၏။ အဖေက အားနာလွန်း၍ ငြင်းပေမယ့် နောင်က လက်မခံ။ ဖခင်တစ်ယောက်ကဲ့သို့ပင် အဖေ့ကို ပြုစုပေးနေတဲ့နောင့်ကို ကျေးဇူးတင်ရုံပဲ တင်မိနေပြီး မခ နှလုံးသားထဲမှာ ချစ်မိနေတာက အံ့သြထူးဆန်းဖွယ် နန္ဒမိတ် ဖြစ်နေဆဲပင်။

အခန်း ( ၁၇ )

မှီ မှားသွားပြီထင်တယ်။ မေရန်မခမှာ ဘာအပြစ်ရှိလို့လဲ။ ပါးရိုက်ပြစ်မိသည်။ မှီ ခံစားမရ။ မေရန်မခကို သနားမိနေ၏။ မှီ အတွေ့တွေကြီးသွားရသည်။ မောင်နန္ဒမိတ်ကြောင့်ပါ။ မေရန်မခရယ် အလားအလာရှိနေတဲ့ နန္ဒမိတ်ဘဝကို မာမီကြီးကယ်တင်ပေးချင်လို့ပါ။ တကယ်တော့ သမီးစံအတွက်မဟုတ်။ သမီးစံရဲ့ဆန္ဒနှင့် နန္ဒမိတ် ဆေးကျောင်းတက်နိုင်မည်ဖြစ်သည်။

"မာမီကြီး မှားသွားပါတယ် မေရန်မခရယ် ... သမီးနဲ့ မောင်နန္ဒမိတ်တို့က ချစ်သူတွေဆိုတာ မာမီကြီးသိပါတယ်"

မှီ ကားကိုပင် ဆက်မမောင်းနိုင်တော့ဘဲ လမ်းဘေးမှာရပ်ပြီး ငိုမိသည်။ မေရန်မခကို ရိုက်မိတဲ့ မှီလက်တွေကို အပိုင်းပိုင်းခုတ်ထစ်ပြတ်တောက်ပြစ်ချင်နေခဲ့၏။ ရင်ထဲမှာ ယူကျုံးမရလိုက်တာ မှီ့သမီးအရွယ် မိန်းကလေးတွေဆို မှီ အမြဲတမ်းကြင်နာစွာ ပြောဆိုဆက်ဆံလာခဲ့တာပါ။

ဖိုးလပြည့်တာပေ

www.burmeseclassic.com



"မာမီကြီး ယောက်ျားက အတ္တကြီးတယ်၊ မောင်နန္ဒမိတ်ကို အစေခံအဖြစ်ပဲ လက်သပ်မွေးမြူထားချင်တာပါ၊ မာမီကြီး လက်မခံနိုင်ဘူး … ဒါကြောင့် ဝင်ပါရတာပါနော်"

ကိုကြာညိုတို့သားအဖက ကိုမိုးအမိန့်သြဇာကို မဆန့်ကျင်ရဲကြပေ။ ကိုကြာညိုဆို မော့မကြည့်ရဲအောင် ကြောက်နေရှာရတာပါ။ မီ သနားကြင်နာရတာက မောင်နန္ဒမိတ်ပဲ။ ခြံစောင့်သားဆိုတဲ့ အရာကလွဲပြီး ထူးချွန်ထက်မြက်သော ကလေးဖြစ်သည်။

"ပညာရေးမှာ သူမတူအောင် ထူးချွန်လွန်းတဲ့ကလေးပါ နှံ့နစ်နေရရှာတဲ့ အဖိုးတန်ပတ္တမြားတုံးလေးကို မာမီကြီးအရောင်တွေ တောက်ပပြီး တန်ဘိုးကြီးမားလာအောင် သွေးပေးချင်တယ်"

မေရန်မခကတော့ မှီ့ကို အမုန်းကြီးမုန်း ရှုံ့ရှာအထင်သေးသွားပြီဖြစ်သည်။ မီ ဘာဖြစ်လို့မုန်းမသိဘဲ မေရန်မခလေးအား သနားကြင်နာနေမိသည်။ စိတ်တွေကို အမြန်ဆုံးထိန်းချုပ်လိုက်ပြီး ခြံထဲပြန်ဝင်လာခဲ့၏။ မောင်နန္ဒမိတ်က ခြံထဲမှာ ထိုင်နေသည်။

"မာမီ … အားလုံးပြောဆိုခဲ့ပြီးပြီ သား … လောကကြီးထဲမှာ မှားတာမှန်တာထက် လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်ရမှာပဲ"

မခ … ကိုယ့်ကိုခွင့်လွှတ်ပေးပါလို့ မတောင်းဆိုပါဘူး။ မင်းဘယ်လိုအကြောင်းနဲ့မှ ယောက်ျားမပီသတဲ့ကိုယ့်ကို ခွင့်လွှတ်နိုင်မှာလဲမဟုတ်ပါဘူး။ ကိုယ့်မှာရွေးချယ်စရာလမ်းမရှိတော့လို့ပါ။ မခ လက်စွပ်များပြန်ပေးလိုက်လားဟု မမေးရဲ၊ ပြန်ပေးလိုက်မှာလည်း





ကြောက်နေမိ၏။ မာမီက ဘာမှထုတ်မပေးပေ။ မခလည်း သူ့လိုပဲ ...င်တယ်။ ချစ်မြတ်နိုးရတဲ့ မိန်းကလေးကို စွန့်လွှတ်လိုက်ရတဲ့သူ့ ...လုံးသားတွေ ကွဲအက်ကြေမွသွားပြီထင်သည်။

"ကိုယ့်ဘဝလမ်းကြောင်းကိုပဲ ကြည့်ပါသားရယ် … အရှုံးပေးစမ်းပါနဲ့ … သမီးစံကိုပဲ ရွေးချယ်ပါ"

နန္ဒမိတ်ရင်ထဲမှာ ဘာတွေဖြစ်နေလည်းဆိုတာ ညှိုးရော်နွမ်း...တ်နေတဲ့ သူ့အမူအရာတွေက သိသာနေသည်။

"မင်းက တစ်နေ့နေ့မှာ ထူးချွန်ထက်မြက်တဲ့ ယောက်ျား ...တစ်ယောက်ဖြစ်ရမယ် … မင်းကြိုးစားပါ သားရဲ့သားစဥ်မြေးဆက် ...သ … "

မာမီကြီးတစ်ယောက်ပဲ နန္ဒမိတ်အား ချစ်ခင်ကြင်နာစွာ ...ောင့်ရှောက်ပေးလာခဲ့၍လည်း သူဒီလိုဘဝမျိုး ရောက်လာရခြင်း ဖြစ်သည်။

"မေရန်မခကို မင်းမေ့လိုက်တော့ … ဒီကလေးမလေး ...ကောင်းမှာပါ"

သူဌေးသားနောင်က အရေးတယူနှင့်တန်ဖိုးထားချစ်မြတ်...နေသည်ကို မီ တွေ့မြင်ခဲ့ရပြီဖြစ်သည်။ မခမှာက အားပေးဖော်...နေ၏။ နန္ဒမိတ် မျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်တွေ ပြည့်ဝိုင်း နေသည်။

"ဟိုမှာ စံလာနေပြီ … ဟန်မပျက်စေနဲ့နော်သား ...



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုဘဝမျိုးကနေ လွတ်မြောက်စေချင်တာ မဟုတ်လားကွယ်"

စံက တိုက်ထဲကနေထွက်လာ၍ မာမီကြီးက ထွက်သွား[...] သည်။

"မာမီ ဘယ်ကနေပြန်လာတာလဲ ဒက်ဒီရောဟင် ..."

"နောက်ကျမယ်ထင်တယ် ... ညှိခံပွဲတွေရှိနေလို့[...] သမီးလေးစံ အေးအေးဆေးဆေး စကားပြောပါ ... ဒက်ဒီ့ကို မာ[...] တာဝန်ယူပါတယ်"

"စံလည်း မကြောက်ပါဘူး ... ဒက်ဒီသဘောမတူရင်တော[...] မောင်နဲ့ခိုးရာလိုက်ပြေးမှာနော်"

"အမလေး ... အဲဒီလောက်အထိ အချစ်ရဲ့စွမ်းပကား[...] ကြီးမားမနေစမ်းပါနဲ့ သမီးစံရယ် ... စိတ်ဓာတ်ကျနေတဲ့ချစ်သူ[...] သာ သွားပြီးအားပေးနှစ်သိမ့်ပေးလိုက်ပါ"

"ဟုတ်"

မောင့်အနားသို့ စံခြေလှမ်းသွက်သွက်လေး လှမ်းလာ[...] သည်။ မာမီပြောသလိုပဲ မောင့်ကိုကြည့်ရတာ တကယ့်ကိုစိတ်ပျက်[...] လက်ပျက်ပဲ။ သူမ မောင့်အနား ပူးကပ်ထိုင်လိုက်၏။ မောင့် အကြည့်တွေက အပူတွေဝိုင်းနေသည်။

"မောင်ရယ် ... စံကိုချစ်ရလို့ အရမ်းအားငယ်တုန်လှုပ်နေ တာလားဟင် ... ပြော ဒက်ဒီ့ကိုလည်း စံတာဝန်ယူပါတယ်၊ မောင့် ကိုလေ လုံးဝမထိခိုက်စေရဘူး"





စံက သူ့လက်မောင်းတွေကို ဖက်တွယ်လိုက်သဖြင့် တစ် ဖက်ခြံက မခများပေ့..သွားမလားဟု နန္ဒမိတ် ထိတ်လန့်သွားမိ သေးသည်။ တစ်ဖက်ခြံအပေါ်ထပ်ကနေ လှမ်းကြည့်လျှင် သူတို့ခြံ ကြီးကို လှမ်းမြင်ရလေသည်။

"မောင့်ကို စံအရမ်းချစ်မိသွားတယ်၊ အရမ်းမုန်းပြီး အရမ်း တော့ကြွေတဲ့သူတွေ ... ချစ်မိသွားရင်လည်း အရမ်းချစ်သွားတတ် ကြတာနော်"

တုန်ရှိုင်းစံရဲ့ပြောင်းလဲသွားမှုကို နန္ဒမိတ် သဘောကျသွားမိ သည်။ ဒီလိုပဲဖြစ်ရမယ်လေ ... မင်းအဖေကို အံတုဆန့်ကျင်ရဲတဲ့ သတ္တိတွေရှိနေစေရမယ်။ နန္ဒမိတ်ရဲ့ အနမ်းတွေက ချို့မြိန်မွှတ်သိပ် သွန်းနေ၏။ တုန်ရှိုင်းစံကို ဦးကျိုးသထက်ကျိုးစေရန် နန္ဒမိတ် နည်း ပရိယာယ်ဗျူဟာအသစ်တွေ ထပ်ခင်းသည်။

"စံ"

"ဟင် ..."

"မောင့်အဖေ နေမကောင်းဘူး ... နှလုံးက သိပ်မကောင်း တော့ဘူးလေ ... မောင် အရမ်းစိတ်ထိခိုက်နေရတယ်"

"ဒါကြောင့် မောင့်မျက်နှာက ညှိုးငယ်နွမ်းဖတ်နေတာကိုး၊ အဖေ နေမကောင်းလည်း အထူးကုဆရာဝန်ကြီးတွေနဲ့ပြလေ ... စံ ပိုက်ဆံအကုန်ခံပါ့မယ် မောင်ရယ်"

နန္ဒမိတ်ရဲ့အဖေ ခြံစောင့်ကြီးကို သူဌေးသမီးတုန်ရှိုင်းစံက

www.burmeseclassic.com



အဖေတဲ့ ... နန္ဒမိတ် ကျေကျေနပ်နပ်ကြီးနှင့် ဟားတိုက်ရယ်မော ဖြစ်ချင်သည်။ တစ်ချိန်က ဖခင်သူဌေးနှင့်အတူတူ အဖေနှင့်သူ ကျွန်တစ်ယောက်ကဲ့သို့ ဆက်ဆံလာခဲ့သည်။ သူဌေးသမီး တုန္ဒိုင်း က အဖေတဲ့ ... တုန္ဒိုင်းစံရဲ့ ပန်းလေးကို သူ့လက်တွေနှင့်သိုင်းဖက် ရင်း စံ တကယ့်ကိုပြောင်းလဲသွားတာပဲ။ ချစ်တယ်ကွာဟု ခပ်ညု ညုလေးပြောတော့ စံခန္ဓာကိုယ်လေးက နန္ဒမိတ်ရင်ခွင်ထဲ တိုးဝင် လာသည်။

"မောင့်အဖေကို စံက အဖေလို့ ခေါ်လိုက်တယ် ဟုတ်လား"

"အင်းလေ ... မောင့်အဖေက စံအဖေပဲပေါ့၊ အရင်က စံ မောက်မာရိုင်းပျခဲ့တာတွေကို ခွင့်လွှတ်ပေးပါလို့ စံ တောင်းပန်ချင် ပါတယ်"

"စံရယ် ... ချစ်စရာကောင်းလိုက်တာ၊ ဒါဆိုလည်း အဖေ့ဆီ သွားကြည့်မလား၊ အဖေ့ကို အသိပေးမယ်လေ"

"ကောင်းတယ် မောင် ... စံလည်း အဲဒီလိုလုပ်ချင်တယ် အဖေ့ကိုလည်း တွေးမိတိုင်း သနားတယ်၊ စံနောင်တတွေ အရမ်း ရတာပဲ"

သူ ပြုံးပြစ်လိုက်သည်။ တုန္ဒိုင်းစံလက်ကိုဆွဲပြီး အဖေ့ဆီခေါ် လာခဲ့၏။ အဖေကတော့ သိသိကြီးနှင့် တုန်လှုပ်ချောက်ချားနေ သည်။

"သား ... မင်း ... မင်းဘာလုပ်တာလဲ ... သခင်မလေးကို



ဟော့ကောင် ... "

တုန္ဒိုင်းစံက အဖေ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"စံ တောင်းပန်ပါတယ် အဖေ ... အရင်တုန်းက အဖေ့ အပေါ် မောက်မာခဲ့တာတွေ စံအနူးအညွတ် တောင်းပန်ပါတယ် နော် ... အဖေ ခွင့်လွှတ်ပေးပါ"

"အမလေး ... ဘယ်လိုပြောလိုက်တာလဲ သခင်မလေးရယ်၊ အဲဒီလိုမလုပ်ပါနဲ့ ... သူဌေးကြီးသိသွားရင် ဦးလေးကြာညိုတို့ သားအဖ အပြစ်ပေးခံရပါ့မယ် ... သား ဒါနဲ့ သခင်မလေးက ... "

"သားနဲ့စံ ချစ်သူတွေဖြစ်နေကြပြီအဖေ ... အဲဒါ အဖေ့ကို လာပြီး အသိပေးတာပါ"

"ဟင် ... သား ဘာပြောလိုက်တယ်၊ မလုပ်ပါနဲ့ ... မဖြစ် နိုင်တာဘဲ၊ သူဌေးကြီးက လက်ခံမှာမဟုတ်ဘူးနော် ... မတန်မရာ သားရယ်"

ဦးကြာညို ပီတိတွေဖြစ်ရပေမယ့် တကယ်လည်း ကြောက် ဒူးတွေ တဆတ်ဆတ်တုန်ယင်နေသည်။ သူဌေးကြီး ဦးမိုးကောင်း ကင် သိရင်တော့ ယမ်းပုံမီးကျ ဒေါသတွေပေါက်ကွဲသွားနိုင်၏။ ဦးကြာညို ဘာကိုမှ ဂရုမစိုက်တော့။ သားတော်တယ် အဖေ မွေးရ ကျိုးနပ်လိုက်တာကွာ။ မင်း ... အဲဒီလိုဖြစ်နေစေရမယ်။ သား ဘယ်လိုများ လုပ်ပြစ်လိုက်လဲမသိဘူး။ သခင်မလေး တုန္ဒိုင်းစံ ပြား ပြားဝပ်ရှိသေလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ် … မောင့်ကို ဘာမှမပြောပါနဲ့တော့နော်၊ စံလည်း အများတွေအတွက် နောင်တရနေပါပြီ … ဒက်ဒီအတွက်လည်း စိတ်မပူပါနဲ့ … မာမိနဲ့သမီး ရှိပါတယ်"

"သူဌေးကတော်လည်း သဘောတူတယ် ဟုတ်လား … အဖေတော့ နားရှိလို့သာကြားရတာ မယုံနိုင်ဘူး … "

"အိပ်မက် မဟုတ်ပါဘူး အဖေ … တကယ်ပါ … မောင့်ကို သမီး အရမ်းပဲ ချစ်မြတ်နိုးရပါတယ် … အဖေ နေမကောင်းဘူးဆို ဆေးခန်းသွားမယ်လေ … စံ အကုန်အကျခံပါ့မယ်၊ အထူးကုသမားတော်ကြီးတွေနဲ့ ပြရအောင်ပါ"

သူဌေးသမီးလေး တုန့်နှိုင်းစံက မိမိလက်မောင်းကို တယုတယ ဆုပ်ကိုင်လာ၍ ဦးကြာညို သတိတွေတောင် လစ်ချင်လာရသည်။ သား အရမ်းတော်တယ်။ အဖေ့သား အရမ်းတော်ပါပေတယ်။ အဖေရဲ့ နောက်ဆုံးရည်မှန်းချက်တွေ အကောင်အထည်ပေါ်လာပြီလေ။

"အဖေ ဘာမှမဖြစ်ပါဘူး သမီး … နှလုံးက နည်းနည်းလေး ဖောက်ချင်တာပါ၊ ဆေးခန်းပြရလောက်တဲ့အထိ မဖြစ်သေးပါဘူး မကြာခင် သူဌေးကြီး ပြန်ရောက်လာတော့မှာမို့ သမီးပြန်တော့နော် အဖေ့အပေါ် သမီးပြောင်းလဲလာတာ အဖေ အရမ်းဝမ်းသာပါတယ်"

သခင်မလေး တုန့်နှိုင်းစံ ပြန်ထွက်သွားမှ ဝမ်းသာအားရနှင့် သားလက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။



"သား … မင်းတော်တယ်၊ အဖေ မြင်တွေ့ချင်တာ အဲဒါပဲကွ … သူဌေးက သူ့သမီးကို အသက်မကချစ်တာလေ အဖေ သေပျော်ပါပြီ"

မကြာခင် သူဌေးကြီးနှင့် မိမိ ခမည်းခမက်တော်ကြရတော့မည်ဖြစ်သည်။ ပျော်တယ် … ကျေနပ်တယ် … သားမျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။

"သား … မင်း ဒီလိုမဖြစ်ချင်ဘူးဆိုတာ အဖေသိပါတယ်ကွာ ဖြစ်သင့်တာ မဟုတ်လား … တုန့်နှိုင်းစံနှင့်လက်ထပ်ပြီး သူဌေးရဲ့ ပိုင်ဆိုင်မှုတွေအကုန်လုံး သိမ်းပိုက်လိုက်စမ်းပါ"

နန္ဒမိတ် ရင်ထဲမှာ နာကျင်မုန်းတီးမှုတွေနှင့် မွန်းကျပ်နေသည်။ သူဌေးသမီး တုန့်နှိုင်းစံကို သူလုံးဝမနှစ်သက်ပေ။ မခကို လက်လွှတ်ဆုံးရှုံးလိုက်ရတာ မခံစားနိုင်လောက်အောင် နာကျင်နေရ၏။ အဖေကတော့ ပျော်နေသည်။

"အဖေ့ကို နှစ်ပေါင်းများစွာ ညှင်းပန်းနှိပ်စက်လာခဲ့တာကွ၊ အခု နှလုံးရောဂါတောင်ရပြီ … အဖေ မသေခင် ဒီလိုရက်စက်တဲ့ သူဌေးကို နှိပ်ကွပ်ချင်တယ်"

သူ့စိတ်တွေ မွန်းကြပ်ပိတ်လှောင်နေ၍ နန္ဒမိတ် လသာဆောင်ကိုထွက်ပြီး ရပ်နေမိသည်။ တစ်ဖက်ခြံကြီးဆီ သူ့အကြည့်တွေရောက်သွားတော့ မခတို့သားအဖနှင့်နောင်တို့ ကားနှင့်ပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ... မခအဖေ နေမကောင်းဘူးထင်တယ်။ နောင် ... မင်းကတော့လေ မခအတွက် အမှတ်တွေယူနေခဲ့တာပဲ"

နန္ဒမိတ် ကြည့်ပြီး ဒေါ်သတွေက ပေါက်ကွဲမတတ် ဖြစ်နေသည်။

အခန်း ( ၁၀ )

အဖေ မျှော်လင့်နေသော ရက်တစ်ရက်က ကျရောက်လာပြီဖြစ်သည်။ အဖေနှင့်သူ့ကို တွေ့ဆုံဖို့ သူဌေးကြီး ဦးမိုးကောင်းကင်က လက်ခံလိုက်ခြင်းပင်ဖြစ်၏။ အဖေ့ကိုကြည့်ရတာ ကြောက်နေပုံပင်။ အဖေ့လက်တွေ အေးစက်နေသည်။

"အဖေ"

"ဟင် ... အမလေးသားရာ၊ ရုတ်တရက်ကြီး အဖေလန့်သွားတာပဲ"

"ကြောက်နေတာလား၊ နောက်ဆို အဖေက သူဌေးကြီးနဲ့ တန်းတူနေထိုင်ရတော့မယ်လေ ... သတ္တိရှိရှိ ရင်ဆိုင်စမ်းပါ"

"အေးပါ ... အေးပါ ... အဖေ သိပါတယ်သူဌေး ... သူဌေးခင်ဗျားအလုည့်ပဲဖြစ်ရမယ်"

ဦးကြာညိုလည်း စိတ်တွေကို အတော်လေးကိုနှိုးချုပ်နေရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောက်စိတ်က ရှိနေဆဲပင်။ သူဌေးရဲ့ယုတ်မာကောက်ကျစ်ပြီးရက်စက်တဲ့စိတ်ဓာတ်ကိုသိထား၍ ဖြစ်၏။ သားကောင်းစားဖို့ အရေးကြီးတယ်။ ဦးကြာညိုကိုလည်း တစ်နည်းနည်းနှင့်ရန်ရှာမှာတော့ သေချာသည်။

"အဖေ သွားကြမယ်"

"ဟင် ... ဖြစ်ပါ့မလားကွ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ ... လူလူချင်းပဲအဖေရာ၊ စံက အဖေ့ကို ဘယ်လောက်အထိရှိသေလဲ ... ကြောက်စရာမလိုပါဘူးဗျာ"

နန္ဒမိတ်ကတော့ စံဝယ်ပေးထားတဲ့ အနောက်တိုင်းဝတ်စုံကို ဝတ်လိုက်သည်။

"သားက အရမ်းခန့်ညားတာပဲ ... ယောက်ျားပီသလိုက်တာ"

"အဖေတူ သားမို့ပါ"

"အေး ... ဟား ... ဟား ... ဟား ... "

ကြောက်စိတ်တွေကို ဖြေဖျောက်ရင်း ဦးကြာညို ရယ်မောလိုက်မိသည်။ ရဲဆေးတင်၍ သူဌေးကြီးတိုက်ထဲဝင်လာခဲ့၏။ သူဌေးက ဧည့်ခန်းမှာထိုင်နေသည်။

"အဖေနဲ့မောင် ... လာလေ ... စံ အစောကြီးထဲကမျှော်





နေတာသိလား"

စံက ပြေးထပြီး အဖေ့ကိုတွဲခေါ်လာသည်။

"အဖေ ... ဘာမှမကြောက်ပါနဲ့ ... မာမီနဲ့စံ ရှိပါတယ်"

စံက တိုးတိုးလေးကပ်၍ပြောသည်။ နန္ဒမိတ်ကတော့ မကြောက်ပါဘူး။ သူက ကျွန်မှမဟုတ်တော့တာဘဲ သခင်။

"ဒက်ဒီ ... သမီးနဲ့မောင့်ကိုသဘောတူတယ် မဟုတ်လား၊ မောင့်အဖေက သမီးအဖေ ဖြစ်သွားပါပြီ ... မင်္ဂလာပွဲကိစ္စကို သမီးစီစဉ် ... ခွင့်ပြုပေးပါနော်"

ဦးမိုးကောင်းကင် ရင်ထဲမှာ ဒေါသတွေက မုန်တိုင်းထန်နေရပေမယ့် မိနှင့်သမီးတို့ဆန္ဒကိုလည်း မလွန်ဆန်နိုင်ဘဲ ဦးကြာညိုလို လူတစ်ယောက်နှင့်တန်းတူ ဆက်ဆံရတော့မည်ဖြစ်သည်။

"ကိုကြာညို ... အရင်က အဖြစ်အပျက်တွေ မေ့ပစ်လိုက်ပါတော့ ... ကျုပ်သမီးလေးက ခင်ဗျားသားကိုမှ နှစ်သက်နေပြီလေ၊ ခင်ဗျား သမီးဖြစ်သွားပြီပဲဗျာ ... နော်"

"ဟုတ် ... ဟုတ်ကဲ့ပါ သူဌေး"

"သူဌေးလို့ မခေါ်ပါနဲ့တော့ဗျာ ... ကိုမိုးကောင်းကင်လို့ခေါ်ပါ ... ကျုပ်တို့က တန်းတူဆက်ဆံကြရမယ့်သူတွေပါ"

"ဟုတ် ... ဟုတ်ကဲ့"

"အဖေရယ် ... အရင်က သမီးပြောဆိုဆက်ဆံခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်နော် ... ဘာမှမကြောက်ပါနဲ့တော့၊ သမီးတို့ မိသားစုနဲ့ဆွေမျိုးအရင်းအချာတွေလို ဆက်ဆံပါ"

"ဟုတ်ပါတယ် ကိုကြာညို့ရယ် ... ရှင့်ရဲ့ထူးချွန်ထက်မြက်တဲ့သားလိမ္မာလေးကို ကျွန်မတို့က သားအဖြစ်သိမ်းပိုက်လိုက်ပြီလေ"

"ဟုတ် ... ဟုတ်ကဲ့"

ဟော့ကောင် နန္ဒမိတ် ... မင်းဘာကောင်လဲ။ မင်းလိုကောင်ကများ ငါ့သမီးကို ရာရာစစ မတန်မရာ။ မင်းဘာဖြစ်လို့ ဒီလိုလုပ်လည်းဆိုတာ ငါမသိဘူး ထင်နေလို့လား။ ကြာညို ... မင်းလည်း သိမယ်။ ငါနဲ့ငါ့သမီးရဲ့ မာန်မာနတွေကို ရိုက်ချိုးဖို့ ကြံစည်လုပ်ဆောင်တာပဲ။ ဦးမိုးကောင်းကင် ဒေါသတွေထွက်နေသည်။ မိုနှင့်သမီးကြောင့်ပါ။ နန္ဒမိတ်ကိုလည်း သတ်ပြစ်ချင်လောက်အောင် ဒေါသတွေပေါက်ကွဲထွက်လာရသည်။

"ကဲ ... လာကြပါ ... ကိုကြာညို့ မနက်စာသုံးဆောင်ကြရအောင်"

ဦးကြာညိုကတော့ သူဌေးဟန်ဆောင်သဘောကောင်းတယ်ဆိုတာ သိနေသည်။ သူဌေးအကြည့်တွေက မာထန်လွန်းနေ၏။ သူဌေးအကြောင်း မိမိအသိဆုံးပင်။ ဘာပဲဖြစ်ဖြစ်လေ ... သားကောင်းစားမှာပဲ။ ခင်ဗျားက ဂျူပ်သားကို ကျွန်စာရင်းသွင်းထား





လို့ မရဘူး။ ကျူပ်သားက ဘုန်းကံကြီးတယ်။ တော်တယ်၊ ဦးကြာညို့ တစ်သက်လုံး ခံလာခဲ့ရတာ သတ္တိတွေ ပြည့်လာသည်။

"အမေ ... စားနော် ... သမီးတို့နဲ့နွေးနွေးထွေးထွေး ဆက်ဆံပါ"

စုံမာနတွေ အတ္တတွေက မောင့်ခြေဖဝါးအောက်သို့ ငုပ်လျှိုးကျရောက်သွားရတာ လုံးဝနားမလည်နိုင်အောင်ဖြစ်ရသည်။ မောင့်ကို နှလုံးသားထဲအထိ ရူးနှစ်ချစ်မိနေ၏။ မောင်က ချောမောခန့်ညားတဲ့အပြင် အနာဂတ်မှာ အထူးချွန်ဆုံးယောကျ်ားဖြစ်နိုင်သည်။

"မောင် စားလေ ... စံကိုယ်တိုင် စီမံခန့်ခွဲထားတာပါ၊ စံလေ မောင့်အတွက် ဇနီးကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်"

နန္ဒမိတ်ကတော့ သူဌေးရှေ့မှာ စံက သူ့ကိုအရေးတယူလုပ်တာ သဘောကျကျေနပ်မိသည်။ ဦးမိုးကောင်းကင် ခင်ဗျားကြီးအလှည့်ပဲ။ ကျူပ် ဘာကောင်လဲဆိုတာ ခင်ဗျားကြီး မကြာခင် သိစေရမယ်။ ဦးမိုးကောင်းကင်ကလည်း အခြေအနေအရ ဟန်ဆောင်နေတာကို နန္ဒမိတ် ရိပ်မိနေသည်။

"မောင်နန္ဒမိတ် ... "

"ပြောပါ ဒက်ဒီ ... "

မိမိအား ဒက်ဒီဟုခေါ်လိုက်၍ ဦးမိုးကောင်းကင် ထပြီးမိတ်ဆန့်ချင်စိတ်တွေပင် ဖြစ်ပေါ်လာရသည်။ ရာရာစစ မင်းကိုသားအဖ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အကြံအစည်တွေ ဘယ်လောက်အထိရှိနေတယ်ဆိုတာ ငါသိတယ်ကွ။ နန္ဒမိတ် တစ်ချက်လေးမှ မျက်နှာပျက်မသွား။ ဦးမိုးကောင်းကင်လည်း မတတ်နိုင်။ ကြိတ်မှိတ်သည်းခံနေရ၏။ သမီးက မောင်နန္ဒမိတ်အပေါ် သံယောဇဉ်တွယ်နေသည်။

"မင်း ... အနာဂတ်အတွက် ဘာတွေလုပ်မယ်လို့ ရည်ရွယ်ထားလဲ"

"ကျွန်တော် ဆေးကျောင်းပဲတက်ချင်တယ်၊ ကျွန်တော် အထူးကုဆရာဝန်ကြီး ဖြစ်ချင်တယ်"

"မောင်ရယ် ... ဒက်ဒီကုမ္ပဏီမှာ ဝင်လုပ်ရင်လည်းရတာပဲ မောင်ရဲ့အစွမ်းအစနဲ့ဆိုရင် အရမ်းကိုအောင်မြင်သွားမှာလေ"

ဆေးကျောင်းတက်လျှင် မေရန်မခလည်း ဆေးကျောင်းတက်မှာမို့ တွေ့မှာစိုးရိမ်မိသည်။ မောင့်ကို စိတ်မချတော့ဘူး။ ဒက်ဒီ စီးပွားရေးလုပ်ငန်းတွေ ရှိသည်။

"မောင် စီးပွားရေးမလုပ်ချင်သေးဘူး ... မောင် ဆေးကျောင်းပဲ တက်ချင်တယ် ... တက်ခွင့်ပေးပါ ဒက်ဒီ ... "

ခင်ဗျားကြီးက ကျုပ်ကိုဆေးကျောင်းမတက်စေချင်ဘူး မဟုတ်လား။ ကျုပ်ထူးချွန်မှာ အရမ်းကြောက်နေခဲ့တာပဲ။ နန္ဒမိတ် ဆေးကျောင်းတက်ချင်တယ်ဆိုတာက မေရန်မခနှင့်လည်း ဆုံတွေ့ချင်သည်။ သူချစ်နေတာက မခပဲ။ နှလုံးသားထဲကနေ ဖယ်ထုတ်





လို့မရတဲ့အရာ။

"ကောင်းပြီလေ ... မင်းဆန္ဒပဲပေါ့၊ သမီးစံက သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မလဲ ... "

"စံ့အတွက်ပဲလေ ... ဆရာဝန်ကြီးကတော် စံဖြစ်ချင်မှာပါ ဟုတ်ဘူးလားစံ ... "

စံလက်လေးကို ဆုပ်ကိုင်ပြီးပြောလိုက်သည်။ ခင်ဗျားကြီး လုပ်ငန်းထဲ မဝင်ပါဘူး။ ကျုပ်ဆရာဝန်ပဲ ဖြစ်ချင်တယ်။ မခလည်း နေ၍ သူတက်ချင်၏။ ပြီးတော့ စံ့သဘောအတိုင်း ဘာမှမလုပ်နိုင်ပေ။

"မောင့်သဘောပါပဲ ... စံကတော့ မောင်ဝါသနာပါတာ လုပ်ခွင့်ပြုမယ်"

"တွေ့လား ဒက်ဒီ ... စံက ကျွန်တော့်ကို အရမ်းချစ်တယ်"

ဟော့ကောင် နန္ဒမိတ် ... မင်းရဲ့ခွေးကျင့်ခွေးကြံတွေကို ငါသိဘူးများထင်နေလား။ ဦးမိုးကောင်းကင် ဒေါသတွေက အတိုင်းအဆမရှိ ဖြစ်နေသည်။

"ကြာညို ... မင်းလိုကောင်နဲ့များ ငါက ခမည်းခမက်တော်ရမလား ... မင်းအကြံ ဒါအကုန်ပဲလား"

ကြာညိုလိုကောင်နှင့် စားပွဲတစ်ခုတည်း ထမင်းစားနေရပြီး သမီးကအဖေ ... အဖေနှင့် တရိုတသေ လုပ်နေတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းကင် ဒေါသတွေဆူဝေစေသည်။

"သားရယ် ... သမီးလေးဆန္ဒကိုလည်း ဦးစားပေးစေချင်တယ် ... ဖြစ်နိုင်ရင်လေ ..."

"အဖေရယ် ... စံ့သဘောက မောင့်သဘောပါပဲ၊ မောင်ဆေးကျောင်းပဲတက်ပါ ... ဒါပေမဲ့ ... စံကတော့ မောင့်နောက်က နေ အရိပ်လိုလိုက်နေမှာနော်"

နန္ဒမိတ်ကတော့ ဦးမိုးကောင်းကင်ကိုကြည့်ပြီး ရယ်ပြစ်ချင်သည်။ အဖေ ဒီလိုနေထိုင်တာကိုလည်း ပီတိဖြစ်ရ၏။ ခင်ဗျားကြီးအလှည့်ပဲ။

"ကဲ ... စားကြပါ၊ အရင်ကကိစ္စတွေ မေ့ပြစ်လိုက်ကြအောင် ကိုကြာညို ..."

ဦးမိုးကောင်းကင်က ရယ်မောရင်း ကြာညို့လက်ကို တင်းကြပ်စွာဆုပ်ကိုင်ထားလိုက်သည်။ မင်းအရိုးတွေကို ချိုးပြစ်ချင်တယ် ကြာညို ... ရာရာစစ မင်းကများ နန္ဒမိတ်ဆိုတဲ့ကောင်ကို တမင်နလံမထူနိုင်အောင် နှိမ်ထားတာပါ။ သမီးစံက စွဲလမ်းနှစ်သက်နေသည်။

"ကြာညို ... မင်းက တော်တော်လေးနေရာယူချင်တာပဲ မင်းနဲ့တန်လို့လား"

ဦးမိုးကောင်းကင်နှင့်တစ်တန်းထဲ ထမင်းစားနေတဲ့ကြာညို





သတ်ပြစ်ချင်နေသည်။ ဒီကောင် ... မို့ကလေးကို အပြတ်ရှင်း လိုက်တာလည်း မိမိသံသယဝင်နေ၏။ တစ်နေ့သိမယ် ... ငါ့သမီး င်သားနဲ့ တန်လို့လား။ အစေခံကျွန်တွေ။ သမီးစံက တယုတယ လေးတစားနှင့် ကြာညို့ကို ဆက်ဆံနေသည်။

"မင်း သား ကြံစည်တာပဲ ... ငါ့သမီးလေးက အစိမ်းသက် ကလေးကွ ..."

ဦးမိုးကောင်းကင် ဒေါသတွေက ရင်ထဲမှာ ဗလောင်ဆူနေ သည်။ ကြာညို့နှင့် နန္ဒမိတ်တို့ကို ထကန်ပြစ်ချင်နေ၏။ မို့ကလည်း ညို့သားနှင့် သဘောတူနေသည်။

"ကိုကြာညို ... ရှင်လည်း မို့တို့ကိုရှိန်မနေပါနဲ့၊ သားနဲ့သမီး တွေ လက်ထပ်ကြတော့မှာပဲ ... ရှင်က မို့တို့သမီးလေးရဲ့အဖေ ရာကို ရောက်လာပြီလေ ... အားနာမနေပါနဲ့ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

ဦးကြာညို့ကလဲ သူဌေးနှင့်တန်းတူ နေထိုင်ခွင့်ရ၍ ကျေနပ် သည်။ မိမိကို နှစ်ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်နေခဲ့၏။ မိမိ းလည်း သူဌေးကြီးဖြစ်တော့မယ်။ ဦးကြာညို့ မကြောက်တော့ သူဌေးကြီး ဦးမိုးကောင်းကင် ဘယ်လောက်အထိ ဒေါသတွေ နေမလဲဆိုတာပ် သိနေသည်။

"အဖေ ပေးပါ ... သမီးကိုလည်း သမီးတစ်ယောက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပဲ သတိမှတ်ပါနော် ... အရင်က အဖေ့အပေါ်မောက်မာခဲ့တာ
အတွက် တောင်းပန်ပါတယ် ... အဖေ စိတ်ချမ်းသာအောင် စံ
တစ်သက်လုံးပြုစုစောင့်ရှောက်ပေးသွားမှာပါ" ၊

ဦးမိုးကောင်းကင် ရင်ထဲမှာ ထမင်းစားပွဲကြီးကိုတော
မှောက်ချပြစ်ချင်သည်။ ကြာညိုရဲ့သား နန္ဒမိတ်ဆိုတဲ့ကောင် သ
ကို ဘာတွေလုပ်ထားခဲ့လဲ။ ဦးမိုးကောင်းကင်အတွက်က
လူပါးပုလင်းထိတာပဲ။ ညစာတွေက လည်ချောင်းဝမှာ တစ်ဆို့
သည်။

"ဒက်ဒီတော့ တော်ပြီ ... မောင်နန္ဒမိတ် ခဏနေရင် အ
စာကြည့်ခန်းထဲ လာခဲ့ကွာ ... "

"ဟုတ်ကဲ့ပါ ဒက်ဒီ ... "

နန္ဒမိတ်ကတော့ အော်ဟစ်ရယ်ပြစ်ချင်သည်။ သူဌေးဦး
ကောင်းကင်တစ်ယောက် မီးခဲကိုဆုပ်ကိုင်ထားမိသလို ဖြစ်နေ
ပင်။ အဖေ့ကို သူဌေးမိသားစုနှင့် တစ်တန်းထဲ နေထိုင်ခွင့်ရနေ
ကိုလည်း သူကျေနပ်မိ၏။ စံက အစိမ်းသက်သက်လေ။ ထမင်း
ပြီးတော့ သူ ဦးမိုးကောင်းကင်ဆီ သွားဖို့ပြင်သည်။

"မောင် ... ဒက်ဒီ ဘာပဲပြောပြော စိတ်မဆိုးပါနဲ့နော်။
တောင်းပန်ပါတယ်၊ ဒက်ဒီ ဘာပဲပြောပြော စံဆန္ဒက အမိ
သည်းခံပေးပါနော် မောင်ရယ် ... "





စံက မျက်ရည်ဝဲဝဲလေးတွေနှင့် အသနားခံပြောတော့လည်း
သူခေါင်းညိတ်ပြခဲ့သည်။ ဦးမိုးကောင်းကင် တွေ့ကြသေးတာပေါ့
ကွာ။ နန္ဒမိတ် စိတ်ထဲကနေ ကြိမ်းဝါးပြီး သူဌေးဦးမိုးကောင်းကင်
ရှိရာ စာဖတ်ခန်းထဲ ဝင်လာခဲ့၏။ စောစောက သမီးရှေ့မှာမျက်နှာ
သားနှင့် ဆန့်ကျင်ဘက် တင်းမာခက်ထန်နေသည်။

"ဟေ့ကောင် နန္ဒမိတ် ... မင်းရဲ့အကြံအစည်တွေကို ငါ
သိဘူးထင်နေလား ... မင်း ... မင်း ... ငါ့သမီးစံကို ကောင်း
ကောင်းအသုံးချလိုက်တာ မဟုတ်လား ... ပြောစမ်း ... "

"အဲဒီလို မထင်ပါနဲ့ဒက်ဒီ၊ ကျွန်တော်ရင်ထဲမှာ စံကိုနှစ်နှစ်
ကာကာ ချစ်တာပါ၊ တစ်ယောက်နဲ့တစ်ယောက် ငယ်ငယ်လေးထဲ
က အတူတူနေလာတော့ သံယောဇဉ်တွေ တွယ်ငြိတာမြန်တယ်
လေ"

"ဘာကွ ... မင်း ... မင်းကများ စကားပြောတာ ပမာမခန့်
နဲ့ ဒူးထောက်စမ်း ... "

"ဒက်ဒီ ... အသံသိပ်မကျယ်ပါနဲ့၊ ကျွန်တော့်ဇနီးလောင်း
လေး စံက ရောက်လာနိုင်တယ်"

"တောက် ... "

ဒီကောင် ခွေးမသား ... နန္ဒမိတ် တမင်သက်သက်နှင့်ဆဲမိး
ကို အသုံးချပြစ်လိုက်ခြင်းဖြစ်သည်။ မိမိကလည်း သမီးစံကိုအသက်

www.burmeseclassic.com



နှင့်အမျှ ချစ်မိခဲ့၏။ မိတဆိုးသမီးလေး။ မိမိရင်ထဲက မွှေ့ကိုချ အချစ်မီးတွေကြောင့် သမီးစံရဲ့အမေ ရင်ကွဲနာကျပြီး သေဆုံး ရသည်။ ထိုပြစ်မှုအတွက် သမီးကိုပျော်ရွှင်စေချင်ခဲ့သည်။

"ဟော့ကောင် နန္ဒမိတ် ... မင်းသတိကျပ်ကျပ်ထားပါ၊ ငါ့ လေးကို လက်စားချေဖို့ အသုံးချရင်တော့ မင်းတို့သားအဖ အ ဆိုးနဲ့သေစေရမယ်၊ မိုးကောင်းကင်ကို လျှော့တွက်မထားနဲ့

"အရာအားလုံးက ကံစီမံရာပါပဲ ဦးမိုးကောင်းကင် အလှည့်ကျတော့ မနွဲ့စတမ်းပေါ့"

"ဟော့ကောင် ... မင်းလူပါးဝလိုက်တာ ... ကျွန် ..."

"ကျွန်တော်က ဒက်ဒီရဲ့သမက်လောင်းပါ၊ ကျွန်ဆိုတဲ့ အနွန်းက မသင့်တော်တော့ပါဘူး၊ စိတ်ကိုအေးအေးထားပါ ဒ ကျွန်တော်က ဒက်ဒီသားဖြစ်တော့မှာပါ"

"ဒီကောင်တော့လား ... "

မိမိကို လက်စားချေဖို့အတွက် နန္ဒမိတ် ကြံစည်တယ်ဆို မိမိသိနေခဲ့သည်။ ကြာညို့သားက ချောမောခန့်ညား၍ မိမိတ လုံး စိတ်ပူနေခဲ့တာပါ။ ဒါကြောင့်လည်း ကြာညို့သားကို သမီး မဝင်စားစေရန် ကျွန်အဖြစ်သတ်မှတ်ကာ နှိမ်ချထားခဲ့၏။ ကြာ ကို အပြတ်မရှင်းမိတာ နောင်တရနေခဲ့သည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါ ဒက်ဒီ ... တော်ကြာ စိဝင်



လိမ့်မယ်၊ သားကို အရမ်းချစ်ပြီး စိတ်မချဖြစ်နေတယ် ... ခွင့်ပြုပါ ဦး ... "

နန္ဒမိတ် ထွက်လာခဲ့သည်။ ရင်ထဲမှာပေါ့ပါးနေပေမယ့် ကျေ နပ်မိနေ၏။ အဖေ့ကို သူဌေးအရာမှာနေစေဖို့ နန္ဒမိတ်ဆိုတဲ့ကောင် က ဘယ်အလုပ်မဆို လုပ်ဖို့ ဝန်မလေးတော့ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

“ မြတ်သစ် မင်း ... မင်းတို့သားအဖ ဘာဖြစ်လို့ ထွက်မသွားသေးတာလဲ ... ငါတောင်းပန်တယ်ကွာ ... အဝေးကိုထွက်သွားကြပါ၊ မင်းတို့သားအဖ နေထိုင်စားသောက်နိုင်တဲ့ ငွေကြေး ငါ ပေးလိုက်ပါ့မယ် ... ”

“ကြာညို ... ဘာဖြစ်လို့ ငါတို့သားအဖကို ထွက်သွားစေချင်ရတာလဲ ... မေရန်မခက ဘယ်သူ့သမီးလေးလည်းဆိုတာ အမှန်အတိုင်း ပြောပြစမ်းပါကွာ ... မင်း အလုပ်ရှင်သူဌေးတွေနဲ့ ပတ်သက်နေလား ... ”

“ဘာကွ ... ”

မိမိသားဘဝရော မိမိဘဝရော အရမ်းကိုကောင်းနေပြီ ပြဿနာ မတက်လိုပေ။ မြတ်သစ်တို့ အသားအဖက ပြဿနာကောင်တွေ မြတ်သစ်ကြည့်ရတာလည်း နေကောင်းပုံမရ။ မေရန်မခကို မွေးထားတယ်ဆိုတာ မြတ်သစ်လည်း သိတယ်၊ မိမိက





တော့ သူဌေးကတော်သိမှာ ကြောက်နေမိသည်။

“နေပါဦး ကြာညို၊ရ ... မင်းလည်း အဆင်ပြေနေပြီပဲ မင်းသားကိုယ်တိုင် သူဌေးသမီးနဲ့လက်ထပ်ကြမှာ မဟုတ်လား ... မင်းဘာဖြစ်ရတာလဲ ... လောဘတွေ သိပ်မကြီးစမ်းပါနဲ့ကွာ”

“မင်း ... မင်းအတွက် အန္တရာယ်ရှိလို့ကွ ... ထွက်သွားကြပါ၊ မင်းသမီးကို သူဌေးသားနဲ့ မုန်းနေတာလား”

“ဘာ ... ခွပ်”

“ဟော့ကောင် ... ဘာလုပ်တာလဲ၊ မင်းသေတော့မယ် ... မြတ်သစ်”

“အဟွတ် ... အဟွတ်”

“အဟွတ် ... ”

ဦးမြတ်သစ် ချောင်းဆိုးတွေအဆက်မပြတ် ဆိုးလာသည်။ မိမိနေမကောင်းဘူး။ မောပန်းနွမ်းနယ်နေ၏။ အဆုတ်ရောဂါပါ။ နလုံးလည်းမကောင်းဘူး ... သမီးလေးကို မိဘရင်းတွေဆီ ပြန်ပို့ပေးချင်သည်။

“ငါ ... မင်းလို စိတ်ဓာတ်အောက်တန်းမကျဘူးကွ ကြာညို မင်းပြောစမ်း ... ငါ့သမီးက ဘယ်သူနဲ့ပတ်သတ်နေတာလဲ မှန်မှန်ပြောစမ်း ... ”

“ဟော့ကောင် ... လွှတ်စမ်း”

မြတ်သစ် မလွှတ်ဘဲ ကြာညို့အကျီစကို ဆွဲ၍ မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးအကြောင်းသိမှ ဖြစ်မယ် ... သမီးကို ဘဝတစ်သက်တာလုံး ခြံစောင့်သမီးအဖြစ်နဲ့ မထားခဲ့နိုင်ဘူး ... သမီး မိဘအရင်းတွေကို သိမှဖြစ်မယ် ... မိမိသံသယဖြစ်နေမိတာက သူဌေးကတော်ပဲ ... ကြာညို ဒီလောက်အထိ ကြောက်နေတာ အကြောင်းတစ်ခုခု ရှိရမည်ဟု ထင်သည်။

"ငါမသိဘူး ... တစ်ဘက်ခြံက လူတွေနဲ့လည်း ဘာမှမဆိုင်ဘူး ... အရင်အလုပ်ရှင်ရဲ့ ဒရိုင်ဘာနဲ့ အိမ်ဖော်ညားပြီး မွေးခဲ့တာ မအေသေသွားလို့ အဖေက ငါ့ကိုမွေးစားဖို့ထားခဲ့တာပဲ"

"မဟုတ်ဘူး ... ငါမယုံဘူး ... မင်း မင်းဘာဖြစ်လို့ လိမ်နေရတာလဲ ... သူဌေးကတော် ဒေါ်စံမမှီရဲ့ကလေးလားပြော ..."

"ဘာ ... ဘာပြောတယ် ... မဟုတ်ဘူး၊ ဒီလောက်အဆင့် မရှိပါဘူး ... လွှတ်တော့ ငါပြန်မယ် ... မင်းကိုငါ သတိပေးထားပြီးသားနော် ... ထွက်သွားပါ ... မင်းသမီး မေရန်မခရဲ့ ရှေ့ရေးအတွက်ပဲ"

"မသွားဘူးကွာ ... ဘာဖြစ်လဲ ... ငါ့သမီးရဲ့ မိဘအရင်းတွေကို ရှာရမယ် ... ငါ့သမီးအဖြစ် ဘဝတစ်လျှောက်လုံး မျက်နှာငယ်ပြီး မထားခဲ့နိုင်ဘူး ... ငါ့သမီးရဲ့ သားစဉ်မြေးဆက်အတွက် လိုအပ်တယ်"

"မင်း ... ရူးနေပြီလား မြတ်သစ်၊ အဓိပ္ပါယ် မရှိတာတွေ မလုပ်ပါနဲ့ကွာ ... မင်းတို့ ထွက်သွားကြပါ"

ဖိုးလပြည့်စာပေ



"မင်းနဲ့မဆိုင်ဘူးကွ ... ငါ့သဘောပဲ ... မသွားဘူးကွာ ... ဘာဖြစ်လဲ မင်းဘာလုပ်မလဲ"

"ခွပ် ... ခွပ်"

"မင်း ... မင်း လွှတ်စမ်း"

ဦးကြာညို စိတ်တွေမထိန်းနိုင်တော့ဘဲ မြတ်သစ်ကို တွန်းပစ်လိုက်သည်။

"အား ... "

"ဟင် ... "

"မင်း ... မင်း"

ဦးမြတ်သစ်မှာ ရောဂါအခံရှိနေ၍ မြေပြင်ပေါ် ပစ်ကျသွားကာ ပြန်၍ မထနိုင်တော့ပေ။ ညဉ့်နက်နေပြီဖြစ်၍ ပန်းခြံမှာလူက ရှင်းနေသည်။

"ဟောကောင် ... ကြာညို၊ မင်းဘာလုပ်တာလဲ ... မင်းနဲ့ ငါတို့က တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေပါကွ ... အမလေး မောတယ် ... ငါ့သမီးလေးဆီ အကြောင်းကြားပေးပါကွာ"

ကြာညိုကတော့ လုံးဝအကူအညီမပေးနိုင်တော့ ... မင်း သေသင့်တယ် မြတ်သစ် ... ။

ငါလုပ်ခဲ့တဲ့ကိစ္စကို မင်းအသိဆုံးပဲဟာ ... မင်းသေမှ မေရန်မခက မင်းသမီးအရင်းတစ်သက်လုံး ဖြစ်သွားရတော့မယ်။ ငါလည်း စိတ်မကောင်းပါဘူး ... သူငယ်ချင်းရာ မတတ်နိုင်တော့လို့ပါ။

[illegible]

www.burmeseclassic.com



"ကြာညို ... ကယ်ပါ ... ငါ ငါ ... သေ တော့မယ် ... ငါ့ သမီးလေး"

မြတ်သစ် သေချင်သေလိုက်တော့ ... မင်းသမီးရောက်လာရင့် မွေးစားထားတာလို့ မင်းပြောမှာ မဟုတ်လား ... မင်းသဘောထားကို ငါသိတယ် ... ဦးကြာညို လှည့်ထွက်လာခဲ့သည်။ ပန်းခြံထဲမှာ လူတစ်ယောက်မှ မရှိတော့ ... ဦးကြာညို ပန်းခြံအဝကနေ ရပ်ကြည့်လိုက်တော့ မြတ်သစ်ငြိမ်သက်သွားသည်။

"ငါ ... ရက်စက်တာ မဟုတ်ဘူးနော် မြတ်သစ်၊ မင်းကြမ္မာငင်တာပဲ ... မေရန်မခရဲ့ မိဘတွေကို ဖော်ထုတ်ကြံစည်တယ်လေ"

ဦးကြာညို စိတ်တွေကိုတင်းပစ်လိုက်ပြီး ထွက်လာခဲ့သည်။ ရင်ထဲမှာ နာကျင်ရ၏။ သူငယ်ချင်းအတွက် စိတ်မကောင်းပါဘူး။ မိမိနေထိုင်တဲ့ခြံကြီးထဲ ပြန်ရောက်လာသည်။

"မေရန်မခ ... ပန်းခြံထဲမှာ မင်းအဖေလဲနေတယ် ... သွားကြည့်လိုက်ပါ ... "

"ရှင် ... ရှင်ဘယ်သူလဲ ... အဖေ ... ဘာဖြစ်တယ် ... ဒီမှာ"

မိမိအသံဖျက်ပြီး အသိပေးလိုက်သည်။ မင်းကို ဒီလောက်အထိပဲ ငါကူညီနိုင်မယ် မြတ်သစ် ... တကယ်တော့ မေရန်မခကို အစောကြီးထဲက အပြတ်ရှင်းပစ်ရမှာပါ ... ငါ မရက်စက်နိုင်ခဲ့လို့ပဲ သား ... နန္ဒမိတ်က သူဌေးဖြစ်တော့မယ် ... ငါ့ဘဝကြီး အရှမ်းကို





သာယာလှပ ထွန်းတောက်လာတော့မယ်ကွ ... ရင်တွေပူလောင်နေ၍ ဦးကြာညိုခြံထဲမှာ ထိုင်နေမိသည်။

"ကြာညို ... "

"ဟာင် ... ဟာင် ဦးမိုးကောင်းကင်"

"ဘာ ... ဦးမိုးကောင်းကင်လဲ ... သူဌေးလို့ခေါ်စမ်း"

"သူ ... သူဌေး"

"ခုတ် ... "

"အား ... "

"အသံမထွက်နဲ့ မင်းကများ ရာရာစစ ... ငါနဲ့ တန်းတူဆက်ဆံချင်တာလားကွ ... "

"ဟုတ်တယ် ... ဦးမိုးကောင်းကင် ... ကျုပ်အရင်လို ခေါင်းငုံ့မခံနိုင်တော့ဘူး ... ကျုပ်ကိုလာပြီး နှိပ်စက်နေရင် ခင်ဗျားရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြီး ကျုပ်အသေခံမယ်"

"ဘာကွ ... "

ကြာညို့ကို လျှော့တွက်ထားမိတာမှားသွားသည်။ ဒီကောင်က တစ်နေ့ဒီလိုကြံစည်ဖို့အတွက် သည်းခံနေတာပဲ ... သမီးက သူ့သားကို အရူးအမူးစွဲလမ်း နစ်သက်နေ၏။ သား နန္ဒမိတ်ဆိုတဲ့ကောင်ကလည်း မာရေကျောရေ ဒင်းတို့သားအဖက လက်စားချေဖို့ ကြံစည်နေခဲ့ကြသည်။

"ခင်ဗျားကြီး ကျုပ်တို့သားအဖကို မတရားနှိပ်စက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ ... ကျုပ်အကြောင်း ကျုပ်သားသိသွားလည်း ကျုပ်သားက လမ်းကြောင်း မှန်သွားပြီလေ ... "

"ခွေးကောင် ... သားရေပေါ်အိပ်ပြီး သားရေနားစားတယ်၊ ခွေးလောက်တောင် သစ္စာမရှိတဲ့ကောင် ... "

"ထွီ ... "

"ကျုပ်ကို တန်းတူဆက်ဆံပါ ... လောကကြီးမှာ ကျုပ် ဘာကိုမှ မကြောက်တော့ဘူး ... "

ကျုပ်အချစ်ဆုံး တစ်ရွာထဲသား ငယ်သူငယ်ချင်းအပေါ် တောင် ရက်စက်နိုင်ခဲ့ပြီး အခုခင်ဗျားအလှည့်ပဲ ... ။

"ပြီးတော့ ... ခင်ဗျားကို တစ်ခုတော့သတိပေးထားရမယ်၊ သူဌေးကတော်ရဲ့ကလေးက မသေဘူး ... ကျုပ် သူများကိုပေးပစ် ခဲ့တာ"

"ဘာ ... ဘာပြောတယ် ... မင်း မင်းလူယုတ်မာ ... သစ္စာ မရှိဘူး"

"ကျုပ်က ခင်ဗျားလောက်တော့သစ္စာမမဲ့ပါဘူး ... မယုတ် မာဘူး ... သူဌေးကတော်ယောကျ်ားကို သတ်မိတာ လက်လွန် သွားတာပဲ ... ကျုပ်မသတ်ရင်လည်း ခင်ဗျားက သတ်ပစ်မှာပဲ သူများ မယားကို ကြာခိုဖို့လေ ... "

"ဘာ ... ကဲ ပြောဦးကွာ"

"ဒုတ် ... ဒုတ်"





"ခင်ဗျားကြီး အရမ်းလွန်လာပြီ ... ဒီတစ်ခါတော့ ခင်ဗျား ကို ကျုပ်သတ်ရတော့မယ်"

"မင်းလိုကောင်ကများ ငါ့ကို ... "

ဦးမိုးကောင်းကင် ကားထဲကနေ သံဒုတ်ကိုထုတ်ယူလိုက် တဲ့ အချိန်တွင် သမီးကပြေးထွက်လာသည်။

"ဒက်ဒီ ဘာလုပ်တာလဲ ... အဖေ ... ဘာဖြစ်လို့ ဒူးထောက် နေရတာလဲ ... ထလေ ... ဒက်ဒီနော် အရင်က အမှုအကျင့်တွေ မပျောက်သေးဘူးလား ... သမီးကို မချစ်တော့ဘူးလားဟင် ... သမီးတောင်းပန်ပါတယ်နော် ... မောင်တို့သားအဖကို ထိခိုက်နာ ကျင်အောင် မလုပ်ပါနဲ့တော့ ... အဖေက သမီးရဲ့ခင်ပွန်းလောင်း ရဲ့ အဖေဖြစ်လာပါပြီ"

"သိပါတယ်ကွာ ... ဒက်ဒီသိပါတယ်ကွာ ... ဒီကောင် ကြာညိုသာ အရင်စိတ်တွေ မပျောက်သေးဘဲ ဒက်ဒီ့ကိုတွေ့တာ နဲ့ ဒူးထောက်တော့တာပဲ ... အေးပါ ... အေးပါ ... မငိုနဲ့တော့ ကြာညိုထပါကွာ ... တို့တွေက ဆွေမျိုးတော်ကြရတော့မှာပါ"

"အဖေထပါ ... မောင့်ကို ဘာမှမပြောပါနဲ့တော့နော် ... စံ တောင်းပန်ပါတယ် ... အဖေလည်း ခြံစောင့်ဘဝက သိမ်ငယ် တဲ့စိတ်တွေကို ပြင်ပါ ... မောင်သိသွားရင် စိတ်သောကရောက်ရ လိမ့်မယ် ... "

"ရပါတယ်သမီးရယ် ... အဖေကိုယ်တိုင်က သူဌေးကိုလေး



www.burmeseclassic.com

www.burmeseclassic.com



စားကြောက်ရွံ့ခဲ့ရတော့ အကျင့်ဖြစ်ပါတယ် ... အဟဲ”

ဦးကြာညို ရုတ်တရက်မထနိုင် ... ဒါပေမယ့် သူ့ဒွေးသမီးရှေ့မှာ ဟန်မပျက်စေရန် ဦးကြာညို အံကြိတ်၍ထလိုက်သည်။

“အဖေ ရရဲ့လား ဟင် ...”

“ရပါတယ် ... အဖေ ဘာမှမဖြစ်ပါဘူး”

ဦးကြာညို အံတွေကိုတင်းကြပ်စွာကြိတ်ထား၍ မိမိအခန်းလေးဆီ ရောက်လာသည်။

“အဖေ ...”

“ဟင် ... သား”

“ကျွန်တော် အားလုံးမြင်တယ်”

သားကိုရုတ်တရက်တွေ့လိုက်ရ၍ ဦးကြာညို အထိတ်တလန့်ဖြစ်သွားရသည်။ သားက ဘာတွေကိုမြင်လိုက်ရတာလဲ၊ ပန်းခြံထဲက ကိစ္စလည်းမိမိစိတ်တွေ မလုံမလဲဖြစ်ရ၏။ သားမျက်နှာပေါ်မှာ နာကြည်းခတ်ထန်နေရသည်။

“သူ့ဒွေးကို ခုထိအဖေက သူ့ဒွေးကိုကြောက်နေတုန်းပဲလားဗျာ ...”

“အဖေ အာခံခဲ့တယ် ... သူ့ဒွေးက အဖေ့ကိုကြောက်သွားတာပါ ... သား ဒီလိုပဲ ဖြစ်ရမယ်”

နန္ဒမိတ်ကတော့ နှိုင်းစံကို ချစ်၍ မရပေ၊ လက်ထပ်ဖို့လည်း လုံးဝ စိတ်ကူးမရှိခဲ့ ... မခကို ရယူရန် ပြန်ကြိုးစားချင်နေသည်။





“သား ... အဖေပြောမယ် ... မင်း ဘာမှစိတ်မပျက်ပါနဲ့ အဖေတို့ စိတ်ကူးကိုလွဲချော်သွားလို့ မရဘူးနော် ... သူ့ဒွေးသမီးကို ရအောင်လက်ထပ်ပါကွာ ...”

နန္ဒမိတ်ကတော့ အဖေနှင့်သူတို့နှိမ်ချ ဆက်ဆံခြင်းခံလိုက်ရတာကို မမေ့ပစ်နိုင်ပေ။ ချစ်ရသူနှင့်လည်း ခွဲခွာကွေကွင်းခဲ့ရသည်။ သူ့အဖေ့အနားကနေ ထွက်လာပြီး ဝရံတာမှ ရပ်မိတော့ မခခြံဘက်မှ လူတွေရုတ်ရုတ်သဲသဲ ဖြစ်နေတာတွေ့နေရ၏။ ဘာတွေဖြစ်ကြလို့လဲ မခအဖေများ နေမကောင်းလို့လား ... အဖေလည်း ထွက်လာပြီးရပ်ကြည့်သည်။

“အဖေ ဟိုဘက်ခြံမှာ ဘာတွေဖြစ်နေကြတာလဲ မသိဘူး။ ဦးလေးမြတ်သစ်များ တစ်ခုခုဖြစ်လို့လား ... ကျွန်တော် သွားမေးမယ်”

မခရဲ့ကိစ္စတွေကို နှောင့်ယှက်ခတ်အောင် လုပ်နေတာကိုလည်း နန္ဒမိတ် မလိုလားပေ။ သူပဲ ကူညီချင်သည်။

“မင်း ... သွားလို့ မဖြစ်ဘူးသား ... အမိပွါယ်မရှိတာပဲ၊ မေရန်မခတို့နဲ့ မင်း လုံးဝပတ်သက် ဆက်ဆံလို့ မဖြစ်ဘူးနော်သား”

သားကို အတင်းဆွဲပြီး အခန်းထဲပြန်သွင်းလာခဲ့သည်။

“မင်းအိပ်တော့ ... မင်းလက်ထပ်ရမှာက စံပဲလေ”

“အဖေ ...”

“ဘာလဲ ... သား”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ချစ်တာက မေရန်မခပါ ... ကျွန်တော့်ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်နေရတယ် ... အဖေ့ကို ခြံစောင့်သမီးမို့ သဘောမတူတာလား ... ပြောစမ်းပါ ... မခက ကျွန်တော်နဲ့ အဆင့်ချင်းတူပါတယ်"

အဖေက မခနဲ့ သားကို သဘောမတူတာက ခြံစောင့်သမီးမို့ မဟုတ်ပါဘူး ... သားရယ်၊ မေရန်မခ အဖေကို အဖေကသတိ တယ် ... မခသိသွားရင် သားတို့ဘဝတစ်လျှောက်လုံး နာကြည်း မုန်းတီးစရာတွေ ဖြစ်နိုင်တယ်။ အဖေတို့မှာ အရှုပ်အထွေးက အများ ကြီးရှိနေတယ် ... ဒါကြောင့်ပါ သားရယ် ... ။

"အဖေကို ညှာတာပါသားရယ် ... သားဖြစ်ချင်တဲ့ ဘဝ သူတို့ကပဲ လုပ်ပေးနိုင်မှာလေ ... ပြီးတော့ အဖေတို့အသားအ လူမဆန်လောက်အောင် အနှိမ်ခံရတာပဲ ... သား လုပ်သင့်ပါတယ်"

"ကျွန်တော် မခကို လုံးဝ မစွန့်လွှတ်နိုင်ဘူး အဖေ ... အရမ်း ချစ်မိနေတယ် ... စံ့ကို ကျွန်တော်ဘယ်တုန်းကမှ မချစ်ခဲ့ဘူး မုန်းတီးနေတာပါ ... အခု မခ.အဖေဘာဖြစ်တာလဲ ... ကျွန်တော် သွားပြီး ကူညီချင်တယ်"

"မသွားရဘူး ... ထားလိုက်ပါ ... အဖေ တောင်းပန်ပါ တယ်သား ... အဖေမသေခင် စိတ်ချမ်းသာချင်တယ် ... မင်း အနေ ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာထားချင်တယ်ဆိုကွ ... "

သား ငြိမ်သက်သွားသည့် သူ့အိပ်ခန်းထဲ ပြန်သွားသည်။





ကြည်ညို စိတ်တွေခံစားရလွန်း၍ အသက်ရှုလို့ပင်မဝ ... မြတ် သေသွားပြီလား ... မိမိ ရက်စက်စွာ ပစ်ထားခဲ့မိ၏။ ရင်တွေ ဆတ်ဆတ်တုန်လာသည်။

www.burmeseclassic.com

အခန်း ( ၂၀ )

"အဖေ ... အမလေး နောင်ရယ်လုပ်ပါဦး ... အဖေ ဘယ်
ဖြစ်ရတာလဲ အဖေ ... အဖေဘာဖြစ်လို့ တစ်ယောက်ထဲ ပန်းခြံ
သွားရတာလဲ အဖေ ... "

"ဦးလေးမြတ် ... ဦးလေးမြတ် ... "

"ကိုမြတ်သစ် ... ကိုမြတ်သစ် ခေါ်လို့မရတော့ဘူး ... ဆေးရုံ ကို ပို့ကြရအောင်သား ... "

"ဟုတ်ကဲ့ ဒက်ဒီ ... "

"အဖေ ... အဖေ အသက်ရှောရှိသေးရဲ့လား ... ဟင် ... နောင်ဘယ်လိုလုပ်ရမလဲ ... အဖေရယ် သမီး
တစ်ယောက်တည်း ပစ်သွားလို့ အဖြစ်ဘူးနော် ... အဖေ အ
ထူးပါဦး"

အဖေက ဘယ်လိုမှ ခေါ်လို့မရတော့ ... အဖေတစ်ခါတ
ပန်းခြံထဲကို သွားပြီးထိုင်နေတတ်သည်။ ဒါပေမယ့် အခု အ





နေမကောင်းဖြစ်နေတာ မဟုတ်လား ... တစ်ယောက်တည်း ဘာဖြစ်လို့ သွားရတာလဲ ... အဖေ့ကို ဆေးရုံပို့တော့ အသက်မရှိတော့ပေ ... မခ အဖေ့ကိုဖက်ပြီး တသိမ့်သိမ့် ရှိုက်ငိုမိသည်။

"ပြင်ပ ဒဏ်ရာကတော့ မတွေ့ပါဘူး ... ဒီလို ရောဂါဝေဒနာ ရှိနေတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ တစ်ယောက်တည်းလွှတ်ထားရတာလဲ"

"အဖေတစ်ယောက် ထွက်သွားတာ မခတို့မသိပါဘူး ... ညနေစောင်းကတောင် အဖေ့ကို ဆေးတိုက်တယ် ... ခြံထဲတောင် ထွက်မထိုင်ဖို့ ပြောထားတာပါ"

"အသက်ရှူမဝဖြစ်ပြီး ကွယ်လွန်ရတာပါ ... မသေခင် နှလုံးဖောက်ပြန်ပုံပဲ"

အဖေ့အတွက် မခ ယူကြုံးမရနှင့် ဖြေနိုင်စွမ်းပင်မရှိ။ သူဌေးသင်မယားနှင့် နောင်ကတော့ အစွမ်းကုန်ကူညီအားပေးကြသည်။

"အန်ကယ်တို့ရှိပါသေးတယ် ... မခရယ်၊ မင်းကို သမီးတစ်ယောက်လို စောင့်ရှောက်ပေးမှာပါ ... သမီးအဖေ တွေ့မြင်ချင်တဲ့ ဘဝမျိုးရောက်အောင် ကြိုးစားပါ ... "

အခုတလော အဖေကြည့်ရတာ တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့်နေပုံပင်။ မျက်နှာလည်း မသာယာပေ။ သမီးအတွက်ပဲတဲ့ ... သမီးအတွက် အဖေတစ်စုံတစ်ခု လုပ်ပေးချင်တယ်တဲ့။ အဖေ့အသုဘသို့ တစ်ဘက်ခြံမှ လူတွေလည်း လာကြ၏။ နန္ဒမိတ်

burmeseclassic.com

www.burmeseclassic.com



တော့ ရောက်မလာပေ။ ရှင်တော်တော်လေး လူမှုရေးအသိုင်း ခေါင်းပါးတာပဲ မခ မုန်းတီးမိသည်။

"ဒီဂါဝန်လေးက သမီးငယ်ငယ်လေးက ဝတ်တာပါ ... အဖေသိမ်းထားတယ် ... အဖေကတော့လေ သမီးအတွက် အမှတ် တရလေးတွေ သိမ်းထားတယ်လေ ..."

ဖဲသား အဖြူရောင်ဂါဝန်လေးကိုကြည့်ပြီး ဆွဲကြိုးလေး လည်း သတိရမိသည်။ နှစ္စမိတ်ဆီမှာပါ မခကိုပြန်မပေးခဲ့ ... သစ္စာ လွှန်းတဲ့ ယောက်ျားတစ်ယောက်ဆီမှာ အဖေသိမ်းထားခဲ့ အမှတ် တရ ပစ္စည်းလေး မရှိသင့်ဟု ထင်မိ၏။ ပြန်တောင်းရမယ် ... နှစ္စမိတ်ကို မဖြစ်မနေတွေ့ပြီး ဆွဲကြိုးလေးကို ပြန်တောင်းရမည် မခ ဆုံးဖြတ်ထားသည်။

"မခ ..."

"ဟင် ..."

"ဒီဂါဝန်လေးက မခငယ်ငယ်လေးက ဝတ်တာလား"

"ဟုတ်တယ် ... အဖေပြောတာ မခခြောက်လသားအရွယ် ကတဲ့ ..."

"ဒီလို ဂါဝန်မျိုးက သူဌေးသားသမီးတွေမှ ဝတ်တာဟ"

"ဖေဖေက မခကို အမြဲတမ်းအကောင်းဆုံးတွေပဲ ဆင်ပေး ချင်တာပါ"

"မခ ..."



"ဟင် ..."

"ဒီ ... ဒီ စိန်လက်စွပ်ကရော ဘာလဲ ... ဒါ နှင်ငယ်ငယ်က တော့ မဖြစ်နိုင်ဘူး ... ဒါ ဘယ်သူပေးတာလဲ"

မခ အမှတ်တရ ပစ္စည်းတွေကို ထုတ်ကြည့်နေတုန်း နှောင် ရောက်လာခြင်းဖြစ်သည်။

"ပေးပါ ... နှင်နဲ့ ဘာဆိုင်လို့လဲ နှောင် ..."

"ဆိုင်တယ်ဟာ ... မခ ကိစ္စမှန်သမျှ နှောင့်ကိစ္စပဲ ... ဦးလေးမြတ်မှ မရှိတော့တာပဲ ... နှောင်က မခရဲ့ အုပ်ထိန်းသူဖြစ် သွားပြီ"

မခစိတ်ပျက်စွာ နှုတ်ခမ်းလေးကို တွန့်မဲ့ပစ်မိသည်။ နှောင့် ကိုလည်း အပြစ်မမြင်ချင်တော့ ... မခ ဒုက္ခအခက်အခဲတွေနှင့် ရင် ဆိုင်မိတိုင်း နှောင်ပဲအနီးကပ်အားပေး နှစ်သိမ့်ပေးပြီး ကူညီခဲ့တာ ပါ ... နှောင်နှင့်သူမတို့က ငယ်စဉ်ကလေးဘဝထဲက အတူတူနေ ထိုင် ဆော့ကစားလာခဲ့ကြတဲ့ သူတွေ ... အဖေ သူတို့ခြံထဲမှာ အလုပ်သွားလုပ်ရလျှင် မခကိုလည်းခေါ်သွားပြီး နှောင်နှင့်ဆော့ ကစားခွင့်ရခဲ့၏။ နှောင် စေတနာကောင်းစွာ သူ့အရုပ်တွေနှင့် ကစားရပြီး အပြန်လက်ဆောင်ပေးတတ်သည်။

"မခ ... ဒါ နှင့်ကို ဟိုကောင်နှစ္စမိတ် ပေးတာမဟုတ်လား"

"မသိဘူးဟာ ... ထွက်သွားတော့ ငါ့အခန်းထဲ ဝင်မလာနဲ့ မိန်းကလေးတစ်ယောက်တည်းနေတာ ... နှင် ပိုင်နိုးပိုင်းနင်း သိပ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့နော် ... ”

မခဆီကနေ တွေ့လိုက်ရတဲ့ စိန်လက်စွပ်ကြောင့် နောင်မနာလိုဝန်တို စိတ်တွေဖြင့် မခံချိမခံသာ ဖြစ်ရသည်။ နန္ဒမိတ်ဆိုကောင်ကိုမှ မခက ချစ်နေ၏။ လက်စွပ်ပေးတာ လက်ထပ်ခွင့်တောင်းတာပဲ ... မခကို နောင်ချစ်သည်။ ငယ်စဉ်လေးထဲကပါ သူ့ကိုဆို မခက ပစ်ပစ်ခါခါ ... သူ့စိမ်းဆန်ဆန် ဆက်ဆံပြုမူနေခဲ့၏။ ဘာဖြစ်လို့လဲ ... နောင်ဆိုတဲ့ကောင်မှာ ဘာအရည်အချင်းတွေ မပြည့်ဝလို့လဲ ... မခ စိတ်ဆိုးဒေါသဖြစ်သွားမှာ ကြောက်၍ နောင်ရင်ထဲမှာ ချစ်တယ်ဆိုတဲ့ စကားကိုပြောမထွက်ခဲ့။ မခနှလုံးထဲမှာ နန္ဒမိတ်ပဲရှိနေတာ သူသိနေခဲ့တာကြာပါပြီ ... နန္ဒမိတ်ဆိုတဲ့ကောင်က သူဌေးသမီး တုန္နိုင်းစံကို အပိုင်ချိုင်လိုက်သည်။

“ပြောစမ်းပါ မခ ... အဲဒီ လက်စွပ်ကို နန္ဒမိတ်ပေးတာမဟုတ်လား ... ဒီကောင် ဘာကောင်လည်းဆိုတာ နင်သိတာပဲ တုန္နိုင်းစံနဲ့ လူကြီးချင်းတောင် စေ့စပ်တော့မယ်လေ မခ ... ”

နောက်တစ်ပတ်မှာ နန္ဒမိတ်နှင့် တုန္နိုင်းစံတို့ လူကြီးချင်း စေ့စပ်ကြတော့မည်ဖြစ်သည်။ ဖိတ်စာတွေတောင် ဖိတ်ထားကြပြီ။ မခက ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်နေ၏။ နောင့်ဒေါသတွေ ပေါက်ကွဲနေသည်။

“မခ ... မခရယ် ဒီလက်စွပ်ကို သိမ်းထားမနေနဲ့တော့ ... ငါယူပြီး လွှင့်ပစ်မယ်လေ ... ”



“နောင် ... ထားလိုက်ပါဟာ၊ ဒါက မခရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေပါ ... ငါသိပါတယ် နင်အပြစ်တင်လည်း ငါခံမယ် ... ဒီလက်စွပ်ကိစ္စက ငါ့ကိစ္စ ငါရှင်းပါ့မယ်”

မခ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစီးကျလာ၍ နောင်ဒေါသတွေကို အနေးနှင့်အမြန်လျှော့ပစ်လိုက်သည်။ မခ စိတ်သောကတွေ ရောက်နေရတဲ့အချိန်ပဲ ... သူ့ကြောင့် ပိုပြီး စိတ်ဒုက္ခမရောက်စေလို၍ဖြစ်၏။ မခကိုချော့ပြီး နောင်ပြန်ထွက်လာခဲ့သည်။

“မခရယ် ... နောင်လေ မခအတွက် နာကျင်ခံစားနေရတာပါ၊ နောင် ဘယ်လောက်အထိ မခအပေး သံယောဇဉ်ကြီးမားရလဲဆိုတာ မခသိစေချင်တယ် ... ”

“အင်း ... သိပါတယ်၊ လောလောဆယ်တော့ မခ တစ်ယောက်တည်း နေပါရစေ ... နောင် လက်ခံပေးပါ”

“မခ ဆန္ဒတွေက ကိုယ့်ဆန္ဒတွေပါကွာ ... မင်းသဘောပါပဲ”

နောင်ပြန်ထွက်သွားသည်။ မခတစ်ယောက်တည်း ကြမ်းပြင်လေးပေါ်မှာ ထိုင်ချပစ်ပြီး ကြိတ်၍ငိုပစ်မိသည်။ မခအထီးကျန်လိုက်တာ ... မခကို အလွန်အမင်းချစ်တဲ့ အဖေ့ကိုလည်း တမ်းတသတိရတယ် ... ပြီးတော့ မခနှလုံးသားထဲမှာ ချစ်ရတဲ့ နန္ဒမိတ် တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့မယ့်သူ ... မခ

www.burmeseclassic.com



အပေါ် စိမ်းကားရက်စက်နိုင်လွန်းသည်။ လက်စွပ်ကို ပြန်ပေးရမယ် ... မခ ဆွဲကြိုးလေးကိုလည်း ပြန်တောင်းရမယ် ... ပြီးရင် နန္ဒမိတ်နဲ့ အပြီးအပိုင်လမ်းခွဲပစ်တော့မည်ဖြစ်၏။ သူမ ဆုံးဖြတ်ချက်တွေဖြင့် နန္ဒမိတ်ထံ မက်ဆေ့ချ်ပို့လိုက်သည်။

"နန္ဒမိတ် ညရှစ်နာရီ ပန်းခြံမှာစောင့်နေမယ် ... ဆွဲကြိုးလာပြန်ပေးပါ ... တောင်းပန်ပါတယ်"

မေရန်မခ ...

နန္ဒမိတ်က ရောက်လာပါ့မလား ... ခဏနေတော့ နန္ဒမိတ်ထံမှ မက်ဆေ့ချ်ပြန်လာသည်။

"စောင့်နေပါ. လာခဲ့မယ် ..."

နန္ဒမိတ် ...

နန္ဒမိတ်က လာမယ်ဆို၍ မခရင်ထဲမှာ တဒင်္ဂတော့ ပျော်သွားမိသည်။ တခဏတာအတွင်းမှာပင် ဝမ်းနည်းကြေကွဲမှုတွေက အပျော်တွေကို ဖျက်ဆီးပစ်လိုက်၏။ နန္ဒမိတ်က တုန္ဒိုင်းစံနှင့် လက်ထပ်တော့မှာပါ ... သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ကို မခ စွဲလန်းနှစ်သက်နေစရာ မလိုပေ။ သူမ ဘာတွေဝေနေရတာလဲ ... မခ ဘယ်တုန်းကများ မိန်းကလေးပီပီသသ နေထိုင်ဘူးလို့လဲ ... ကိုယ်ခံပညာတွေ သင်ကာ ဇတ်ဇတ်ကြဲမလေးပါ ... နောင်လိုလူမျိုးကိုတောင် မကြာခဏ ကိုင်ပေါက်ပစ်ခဲ့သည်။

"နန္ဒမိတ်ကို တွေ့ဆုံတာ ဒါနောက်ဆုံးအကြိမ်ပါ နောင်ရယ်



မခလေ နောင့်အပေါ် အမြဲတမ်းပဲ သစ္စာရှိရှိ ကြင်ကြင်နာနာနဲ့ သံယောဇဉ်တွယ်ငြိနိုင်ဖို့ ကြိုးစားပါ့မယ်နော်"

ည(၈)နာရီတွင် လက်စွပ်ဗူးလေးကိုယူပြီး ပန်းခြံထဲရောက်လာခဲ့သည်။ အဖေ သေဆုံးခဲ့တဲ့ ထိုင်ခုံလေးမှာ နန္ဒမိတ်က ထိုင်နေ၏။ မခကိုတွေ့တော့ နန္ဒမိတ် လက်တွေက မခ ခန္ဓာကိုယ်လေးအား ပွေ့ဖက်၍ သူ့ရင်ခွင်ထဲဆွဲယူပွေ့ဖက်လိုက်သည်။

"ဟင် ... ဒါဘာလုပ်တာလဲ ... လွှတ်ပါ နန္ဒမိတ်၊ နင် အချောင်သမားပဲ ... လူယုတ်မာ ..."

"မခရယ် ... ခဏလေးကိုယ့်ရင်ခွင်ထဲမှာ ငြိမ်နေပေးပါ"

"ဘာလုပ်တာလဲ နန္ဒမိတ် ... မခနဲ့ ဘာမှမဆိုင်တော့ဘူးနော် ... လွှတ်စမ်းပါ။ နင် ဆက်ဖက်ထားရင် ငါကိုင်ပေါက်ပစ်မှာနော် ..."

"မခကိုချစ်တယ် ... အရမ်းချစ်တယ် ... ကိုယ့်အဖေရဲ့ အတွေးတွေ လက်တုန့်ပြန်မှုတွေကြောင့် ကိုယ့်မာနတွေကို ထိပါးလို့ ... မခကိုချစ်လျက်နဲ့ ကိုယ်တခြားလမ်းကို နာကျင်မှုတွေနဲ့ ရွေးချယ်မိတာပါ"

နန္ဒမိတ် နှလုံးသားကိုထိန်းချုပ် မထားနိုင်တော့ပေ။ သူ လက်ထပ်မှာက စံပါ ... သေချာသည်။ မခကို သူ့ရင်ခွင်ထဲမှာ တစ်ကြိမ်လေးပဲ နောက်ဆုံးပါ ပွေ့ဖက်ထားချင်ခဲ့သည်။

"ကိုယ်ချစ်တာ မခပါ ... ဘယ်လိုမှ ပြောင်းလဲလို့ မရဘူး

www.burmeseclassic.com



ကိုယ့်ရဲ့ နောက်ဆုံးတောင်းဆိုမှုပါ မခရယ် ... ကျေးဇူးပြုပြီး ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်နေပေးပါ"

"ဘာတွေ အရူးထပြီး လာပြောနေရတာလဲ ... နန္ဒမိတ်၊ မဖြစ်နိုင်တာတွေ ... ငါ့ဆွဲကြိုးပြန်ပေးပါ ... နင့် လက်စွပ်လည်း ပြန်ပေးမယ် ... မခလည်း တစ်ခြားယောကျ်ားတစ်ယောက်ကို ရွေးချယ်တော့မယ် ... အဲဒါက နောင်ပဲ"

"မခရယ် ... ကိုယ် ဆွဲကြိုးကိုပြန်ပေးမှာပါ၊ နောင့်ကိုရွေးချယ်ပါ ... ကိုယ်ကျေနပ်တယ် ... နောင်ကပဲ မင်းအတွက် အကောင်းဆုံး ယောကျ်ား ... ခဏလေးပါ ကိုယ်ဖက်ထားပါရစေ"

နှစ်ယောက်လုံး တင်ကြပ်စွာပွေ့ဖက်ထားရင်း မရုန်းဖယ်မိကြ။ ရင်ခုန်သံတွေက အလျင်စလိုနှင့် တဒိန်းဒိန်း လှုပ်ခတ်နေသည်။ နောက်ဆုံးလေးပါပဲ ... မကြာခင် ကိုယ့်လမ်းကိုယ်လျှောက်ကြဖို့အတွက် ကျောခိုင်းထွက်သွားကြရမည့် ချစ်သူနှစ်ယောက်ဖြစ်နေသည်။

"ဟောကောင် ... နန္ဒမိတ် မင်းဒါက ဘာလုပ်တာလဲ ... လွတ်စမ်း ... လူယုတ်မာကောင် ... "

"ခွပ် ... "

"ခွပ် ... "

နောင်ရောက်လာပြီး ဒေါသတကြီးနှင့်နန္ဒမိတ်ကို ဆွဲ၍ လက်သီးနှင့် ဆင့်ကာဆင့်ကာ ထိုးပစ်လိုက်သည်။



"ခွပ် ... "

"ခွပ် ... "

"နောင် ဘာလုပ်တာလဲ ... ရပ်ပါတော့ ဟိုမှာလူတွေလာကြပြီ ... တော်ပါတော့ ... "

"မခ နင်ဝင်မပါနဲ့ ... ဒါက ယောကျ်ားချင်း ရှင်းရမယ့် ကိစ္စ ဒီလူ့ကို အသေသတ်ပစ်ရမယ် ... "

"ခွပ် ... "

"ခွပ် ... "

"နောင် ... တော်တော့လို့ ပြောနေတယ်နော်"

နန္ဒမိတ်ကတော့ နောင့်စိတ်ခံစားချက်တွေကို နားလည်၍ ထိုးချင်သလောက်ထိုးပါစေဟု ငြိမ်ခံနေမိသည်။ မင်းထိုးပါနောင် မင်းပြောသလိုပဲ ငါက လူယုတ်မာတစ်ယောက်ပါကွာ ... မင်း အသေတောင် သတ်ပစ်သင့်ပါတယ် ... ထိုးပါ ... ။

"နန္ဒမိတ်ပြန်ပါတော့ ... မခ တောင်းပန်ပါတယ်နော်"

နန္ဒမိတ် ပြန်တာအကောင်းဆုံးဟုထင်သည်။ ပတ်ဝန်းကျင်မှာ လူတွေလည်း ဝိုင်းအုံလာကြ၏။ သူ ထွက်လာခဲ့သည်။

"နောင် ... နင်ဘာလာလုပ်တာလဲ ... ငါ့ကိစ္စတွေမှာ ဝင်မပါပါနဲ့လို့ ပြောထားတယ်လေ ... "

"ကားပေါ်တက် ... ပြန်မယ်"

"နောင် ... "



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ..."

နောင့် ဒေါသတွေက လှိုင်းထန်းပိုးကြီးတွေလို သူ့နှလုံးသားကို တဝုန်းဝုန်းရိုက်ခတ်နေသည်။ မခက နန္ဒမိတ်ကို ချစ်နေတာ သူ လုံးဝလက်မခံနိုင်ပါဘူး ... နောင့်ကိုပဲ ချစ်ရမယ် မခချစ်သင့်တာက နောင်ပါ ... မခလက်ကို ဆွဲလာပြီး ကားပေါ်တက်စေသည်။

"ဘာစကားမှ ထပ်မပြောနဲ့နော် ... ပြန်ကြမယ် ... နောက်ဆို မင်းတစ်ယောက်တည်း ဘယ်ကိုမှသွားခွင့်မရှိဘူး ... ကြားလား"

နောင် ကားကို တရှကြမ်းမောင်း၍ ခြံကြီးထဲဝင်လာခဲ့သည်။

"ဆင်း ..."

"နောင် ... နင် နင် ... ဘာဖြစ်လို့ ဒီလိုပိုင်စိုး ပိုင်နင်းလုပ်ရတာလဲ ... ဒါက မခလုပ်ခွင့်ရှိတယ် ... မခရဲ့ ကိုယ်ရေးကိုယ်တာတွေပါ ..."

"ဘာ ... ဘာကိုယ်ရေးကိုယ်တာတွေလဲ ... နန္ဒမိတ်လိုကောင်ကိုများ ... ဟိုမှာ စေ့စပ်တော့မယ် လက်ထပ်တော့မယ်၊ မင်းအဖေ မရှိတော့တာနဲ့ မင်းလုပ်ချင်တာတွေ လုပ်တော့မလို့လား"

နင်နဲ့မဆိုင်ဘူးဟု အော်ပစ်ချင်သည်။ မအော်ရက်တော့ ...





နောင့်ရင်တွေ ဘယ်လောက် ပြောင်းဆန့်အောင် နာကျင်ခံစားနေရလဲဆိုတာ ... မခ အသိအဆုံး ဖြစ်နေ၍ ဖြစ်၏။ နောင့်ကိုလည်း နှစ်သိမ့်ပေးရန် လိုအပ်သည်ဟုထင်သည်။

"ပန်းခြံထဲမှာ နင်အရှက်မရှိဘူးလား ... မေရန်မခ၊ နင့်ကိုငါ အထင်ကြီးထားခဲ့တာတွေ အလကားပဲ ... နင် ဘာတွေဆက်ဖြစ်လာမလဲ ... စဉ်းစားမိရဲ့လား ... နင့်မှာ ရွေးချယ်နိုင်တဲ့အသိဉာဏ်တွေ ကင်းမဲ့နေတာပဲ ... လုံးဝ အသုံးမကျဘူး"

ဒက်ဒီနဲ့ မာမီကို နောင်တောင်းဆိုထားခဲ့ပြီးဖြစ်သည်။ မေရန်မခကို နောင်ချစ်နေတဲ့အကြောင်းနှင့် ပညာတွေစုံတဲ့အခါ လက်ထပ်ခွင့်ပြုပေးရန်ဖြစ်၏။ မိဘတွေကလည်း သဘောတူကြသည်။

"မေရန်မခက ... အခုဆိုရင် မာမီတို့သမီးလေးဖြစ်နေပါပြီ၊ ခြံစောင့်သမီးပဲဖြစ်ဖြစ် ... ဘာပဲဖြစ်ဖြစ် မာမီတို့ ချွေးမလေးအဖြစ် ကျေကျေနပ်နပ် လက်ခံပါတယ် ... သားပဲကြိုးစားပါ"

မင်းအပေါ် ငါဘယ်လောက်အထိ ချစ်မြတ်နိုးတန်ဘိုးထားခဲ့လဲ ... မင်းမှ မင်းဖြစ်ခဲ့ရတယ် မေရန်မခ ... အခုတော့ မင်းချစ်နေတာက နန္ဒမိတ်ဆိုတဲ့ကောင်ပဲ ... သစ္စာမရှိတဲ့ကောင် ... တကိုယ်ကောင်းဆန်တယ် ... အတ္တကြီးတယ် ... သူဌေးသမီးလို အပိုင်ချိုင်တယ် ... ဘာကောင်းတာ ရှိလို့လဲ ... ဒီကောင့်မှာ ဘာအထင်ကြီးစရာ ရှိနေလို့လဲ ... မေရန်မခ ... ပြောစမ်းပါ။ သူ့ရှေ့မှာ ငုတ်တုတ်လေးထိုင်ပြီး မျက်ရည်တွေကျနေတဲ့ မေရန်မခအား မရက်စက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



နောင့်အားနည်းချက်ပဲ ဖြစ်နေသည်။ မခကို အရမ်းချစ်တယ် ... နောင့်ရင်ခွင်ထဲကို ဝင်ပေးပါ ... နောင့်ရဲ့ အကြင်နာတွေနဲ့ စောင့်ရှောက်ပေးမှုကို ခံယူပါ။ နောင့်ကို ချစ်ပါ ... ရင်တွေ ပေါက်ကွဲလွှင့်စင်မတတ်ပင် ... လူကြီးတွေ သိသွားမှာလည်း စိုးရိမ်၍ မခကို ဘာမှ ပေါက်ကွဲပြမနေတော့ဘဲ ကိုယ်တောင်းပန်ပါတယ် ... မင်း အနားယူပါတော့ဟုပြော၍ လှည့်ထွက်လာခဲ့သည်။

အခန်း ( ၂၁ )

"နန္ဒမိတ် ... သား ဘာဖြစ်လာတာလဲ ... ဒဏ်ရာတွေနဲ့ပါလား ... မင်း မေရန်မခနဲ့ သွားတွေ့တာလား"

"မာမီ ဘာမှ မဖြစ်ပါဘူး ... နောက်ဆုံးပဲ ... တကယ်ပဲ နောက်ဆုံးပါ"

"ဘယ်သူတွေနဲ့ ဘာတွေဖြစ်လာခဲ့လဲ ... နန္ဒမိတ်ရယ်"

နန္ဒမိတ် နှုတ်ခမ်းဆီမှသွေးစလေးတွေ တွေ့လိုက်ရ၍ မှီ အထိတ်တလန့်ဖြစ်သွားရသည်။ သမီး စံအတွက် မဟုတ်ပါဘူး။ အနှိမ်ခံ ဘဝကနေ ထူးချွန်အောင် ကြိုးစားတဲ့ မောင်နန္ဒမိတ်ကို ချစ်ခင်နှစ်သက်မိ၍ဖြစ်၏။ တကယ်တော့ သမီးစံက မှီ့သမီးအရင်း မဟုတ်။ ကိုမိုးကောင်းကင်နဲ့ မယားကြီးက မွေးတဲ့သမီးဖြစ်သည်။ မှီမှာလည်း သမီးငယ်လေး ပျောက်ဆုံးသွား၍ တုန္ဒိုင်းစံကို ပြုစု ကျွေးမွေးစောင့်ရှောက်နေခဲ့ခြင်း ဖြစ်သည်။

"မာမီ့ကို ပြောစမ်းပါ ... မင်းမှာ ဘာအခက်အခဲတွေရှိနေလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... သား လက်ထဲက ဘာလဲ ... ဒါ ... ဒါက မေရန်မခကိုပေးဖို့လား"

"ဒါက မေရန်မခက ကျွန်တော့်ကို အမှတ်တရပေးခဲ့တာပါ သူငယ်ငယ်က ပစ္စည်းတဲ့ ... သူ့အမေပေးခဲ့လို့ အရမ်းတန်ဖိုးရှိတာတဲ့လေ ... အခု ကျွန်တော် ပြန်ပေးမလို့ပါ ... "

"ပြစမ်းပါဦး ... မာမီ့ကို"

"ဒါ ... ဒါလေးက မေရန်မခ ဆွဲကြိုးလေးတဲ့လား ... နန္ဒမိတ်"

"ဟုတ်ပါတယ် ... မာမီ၊ ကျွန်တော်နဲ့ မခက ချစ်သူတွေအဖြစ် လမ်းခွဲကြပြီဆိုတော့လေ ... ပြန်ပေးဖို့ပါ မခကလည်း ပြန်တောင်းတယ် ... သူ တန်ဖိုးထားရတဲ့ ပစ္စည်းဖြစ်နေလို့ပါတဲ့"

"ဘာပစ္စည်းများလဲ ... သားရယ်၊ မာမီ့ကို ပြစမ်းပါဦး"

နန္ဒမိတ်က သူ့လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုတ်ထားတဲ့ ဆွဲကြိုးလေးကို မို့လက်ထဲထည့်ပေးသဖြင့် ကြည့်လိုက်ရာ မို့မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး အံ့ဩထိတ်လန့်သွားရသည်။

"နန္ဒမိတ် ... သား ဒီပစ္စည်းလေးက မေရန်မခဆီက ရလာတာလားကွယ် ... "

"ဟုတ်ပါတယ် မာမီ ... "

"မေရန်မခ ... ဒီပစ္စည်းလေးကို ဘယ်ကနေရလာတာလဲ





... ဒါလေ မာမိပျောက်ဆုံးသွားရတဲ့ မာမီ့သမီးလေး တီတာတာရဲ့ ဆွဲကြိုးလေးပဲ ... "

"ဗျာ ... "

"မာမီ ဟိုဘက်ခြံကိုသွားမေးရမယ် ... မဖြစ်ဘူးသား ... လေး ... မာမီ ရင်တွေခုန်လိုက်တာ ... ဟိုဘက်ခြံကို မာမီသွားချင်တယ် ... လိုက်ပို့ပေးပါ ... "

ဒေါ်စံမို့ မတ်တတ်ရပ်နိုင်စွမ်းပင် မရှိအောင် တုန်လှုပ်ချောက်ခြားသွားရသည်။

"သူဌေးကတော် ဘာဖြစ်လို့လဲ ... ပြောစမ်းပါ"

"ကိုကြာညို ... ဒီ ... ဒီမှာ ကြည့်ပါဦး ... ဒါလေ ကျွန်မသမီးလေး တီတာတာရဲ့ ဆွဲကြိုးလေး ကျွန်မကိုယ်တိုင် ဆွဲပေးထားတာပါ ... "

"ဗျာ ... ဘာ ... ဘာပြောတယ်"

"ပျောက်သွားတဲ့ ကျွန်မသမီးလေးကို ပြန်တွေ့ပြီ ... ဟိုဘက်ခြံက မေရန်မခပဲ ... ကျွန်မ သွားမေးမယ်"

"သူဌေးကတော် မသွားပါနဲ့ ... မဖြစ်နိုင်ပါဘူး ... အမိပွါယ်ရှိတာပဲ ... လုံးဝ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ ... ဒီဆွဲကြိုး ဘယ်ကရလဲ မေးမယ်လေ ... မေရန်မခ အမေကပေးထားတာတဲ့ ... ကျွန်မစိတ်ကပြောနေတယ် ... ဒါ ... ဒါ ကျွန်မသမီးလေးပါ"

www.burmeseclassic.com



ဦးကြာညို ယိုင်နဲ့သွားမတတ် တုန်လှုပ်ချောက်ခြားသွားရသည်။ ဟုတ်တယ် ... ဒေါ်စံမှီ သမီးက မေရန်မခပဲ ... မိမိအသက်ကြီးပါပြီ။ မိမိတို့သားအဖအပေါ် သူဌေးကတော်က ကောင်းလွန်း၏။ သားကိုလည်း ငယ်စဉ်လေးထဲက သူဌေးကတော်ရဲ့ စောင့်ရှောက်မှုဖြင့် သားနန္ဒမိတ် ဒီလိုဘဝမျိုးကို ရောက်လာခဲ့ရသည်။ ဆက်ပြီး မယုတ်မာချင်တော့ဘဲ အဖြစ်မှန်တွေကို ပြောပြဖို့ ဆုံးဖြတ်လိုက်၏။ သူဌေးဦးမိုးကောင်းကင် သတ်ချင်လည်း သတ်ပါစေတော့ ... သူဌေးကတော်ရှေ့မှ ဒူးထောက်ချပစ်လိုက်သည်။

"ကိုကြာညို ဘာလုပ်တာလဲ ... ရှင့် ... ရှင်က"

"အဖေ ... ဘာလုပ်တာလဲ ... "

"ကျွန်တော့်ရဲ့ ယုတ်မာကောက်ကျစ်တဲ့ ပြစ်မှုကြီးအတွက် တောင်းပန်ပါတယ် ... သူဌေးကတော်"

"ရှင် ... ဘာပြစ်မှုကြီးလဲ ... မို နားလည်အောင် ရှင်းပြစမ်းပါ"

"ဒီ ... ဒီလိုပါ သူဌေးကတော်ရဲ့ပျောက်ဆုံးသွားတဲ့ သမီးလေးက မေရန်မခပါပဲ ... သူဌေးကြီးက အပြတ်ရှင်းခိုင်းတာ ... ကျွန်တော်က မရက်စက်နိုင်လို့ သူငယ်ချင်း မြတ်သစ်ဆီကိုသွားပြီး ကလေးစရိတ်ပါပေးပြီး အပ်ခဲ့တာပါ ... "

အတိတ်က ဖြစ်ရပ်တွေကို အမှန်အတိုင်းပဲပြောပြမိနေသည် မထူးတော့ပါဘူး တအုံ့နွေးနွေးနှင့် မနေချင်တော့ပေ။ သူဌေး





တော် မြေပြင်မှာ ယိုင်ခွေလဲကျသွားသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ သူဌေးကတော်ရယ် ... အဖေ့ တော့ ကျွန်တော် မလိမ်ညာချင်ပါဘူး ... သူဌေးကတော်က သားကို အကာအကွယ်ပေးခဲ့တာပါ ... ခွင့်လွှတ်ပေးဖို့လည်း မတောင်းပန်ချင်ပါဘူး ... ကျွန်တော့် ဘဝလည်း မလွယ်တာသေချာပါတယ် သားရယ် အဖေက မင်းကို မေရန်မခနဲ့ မဖြစ်ဘူးပြောတာ အတိတ်က နာကြည်းစရာတွေ ရှိနေလို့ပဲ သားရယ် ... "

"အဖေရယ် ... ထပါတော့ သားအတွက် အဖေလုပ်ခဲ့တာတွေပါ ... သား အဖေ့ကို နားလည်ပါပြီ ... ကျွန်တော် မေရန်မခကိုလည်း ဘယ်တော့မှ လက်ထပ်ဖို့ မကြိုးစားတော့ပါဘူး ... "

အဖေ့ကို နန္ဒမိတ်က ထူပေးပြီး ဖေးမထားသည်။ မခရယ် ကိုယ်တို့နှစ်ယောက်က ဘယ်တော့မှ ဖူးစာမဆုံနိုင်တော့ပါဘူး။ ကိုယ့်ရင်ထဲမှာ ရှိနေသေးတဲ့ မျှော်လင့်ချက်တွေက အဖေ့စကားတွေနဲ့ အတူ လွင့်မျောပျောက်ဆုံးသွားခဲ့ပါပြီ။ အဖေက သူတို့သား ရပ်နေထိုင်တဲ့ ကားကိုထောင်ဘက် တလှမ်းချင်းလျှောက်သွားသည်။

"နန္ဒမိတ် သား ... မာမီ့ကို ဟိုဘက်ခြံလိုက်ပို့ပေးစမ်းပါ၊ မာမီ့သမီးလေးကို မာမီတွေ့မြင်ချင်နေပြီ ... "

"ဟုတ်ကဲ့ပါ မာမီ ... "

"မေရန်မခလေ ... မာမီ့ရင်သွေး သမီးလေးအစစ်ပါ၊ တုန့်နှင်း

www.burmeseclassic.com



စံက ကိုမိုးကောင်းကင်ကပါတဲ့ သမီးပါ။ မာမီကလေ သမီး ပျောက်သွားလို့ အစားထိုးပြီး ချစ်ရတာပါ ... တုန္နှင်းစံကြောင့် ကိုမိုးကောင်းကင်ရဲ့ လက်ထပ်ခွင့်ကို တောင်းဆိုခဲ့တာပါ ...”

နန္ဒမိတ်ကိုတွဲပြီး ဒေါ်စံမမို တစ်ဘက်ခြံကြီးထဲကို ဝင်လာခဲ့ရသည်။ ခြံစောင့်ကြီး ဦးမြတ်သစ်က ဆုံသွား၏။ မိမိတို့အား တံခါးလာဖွင့်ပေးသူက ခြံစောင့်သမီးလေး မေရန်မခပင်ဖြစ်သည်။

“သမီးလေး ... မေရန်မခ ... ဒါ ဒါလေးက သမီးလေးပစ္စည်းလား”

“ရှင် ... ဟုတ်ပါတယ် ... မာမီကြီး၊ ဒါကို သူ့ဆီကရတာလား ... သမီး ပြန်ယူဖို့ မေ့သွားတယ် ... ကျေးဇူးတင်ပါတယ် အခုလို လာပြန်ပေးတာလေ ...”

“ဒီဆွဲကြိုးလေးက မာမီ့သမီးလေးကို ဆွဲပေးခဲ့တာပါ ... မာမီ သမီးလေး နာမည်က တီတာတာလေ ... နာမည်တော မပေးရသေးပါဘူးကွယ်”

“ရှင် ... ဟိုလေ မခလုံးဝနားမလည်ပါဘူး ... ဘာပြော လဲ ...”

မခက ဘာမှနားမလည် နန္ဒမိတ်ရဲ့ မျက်နှာမှာလည်း အံ့ရာတွေနှင့် သွေးစတွေရှိနေဆဲပင်။ နန္ဒမိတ်က ပြန်သွားပြီး ဒေါ်မမိုကိုပဲ မခနေထိုင်တဲ့ အခန်းလေးထဲ ခေါ်ဆောင်လာခဲ့ရသည်

“မာမီကြီး မေးချင်တာက ဒီပစ္စည်းလေးနဲ့အတူတူ ဘာ



များ အမှတ်တရ ပစ္စည်းတွေ သမီးမေမေ ချန်ထားခဲ့သေးလဲကွယ်”

“အကျီလေးပါပဲ ... ဖဲသားအကျီလေး”

“ပြစမ်းပါ ...”

မခလည်း အဖေပေးထားတဲ့ ဖဲသားအကျီလေးအား ထုတ်ပြလိုက်သည်။

“အမလေး သမီးလေးရယ် ... မာမီ့သမီးလေး တီတာတာ အစစ်ပါ ... သမီးလေး ခြောက်လသားအရွယ်က ပျောက်သွားတာ၊ ဒီအကျီလေးဝတ်လျက်သားပါကွယ် ...”

ဒေါ်စံမမို အဖြစ်အပျက်တွေအားလုံးကို မျက်ရည်စက်လျက်နှင့်ပြောပြလိုက်သည်။

“တကယ်တော့ မောင်နန္ဒမိတ်ရဲ့ အဖေနဲ့ကိုကြာညိုတို့က တနယ်တည်းချင်း သူငယ်ချင်းတွေပဲ သမီးလေးရယ် ... သူ့အပြစ်တွေကိုလည်း ဝန်ခံပြီး အမှန်အတိုင်း ပြောပြတာပါ ... မာမီ သမီးစိတ်နဲ့ အရမ်းရူးသွပ်မတတ်ပါပဲ ... သမီးလေးရယ် ... မာမီ့ရင်ခွင်ထဲလာပါဦး ... မာမီဖက်ထားပါရစေ ...”

မခကတော့ လုံးဝမယုံကြည်နိုင်အောင်ပင် ကြောင်ငေးနေမိသည်။ မခအိမ်မက်ထဲက အမေနဲ့ တစ်ပုံစံတည်းဖြစ်နေ၍လည်း အံ့သြတုန်လှုပ်ခဲ့ရ၏။ အဖေက အမှန်တရားကို သိသွား၍ သမီးအနာဂတ်အတွက် အဖေမှာလုပ်ဆောင်ပေးစရာ တစ်ခုသာသေးသည်

www.burmeseclassic.com



ဟု ပြောခဲ့သည်။

"တုန္ဒိုင်းစံက မာမီခင်ပွန်းကနေပါတဲ့ သမီးလေးပါ။ သမီးလေး တီတာတာလေး ပျောက်ဆုံးသွားလို့ မာမီ တုန္ဒိုင်းစံတို့ အစားထိုး ချစ်မြတ်နိုး သံယောဇဉ်တွယ်တာခဲ့ရတာပါကွယ်"

အဖေက မခကို မိခင်အရင်းလက်အပ်ဖို့ ကြံစည်ခဲ့တာလား မခ ... တစွန်းတစ သိထားရတာက မခရဲ့အစ်ကို ... မခကြောင့် ကားတိုက်ပြီး သေဆုံးခဲ့ရတာပင် ... အတိတ်အကြောင်းတွေကို အဖေက အမေးမခံခဲ့။ အခုလို သူဌေးကတော် ဒေါ်စံမမို့ရဲ့ ရင်ခွင်ထဲ မခ ရောက်နေပြီဆိုတာသာ အဖေသိခဲ့ရင် ... ဘယ်လောက်များ ဝမ်းမြောက်ပီတိ ဖြစ်ရမလဲ ... နောင်တို့မိသားစုလည်း ရောက်လာသည်။

"ကိုမြတ်သစ်ကတော့ ကျွန်တော့်ကို သေဆုံးခါနီးတစ်ရက် အလိုမှာ မေရန်မခက သူ့ရဲ့မွေးစားသမီးဖြစ်ပြီး ခြံစောင့်သမီးဘဝ နဲ့ တစ်သက်လုံး ရပ်တည်မသွားစေချင်ပါဘူးတဲ့ ... မကြာခင် သူ့ မိခင်အရင်းလက်ထဲ ပြန်အပ်နိုင်တော့မယ်လို့ ပြောခဲ့ပါတယ်"

နောင့်ဖခင်ကလည်း ပြောပြခဲ့သည်။ နောင်ကတော့ မျက်နှာအပျက်ပျက်နှင့် မခကို လက်လွှတ်ဆုံးရှုံးရတော့မှာလားဟု လှည့်ထွက်သွားရ၏။ မာမီက မခကို သူနှင့်လိုက်ပါဖို့အတွက် ခြံနှင့်တိုက် စီစဉ်ပေးမည်ဟုပြောသည်။

"ကိုမိုးကောင်းကင်နဲ့ မာမီကွာရှင်းမယ် ... လူယုတ်မာပဲ"



ကိုမိုးကောင်းကင် ရှင့်ကိုလုံးဝခွင့်မလွှတ်ဘူး ... မို့အပေါ် ယုတ်မာလွန်းတယ် ... သမီးကို မို့ချမ်းချမ်းသာသာနှင့် နေထိုင်နိုင်စေရန် လုပ်ဆောင်ပေးရမည်ဖြစ်သည်။

"သမီး ဒက်ဒီချန်ရစ်ခဲ့တဲ့ ခြံတွေတိုက်တွေရော အားလုံး မာမီ ထိန်းသိမ်းထားခဲ့တယ် ... သမီးလေးကို တစ်နေ့နေ့ ပြန်တွေ့လိမ့်မယ်လို့ မာမီ ထင်နေခဲ့တုန်းပဲလေ ..."

"မာမီရယ် ..."

မခအတွက် မိုခိုအားထားရာ မိခင်ရှိခဲ့ပြီဆိုတော့လည်း အားအင်တွေ ပြည့်ဝနေခဲ့သည်။ ဖေဖေ့ကိုလည်း သတိရလွန်း၍ မခ မျက်ရည်ကျလာရ၏။ သမီးကို ချမ်းချမ်းသာသာနဲ့ ပြည့်စုံစွာ နေစေချင်ခဲ့သည်။

"လောလောဆယ်တော့ မာမီ ရှင်းလင်းစရာတွေရှိသေးတယ် ... သမီး ဒီမှာပဲ နေခဲ့ပါ ... အခုလို ကျွန်မသမီးလေးကို စောင့်ရှောက်ပေးထားခဲ့တာ ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

မာမီပြန်သွားသည်။ မသွားခင် တိုးတိုးလေးကပ်ပြောသွားတာက သမီးဘဝတစ်သက်တာလုံး လက်တွဲဖော်အဖြစ် ရွေးချယ်ရမှာက နောင်ပဲတဲ့ ... နန္ဒမိတ်ကရော ... နောင်က သူမအနား လျှောက်လာသည်။

"နောင့်ကို အားမနာပါနဲ့ မခ ... အရာအားလုံး မင်းဆန္ဒတွေ အတိုင်းပဲဖြစ်ပါစေ ... ကိုယ့်အတွက်က အခွင့်အရေး မရှိနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ...”

နန္ဒမိတ်က မခချစ်ရတဲ့ယောက်ျားတစ်ယောက် ဖြစ်နေခဲ့တာမှန်ပေမယ့် မခရွေးချယ်ချင်တဲ့ ဆန္ဒတွေ အမှန်တကယ်ရှိနေသူက နောင်ပဲဖြစ်နေသည်။ နောင်ကို အသိပေးချင်ပေမယ့်လည်း နောင်က အခွင့်အရေးယူမှာ လန့်နေရသေး၏။ မခ မျက်နှာကျောကို တမင် တင်းထားသည်။

“ကိုယ်သိပါတယ် မခ ... ငယ်သံယောဇဉ်ဆိုတာကို ဘယ်တုန်းကမှ မင်းအလေးအနက် မထားခဲ့ပါဘူး ... ခြံစောင့်သမီးဘဝမှာတောင် မင်းကမာနတွေ မိုးထိနေတာလေ ...”

သူမ နှုတ်ခမ်းသားလေးတွေက စုထော်နေသည်။ ဘာသူဌေးသမီးလဲဟု ရန်ထောင်ပစ်လိုက်၏။ မေရန်မခက ခြံစောင့်သမီးဘဝမှ မပြောင်းလဲဘူးဟု ပြောလိုက်သည်။

“မင်းက ခြံစောင့်သမီးပဲဖြစ်ချင်နေမှာပေါ့ မခ ... ခြံစောင့်သားကိုပဲ ချစ်နေတာလေ ဘဝတူဆိုပြီးတော့ ...”

မခဘက်ကနေ အေးတိအေးစက်ဖြစ်နေ၍ နောင်နောင် ဒေါသဖြစ်နေသည်။ နောင့်အပေါ် ဘယ်တုန်းကမှ ညှာတာထောက်ထားခြင်း မရှိခဲ့တဲ့ မေရန်မခ ... အခု သူဌေးသမီးဖြစ်နေတာ တောင် ခြံစောင့်သမီးဘဝကို ခံယူချင်နေ၏။ နောင့်ကို မရွေးချယ် ဘူးဆိုတဲ့ သဘောကြီးဖြစ်နေသည်။

“မေရန်မခ ...”



“ဘာလဲ ... နောင်”

“မင်း ... ဘယ်သူ့ကို ရွေးချယ်မှာလဲ ... ပြောစမ်းပါ”

နောင် ဒေါသတွေပေါက်ကွဲချင်လာပြီး မေခရန်မခ အနားတိုးကပ်သွားကာ သူမပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ပစ်လိုက်သည်။

“ဘာလုပ်တာလဲ ... မခ မကြိုက်ဘူးနော် ... ကိုင်ပေါက်ပစ်လိုက်ရမလား”

နောင်အထိတ်တလန့်နှင့် မခပခုံးလေးပေါ်မှ သူ့လက်တွေကို ဆတ်ခနဲဖယ်ရှားပစ်လိုက်သည်။ သူ့ကိုကိုင်ပေါက်မှာ မကြောက်ပေမယ့် မခမျက်နှာလေး တင်းလာပြီဆိုရင် သူ့ကိုစိတ်ကောက်ပြီး စကား မပြောတော့မှာ ကြောက်နေခဲ့သည်။

“အဟဲ ...”

“ဘာရယ်တာလဲ မခ ...”

“မခ ကိုင်ပေါက်မှာတော့ အရမ်းကြောက်တယ် မဟုတ်လား”

နောင် ရုတ်တရက် သတိတွေရှိလာပြီး မခပခုံးကိုပြန်ဖက်လိုက်သည်။

“ဘာလုပ်တာလဲနောင် ... လွှတ်စမ်း ... မခကိုင်မပေါက်ဘူးထင်နေလား ... သေတော့မယ်”

“မင်းကိုင်ပေါက်မှာ နောင်ကြောက်လို့မဟုတ်ဘူးနော် ... မခ မင်းစိတ်ကောက်မှာစိုးလို့ လွှတ်ပေးတာ ... အခု မင်းပြုံးနေ

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒါကြောင့် ပြန်ဖက်ထားတာလေ ... ”

“ကြည့်စမ်း ... ကောင်စုတ် လွှတ်စမ်းပါ ဟိုမှာလူကြီးတွေ မြင်သွားမယ်နော် ... ”

မခက အတင်းရုန်းဖယ်ပြီး တိုက်ကြီးထဲပြေးဝင်သွားသည်။ အရင်ကနှင့်စာရင်တော့ အခြေအနေက အထူးကောင်းမွန်အေးချမ်းနေ၏။ ဒါပေမဲ့လည်း နောင် စိတ်တွေက မရေမရာနှင့် နန္ဒမိတ်ကို ယှဉ်ပြိုင်နိုင်ပါ့မလားဟု စိတ်မအေးနိုင်သေးဘဲ ဖြစ်နေရသည်။

အခန်း ( ၂၂ )

“ရှင် ... တော်တော်ရက်စက်တဲ့လူပဲ ... ယုတ်မာကောက်ကျစ်လွန်းတယ် ... မို့သမီးလေးကို ဘာဖြစ်လို့ ရက်စက်နိုင်ရတာလဲ ... ကံကောင်းလို့ပေါ့ ... ကျွန်မ ဘယ်လောက်အထိ ရင်ကွဲမတတ် ခံစားခဲ့ရတယ်ဆိုတာ ရှင်အသိဆုံးပဲ ... ”

“ကိုယ်တောင်းပန်ပါတယ်မို့ ... မင်းကို ချစ်လွန်းလို့ ကိုယ်ကြံစည်ခဲ့ရတာပါ ... မြတ်သူကိုတော့ ကိုယ်မသတ်ဘူး ... မို့က ကိုယ့်ငယ်ချစ်ဦးလေ ... ကိုယ် ရက်စက်ခဲ့မိပါတယ် ... ကိုယ့်ကို စွန့်မပစ်လိုက်ပါနဲ့ မို့ရယ် နော် ... ”

ဦးမိုးကောင်းကင်လည်း မိမိလုပ်ရပ်တွေအတွက် မိမိအတ္တကြီးခဲ့မှုတွေအတွက် နောင်တတွေရနေမိသည်။ မို့ရဲ့မုန်းတီးရွံ့ရှာတဲ့ အကြည့်တွေက မိမိခန္ဓာကိုယ်တစ်ခုလုံးကို မီးလောင်တိုက်အသွင်းခံရတော့မလို ဖြစ်သွားရ၏။ မို့က မိမိအား မုန်းတီး၍ စွန့်



www.burmeseclassic.com

www.burmeseclassic.com



နှာသွားတော့မှာ အကြောက်ဆုံးဖြစ်သည်။

"ကိုယ်တောင်းပန်ပါတယ် ... မိုရယ်၊ အခုလည်း ကိုယ့်ရဲ့ လုပ်ရပ်တွေအတွက် ကိုယ့်ကိုလာဖမ်းကြတော့မယ် ... ကိုယ်ကျူး လွန်ခဲ့တဲ့ ပြစ်မှုတွေက ဘယ်လိုမှ ဖုံးကွယ်ထားလို့ မရတော့ဘူး မို ... ကိုယ်ထွက်ပြေးရတော့မယ် ... မိုရောလိုက်ခဲ့ပါ ... ကိုယ့် နောက်လိုက်ခဲ့ပါကွာနော် ... "

"ကျွန်မ ဆုံးဖြတ်ပြီးပြီ ... ရှင့်ကို ကွာရှင်းမယ် ... ကျွန်မ သမီးနဲ့ပဲ နေတော့မယ် ... ရှင့် အပြစ်ဒဏ် ရှင်ပဲခံ၊ ကျွန်မ ခင်ပွန်း ကျူးလွန်ခဲ့တဲ့ ခြံနဲ့တိုက်ကိုပြောင်းမယ် ... ကျွန်မ သမီးလေးဘဝ ကို ကျွန်မ ပြုစုစောင့်ရှောက်ပေးရဦးမယ် ... ကိုမိုးကောင်းကင်"

"မို အဲလိုမလုပ်ပါနဲ့ ... ကိုယ် မို့ကို ဘယ်လောက်ထိတန်ဖိုး ထား ချစ်မြတ်နိုးရလည်းဆိုတာ မိုအသိဆုံးပါကွာ ... သမီးကို နန္ဒမိတ်လက်ထဲမှာအပ်ခဲ့ ... မိုကတော့ ကိုယ်နဲ့လိုက်ခဲ့နော် ... မို့သမီး တီတာတာကိုလည်း ကိုယ်တောင်းပန်ပါ့မယ် ... "

ဦးမိုးကောင်းကင် ထိတ်ထိတ်ပျာပျာနှင့်ပြောနေရသည်။ မကြာခင် မိမိကိုလာဖမ်းတော့မယ် ... မိသားစုကိုခေါ်ပြီး ထွက် ပြေးဖို့အတွက် ပြန်လာတာပါ ... ကြာညို ဒီကောင့်ကြောင့်ပဲ မို့ သမီးလေးကို မသတ်ဘူး ... ဒေါသတွေ ပေါက်ကွဲနေတာထက် နောင်တတွေနှင့်အတူ စိတ်တွေအတော်လေး လှုပ်ရှားနေသည်။





"သူဌေး ခြံအပြင်မှာရဲတွေ ရောက်နေပါပြီ ... ကျွန်တော် တံခါး ဖွင့်ပေးလိုက်ပါပြီ ... သူဌေးနဲ့အတူ ကျွန်တော်လည်း အဖမ်း ခံမှာပါ ... "

"ဟောကောင် ... ကြာညို ... မင်း မင်း အား ... အမ လေး ... အား"

ဦးမိုးကောင်းကင် ရင်ဝဆီမှ ထိုးအောင့်လာ၍ လက်နှင့်ဖိ ထားလိုက်ရသည်။ မကြာခင် မိမိ အဖမ်းခံရတော့မယ် ... အခု တလော အအိပ်ပျက် အစားပျက်နှင့် မိမိမောဟိုက်လာတတ်၏။ မိသားစုကိုလည်း အသိမပေးပဲ ကြိတ်မှိတ်ဖြေရှင်းနေခဲ့တာပါ။ မခံ နိုင်တော့ဘူး ... မျက်ဝန်းတွေလည်း ပြာဝေမဲမှောင်လာနေသည်။ အသက်ရှူလို့ပင် မရ ... မိုရေ ကိုယ့်ကို ခွင့်လွှတ်ပေးပါ ... ကိုယ့် သမီးလေးကို စောင့်ရှောက်ပေးပါ ... ဦးမိုးကောင်းကင် စကားပြော ဖို့ကြိုးစားရင်း မျက်လုံးတွေထဲမှာ အမှောင်ထုက အထပ်လိုက်ကျ လာသည်။

"ကိုမိုးကောင်းကင် ..."

"သူဌေး ... သူဌေး သတိထားပါဦး ... သူဌေး"

ရဲတွေက တိုက်ထဲဝင်ရောက်လာတော့ ဦးမိုးကောင်းကင် ကွယ်လွန်သေဆုံးသွားပြီဖြစ်သည်။ နန္ဒမိတ်နှင့်သမီး တုန္ဒိုင်းစံတို့လည်း ရောက်လာကြ၏။ မိသားစု ဆရာဝန်အား ဖုန်းဆက်ခေါ်ပြီး စစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးတော့ ဦးမိုးကောင်းကင် အသက်ရှူရပ်သွားပြီဟု အတည်ပြု သည်။

"ဒက်ဒီ ... ဘယ်လိုဖြစ်တာလဲ ... မာမီ ပြောပါဦး ... ရဲတွေ"

ရဲတွေက အဖြစ်အပျက်တွေအားလုံးကို ရှင်းပြသည်။ ဦးမိုး ကောင်းကင်ရဲ့ ရက်စက်မှုတွေအားလုံး ဖော်ထုတ်သိရှိ၍ ဖမ်းဆီးရန် အမိန့်နှင့်ရောက်လာခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာတွေက ရှင်းလင်း စစ်ဆေးပြီး အလောင်းကို ရေခဲတိုက်သို့ သယ်ဆောင်သွားကြ၏။ တုန့်နိုင်းစံ တစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုနေသည်။

"သမီးစံရယ် အားမငယ်ပါနဲ့ ... မာမီတစ်ယောက်လုံး ရှိပါ သေးတယ် ... သမီးကို မာမီစောင့်ရှောက်မှာကွယ်နော်"

"သမီးက မာမို့သမီးအရင်းမဟုတ်မှန်း သမီးသိတာကြာပါပြီ ဒါပေမယ့် မာမို့ကို မိခင်အဖြစ်ကနေ မစွန့်လွှတ်နိုင်လို့ မသိချင် ယောင်ဆောင်နေခဲ့တာပါ ... "

"သမီးရယ် ... "

စံ အခုတလော မောင်နန္ဒမိတ်ကြောင့် စိတ်တွေပျော့ပြောင်း ပြီး လိမ္မာနေခဲ့သည်။

"သမီးကို ဒက်ဒီကိုယ်တိုင်က ပြောပြခဲ့တာပါ ... သမီးကို တင်ပြင်ဆင်ထားနိုင်အောင်ပါတဲ့ ... မကြာခင် အဖြစ်မှန်တွေ ပေါ် ပေါက်နိုင်ပြီး ပျောက်ဆုံးသွားတဲ့ မို့ကလေးကလည်း ပြန်ပေါ်လာ





တော့မယ် ထင်တယ်တဲ့လေ ... "

ကိုမိုးကောင်းကင်အတွက်လည်း မိုစိတ်မကောင်းပါဘူး မို့ ကို အရမ်းချစ်ခဲ့သည်။ အလိုလိုက် အကြိုက်ဆောင်ခဲ့တာပဲဖြစ်၏။ စံသမီးလေးက မွေးကာစတည်းက မိမိလက်ပေါ်မှာကြီးပြင်းလာ၍ မိမိသမီးလေးပဲဖြစ်သည်။

"မာမီကလည်း စံကိုမွေးကာစတည်းက ကျွေးမွေးစောင့် ရှောက်ခဲ့လို့ မာမို့သမီးလေးအရင်းလိုပါပဲ ... မေရန်မခက မာမီ ပျောက်သွားတဲ့ သမီးလေးပဲ"

"စံကို မောင်ပြောပြလို့ သိထားပါတယ် မာမီ ... အခု နောက်ပိုင်း မောင့်ကိုချစ်မိလို့ စံအရမ်းပဲ ပြုပြင်ပြောင်းလဲခဲ့ပါတယ်"

စံအကြောက်ဆုံးကတော့ မောင်က စွန့်ခွာသွားမှာကိုပင် ပြီးတော့ ... မေရန်မခက ခြံစောင့်သမီး မဟုတ်တော့ သူဌေးသမီး ဖြစ်နေသည်။ မောင်ချစ်တဲ့ မိန်းကလေးပါ ... ဒက်ဒီကလည်း ဆုံးသွားပြီဆိုတော့ စံ အားအင်တွေ ချိနဲ့နေရသည်။

"သူဌေးကတော် ကျွန်တော်လည်း ပြစ်မှုတွေအများကြီး ကျူးလွန်ခဲ့ပါတယ် ... ဒါကြောင့် သက်ဆိုင်ရာကို ဖွင့်ဟ[illegible] အဖမ်းခံပါတော့မယ် ... သူဌေးကတော်ကိုလည်း တောင်း[illegible] တယ် ... အဟွတ် ... အဟွတ်"

"ကိုကြာညို ... ရှင်လည်း ကျန်းမာရေးမကော[illegible]



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား … ကျွန်မ ခွင့်လွှတ်ပါတယ် … ရှင့်ဘ၀ တစ်လျှောက်လုံး ပေးဆပ်ခဲ့ရတာတွေက ရက်စက်မှုတွေပဲ … ရှင် အပြစ်ဒဏ်ခံခဲ့ရပြီးပြီပဲ သဘောထားလိုက်ပါ"

"ကျေးဇူးတင်ပါတယ် သူဌေးကတော်ရယ် … မေရန်မစလေးကို မရက်စက်နိုင်လို့ ကျွန်တော် အပ်ခဲ့တာပါ … သူဌေး သိသွားရင် အသတ်ခံရနိုင်တာ သိပေမယ့် အပြစ်မရှိတဲ့ ကလေးကိုတော့ မလုပ်ရက်ခဲ့ပါဘူး … "

"ကျွန်မသမီးလေးကို ကယ်တင်စောင့်ရှောက်ခဲ့တဲ့အတွက် ကျွန်မ ရှင့်ကိုခွင့်လွှတ်လိုက်တာပါ … "

ဦးကြာညို မရက်စက်နိုင်လို့ မို့သမီးလေး တီတာတာ အသက်မသေခဲ့ရတာပါ … မို့ ခွင့်လွှတ်လိုက်သည်။ ဦးကြာညိုတို့ သားအဖ ဘယ်လောက်အထိ အနှိပ်စက်ခံခဲ့ရတယ်ဆိုတာ မို့ အသိဆုံးဖြစ်နေ၏။ အရေးလည်းမယူတော့ပါဘူး … အားလုံးပြန်ပြီး ညီညွတ်စည်းရုံးဖို့ မို့ပဲတာ၀န်ယူရမည်ဖြစ်လေသည်။

"မောင်နန္ဒမိတ်ကတော့ ဒီခြံကြီးရဲ့ဦးစီးဦးဆောင်ဖြစ်ရတော့မယ် … မင်းဆုံးဖြတ်ပါ … မာမီပြောချင်တာက အာဃာတတွေ အညိုးတွေ မရှိစေချင်တော့ဘူးသား … စဉ်းစားပြီး ဆုံးဖြတ်စေချင်တယ်"

"မောင် စံကိုတော့ စွန့်ပစ်မသွားပါနဲ့နော် … စံတောင်းပန်





ပါတယ် … မောင်ထားရာနေစေရာသွားပါ့မယ်"

နန္ဒမိတ်လည်း ရင်တွေနာကျင်ကြေကွဲရလွန်း၍ ဆုံးဖြတ်ချက်ကို မချနိုင်ပေ။ အဖေက မခအဖေကိုသတ်ခဲ့တာတဲ့ ဘာတွေလဲ … အတိတ်က လူကြီးတွေရဲ့ကိစ္စက လူငယ်တွေအထိ ရိုက်ခတ်နေခဲ့သည်။ အဖေက ဒါကြောင့် မင်းနဲ့မေရမခတို့ ချစ်သူဖြစ်ခွင့်မရှိဘူးဟုပြောခဲ့သည်။

"သားရယ် … အဖေ့ကိုခွင့်လွှတ်ပါကွာ၊ အဖေ မထင်မှတ်ဘဲ ပြုမူခဲ့ရတာပါ … သူဌေးက အဖေ့ကို တစ်သက်လုံး အနိုင်ကျင့်နှိပ်စက်ခဲ့တာလည်း အဖေခံခဲ့ရပါတယ် … အဖေ့နလုံးတွေလည်း မကောင်းတော့ပါဘူး … အဖေ့ကို ခွင့်လွှတ်ပေးပါ သားရဲ့အချစ်ရေးတွေမှာလည်း အဖေလုံး၀ဝင်ပြီး မစွက်ဖက်တော့ပါဘူး … သားဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါ"

စံက သူ့လက်မောင်းတွေကို ဖက်တွယ်ပြီး မျက်ရည်တွေစီးကျနေသည်။ ယခင်က စံသူ့အပေါ် မောက်မာထောင်လွှားခဲ့တာ သူဌေးဦးမိုးကောင်းကင်ကြောင့်ပါ … သူ့ဘ၀ကို အကောင်းဆုံးရွေးချယ်မှုပြုရတော့မည်ဖြစ်သည်။

"အတိတ်က ကိစ္စတွေကို မေ့လိုက်တာပဲ အကောင်းဆုံးပါ၊ အဖေ သားအနာဂတ်အတွက်ပဲ စဉ်းစားပြီးရွေးချယ်ရမယ်ထင်တယ် သားရဲ့ သားစဉ်မြေးဆက်အတွက် အသင့်တော်ဆုံးက စံပါပဲ …

www.burmeseclassic.com



အကျိုးအမြတ်ကို တွက်ချက်တာ မဟုတ်သလို အချစ်ကြောင့်လည်း မဟုတ်ပါဘူး … စံကပဲ ကျွန်တော့်ဘဝ တစ်သက်တာလုံးအတွက် ဘဝလက်တွဲဖော်က စံပါပဲ … ”

“မောင်ရယ် စံဝမ်းသာလိုက်တာ … မောင့်ကို စိတ်ချမ်းသာ ပျော်ရွှင်အောင် စံအိမ်ရှင်မကောင်း ပီပီသသ နေထိုင်မှာပါ … စံ့ကို ရွေးချယ်လို့ အရမ်းပျော်ရွှင်ကျေနပ်ရပါတယ် … ”

နန္ဒမိတ် ဆုံးဖြတ်ချက်ကို အဖေနှင့်မာမီကလည်း ဝမ်းသာ ကျေနပ်နေကြသည်။

“မာမီကလည်း ဝမ်းသာတယ် … မောင်နန္ဒမိတ်က အတွေး အခေါ်မြင့်မားတဲ့ ကလေးပါ … စံကို မာမီတို့စောင့်ရှောက်ရှာ လေ”

မာမီနှင့်အဖေ ပြန်ဝင်သွားတော့ စံခန္ဓာကိုယ်လေးအား နန္ဒမိတ် လက်တွေက ကြင်ကြင်နာနာ သိုင်းဖက်ထားမိသည်။

“စံ … ”

“မောင် … ”

“မောင်တို့နှစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ မိသားစုဘဝလေးကို တည်ဆောက်ကြမယ်နော် … မောင်လေ စံ့ကို ချစ်တယ် … သံသယမရှိဘဲ ယုံကြည်ပေးပါကွာနော် … ”

“မောင်ရယ် စံလေ အရင်က အတွေ့ကြုံခဲ့တာတွေ မောင်



မခဲ့တာတွေအတွက် နောင်တအရမ်းရပါတယ် … မောင့် အချစ် တွေကို ရလိုက်လို့ စံစိတ်ချမ်းသာနေပါပြီ … ”

နန္ဒမိတ်က ချစ်ဇနီးလောင်းစံရဲ့ ခန္ဓာကိုယ်လေးကို ပွေ့ ဖက်ရင်း စံမျက်နှာလေးကို ဆွဲမော့စေပြီး ကြင်နာစွာ နမ်းရှိုက်မိ လေသည်။ တစ်ဘက်ခြံကြီးရဲ့ လသာဆောင်ကနေ နောင်တစ် ယောက် အမှတ်မထင်တွေ့မြင်သွားခဲ့ပြီး ဝမ်းသာအားရနှင့် မေရှန် မခအား လှမ်းခေါ်လိုက်၏။ နောင်သဘောကျစွာနှင့်တဟားဟား အော်ရယ်မိသည်။

“နောင် … ဘာဖြစ်နေတာလဲ … အရမ်းသဘောကျပြီး ရယ်နေသေးတယ် ဘာမြင်လို့လဲ … ”

“ဟိုမှာ … ဟိုမှာ”

“ဘာလဲ … ”

သူမ တစ်ဘက်ခြံကြီးထဲ လှမ်းကြည့်လိုက်တော့ နန္ဒမိတ်နှင့် တုန့်ငင်းစံရယ်ပါ စံက ဘာပဲဖြစ်ဖြစ် မခညီမလေးဖြစ်နေသည်။ ဖခင် လည်း ဆုံးသွားပြီဆိုတော့ နန္ဒမိတ်ပဲစောင့်ရှောက်သင့်သည်ဟု ထင် ခဲ့၏။ ယခုလိုမြင်တွေ့ရသောအခါ မခ ဝမ်းသာပျော်ရွှင်မိသည်။

“မခ … ”

“ဘာလဲ … ”

“မခကို ကြည့်ရတာ ပျော်ရွှင်ကျေနပ်သွားသလိုပဲ … မခ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဟန်မဆောင်တတ်ဘူးဆိုတာ မောင်အသိဆုံးပါနော်"

"ဘာမောင်လဲ ... နောင်နောင် အခွင့်အရေးမယူနဲ့"

"မခ ..."

"ဘာလဲ ..."

"မောင်တို့နှစ်ယောက် သူတို့လိုပဲ ..."

"ဘာပြောတယ် ..."

"မခ မင်းဟာမင်းကိုင်ပေါက်ပေါက် မပေါက်ပေါက်ကွာ မောင်ကတော့ ဖက်မှာပဲ ... မကျေနပ်လည်း လသာဆောင်ပေါ်ကနေ ပစ်ချလိုက် ... မောင်သေပစ်မယ် ... မခရယ် မောင်ကလေ မခကို ငယ်စဉ်လေးထဲက သံယောဇဉ်ကြီးပြီး ချစ်ခဲ့ရတာပါကွာ ... မောင့်အပေါ် မရက်စက်ပါနဲ့တော့ ..."

နောင့်ကိုကြည့်၍ မခရယ်ပစ်ချင်လာသည်။ အသနားခံတဲ့ မျက်နှာလေးက ငယ်စဉ်ကအတိုင်းပဲဖြစ်နေသည်။ နောင်ရယ် ... ရှင် အရမ်းရောင့်တက်သွားမှာစိုးလို့ သိလား ... မခလည်း အမှန်အတိုင်းဝန်ခံရရင်လေ နောင့်ကိုပဲရွေးချယ်ပါတယ် နောင့်ကို ချစ်သည်။

"မခ ..."

"ဟင် ..."

"ဖက်မယ်နော် ..."



"နေပါဦး ... ရှင့်ကို ကျွန်မက ဖက်ဖို့ခွင့်ပြုရဦးမှာလား ... း‌ကြောင်ကြောင်နဲ့ အမြင်ကတ်လာရင် ကိုင်ပေါက်ပစ်မှာနော်"

"ဘာပဲဖြစ်ဖြစ် ချစ်တယ်ကွာ ..."

နောင် ဘာမှစဉ်းစားတွေဝေမနေတော့ဘဲ မခကိုယ်လုံးလေးကို သိုင်းဖက်ကာ သူ့ရင်ခွင်မှာ အပ်ထားလိုက်သည်။ နောင့်ဘဝမှာ အပြင်းပြဆုံး ဆန္ဒက မခရဲ့အချစ်တွေကို ရယူပိုင်ဆိုင်နိုင်ဖို့ပင်။ မခ ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားပေမယ့် ပန်းသွေးရောင်သန်းနေတဲ့ မျက်နှာလေးက သူ့ရင်ခွင်မှာအပ်ထားသည်။

"မခရယ် ... မောင်ပျော်လိုက်တာကွာ ... မခ အချစ်တွေကို ဆုံးရှုံးသွားမှာ မောင်အကြောက်ဆုံးဖြစ်နေခဲ့ရတာပါ"

"မခအပေါ်လည်း မောင်ကအမြဲတမ်း နားလည်ပေးလို့ ခမ်းသာရပါတယ် ... အချစ်ပုစ္ဆာတွေနဲ့ မိသားစုဘဝလေးကို တည်ဆောက်ကြမယ်နော်"

"မခ"

"ဟင် ..."

"မောင့်ကိုချစ်တယ်နော်"

"အင်း ..."

"ဟာကွာ ... မခ နှုတ်ခမ်းလေးတွေထဲကနေ မောင့်ကိုချစ်တယ်ဆိုတဲ့ စကားလေးကြားချင်ပါတယ် ပြောပါ ..."

ဖိုးလပြည့်စာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုချစ်ပါတယ်ရှင် ..."

"မခရယ် ..."

နောင်နှင့်မခတစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားမိကြသည်။ အနမ်းမိုးလေးတွေ ရွာကြ၏။ တစ်ဘက်ခြံကြီးထဲက နန္ဒမိတ်နှင့် တုန်ရှိင်းစံတို့ကလည်း မော့ကြည့်ကြပြီး လက်မတွေ ထောင်ပြကြသည်။

"ဟိုမှာ ... မာမီလည်း ထွက်ကြည့်နေတယ်"

"အို ... မခ ရှက်တယ် ... မောင်ရယ် လွှတ်စမ်းပါ"

"မလွှတ်ပါဘူးကွာ ... ဘာရှက်စရာရှိလို့လဲ ... မောင်က ပြည်ပေါ်မှာ ရွှေကြော်ငြာမောင်းတောင် ခတ်ပြချင်တယ်"

မောင့်အချစ်တွေက ဘယ်လောက်အထိ တန်ဖိုးကြီးမားတယ်ဆိုတာကို မခ အသိဆုံးဖြစ်လေသည်။

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com